
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကြယ်စင်မှူး ၆၀

## အလင်းသစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၅၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၆၅၀၈၁၁

**ထုတ်ဝေသူ**
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

**အတွင်းနှင့် အဖုံးပုံနှိပ်သူ**
ဦးကျော်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊
အုပ်ရေ - ၅၀၀။

၈၉၅.၈၃
ကြယ်စင်မှူးဝေ၊
အလင်းသစ်ပင် / ကြယ်စင်မှူးဝေ ။ - ရန်ကုန် ၊
စိန်သရဖူစာပေ ၊ ၂၀၁၁ ။
၂၀၀ . - စာ ၊ ၁၂.၅ x ၁၇.၅ စင်တီ။
(၁) အလင်းသစ်ပင်



နှလုံးသားနူးညံ့တာဟာ
ဘဝကို အလှယ်တာရူ
အနာတရ ဖြစ်စေတယ် . . .

လာဖော့

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း ( ၁ )

BURMESE CLASSIC .com

"ဒေါက်တာနေသန့်စင်"
မျက်စိအထူးကုဆေးခန်း ...

လူနာတွေအယောက်သုံးဆယ်လောက်ရှိနှင့်ပြီး ပြည့်ညပ်နေသည့် ဆေးခန်းထဲသို့ 'ခင်ညီလာ'အဘွားကို တွဲခါဝင်ခဲ့သည်။

လူနာတွေထိုင်စောင့်ဖို့အတွက် ဖိုက်ဘာကုလားထိုင်တွေ အလုံးငါးဆယ်လောက် ချထားပေးသည့်အထဲ အပေါက်နှင့်နီးသည့်နေရာမှာ မြေးအဘွားနှစ်ယောက် နေရာယူလိုက်ကြသည်။ လူတွေက ကြပ်ညပ်နေသည်မို့ ပန်ကာလေရသည့်နေရာနှင့်နီးလို့တော်တော့သည်။

"မောလိုက်တာမြေးရယ် ... မမြင်ဝိုးဝါးမို့သာ မြင်ချင်လွန်းလို့လာခဲ့ရတာ"

"ရောက်ပြီပဲ အဘွားရယ် ... မြင်ရတော့မှာပါ၊ ခဏနားလိုက်ရင် ကောင်းသွားမှာပါ"





မြေးအဘွားနှစ်ယောက် တစ်ယောက်တစ်ပြန် ဖေးမရင်းကိုယ့်အလှည့်စောင့်နေကြရသည်။ သူမတို့လာခဲ့ရတာ ခြေလျင်တစ်တန်၊ ကားတစ်တန်။ ခင်ညီလာတို့နေတာ ပဲခူးရိုးမနားက ရွာကြီးတစ်ရွာ။

သူမ၏မိခင်က သူမ ၅နှစ်သမီးလောက်မှာ ဆုံးပါးသွားခဲ့ပြီး အဖေက နောက်အိမ်ထောင်ထူသွားခဲ့သဖြင့် သူမတစ်သက်အမေ၏မိခင် အဘွားနှင့်သာနေခဲ့ရပါသည်။

အဘွားသာ သူမ၏မိဘအဖြစ်၊ ဒီတစ်လနှစ်လအတွင်းမှာတော့ အဘွားခမျာ မျက်လုံးတွေအောင့်ပြီးဝေဝါး မျက်ရိုးတွေလည်းကိုက်လာခဲ့သဖြင့် မခံနိုင်သည့်အဆုံး သည်ရန်ကုန်သို့တက်လာခဲ့ကြပြီး မျက်စိဆရာဝန်ထံသို့ ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်သည်။

သူမတို့အတွက်တော့ အစွန့်ကြီးစွန့်လာခဲ့ရခြင်းပါပေ။ အဖွားကလည်း ရိုးရိုးကြီး။ မြေးဖြစ်သည့်ခင်ညီလာကလည်း ကိုယ့်ရွာမှလွဲပြီး ဘယ်မှမသွားဘူးခဲ့ပါ။ ရွာမှာပင် ဆယ်တန်းအောင်ခဲ့ပြီး ဘယ်မှကျောင်းမတက်ရသေးသည့်အဖြစ်။

မြေးအဘွားနှစ်ယောက် ရွာမှာပင် မုန့်ဟင်းခါးရောင်းပြီးအသက်မွေးခဲ့ရပါသည်။

"မြေး ... ငါတို့အလှည့် ဘယ်တော့ရောက်မှာလဲ"

"ခုမှ နံပါတ် ၁၂ရောက်သေးတယ်အဘွား၊ ညီတို့က ၃၂လေ"

"ဟော ... ဒါဆို နောက်ထပ်အယောက် ၂၀လောက်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရဦးမှာပေါ့၊ အဘွားတို့ကားမီပါဦးမလား၊ ကားက နေ့လည်တစ်ချက်တီးလောက်ထွက်တာ''

''ရောက်မှတော့ ပြဖြစ်အောင်ပြမယ်အဘွားရယ်၊ ဒါတွေတွေးမနေပါနဲ့''

''တွေးရတာပေါ့ မြေးရယ်၊ ဒီရန်ကုန်မှာ တည်းခိုခန်းခတွေလည်းဈေးကြီးတယ်၊ အဘွားတို့မှာ ပိုက်ဆံများများပါတာမဟုတ်ဘူး''

''ကဲပါ အဘွားကလည်း ... ဒီမှာ နားကပ်လေးရှိသားပဲ၊ ရောင်းကုမှာပေါ့''

''အိုအေ ... ဒါလေးက ညည်းအမေကျန်ခဲ့တဲ့ပစ္စည်း''

ခင်ညီလာ အဘွားကိုဘာမှမပြောတော့ဘဲ တောသားမြို့ရောက်ပုံစံနှင့် ဟိုကြည့်သည်ကြည့်သာ လျှောက်လုပ်နေလိုက်သည်။ မြို့ကြီးပြကြီးမို့ ကြည့်လေရာရာ တိုက်တွေ ကားတွေချည်း။

သူမတို့မှာတော့ သည်ဆေးခန်းတောင် ရွာမှအရီးတင်ရွှေညွှန်လိုက်လို့သာ မနည်းရောက်လာရသည်။

သူပြောသည့်လိုင်းကားကိုစီးပြီး ရောက်လာရခြင်း။ တစ်နေ့လုံးစောင့်ပြီး ညနေ ၃နာရီလောက်ကျမှ သူမတို့အလှည့်သို့ရောက်ခဲ့၏။

စမ်းသပ်ခန်းကလည်း အကျယ်ကြီးပါပေ။မျက်စိစမ်းသည့်စက်တွေ၊ စာလုံးဘုတ်တွေနှင့်။

လူနာတွေက ဆယ်ယောက်စီဝင်ထားရသဖြင့် စက်လှေ





ကားလို တရွေ့ရွေ့။ ဆရာဝန်ဆီ ရောက်သွားရသည်။ ကိုယ့်အလှည့်မရောက်မီ ခင်ညီလာ ဆရာဝန်ကိုလှမ်းပြီး ကြည့်ငေးခွင့်ရသည်။

အသက်သုံးဆယ်လောက် အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့်လူချောတစ်ဦးပါပေ။ ဆရာဝန်ပီပီ မျက်မှန်နှင့်။ သို့သော်သူ့မျက်လုံးများကို လှမ်းမြင်နေရသည်။ ကြင်နာတတ်သောမျက်လုံးများ။

မျက်ခုံး မျက်လုံးထင်းပြီး နှာတံပေါ်ပုံ၊ နှုတ်ခမ်းကျပုံတို့က ရုပ်ရှင်မင်းသားတစ်ယောက်နှယ်။ ဒါကြောင့်များ သည်ဆေးခန်းမှာ လူနာများနေတာလား။ အထူးကုဆေးခန်းဆိုပေမယ့်အခြားဆေးခန်းများလို ဟိတ်ဟန်မများ။ အဆောင်အယောင်တွေ၊ ဝန်ဆောင်မှုတွေမရှိ။

သူနှင့်တပည့်တစ်ယောက်ထဲရှိသည့် ဆေးခန်း လူနာကိုကိုယ်တိုင်စမ်းသပ် ကိုယ်တိုင်ဆေးပေး ငွေယူသည်။

အရီးတင်ရွှေ ပြောလိုက်သလိုပါပဲ။

''အထူးကုဆေးခန်းဆိုပေမယ့် အခြားဆေးခန်းတွေလိုငွေအများကြီးမယူဘူး၊ စမ်းသပ်ခနှစ်ထောင်ပဲယူတယ်၊ လိုအပ်တဲ့ဆေးဖိုးနဲ့ပေါင်းမှ ၃–၄ထောင်ပဲယူတာ၊ အဲ ... မျက်လုံးတွေဘာတွေခွဲရရင်တော့ မျက်လုံးတစ်လုံးကို ငါးသောင်းပေးရမယ်၊ ဒါလည်းမရှိတဲ့သူဆို လျှော့ယူတယ်ပြောတယ်''

မျက်စိဆေးခန်းပီပီ အပြင်ဘက်မှာ မျက်မှန်ဆိုင်တစ်ခုဖွင့်ပေးထားတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကိုလူချောကို ငေးနေမိသဖြင့် ခင်ညီလာအဘွား ရွှေ့ရွှေ့သွားတာပင် မသိလိုက်။ အဘွား ဆရာဝန်ရှေ့ရောက်သွားမှ အပြေးကပ်သွားရသည်။

ဒေါက်တာနေသန့်စင်က အဘွား၏မျက်လုံးကို သေသေချာချာစမ်းသပ်စစ်ဆေးရင်းမှ ခင်ညီလာကို မျက်မှောင်ကျုံ့ပြီး မေးလိုက်သည်။

"လူနာနဲ့ ဘာတော်လဲ"

"ကျွန်မရဲ့အဘွားပါ"

"မင်းအဘွားရဲ့မျက်လုံးကို အမြန်ခွဲရမယ်၊ ဒီည ခွဲလိုက်မယ် ဖြစ်ရဲ့လား ..."

"ရှင် ..."

ခင်ညီလာ ဆွံ့အသွားသည်မှာ သူမတို့မှာ ဆေးခန်းပြဖို့ဆိုပြီး ငွေလေးတစ်သောင်းသာ ချစ်ချစ်ကုတ်ကုတ်ယူလာခဲ့ရလို့ပါ။

"ဟို ... ဟို ..."

"ဟိုမနေနဲ့ မခွဲရင် မျက်လုံးပေါက်ထွက်လိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့ ... ဆရာသင့်တော်သလိုလုပ်ပါ"

အဘွားကတော့ ကြောက်လို့တုန်ယင်နေရှာပေပြီ။ လူနာရှေ့မှာ ခင်ညီလာကို ဘာလို့ဟောက်တာလဲ၊ ကိုယ့်အဘွားကို ဂရုမစိုက်ဘူးဆင်လို့ ဟောက်တာဖြစ်မည်။

လိုအပ်သည့်မျက်စဥ်းနှင့် သောက်ရမည့်ဆေးကိုပေးပြီး စုစုပေါင်းငွေလေးထောင်ကျ၏။ ခင်ညီလာ ထုတ်ပေးသည့်ငွေက





နှစ်ရာတန်အဟောင်းလေးတွေ စုထားသည့်ငွေလေးတွေ။

ဒေါက်တာနေသန့်စင် ငွေပေးနေသည့်ကောင်မလေးကို မျက်မှောင်ကျုံ့ကြည့်မိသည်။

မြေးအဘွားနှစ်ယောက်လုံး နွမ်းပါးပုံကတော့ အသေအချာ။ သို့သော် အသားဖြူဖြူနှင့်ဝင်းဝင်းပပ အသွေးအမွေးကပြောင်သည်။ ဆင်းရဲသားပုံမထွက်။

ရွှေငွေလက်ဝတ်လက်စား ဘာမှဝတ်မထား။ ကောင်မလေး၏နားမှာ ကျောက်စိမ်းနားကပ်လေးတစ်ရန်ပဲ တွေ့ရသည်။

သို့သော် သူမက ဘာမှမပြောလို့ နေသန့်စင် နောက်လူနာတစ်ယောက်ကို ဆက်ကြည့်လိုက်သည်။

ကောင်မလေး မြေးအဘွား စမ်းသပ်ခန်းမှထွက်ပြီး လူနာများနေသည့်နေရာမှာ ပြန်ထိုင်ကြပြန်သည်။

နေသန့်စင် လူနာတွေကိုဆက်ကြည့်ပြီး လူနာရှင်းတော့မှ စမ်းသပ်ခန်းအပြင်သို့ထွက်တော့ သူ့တပည့်နေဝင်းက သူ့အနားသို့ကပ်ပြီး တီးတိုးပြောခဲ့သည်။

"ဆရာ ... ဟိုကောင်မလေးက သူ့နားကပ်ရောင်းချင်လို့ ကျွန်တော့်ကို ရွှေဆိုင်တစ်ဆိုင်ဆိုင်လိုက်ပို့ခိုင်းနေတယ်"

"ဘာလုပ်ဖို့လဲ"

"သူ့အဘွားမျက်လုံးအရေးပေါ်ခွဲရမယ်ဆိုတော့"

"ဪ ... အဲဒီအတွက်ဆို မရောင်းနဲ့လို့ ပြောလိုက် ငါအလကားခွဲပေးမယ်"

"ဟာ ... သူတို့အရမ်းဝမ်းသာမှာ"



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းစတိုင်က ဒီလိုပဲ။ ချောချောလှလှလေးဆို အင်မတန်စေတနာရှိတတ်သည်။ ယခုလည်း သူကောင်မလေးကို ဝမ်းသာအားရသွားပြောနေသည့်ပုံ။ သူကတော့ ခွဲခန်းမဝင်မီ အိမ်ပြန်ပြီး ထမင်းစားဖို့အတွက် ကားနှင့်ပြန်ခဲ့သည်။



ည ၈နာရီမှာ စတင်ပြီး နေသန့်စင် ခွဲခန်းဝင်လိုက်သည်။ သူ့ကို ကူညီမည့်ဆရာမ ၃ယောက်က လူနာများအတွက်လိုအပ်သည့်များကို ကြိုတင်ပြုလုပ်ပေးထားကြသည်။

သည်နေ့ သူ့ခွဲစိတ်ပေးရမှာ ၁၃ယောက်။ နေသန့်စင် မျက်မှောင်ကျုံ့မိသည်။ ၁၃ ဂဏန်းကို သူမကြိုက်။ သို့သော် အယူသည်းနေလို့လည်းမဖြစ်။ စိတ်ထဲမှာ ထင့်မိပေမယ့် သူ စတင်ပြီး ခွဲစိတ်ရပေတော့မည်။

သူ့ကိုကူညီသည့် ဆရာမ ၃ ယောက်က တကယ့်ဝါရင့် ဆရာမတွေပါ။ သူ့ဆေးရုံဝင်းထဲမှ ဆရာမတွေ။ သူတို့က လူနာများကိုကြိုတင်ပြီး သွေးပေါင်ချိန်၊ ဆေးစစ်၊ မျက်တောင်ညှပ်၊ ထုံဆေးမျက်စဥ်းခပ်ခြင်းတို့ကို လုပ်ပေးပြီးမှ သူထံခွဲစိတ်ရန် အသင့်ရောက်လာကြမြဲ။

စီနီယာအရ တစ်ယောက်ပြီးတစ်ယောက် ဆရာမတစ်ယောက်၏အကူအညီဖြင့် သူခွဲပေးနေလိုက်တာ ည ၂နာရီထိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ ၁၂ယောက်ထိပြီးသွားပေပြီ။ တစ်ယောက်ပဲကျန်တော့သည်မို့ နေသန့်စင် စိတ်ထဲအေးသွားရ၏။ ဘာမှအထစ်အငေါ့ မဖြစ်ခဲ့သည်မို့ သည်ညဟာ အေးချမ်းစွာ ပြီးဆုံးသွားမှာပါပဲ။

နောက်ဆုံးဝင်လာသူက ဟိုကောင်မလေးရဲ့အဘွား ဒေါ်မြမေ။ တုန်လှုပ်နေပုံရသည်ကြောင့် နေသန့်စင် အားပေးရသည်။

"အဘွား ... ဘာမှမဖြစ်ဘူး၊ နာလည်းမနာဘူးနော်၊ ထုံဆေးပေးပြီးသား၊ နာရီဝက်လောက်ကြာရင် အဘွားမျက်လုံး အရင်အတိုင်း ပြန်ကောင်းသွားမှာ"

"အေးပါ ... ဆရာလေးရယ်၊ အေးပါ၊ မောင်မင်းကြီးသား ကျန်းမာပါစေ၊ ချမ်းသာပါစေ ..."

အသက်ခုနစ်ဆယ်ခန့်ပေမယ့် ဒေါ်မြမေအသွင်က ကျန်းမာရေးကောင်းသည့်ပုံ။ သူ ... ဒေါ်မြမေကို ခွဲစိတ်ခုတင်ပေါ်မှာ လှဲအိပ်စေပြီး မကြောက်အောင်စကားတွေ ဟိုမေးဒီမေး မေးရင်း ဒေါ်မြမေကို စတင်ခွဲစိတ်လိုက်သည်။

"မကြောက်နဲ့နော်အဘွား ... အဘွားမြေးက သမီးက မွေးတာလား၊ သားကမွေးတာလား။ အားရောကိုးရရဲ့လား"

စကားတွေမေးနေရင်းမှ စကားပြန်မရသဖြင့် ခွဲစိတ်တာကိုရပ်ပြီး သူဒေါ်မြမေကို ကြည့်လိုက်လျှင် ...

"ဟင် ..."

ဒေါ်မြမေ နှလုံးခုန်ရပ်သွားပါလား။ နေသန့်စင် ခေါင်းနားပန်းကြီးသွားပြီး မျက်လုံးထဲ မိုက်ခနဲမှောင်သွားလေ၏။

သူ့မှာ နှလုံးရောဂါရှိတာလား။ သွေးတိုးသွားတာလား။





အကြောက်လွန်သွားတာလား။

ခွဲစိတ်ကိရိယာတွေကို လက်မှကိုင်ပြီး သူကြက်သေသေ၍ တဒင်္ဂကြောင်သွားလျှင် သူ့ကိုကူညီနေသည့် ဆရာမ ဒေါ်မြသီတာ လူနာဆီပြေးကပ်၏။

"မရတော့ဘူး၊ မြန်လိုက်တာ၊ ခဏလေးပဲ၊ ဘာမှတောင် လုပ်ပေးချိန်မရဘူး ... အပြင်က ဆရာမတွေပါ အထဲသွင်းလိုက်"

သူ့မျက်နှာက တုန်လှုပ်နေမှုကို အားတင်းထိန်းချုပ်ရင်း အပြင်မှ ဆရာမနှစ်ယောက်ကိုပါ အထဲသို့သွင်းလိုက်သည်။ နောက်ဆုံးလူနာမို့ အပြင်မှာ လူနာတွေရော လူနာစောင့်တွေပါ မရှိကြတော့။

"ကဲ ... ဘာလုပ်ကြမလဲ၊ တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချလို့တော့ မရတော့ဘူး၊ ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ"

အပြင်မှဆရာမတွေနှင့် အထဲကဆရာမပါ ၃ယောက်လုံး တဆတ်ဆတ်တုန်အောင် ကြောက်ရွံ့နေကြပုံမှာ ဖုံးလို့ပင်မရ။

"ကျွန် ... ကျွန်မတို့ သေသေချာချာစစ်ဆေးပြီးမှ အခြေအနေအိုကေလို့ သွင်းပေးတာပါဆရာ"

"သူ့မှာသွေးတိုးလည်းမရှိ၊ နှလုံးလည်းပုံမှန်ခုန်နေလို့ စိတ်ခန်းထဲထည့်ပေးတာပါ ဆရာ"

"ကဲ ... တော်ကြတော့၊ တော်ကြတော့ ... တစ်ခုခု အမှားအယွင်းရှိလို့ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် [illegible]လောဆယ်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်အောင် စဉ်းစားရမယ်''

ဒေါက်တာနေသန့်စင် ဦးနှောက်တွေပူထူနေအောင် စဉ်းစားရသည်။ အပြင်မှ ကောင်မလေး သူ့အဘွားဆုံးတာ သိလို့မဖြစ်သေး။ သိလျှင် ချက်ချင်းပင် အော်ဟစ်ငိုယိုပါက သူ့ဆေးခန်းဒုက္ခရောက်မည်။ ပြဿနာတွေ ရှုပ်ထွေးနိုင်ပါသည်။

လူနာက ဆုံးပါးသွားပြီမို့ သူ ရှဉ့်လည်းလျှောက်သာများလည်းစွဲသာအဖြစ်မျိုးကိုပဲ ဖန်တီးလုပ်ဆောင်ပေးရပေတော့မည်။

''ကဲ ... ဒီလိုလုပ် ... ဆရာမဒေါ်မြသီတာက ကောင်မလေးကို မင်းဆိုင်ကယ်နဲ့ ( )လမ်းထိပ်ကိုခေါ်သွားလိုက်၊ အဲဒီကစောင့်၊ ငါတို့ ဒေါ်မြမေကို ကားနဲ့ခေါ်လာခဲ့မယ်''

''ဘာ ... ဘာလုပ်မလို့လဲဆရာ''

''သူ့ရွာထိလိုက်ပို့ရမှာပေါ့၊ လမ်းမှာ ကောင်မလေးကို အကျိုးအကြောင်းရှင်းပြပြီး ငြိမ်းချမ်းရေးရအောင်ယူရမယ်''

''တကယ်လို့ သူက မကျေနပ်ရင်ရော ... ဆရာ''

ဒေါက်တာနေသန့်စင် နှာကျင်စွာပြုံးမိပြီး ...

''မကျေနပ်လို့ တိုင်ရင်လည်း ငါပဲ ပြဿနာတက်ပါစေ၊ ညည်းတို့မပါစေရပါဘူး။ ဒါပေမယ့် နောက်ဒီလိုပေါ့ဆမှုမျိုး ဘယ်တော့မှမဖြစ်ပါစေနဲ့၊ ဒါ ... အကြီးမားဆုံး သင်ခန်းစာပဲ၊ ကဲ ဒီသတင်းဘယ်မှမပေါက်ကြားပါစေနဲ့၊ မြသီတာ ကောင်မလေးကို ခေါ်သွားပေတော့၊ ငါတို့ ဒေါ်မြမေကို ကာ်နဲ့တင်လာခဲ့မယ်''

''ဟုတ် ... ဟုတ်ကဲ့ပါဆရာ''





ဒေါ်မြသီတာ တုန်လှုပ်ထိတ်လန့်စွာနှင့် ခွဲစိတ်ခန်းထဲမှ ထွက်လာတော့ အပြင်ဘက်မှာ မျက်စိသူငယ်၊ နားသူငယ်နှင့် ကောင်မလေးကိုတွေ့ရသည်။

''ဆရာမ ... အဘွား ဘာဖြစ်လို့လဲဟင်''

''ဘာမှမဖြစ်ပါဘူးကွယ်၊ သွေးလိုလို့ သွေးသွင်းနေရတယ်''

''စိုး ... စိုးရိမ်ရသလားဟင် ဆရာမ ... ကျွန်မရဲ့သွေးကိုယူပါလားဟင် ... သွေးအလွယ်တကူရလို့လား''

''ရတယ် ... ရတယ် ဆရာမ၊ အိမ်ခဏပြန်စရာကိစ္စရှိလို့ သမီးအဖော်လိုက်ခဲ့ပါ''

''အဘွား ခွဲခန်းကထွက်လာတော့ အားငယ်နေမှာပေါ့ ဆရာမရယ် ... ကျွန်မ အဘွားကိုစောင့်ရဦးမယ်၊ တခြားသူကိုပဲ ခေါ်သွားပါနော်''

''ဪ ... အဖော်မရှိလို့ပေါ့၊ သမီးအဘွားအတွက် ဆေးသွားယူမှာ ... ခုပဲပြန်လာမှာ ... ''

''ဪ ... ဒါဆိုလည်းသွားလေ''

ခင်ညီလာ အဘွားအတွက်ဆိုသောကြောင့် ဆရာမနောက်သို့နောက်ဆန်တငင်ငင်နှင့်လိုက်ရသည်။

''တက် ... ''

ဆရာမ ဆိုင်ကယ်နောက်မှလိုက်ရသည်။ အချိန်က ၂နာရီခွဲခန့်ရှိပေပြီ။ အတန်ကြာမောင်းပြီး လမ်းမှာခေတ္တရပ်လိုက်လျှင် ခင်ညီလာ ဆရာမကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ် ဘာဖြစ်လို့လဲ ဆရာမ ... "

"နောက်မှာ ဆရာ့ကားလိုက်လာသလားလို့"

လှူရှင်းသည့်လမ်းမှာ သူမ နောက်သို့မျှော်ကြည့်လိုက်တော့ ဆရာ့ကားကို တွေ့ရသည်။ ဆရာ့ကားက မော်ဒယ်မြင့်မြင့်နှင့်နောက်ဆုံးပေါ်ပုံစံ။ လင့်ခရူဆာ။

"ဆရာ အဘွားကိုခွဲပြီးသွားလို့ အိမ်ပြန်တာလားဟင်၊ ဒါဆို ... ဆေးခန်းထဲမှာ အဘွားတစ်ယောက်တည်းကျန်ခဲ့ပြီပေါ့၊ ဟာ ... အဘွား အားငယ်နေမှာ၊ အဘွားအရမ်းဝမ်းနည်းသွားမှာ ကျွန်မ ... အဘွားဆီပြန်မယ်၊ ဟင် ... ဟိုမှာ၊ ဟိုမှာ ကားနောက်မှာ အဘွားလိုက်လာပါလား ... အဘွား ... အဘွား"

ကားက သူမတို့အနားမှာ ထိုးရပ်လိုက်ပေမယ့် ... ကောင်မလေး၊ ကား၏နောက်ဘက်ဆီသို့ ပြေးထွက်သွားလျှင် မြသီတာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေလေသည်။

နေသန့်စင် ကားပေါ်မှ ကမန်းကတန်းဆင်းလာပြီး မြသီတာကို မေးလိုက်သည်။

"ဆရာမ ... ကောင်မလေး ဘယ်ကိုပြေးတာလဲ"

"အမလေး ... ကျွန်မ အရမ်းကြောက်တယ်ဆရာ၊ သူ အဘွားကိုမြင်တယ်ဆိုပြီး ပြေးသွားတာ၊ သူ့အဘွား တကယ်ပဲ နောက်ကလိုက်လာသလားမသိဘူး"

"ဆရာမကလည်း မဟုတ်တာတွေပြောနေပြန်ပြီ၊ ကဲ၊ ကဲ ... ကောင်မလေးကိုလိုက်ခေါ်၊ အချိန်မရှိဘူး ... သူ့ကို





လမ်းကျမှ ရှင်းပြတောင်းပန်ရမယ်"

"အဲဒီကို ကျွန်မတို့ရော လိုက်ရမှာလားဆရာ"

"မလိုက်ကြနဲ့တော့ ... ဆရာနဲ့ နေဝင်းပဲလိုက်ပို့လိုက်တော့မယ်၊ ညည်းတို့လည်း ကြောက်တယ်မဟုတ်လား၊ ဆရာ့ဆေးခန်း(၃)ရက်လောက်ပိတ်လိုက်၊ ဒီသတင်းကိုပိတ်ထား၊ ဘယ်သူ့မှမပြောကြနဲ့"

"ဟုတ် ... ဟုတ်ကဲ့ပါဆရာ၊ ကျွန်မတို့အတူတူဒုက္ခရောက်မယ့်ကိစ္စပဲ၊ ဘယ်ပြောမလဲ၊ ဆရာသာ မီးသေအောင်ညှိခဲ့ပါ"

ပြောပြီး မြသီတာ ကောင်မလေးနောက်သို့ပြေးလိုက်ရသည်။ သူမက လမ်းလယ်ခေါင်မှာရပ်ပြီး ဟိုဘက် ဒီဘက်မျှော်ကြည့်လျက်။

"အဘွားဘယ်ရောက်သွားတယ်မသိဘူး ဆရာမ ...၊ ဟိုဘက်လမ်းကြားများ ဝင်သွားလား ... "

"လာ ... လာ ... သမီး၊ မင်းအဘွားက ဆရာ့ကားပေါ်မှာ အခြေအနေသိပ်မကောင်းလို့ ဆရာတို့ ဆရာတပည့် မင်းတို့ကို လိုက်ပို့မယ် ... "

"ရှင် ... "

ခင်ညီလာ ကားဆီသို့ပြန်ပြေးတော့ ဆရာမ မျက်ရည်ဝဲရသည်။ မြေးအဘွားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တော်တော်သံယောဇဉ်ကြီးကြတာပဲ။

ဆရာက တည်ငြိမ်စွာပင် ကားတံခါးဖွင့်ပေးပြီး သူမကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်စေသည်။

"ကျွန်မ အဘွားနားမှာစီးမယ်၊ အဘွား အားငယ်နေမယ်"

"မင်းရှေ့မှာစီးပါ၊ နောက်မှာ နေဝင်းရှိတယ်၊ မင်းအဘွားကို သူစောင့်ပေးမယ်"

"ဟင့်အင်း … ကျွန်မ အဘွားနဲ့ပဲစီးမယ်"

နေသန့်စင် အကြွပ်ရိုက်သွားသည်။ သူမကို ကားနောက်ထဲတန်းထည့်ပေးလို့မဖြစ်။ အခြေအနေတွေကို ရှင်းပြရဦးမည်။

မြသီတာကတော့ ဆရာ့ကိုနှုတ်ဆက်ပြီး ဆိုင်ကယ်နှင့်ပြန်ထွက်သွားပေပြီ။ နေသန့်စင် သက်ပြင်းချပြ‌‌ခင်ညီလာ့ကို ကားထဲဆွဲသွင်းလိုက်သည်။

"ဆရာပြောပြတာ နားထောင်ဦး … "

ကားကို သူစတင်ပြီး မောင်းထွက်လိုက်သည်။ ခင်ညီလာနောက်ဘက်သို့လှမ်းကြည့်တော့ အဘွားနှင့်နေဝင်းကိုတွေ့ရသည်။ အဘွားကို ကားနောက်ထဲမှာ သက်သောင့်သက်သာပုံစံလဲလျောင်းထားပြီး နေဝင်းက အဘွားဘေးမှာ ထိုင်နေလေ၏။

ခင်ညီလာ့စိတ်ထဲ ထင့်သွားရသည်။ ဘယ်လိုလဲ၊ အဘွားဘာဖြစ်လို့လဲ … ။

"ဆရာ … အဘွား နေမကောင်းဘူးလား။ အဲဒီလိုလူနာတွေကို ဆရာတို့ လိုက်မပို့တတ်ပါဘူးနော်"

နေသန့်စင် ဘာမှမသိရှာသည့်ကောင်မလေးကို ဘယ်လိုစပြောရမှန်းမသိ။ ကားကိုသာတွင်တွင်မောင်းနေမိသည်။ ဖေဖေ





နှင့်မေမေကို ဖုန်းနှင့်အကျိုးအကြောင်းရှင်းပြခဲ့တုန်းက တော်တော်ထိတ်လန့်တုန်လှုပ်သွားကြသည်ကို ပြန်သတိရမိသည်။

"ကျွန်တော် … အဲဒီမြေးအဘွားကို သူ့ရွာအထိလိုက်ပို့ရင်း သူ့မြေးကိုအဆင်ပြေအောင် ညှိနှိုင်းရမှာမို့ နေဝင်းနဲ့အတူအခုပဲသွားရမှာ၊ မေမေတို့ဆီပြန်မလာနိုင်တော့ဘူး၊ လူတွေသိပြီး အကျယ် … အကျယ်တွေဖြစ်ကုန်ရင် ကျွန်တော့်အလုပ်ကိုထိခိုက်မှာမို့ပါ၊ ဖေဖေနဲ့မေမေ ဘာမှစိတ်မပူကြနဲ့နော်၊ ၂ရက်၊ ၃ရက်တော့ကြာမယ်၊ ဖုန်းနှင့်ပင်ခွင့်ပန်ပြီး သူခုလိုထွက်လာဖြစ်ခဲ့သည်။ နေဝင်းက ဘာမှမကြောက်တတ်သည့်သူမို့ ခုလိုကိစ္စကြီးမှာ မသာလောင်းနှင့်အတူနောက်မှာ တစ်ယောက်ထဲ။

သူ … ကောင်မလေးကို အားယူပြီးရှင်းပြလိုက်သည်။

"စိတ်ကိုအေးအေးထားပါ၊ မင်းနာမည်ဘယ်သူ"

"ခင်ညီလာ … "

"အေး … ခင်ညီလာ၊ မင်းအဘွားမှာ နှလုံးရောဂါရှိနေတယ်၊ ဘာဖြစ်လို့ ကိုယ့်မပြောခဲ့သလဲ"

"နှလုံးရောဂါ … မရှိပါဘူး၊ အဘွား ဒီလိုပဲ စားစားသောက်သောက်နဲ့နေလာခဲ့တာပဲ၊ တစ်ခါတလေသာ မောတယ်ဆိုပြီး အိပ်ရာထဲ ခဏလှဲနေတတ်တာ"

"ဟုတ်တယ် … အဲဒါ နှလုံးရောဂါပဲ"

"အခု … အဘွား ဘာဖြစ်လို့လဲဟင်"

"စိတ်ကိုနိုင်နိုင်ထားပါ ခင်ညီလာ၊ မင်းအဘွားကို ဆရာမ တွေ့သွေးပေါင်ချိန်၊ ဆေးစစ်ပြီးမှ ခွဲစိတ်ခန်းထဲ ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ဆရာကလည်း ကျန်းမာရေးကောင်းလို့ ခွဲဖို့စီစဉ်တာ၊ အဲဒါ ခုတင်ပေါ်မှာ ဆရာစကားတွေပြောနေရင်း မင်းအဘွားဆီက စကားပြန်မရလို့ ကြည့်လိုက်တော့ ... ''

''ရှင် ... အဘွား ... အဘွား သေပြီလားဆရာ''

''ဟုတ်တယ် ... ဆရာတို့ ဘာမှလုပ်ပေးလို့မရတော့ဘူး''

''ရှင် ... အဘွား ... အဘွား''

ကောင်မလေး တုန်လှုပ်ချောက်ချားစွာနှင့် သွေးပျက်သွားသည်မှာ ကမ္ဘာပျက်တော့မည့်နှယ်။

ကားတံခါးကို သွေးရူးသွေးတန်း တွန်းဖွင့်ပြီး သူ့အဘွားရှိရာသို့သွားမည့်ပုံကြောင့် သူ ... ကားကိုလမ်းဘေးသို့ ထိုးရပ်လိုက်ရသည်။

သူတို့ကားလည်း မြို့ပြင်ဘက်သို့ရောက်လာပါပြီ။ စောသေးသည်မို့ ကားအသွားအလာမရှိသေး။ ကားတံခါးဖွင့်ပေးလိုက်တော့ ကောင်မလေး ကားပေါ်မှပြေးဆင်းပြီး နောက်ဘက် သူ့အဘွားရှိရာသို့ ပြေးသွားသဖြင့် နေဝင်း ကားတံခါးဖွင့်ပေးလိုက်သည်။

''အဘွား ... အဘွားရေ သမီး ဘယ်သူနဲ့နေရမှာလဲ၊ မျက်စိလာမခွဲကြရင်ကောင်းသား အဘွားရယ် ... ''

စကားများများနှင့် တွတ်တီးတွတ်တာမပြောတတ်ဘဲ ထိုစကားသာပြောပြီး ကောင်မလေး သူ့အဘွားကိုဖက်ကာ ငိုနေရင်းမှ ခွေခနဲလဲကျသွားလျှင် သူတို့ဆရာတပည့် ဒုက္ခများသွားကြ





သည်။

''နေဝင်း ... ကောင်မလေးကိုရှေ့ပို့၊ ဒုက္ခပါပဲကွာ၊ ပြဿနာကထင်တာထက်များ ပိုနက်ရှိုင်းနေပြီလားမသိဘူး''

''သူသတိရရင်၊ ငွေပေးပြီးညှိလိုက်ပါလားဆရာ''

''မဖြစ်ဘူး၊ ငါတို့ကိုအထင်လွဲမခံနိုင်ဘူး၊ ဒီကိစ္စက ရိုးရိုးသားသားဖြစ်သွားတာပါ၊ ဒါမျိုးဖြစ်တတ်ပေမယ့် ဆေးရုံပေါ်မှာမဟုတ်ဘဲ ငါ့တာဝန်ယူနေတဲ့ဆေးခန်းမှာမို့ ပြဿနာအတက်မခံချင်လို့ ရှောင်ထွက်လာခဲ့တာပဲရှိတယ်၊ ကောင်မလေး နားလည်အောင်ရှင်းပြပြီး သူလိုအပ်တာ ကူညီကြဖို့ပဲ ငါတို့မှာ တာဝန်ရှိတယ်''

''ကျွန်တော်က ငွေနဲ့ညှိလိုက်ရင် ပိုအဆင်ပြေမလားလို့ပါ''

''မလုပ်ချင်ဘူး၊ သူ့ပုံစံကလည်း ငွေမက်မယ့်ပုံ မဟုတ်ဘူး''

နှစ်ယောက်သား ကောင်မလေးကို နောက်ခန်းမှပြန်ထုတ်ပြီး ရှေ့ခန်းမှာမှီထားရသည်။ နေသန့်စင်မှာ ဆေးအိတ်ပါလာသည်မို့ ခင်ညီလာကို ပြုစုကုသပေးလိုက်သည်။

နောက် ... ကောင်မလေး သတိမရပေမယ့် သူကားကို ဆက်မောင်းလာခဲ့သည်။ ပဲခူးရောက်မှ အေးမည်။

အတန်ငယ်ကြာတော့ ကောင်မလေး သတိရလာခဲ့သည်။ သတိရသည်နှင့် ဘာမှရန်မတွေ့၊ ဘာမှမပြောတော့ဘဲ တအိအိငိုရှိုက်လာခဲ့သည်မှာ သနားစရာ။ မျက်ရည်တွေ စီးကျနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မကုန်နိုင်မခမ်းနိုင်။ သူမကိုကြည့်ပြီး နေသန့်စင် ရင်ထဲနင့်ရသည်။ တားလည်းမတားဆီးနိုင်။

ငိုပေဦးတော့ ကောင်မလေးရေ ...

ဘဝဆိုတာ ဒုက္ခပင်လယ်ကြီးပါပဲ ...

ငါတို့က ဆရာဝန်မို့ ဒုက္ခသည်တွေနဲ့ အမြဲမြင်တွေ့ဆက် ဆံနေရပါတယ်။

ဒီဒုက္ခသည်တွေကို ကူရင်းကယ်ရင်းပဲ အခုလိုအဖြစ်မျိုး ကြုံရတာပါ။

နံနက်လင်းလာတော့ သူတို့ပဲခူးဘက်သို့ နီးလာခဲ့ပေပြီ။ ကောင်မလေးလည်း တည်ငြိမ်သွားခဲ့ပြီး သူ့ကိုတောင်းဆိုလိုက် သည်။

"ကျွန်မ ... အဘွားအနားမှာ နေပါရစေဆရာ၊ အဘွား အားငယ်နေမှာစိုးလို့ပါ ..."

သူ ... အတိုက်အခံတွေမပြောတော့ဘဲ ကားကိုရပ်ပေး လိုက်တော့ ဆင်းကာ နောက်ဘက် သူ့အဘွားနားသို့ရောက်သွား သည်။ ကားကျပ်နေမှာစိုးလို့ သူ ... နေဝင်းကို ရှေ့ဘက်သို့ ခေါ်လိုက်ပြီး ကောင်မလေးကို လမ်းကြောင်းမေးကာ ခရီးဆက် ခဲ့သည်။



ခင်ညီလာတို့ရွာသို့ရောက်တော့ နေ့လည် ၁၁ နာရီ။ ရွာကတော့ ရွာကြီးပါပဲ။ အထက်တန်းကျောင်းနှင့် ဈေးနှင့်။ သူမတို့အိမ်က ရွာစွန်နည်းနည်းကျသည်။

သစ်သားနှင့် ဆောက်ထားသည့် လေးပင်အိမ်လေးက သပ်သပ်ရပ်ရပ်။ ခြံဝိုင်းလေးထဲမှာ သီးပင်၊ စားပင်တွေနှင့်။ သူတို့ကား ခြံဝိုင်းထဲသို့ဝင်လိုက်တော့ ကျေးလက်တောရွာပီပီ လူတွေရောက်လာခဲ့ကြသည်။

"ဟဲ့ ... ခင်ညီလာ၊ နင့်အဘွား မျက်စိပြန်ကောင်းသွား ပြီလား၊ ဒီကားကြီးက ကောင်းလှချည်လား"

ခင်ညီလာ အရင်ဆင်းနှင့်ပြီး ဘယ်သူ့ကိုမှ ဘာမှမပြောဘဲ အိမ်တံခါးကိုအရင်ဖွင့်လိုက်သည်။ ကားထဲကိုလှမ်းကြည့်ပြီး ရွာ သူရွာသားတွေ ကြက်သေ,သေသွားကြသည်။

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့ သေသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် အသံများကြားမှာ သူတို့ဘာပြောရမှန်း၊ ဘယ်လိုဖြေရှင်းရမှန်းမသိ။ သို့သော် ... အိမ်တံခါးဖွင့်ပြီး ကားဆီပြန်ရောက်လာသည့် ကောင်မလေးကပင် အခြေအနေတွေကို ဖြေရှင်းလိုက်ပါသည်။

"အဘွား ... နလုံးသွေးရပ်သွားတာ၊ ခွဲတောင်မခွဲရသေးဘူး၊ ခွဲစိတ်မယ့်ခုတင်ပေါ်လည်းရောက်ရော ဆုံးသွားတာ၊ ကဲ အဘအောင်တို့ ဦးလေးသာရင်တို့ အဘွားအတွက် ပြင်ဆင်ပေးကြပါဦး"

သည်တော့မှ လူအားလုံးပင် လှုပ်လှုပ်ရှားရှားနှင့်ဝိုင်းဝန်းပြင်ဆင်ကာ ဒေါ်မြမေကို နေရာချထားပေးသည်။ နေသန့်စင်လည်း သက်ပြင်းချရသည်။

သူတို့ဆရာတပည့်နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြီး တီးတိုးတိုင်ပင်ရသည်။

"ပုံကြည့်ရတာ မြေးအဘွားနှစ်ယောက်ထဲ နေကာထင်တယ်၊ ငါတို့လိုအပ်တာတွေ ကြည့်ရှုစီမံပေးရဦးမယ်"

"ဟုတ်တယ်ဆရာ ... သူက ဒီကိစ္စအတွက် ကျေနပ်လား၊ မကျေနပ်လားလည်း ဘာမှမပြောသေးဘူး၊ ကျွန်တော်တို့ကူညီလုပ်ကိုင်ပေးမှ သင့်တော်မယ်ထင်တယ်၊ ဒါမှကျွန်တော်တို့ကိုအားနာပြီး အမှုမလုပ်မှာ"

"ငါက စေတနာသန့်သန့်နဲ့ လုပ်ပေးချင်တာပါ၊ မင်းပြောလိုက်မှ အမှုဖြစ်မှာစိုးလို့ လုပ်ပေးသလိုဖြစ်နေပြီ"

သူတို့နှစ်ယောက် အိမ်ပေါ်ကိုတက်လိုက်ကြသည်။ အိမ်





အလယ်ခန်းမှာ ဒေါ်မြမေကို ပြင်ဆင်ထားပြီး ခင်ညီလာကတော့ သူ့အဘွား၏အနားမှာ အရုပ်ကလေး ပစ်ချထားသလို ငြိမ်သက်လျက်။

သူ့အဘွားမျက်နှာကိုငေးကြည့်ရင်း ပတ်ဝန်းကျင်ကို မေ့လျော့နေလေသလားပင်။

ကျေးလက်တောရွာတို့၏ ထုံးစံအတိုင်းပင်။ ချက်ချင်းရွာသူရွာသားများရောက်ရှိလာကြပြီး အသုဘကိစ္စအတွက် ဝိုင်းဝန်းလုပ်ဆောင်နေကြသလို သူတို့အနားသို့လည်း လူကြီးသူကြီးများရောက်ရှိလာခဲ့ကြပါသည်။ သူအဖြစ်အပျက်ကိုရှင်းပြပြီး သည်မြေးအဘွားအကြောင်းလည်း မေးမြန်းရပါသည်။

"သူတို့က မြေးအဘွားနှစ်ယောက်ထဲရှိတာ၊ ခင်ညီလာ့အမေက သူငယ်ငယ်လေးထဲကဆုံးသွားပြီး ... အဖေကတော့နောက်အိမ်ထောင်ထူသွားတယ်"

"အဲဒီသူ့အဖေကရော ဒီရွာမှာနေတာလား"

"ဘယ်ရောက်လို့ ဘယ်ပေါက်တယ်မသိပါဘူးဆရာရယ်၊ တစ်ခါမှရွာကိုပြန်မလာတော့ပါဘူး"

"သူတို့မြေးအဘွားက ဘာအလုပ်တွေလုပ်ကြသလဲ"

"မုန့်ဟင်းခါးချက်ရောင်းကြတယ်၊ ဈေးထဲမှာဆိုင်လေးနဲ့ထွက်တယ်လေ၊ မြေးအဘွားနှစ်ယောက်တော့ စားရတာမျိုးအင်း ခုမှခက်ပြီ၊ ကလေးမလေးတစ်ယောက်တည်း ဘယ်လိုလုပ်နေပါ့မလဲ၊ ရုပ်ကလေးချောချော အသက်ကလေးငယ်ငယ်နဲ့ ... ဒုက္ခ ... ဒုက္ခ"



www.burmeseclassic.com

www.burmeseclassic.com



“ရွာမှာဆွေမျိုးတွေရော မရှိဘူးလားဦးကြီး”

“ဆွေရင်းမျိုးချာရယ်လို့တော့မရှိဘူး၊ ရပ်ဆွေရပ်မျိုးတွေပဲရှိတာပေါ့လေ၊ ဒီလိုပဲ ဝိုင်းဝန်းစောင့်ရှောက်ရတော့မှာပေါ့”

“ဒါထက် ... ဒေါ်မြမေကို ဘယ်တော့ ... ”

နေဝင်းကို နေသန့်စင်လှမ်းမျက်ရိပ်ပြလိုက်သဖြင့် စကားက တစ်ဝက်နှင့်ရပ်သွားသည်။ ရွာလူကြီးက သဘောပေါက်ပါသည်။ သူတို့ပြန်ချင်မှာပဲလေ။

“ချတာတော့ မနက်ဖြန်မှချဖြစ်မယ်၊ ဆရာတို့ပြန်ပါ၊ လိုက်ပို့တာတောင် ကျေးဇူးကြီးလှပါပြီ”

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပျာပျာသလဲ ငြင်းဆိုလိုက်သည်။

“မဟုတ်ပါဘူးဦးလေး ... ကျွန်တော်တို့ အသုဘကိစ္စပြီးသည်အထိနေပေးမှာပါ၊ ဒါထက် ... ကောင်မလေးက နွမ်းပါးပုံရတယ်၊ ကျွန်တော် ငွေထုတ်ပေးပါရစေ”

ဦးကြီးက ပြာပြာသလဲ တားဆီးကန့်ကွက်ပြီး ...

“ဟာ ... နေပါစေဆရာ၊ ကျွန်တော်တို့ ရွာဓလေ့အတိုင်း ကူငွေခံပြီး ဖြေရှင်းပေးကြမှာပါ၊ သူသေငါပို့ ငါသေသူပို့ပေါ့ ဆရာ”

“မဟုတ်ပါဘူး ... ကျွန်တော်ပဲ တာဝန်ယူပေးပါရစေ၊ ခင်ညီလာတို့မြေးအဘွားအတွက် ကျွန်တော့်မှာ တာဝန်ရှိသလိုခံစားရလို့ပါ၊ ကျွန်တော်ပေးပါရစေ”

သူတို့အချေအတင်ပြောနေကြစဉ် ခင်ညီလာ ကြားသွား





ပြီး ဆတ်ခနဲသတိရသလိုဖြစ်သွားကာ သူတို့ရှိရာ ခေါင်းရင်းသို့ ထလာခဲ့သည်။

နေသန့်စင်သို့ ဦးတည်ပြီး ...

“ကျွန်မ သတိမေ့သွားလို့ပါဆရာ၊ ဆရာတို့ပြန်လို့ရပါပြီ၊ ခုလိုလိုက်ပို့တာ အများကြီးကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်မ ဆရာ့ကျေးဇူးကို မမေ့ပါဘူး”

ခင်ညီလာ မျက်ရည်များနှင့်သူကို ရှိခိုးနေလျှင် နေသန့်စင် အထူးပင်တုန်လှုပ်ရသည်။

ငါ့လုပ်ရပ်တွေမှန်ရဲ့လား။ သူတို့အပေါ် ငါ့စေတနာတွေမှန်ရဲ့လား။ ကိုယ့်ဆေးခန်း အမှုဖြစ်မှာစိုးလို့ လိုက်ပို့ပေးတာကို သူကလေးက ကျေးဇူးတွေအရမ်းတင်နေတယ်။

ငါ ... တာဝန်ကျေပြီလား။ ငါဘာဆက်လုပ်ရမှာလဲ။

“ဆရာ ... မင်းအဘွားမြေကျတဲ့အထိ နေပေးဦးမှာပါ”

သူမက မျက်ရည်များနှင့် မပီမသပြောဆိုရင်း ခေါင်းကို တွင်တွင်ငြင်းခါသည်။

“ရပါပြီဆရာ ... အဘွားအလောင်းကို ဒီရောက်အောင် လိုက်ပို့ပေးတာပဲ ကျေးဇူးကြီးလှပါပြီ၊ ကျွန်မ ဒီရွာသားတွေရဲ့ အကူအညီနဲ့ပဲ အဘွားကိုမြေမြှုပ်သင်္ဂြိုဟ်လို့ရပါပြီ၊ ဆရာပြန်ပါ၊ ဆရာ့အတွက် အချိန်ကတန်ဖိုးရှိပါတယ်”

နေသန့်စင် ရင်ထဲမှာမလုံမလဲ။ ကောင်မလေး သူ့ကို အကောင်းပြောနေတာလား၊ နာကြည်းစွာပြောနေတာလား၊ ဝေခွဲ လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ညီလာမှာ လူကြီးမိဘတွေမရှိဘူးလေ၊ ဆရာတို့ နေပေးပါရစေ၊ မင်းအဘွား မြေကျတဲ့အထိနေပါရစေ"

ဘေးမှ အဘအောင်က သူတို့နှစ်ယောက်ကြားသို့ဝင်ပြီး ဖြန်ဖြေလိုက်ပါသည်။ အကြားမတော်တော့လို့ပါ။

"ကဲ _ ခင်ညီလာ ဆရာဒီလောက်ပြောနေတာ ဘာဖြစ်လို့အတင်းပြန်လွှတ်ရတာလဲ၊ နေပါစေ ... နင့်မှာဆွေရင်းမျိုးရင်းလည်းရှိတာမဟုတ်ဘူး၊ ဒီကောင်မလေး ဘာဖြစ်နေတာလဲ"

အဘအောင် မာန်မဲလိုက်လျှင် ခင်ညီလာပေါက်ကွဲသွားသည်တင့်။ မျက်ရည်တွေ ပြိုကျလာပြီး ဆရာ့ကိုရန်တွေ့သလို ပြောတော့သည်။

"ကျွန်မ တကယ်ပြောတာပါ အဘအောင်ရဲ့၊ ဒီကိစ္စ အဘွားဆုံးတဲ့ကိစ္စမှာ ဆရာအနေသာကြီးပါ၊ အဘွားဘာသာ အကြောက်လွန်ပြီး နှလုံးသွေးရပ်သွားတဲ့ကိစ္စ ... ဆရာနဲ့ဘာဆိုင်လို့လဲ၊ ပြန်ပါ ... ဆရာပြန်၊ ကျွန်မတစ်ယောက်တည်း တော့ရော ဘာဖြစ်လဲ ဒီလိုပဲ တစ်သက်လုံးနေသွားရတော့မှာ ဘာဆန်းသလဲ ... အဘအောင်တို့လည်း မကူညီနိုင်ပြန်ကြ၊ ကျွန်မဘာသာ အဘွားနဲ့အတူ သေလိုက်မယ်"

"ဟာ ... ဒီကောင်မလေး"

အဘအောင်ရော နေသန့်စင်ပါ ခင်ညီလာအတွက် စိတ်ပူသွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ နောက် ... အိမ်အောက်သို့ နှစ်ယောက်အတူဆင်းလာခဲ့ကြပြီး အိမ်ခေါင်းရင်းဘက် ခြံထောင့်တွင် တိုင်ပင်မိကြသည်။





အဘအောင်ကိုဝန်ခံမိ၏။

နေသန့်စင်

"သူ့အဘွား အကြောက်လွန်ပြီး နှလုံးသွေးရပ်သွားတယ် ဆိုပေမယ့် ကျွန်တော့်ဆေးခန်းထဲမှာ အုတ်အော်သောင်းနင်းဖြစ်သွားမှာစိုးလို့ ကျွန်တော်တို့ သူ့ကိုအသိမပေးခဲ့ကြဘူး အဘအောင်၊ မြို့ပြင်ထိ ခေါ်လာပြီး အသိပေးခဲ့ကြရတာ၊ အဲဒီကိစ္စအတွက် သူ့အစာမကျေဘူးထင်တယ်"

"ဆရာ့ဘက်ကကြည့်တော့လည်း ဒီလိုပဲလုပ်ရတော့မှာပေါ့လေ၊ သူ့နည်းနည်းခံစားရမှာပေါ့၊ တစ်ဦးတည်းကျန်ခဲ့ရမှာနဲ့ သူ့အဘွား ရုတ်တရက်ဆုံးရှုံးရတဲ့ သောကကိုမခံစားနိုင်တာလည်းပါတယ် ... ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဆရာ"

"ခွင့်လွှတ်ပါတယ် ကျွန်တော်စိတ်ပူတာက သူတစ်ခုခုလုပ်မှာ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံမှာတွေ"

"အင် ..."

အဘအောင်က ဘက်ပြင်းရှည်ကြီးချပြီး အဝေးကိုမျှော်ငေးနေသလို။ ပြီးမှ ...

"ပြောလို့တော့မရဘူးပေါ့လေ၊ သူ့ဘဝက အထီးကျန်ဖြစ်နေမှာကိုး၊ ပြီး ... အသက်ကလည်းငယ်တော့ ရင်မဆိုင်ရဲတာတွေ၊ ဘာတွေ ကိစ္စမရှိပါဘူးလေ၊ အဘတို့ပိုင်းဝန်းစောင့်ရှောက်ပါ့မယ်၊ ဆရာ ... ပြန်ပါ၊ ဆရာ့တာဝန်ကျေပါပြီ"

"အေးဗျာ ... သူကလည်း ဟနှင်ထဲနှင်နေတော့ ဒီလိုလုပ်မယ်အဘအောင်၊ ဒေါ်မြမေ ရက်လည်ကျရင် ကျွန်တော် ပြန်လာဦးမယ်၊ အခုတော့ပြန်လာဦးမယ်၊ ကျွန်အခြေအနေလာကြည့်ပါဦးမယ်၊ အခုတော့ပြန်...



www.burmeseclassic.com

www.burmeseclassic.com



တော့်စိတ်ထဲ လိပ်ပြာမလုံသလိုပဲဗျာ''

''ဆရာက စိတ်ကောင်းရှိလို့ပါ၊ ရက်လည်မှပြန်လာတာ လည်းကောင်းပါတယ် ... လာခဲ့ပါ ဆရာ''

''သူ့အသွားကိစ္စအတွက်သုံးဖို့ ကျွန်တော် ငွေနှစ်သိန်းပေးခဲ့ပါ့မယ်၊ လှလှပပလေး လုပ်ပေးလိုက်ကြပါ''

ကမကထပြုလုပ်ပေးနေကြသည့် လူကြီးများလက်ထဲ ငွေနှစ်သိန်းပေးခဲ့ပြီး နေသန့်စင်တို့ ဆရာတပည့် ပြန်ခဲ့ကြသည်။



ခင်ညီလာ ...

တစ်ယောက်တည်း ဘဝကိုခရီးဆက်ရမည့် ကန္တာရခရီးသည်လိုပါပဲ။

သူမမှာ ဦးဆောင်မည့် အရိပ်ပေးမည့် ပင်ညောင်ညိုကြီး မရှိတော့။ ရွှေတောင်ကြီးကွယ်သည်ဆိုတာထက် အဆပေါင်းများစွာဆိုးပါသည်။

ညဘက်မှာ အရိုးမြနှင့်အရိုးလှ အပျိုကြီးညီအစ်မလာအိပ်ပေးပေမယ့် နေ့ဘက်မှာတော့ သူမတစ်ယောက်တည်း။

မျက်စိထဲ သဲအပက်ခံရသလို ဖျတ်ခနဲ အရုပ်ဆိုးအကျည်းတန်ခဲ့သည့်အဖြစ်အပျက်ကြီးကို သူမ ... သွေးပျက်စွာပြန်စဉ်းစားမိတော့ ...

အဖွားသာ မျက်စိမခွဲခဲ့ရင် သေမှာမဟုတ်ဘူးဆိုသည့် နောင်တက ရင်မှာနေရာယူ၏။

ရက်စက်လိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆေးခန်း နာမည်ပျက်မှာစိုးလို့ ငါ့ကိုမလိမ့်တပတ်လုပ်ပြီး မြို့ပြင်ကျမှ ပေးသိခဲ့တယ်။

အေးလေ ... အဘွားက သေပြီပဲ၊ ဘာပဲဖြစ်ဖြစ် လိုက်ပို့ဖော်ရတာ ကျေးဇူးတင်ရမယ် မပို့များမပို့ရင် အဘွားအလောင်းကို ငါဘယ်လိုပြန်သယ်နိုင်မှာလဲ။

သူမရင်မှာ အတွေးတို့က မှောင်တစ်လှည့်လင်းတစ်ခါ။ အဘွားလိုပဲ ငါမုန့်ဟင်းခါးဆက်ရောင်းရမှာလား၊ တောရွာမို့ မုန့်ဟင်းခါးအမြတ်က တစ်နေ့တစ်ထောင် ... ထောင့်ငါးရာ စားလောက်ပါသည်။

သို့သော် ... နေရေးကာခက်သေး ~ည်။ သူများတွေကလည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ နေ့တိုင်းလာအိပ်ပေးနိုင်ကြမည် မဟုတ်။

မပုတို့လို ငါရန်ကုန်သွားပြီး အလုပ်လုပ်ရရင် ကောင်းမလား။ မှန်ဘီလူးစက်ရုံတို့၊ အထည်ချုပ်စက်ရုံတို့မှာ အလုပ်ဝင်ရင်ကောင်းမလား။

ဘော်ဒါဆောင်မှာ ငှားနေပြီး ကိုယ့်ထမင်းကိုယ်ရှာစား၊ ဟာ ... ကျောင်းလည်းဆက်တက်ရဦးမှာ၊ သူလျှောက်ထားသည့် ဘာသာတွဲတွေကို စောင့်ရဦးမည်။

ခင်ညီလာ ... အဘွားကိုတွေးမိပြန်တော့ ရင်ထဲနာကျင်ရပြီး မျက်ရည်က အဆက်မပြတ်ကျလာ၏။

"ငါ့မြေး ကျောင်းဆက်တက်ဖို့အတွက် အဘွားတို့ခြံပိုင်းကိုရောင်းရမယ်၊ တို့မြေးအဘွားနေဖို့က ဘယ်မှာတဲဆောက်





နေနေ ရပါတယ်၊ ငါ့မြေး ပညာတတ်ဖို့ အလုပ်ရဖို့က ပိုပြီးအရေးကြီးတယ်၊ ရွာထဲက နီတွတ်ဝယ်မယ်လို့ ကမ်းလှမ်းတာကြာပြီ၊ သူက ဒီဘက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးခြံလုပ်ချင်လို့တဲ့"

အဘွားစကားများကို ကြားယောင်ရင်း ခင်ညီလာတွေးတောနေမိသည်။ အဘွားမပါဘဲ ဒီခရီးကို သူမ ဘယ်လိုဆက်ရပါ့မလဲ။

သည်စဉ် သူမတို့ခြံထဲသို့ စာပို့သမားဝင်လာခဲ့သဖြင့် ခင်ညီလာ သွားရ၏။ စာကိုဖတ်ကြည့်လိုက်တော့ သူနာပြုသင်တန်းဝင်ခွင့်ရသည့်စာ ...

ခင်ညီလာ မျက်ရည်တွေကျရပြန်သည်။ အဘွားသာရှိလျှင် ဘယ်လောက်ကောင်းလိုက်မည်လဲ။ သူမ သူနာပြုသင်တန်းဆင်းလျှင် အလုပ်ရလျှင် အဘွားနှင့်အတူ ပျော်ရွှင်စွာနေရမည်။

ယခုတော့ ...

သူမ ရှိုက်ကြီးတငင် ငိုကြွေးနေဆဲ။ ညနေစောင်းပြီမို့ အရီးမြ အိမ်ပေါ်သို့တက်လာခဲ့သည်။

"ခင်ညီလာ ... နင် သူနာပြုတက်ခွင့်ရတယ်ဆို၊ တော်လိုက်တာဟယ် ... နင့်အဘွားတော့ နင့်လုပ်စာမစားရတော့ဘူးပေါ့"

"ဟုတ်တယ် ... အဘွားကံဆိုးလိုက်တာ၊ တစ်သက်လုံး မုန့်ဟင်းခါးသည်ကြီးဘဝနဲ့ ပြီးသွားရတယ်၊ ကျွန်မလည်း ဘာလုပ်ရမှန်းမသိပါဘူး အရီးရယ် ... သင်တန်းတက်ဖို့ ပိုက်ဆံလည်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပူနဲ့ နင့်အဘွားရှိကတည်းက ခြံနဲ့အိမ်ရောင်းပြီး သင်တန်းတက်ဖို့ စီစဉ်ခဲ့တာ၊ အခုလည်း အဲဒီလိုပဲ လုပ်ပေါ့ဟယ်၊ အကြောင်းရှိလို့ ရောင်းရတာပဲ၊ သင်တန်းတက်ရမှ နင်အလုပ်ရမှာ၊ အလုပ်ရရင် နင့်ဘဝအဆင်ပြေသွားပြီပေါ့"

"ဘာပဲဖြစ်ဖြစ် အဘွားနဲ့အမေတို့ခေါင်းချသွားခဲ့တဲ့ ဒီအိမ်လေးကို ကျွန်မ နှမြောတယ်အရီးရယ်"

နှစ်ယောက်သား ငိုင်တွေနေကြစဉ် အိမ်ပေါ်သို့ အရီးလှ တက်လာခဲ့ပြန်သည်။

"ဟဲ့ ... ဘာဖြစ်လို့ ငိုင်နေကြတာလဲ၊ ကောင်မလေး သူနာပြုတက်ရမှာဆို"

"ဟုတ်တယ် အရီးရဲ့ ... ဒါပေမယ့် ..."

"ဘာမှစဉ်းစားမနေနဲ့တော့၊ ညည်းအိမ်ဝိုင်းကို ရောင်းလိုက်ပါ၊ နောက် ‗ သင်တန်းဆင်း၊ အလုပ်ရလို့ ရွာကိုအလည်ပြန်လာတော့လည်း ဘယ်အိမ်မှာတည်းတည်းပါအေ၊ တစ်ရွာလုံး ညည်းနေလို့ရတဲ့ အိမ်ချည်းပါပဲ"

နောက်ဆုံး လူကြီးများနှင့် တိုင်ပင်တော့လည်း အိမ်ရောင်းပြီး သင်တန်းတက်ဖို့သာ အကြံပေးကြသည်။

ခင်ညီလာ့အဖြစ်က ဘုရင့်နောင်ဖောင်ဖျက်ရသလို အိမ်ရောင်းပြီး သင်တန်းတက်ရပေတော့မည်။



ဗိုက်နာတဲ့ဈေးဆိုတာ ဒါမျိုးဖြစ်မည်။ အဘွားရှိစဉ်က အိမ်နှင့်ခြံဝိုင်းကို ဆယ်သိန်းပေးမည်ဆိုသည့် ဦးနီတွတ်မှာ ယခု ကျ ငါးသိန်းလောက်ပဲ ပေးချင်တော့သည်။

ငါးသိန်းနှင့်တော့ သူမ ဘယ်လိုလုပ်ပြီး သင်တန်းတက်လို့ရမှာလဲ။ သင်တန်းတစ်နှစ်စာလောက်ပင် တက်လို့ရမည် မဟုတ်ချေ။

ခင်ညီလာမှာ အဘွားဆုံးလို့ စိတ်သောကရောက်ရသည့်ကြားထဲ ကိုယ့်ဘဝအတွက်လည်း စိတ်မချမ်းသာ ဖြစ်နေရသည်။

သည်လိုနှင့်ပင် အဘွားအတွက်ရက်လည်သည့်နေ့သို့ ရောက်ရှိလာခဲ့သည်။ အဘအောင်ဦးစီးကာ အဘွား၏ရက်လည်မှာ မုန့်ဟင်းခါးတွေ၊ ဘာတွေပင် ကျွေးလိုက်သေးသည်။

ဆရာနေသန့်စင်တို့ ရောက်လာခဲ့မည်ဆိုသော်လည်း ရောက်မလာခဲ့ပါ။ အင်းလေ ... သူတို့လို အထူးကုဆရာဝန်ကြီးတွေအတွက် အချိန်ဟာ တန်ဖိုးရှိလွန်းပါတယ်။ အချိန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သရွေ့ ငွေဝင်နေတာပဲ မဟုတ်လား။

ခင်ညီလာ တိုက်တခိုးမျှော်လင့်မိပေမယ့် ရောက်မလာခဲ့သည့်အတွက် ရင်ထဲမှာ နာကြည်းမိသည်။

အဘွားဏ်ရက်လည်ကိစ္စပြီးသည့်အခါ ခင်ညီလာအဘွား၏ လက်ငုပ်လက်ရင်းဖြစ်သည့် မုန့်ဟင်းခါးရောင်းသည့်အလုပ်ကိုပဲ လောလောဆယ် ဆက်လုပ်ဖြစ်သည်။ တစ်ယောက်တည်းအားငယ်ချင်သည့်စိတ်ကို အရိုးမြနှင့်အရိုးလှ ညီအစ်မက ဖျောင်းဖျအားပေးခဲ့ကြသည်။

ဦးနီတွတ်ကလည်း စျေးသာပိုမပေးချင်သည်။ နေ့စဉ်နှင့်အမျှ အိမ်ဝိုင်းရောင်းဖို့ လာပြောရသည်မှာအမော။

"နင်တို့အိမ်နဲ့ခြံက ရွာစွန်ကျတယ်၊ ဘယ်သူမှ ဝယ်မှာမဟုတ်ဘူး၊ ငါသာ နင့်အဘွားနဲ့ ပြောလက်စရှိလို့ ကတိမပျက်ချင်လို့ဝယ်တာ"

"အဲဒါဆိုလည်း ဦးလေးစျေးမနှိမ်နဲ့ပေါ့၊ အခု ကျွန်းပျဉ်းကတိုးစျေးနဲ့ဆို အိမ်သက်သက်တင် တစ်ဆယ်၊ ဆယ့်ငါးတန်တယ်၊ မြေဖိုးမပါသေးဘူး"

"အောင်မယ် ... ငါကမြေပဲလိုချင်တာပါ၊ နင့်အိမ်နင်ဖျက်ရောင်းရောင်း ... မီးရှို့ပစ်ပစ် ..."

"တကယ်လားဦးလေး ... ဒါဆို ကျွန်မ အိမ်ဖျက်ရောင်းလိုက်မယ်၊ မြို့ပေါ်က သစ်ကုန်သည်တွေဆီ သွားအကြောင်းကြားလိုက်မယ်"

"ဒီလိုကျတော့လည်း ဘယ်ကောင်းမလဲ၊ ကဲ ... ကဲ ငါ





ခုနစ်သိန်းပေးမယ်ဟာ၊ ဒီထက်တော့ နင်လည်းလောဘမကြီးနဲ့"

"စဉ်းစားဦးမယ်၊ ခုနစ်သိန်းနဲ့ ကျွန်မသင်တန်းတက်ဖို့မလောက်တဲ့အတူတူ မရောင်းတော့ဘူး၊ သင်တန်းလည်းမတက်တော့ဘူး၊ မုန့်ဟင်းခါးပဲ ရောင်းစားတော့မယ်"

"နင်မရောင်းရင် ငါသူများဆီကဝယ်လိုက်မယ်"

"ဝယ်ပေါ့ ကောင်းတယ်"

ဦးနီတွတ် တရှူးရှူးနှင့်စိတ်ဆိုးပြီး ထွက်သွားတော့ ခင်ညီလာပဲ ကျန်ခဲ့သည်။ ဟော်ဟော်စိတ်ပုပ်တဲ့လူကြီး၊ အချောင်နိုက်တဲ့လူကြီး။

သူမ ... ပဲရွေးရင်း နှုတ်မှမကျေမနပ် ရေရွတ်နေမိဆဲ သူမတို့ခြံထဲသို့ အဘအောင်ဝင်လာခဲ့ပြန်သည်။

"လုံမရေ ... ဝမ်းသာပေတော့၊ နင်တို့အိမ်ဝယ်မယ့်သူရှိပြီ"

"ဦးလေးနီတွတ်လား၊ တော်ပါပြီ အဘအောင်ရယ်၊ မုန့်ဟင်းခါးပဲရောင်းစားတော့မယ်"

"နီတွတ်မဟုတ်ပါဘူး၊ မြို့က ငါ့အသိပါ၊ သူကနင့်အိမ်ကို ဆယ့်ငါးပေးမယ်တဲ့"

"ဟင် ... တကယ်လား အဘအောင်၊ ဒါဆို ကျွန်မသင်တန်းတက်ဖို့ လောက်ပြီပေါ့နော်"

"အေး ... လောက်မှာပေါ့၊ သူက မြေမဝယ်ဘူး၊ မြေကျန်ခဲ့တော့ နင် နောက်ကျရင် အိမ်ပြန်ဆောက်လို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အိမ်သက်သက် ဆယ့်ငါးပေးသည့် ထိုလူကိုပဲ ခင်ညီလာ ရောင်းတော့မည်။ အဘအောင်က ဆက်ပြောသေး၏။

"နှင့်ပိုက်ဆံကို အဘမိတ်ဆွေ ပဲပွဲရုံက သုံးထားပေးမယ်တဲ့၊ ရှယ်ယာဝင်သလိုပေါ့၊ ရှယ်ယာလက်မှတ်ပေးထားမယ်၊ အဲဒါဆို ... နှင်သင်တန်းပြီးအောင်တက်လို့ရတာပေါ့"

"ဟာ ... အဘကိစ္စတွေ ကျွန်မ နားမလည်ပါဘူး၊ တော်ကြာ လူလိမ်တွေနဲ့တွေ့လို့ သင်တန်းလေးတောင်ပြီးအောင် မတက်လိုက်ရဘဲ နေဦးမယ်"

"ငါကလည်း ဒီငွေနဲ့ သင်တန်းစရိတ်မလောက်မှာစိုးလို့ ပူနေတာ၊ ဟိုဘက်ရွာက သာဒင့်မြေး သူလည်းသူနာပြုသင်တန်းတက်တာပဲ၊ တစ်နှစ်ကို ဆယ်သိန်းကျော်ကုန်တယ်တဲ့၊ သုံးနှစ်ဆိုလေးဆယ်လောက်ကုန်မှာပဲ"

"သူက သူ့ဒွေးမြေးကို အဘရဲ့၊ သုံးတော့လည်း ကုန်မှာပေါ့၊ ကျွန်မကတော့ ဘာအားကိုးမှမရှိတဲ့လူ၊ အနည်းဆုံးစရိတ်နဲ့ သင်တန်းပြီးအောင်တက်မှာ"

"အေးပါ ‗ ငါကလည်းစိုးရိမ်လို့ပြောနေတာ၊ ငါ့မိတ်ဆွေပွဲရုံက အမြတ်ရရင် နှင်ချောင်ချောင်လည်လည်ရှိအောင်ပါ"

"အဲဒါဆိုလည်း အဘအာမခံမှာလား၊ အဘ သားသမီးတွေပါပြောထားနော်၊ တော်ကြာ ... ဟိုပွဲရုံက ပတ်ပြေးလို့ သမီးသင်တန်းဆက်မတက်နိုင် ဖြစ်နေရပါဦးမယ်"

"စိတ်ချ ... စိတ်ချ ငါ့ကိုမယုံသက်ာဖြစ်တာ ဒီရွာမှာ





နှင်တစ်ယောက်ပဲရှိမယ်"

"ဆောရီးအဘရယ် ... ဆောရီး ကန်တော့ သမီးကဟိုရေသည်ယောက်ျားလိုပေါ့၊ ကိုယ့်ပိုက်ဆံလေး လေးရွေးကိုဘုရင့်စည်းစိမ်နဲ့တောင် မလဲနိုင်ဘူး"

တကယ်က အဘအောင်ဆိုတာ ရွာမှာကြေးရေတက်တစ်ယောက်ပါ။ ဦးနှောက်ကောင်းသူမို့လည်း ဉာဏ်မျှကြီးပွားလာခြင်းပါပေ။ အဘအောင် ငယ်စဉ်က သာမန်လယ်သမားလေးတစ်ဦးမျှသာ။

"ကဲ ... ဒါဆိုလည်း ဝယ်မယ့်သူနဲ့စကားပြောပြီးအရောင်းအဝယ်လုပ်လိုက်တော့မယ်၊ လုံမသင်တန်းလည်းတက်ရတော့မှာမဟုတ်လား၊ ငါ အစီအစဉ်တွေ ဆွဲတော့မယ်"

"အဘ ကောင်းသလိုသာ လုပ်ပါတော့ရှင်"

သင်တန်းကတက်ရတော့မည်မို့ ခင်ညီလာ အဘအောင်၏အစီအစဉ်ကို လက်ခံလိုက်သည်။ သူမ မျက်စိထဲမှာ ဦးနီတွတ်ကြီးတစ်ယောက် ရွဲကုန်သည်ထဲကလို ငါ့မြေကွက်လေးဆိုပြီး ဆွေ့ဆွေ့ခုန်နေမှာ မြင်ယောင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၂)

အဘအောင်၏အစီအစဉ်ကြောင့် ခင်ညီလာ မကြောင့်မကြနှင့်ပင် 'သင်တန်းပြီးဆုံးခဲ့ပေပြီ။ တကယ်တန်းကျတော့ ပွဲရုံမှာသာ ရှယ်ယာဝင်မထားပါက သူမ၏ငွေနှင့်လောက်ငှရန်မလွယ်ပါချေ။

သင်တန်းပြီးပြီးချင်း အလုပ်မခန့်သေးသဖြင့် သူငယ်ချင်းများနှင့်အတူ ဆေးခန်းတွေမှာဝင်ဖို့၊ ဒါမှမဟုတ် ဆေးရုံတွေမှာ စပါယ်ရှယ်လိုက်ဖို့တွေ စုံစမ်းကြရပြန်သည်။

သင်တန်းဆင်းသည့်ဆရာမတွေက အများကြီးမို့ ကိုယ့်အဆက်အသွယ်နှင့်ကိုယ် အလုပ်ရှာကြရတာလည်း တကယ်မလွယ်။ အရည်အချင်းတူလျှင် ရုပ်ချောသည့်သူက တစ်ပန်းသာမြဲဆိုပေမယ့် ခင်ညီလာ ယခုထိ အလုပ်မရသေး။ ရန်ကုန်မှာ အဆောင်တစ်ခုတွင် ငှားနေရင်း အလုပ်ရှာနေရဆဲ။

သည်နေ့ "မြငွေရောင်" ပုဂ္ဂလိကဆေးရုံတွင် လူတွေ့ရှိ





သဖြင့် ခင်ညီလာနှင့်မြသူဇာတို့ သူငယ်ချင်းနှစ်ယောက် စာတွေပြန်နွှေးနေရသည်။

ဘာတွေမေးမှာလဲ။ စာတွေမေးမှာလား။ ဗဟုသုတတွေမေးမှာလား။ နှစ်ယောက်သား ရင်တွေပူရင်း လူတွေ့ဖြေဖို့ လိုင်းကားတိုးစီးသွားကြရသည်။

ဖြေဖို့စောင့်နေကြသည့်နေရာမှာ သူမတို့လိုပဲ သင်တန်းဆင်းလေးတွေ ၁၅ယောက်လောက်ရှိနေလျှင် ခင်ညီလာတို့ နှစ်ယောက် ရင်ပူသွားကြရသည်။

"ခန့်မှာက တစ်ယောက်တည်းရယ်၊ လာလျှောက်တဲ့လူတွေကအများကြီးပဲ၊ ဒီအထဲ မင်းသမီးလေးတွေလို လှလှလေးတွေက ၅ယောက်လောက်ရှိတယ်၊ ခင်ညီလာရယ် ငါတော့ တံမြက်စည်းလှဲတဲ့ အလုပ်တောင်ရမှာမဟုတ်ဘူး"

မြသူဇာက အရပ်ရှည်ရှည် အသားညိုညိုနှင့်ရွက်ကြမ်းရေကျိုရုပ်လေးမို့ ကိုယ့်ရုပ်ကိုယ် အားမရလို့ တညည်းညည်းတညူညူ။

"ငါ့ရုပ်ကရော ဘာထူးလို့လဲဟာ၊ သူတို့လို မှုန်နေအောင်မချောပါဘူး၊ ရုပ်ကြမ်းကြီးနဲ့ပါ"

"နင်ကလှသေးတာပေါ့ဟဲ့၊ မပြင်မဆင်လို့သာ သွားပါပြီ၊ သွားပါပြီ ... ငါတော့ စိတ်ဓာတ်ကျသွားပြီ"

"စိတ်မရောက်ခင် မြားကုန်မနေစမ်းပါနဲ့ဟာ၊ ရချင်ရည်းရမှာပေါ့၊ ဘုရားစာတွေသာရွတ်နေ၊ ရသမျှဂါထာတွေ အကုန်ရွတ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိလေးတွေမှိတ်ပြီး ဂါထာတွေရွတ်နေကြရင်းနှင့်ပင် ခင်ညီလာအလှည့်ရောက်လာခဲ့သည်။ သူမခမျာ ခြေဖျားလက်ဖျားတွေပင်အေးလို့။ ဒီလိုအလုပ်တွေလိုက်လျှောက်ရတာ၄-၅ခါ မကတော့ပါ။ ဒီတစ်ခါတော့ အဆင်ပြေပါစေ။

ခင်ညီလာ ကတုန်ကယင်နှင့်ပင် အင်တာဗျူးခန်းထဲသို့ ဝင်သွားရတော့ သူမအသွင်ကိုကြည့်ပြီး လူကြီးများက ရယ်နေကြသည်။

ဘယ်သူတွေလဲ။ ဆရာဝန်ကြီးတွေလား။ ဆေးရုံပိုင်ရှင်တွေလား။ မြင့်ငွေရောင် ဆေးရုံသည် အစိုးရဆေးရုံတစ်ခုလောက် ပြည့်စုံခမ်းနားပါသည်။ တစ်ဦးတည်းပိုင် ဟုတ်ချင်မှဟုတ်မည်။

သူတို့ညွှန်ပြသည့်ခုံမှာ ခင်ညီလာထိုင်လိုက်ရသည်။

"ဘာဖြစ်လို့ ဒီလောက်တုန်လှုပ်နေတာလဲ၊ အလုပ်မရမှာစိုးလို့လား"

"ဟုတ် ... ဟုတ်ကဲ့"

လူကြီး ၄ယောက်။ ဥပဓိရုပ်ကောင်းကောင်းတွေနှင့်။ သူတို့ကတော့ ပေါ့ပေါ့ပါးပါး ခင်ညီလာ့ကို တစ်ယောက်တစ်ပေါက်မေးနေကြသည်။

"ဒီနာမည် ဘယ်သူမှည့်ပေးတာလဲ"

"အဘွားမှည့်ပေးတာပါ"

"ညည်းအဘွားက ခေတ်မီလှချည်လား"

"မဟုတ်ပါဘူး ... ဒီလိုပဲ မိဘဘိုးဘွားတွေရဲ့နာမည်ကို တစ်လုံးစီ ယူမှည့်လိုက်တာပါ"





"ဒါဆို ... ညည်းအဖေက ခင်လှိုင်၊ အမေက မိုးဒီပေါ့၊ ဒီလိုလား"

"မဟုတ်ပါဘူးရှင်၊ အဖေက ဦးခင်ဇော်၊ အမေက ဒေါ်နီလာ၊ အဘိုးက ဦးညီပုပါ"

"ဪ ... ဒီလိုလား၊ ညည်းဆီမှာ ဘိုးဘွားအမွေတွေ စုနေတယ်ပေါ့"

"ဟုတ် ... ဟုတ်ပါတယ်"

အလုပ်အကြောင်းနှင့်ပတ်သက်တာတွေမမေးဘဲ ပေါက်ကရတွေလျှောက်မေးနေသဖြင့် ခင်ညီလာ အားငယ်နေရစဉ် လူကြီးတစ်ဦးက သူမ၏ဘိုင်အိုဂရပ်ဖီကိုမေးလေသည်။

"ညည်းက မိဘတွေနဲ့အတူနေတာလား"

"မိဘတွေမရှိတော့ပါဘူးရှင့်၊ အဘွားလည်းမရှိတော့ပါဘူး၊ ကျွန်မ ... ကျွန်မတစ်ယောက်တည်းပဲ ရှိတော့တာပါ"

ပြောရင်းမှ ခင်ညီလာအသံတိမ်ဝင်သွားပြီး ခေါင်းငုံ့လိုက်လျှင် စောစောက နောက်နေကြသည့် လူကြီးများရပ်တန့်ကုန်ကြသည်။

တကယ့်ခံစားချက်နှင့် ကောင်မလေးပါလား။

"အခု ဘယ်မှာနေတာလဲ"

"အဆောင်မှာပါ ... သူငယ်ချင်းတွေနဲ့အတူနေပါတယ်"

"ကဲ ... ကဲ အပြင်က စောင့်နေ၊ အားလုံးစစ်ပြီးရင် အဖြေတစ်ခါတည်းပေးလိုက်မှာ၊ အလုပ်ရတဲ့လူက နောက်ဖြန်စပြီးအလုပ်ဆင်းရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင့် ... "

အားလုံးကို ဦးညွှတ်ခဲ့ပြီး ခင်ညီလာအပြင်ထွက်သွားတော့ လူကြီးများတစ်ယောက်နှင့်တစ်ယောက် မတိုင်ပင်ဘဲ သက်ပြင်းကိုယ်စီချမိကြသည်။



ခင်ညီလာ ... မြဝေငွေရောင်မှာ အလုပ်ရခဲ့ပါသည်။

သူမ၏တာဝန်က မနက် ၆နာရီမှ ညနေ ၆နာရီထိ။ မြဝေငွေရောင်မှာ သူမလိုဆရာမလေးတွေရော၊ ပင်စင်ယူပြီးသည့် ဆရာမတွေပါရှိသည်။ အလှည့်ကျ နေ့ ည ဂျူတီချိန်းရမည်ဟု ပြောသည်။

အလုပ်ဝင်ခါစမို့ သူမမှာ ယောင်ချာချာ။ အသေးစား ပုဂ္ဂလိကဆေးရုံတစ်ခုမို့ မြဝေငွေရောင်မှာ ဆရာဝန်တွေ၊ သူနာပြုတွေများပါသည်။ ဆရာဝန်တွေက သူ့အချိန်ပိုင်းနှင့်သူ။ ခင်ညီလာတို့တာဝန်ကလည်း ခွဲလေးများတောအနှံ့ တစ်ဆေးရုံလုံးမှာ တာဝန်ယူထားရသည်။

ယူနီဖောင်းလေးနှင့် လှပနေသည့် ဆရာမလေးတွေခမျာ အားလုံးကိုကြောက်နေရပါသည်။ ပိုင်ရှင်တွေ ဆရာဝန်တွေအားလုံးကိုပေါ့။ သူမတို့အောက်မှာ သန့်ရှင်းရေးအလုပ်သမားပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ခင်ညီလာ ကျေနပ်ပါသည်။ ဒါ ... လက်တွေ့သင်ယူဆည်းပူးနေရတာ မဟုတ်လား။

သည့်ဆေးခန်းမှာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးကပိုပြီးအလုပ်များသည်။ မီးလာဖွားသူတွေ၊ ကိုယ်ဝန်အပ်နှံသူတွေ၊ နောက်သားအိမ်နှင့်ပတ်သက်သည့် ရောဂါတွေပိုပြီးလာသည်။

သူမကတော့ ပညာတွေတိုးသည်ဟုပဲ မှတ်ယူကာ ဆေးခန်းမှာ နိုင်းသမျှလုပ်ပါသည်။

သည်နေ့လည်း ညနေ ၆နာရီထိုးပေမယ့် ခင်ညီလာ ပြန်ရပုံမပေါ်သေး။ ဆေးခန်းမှာတက်နေသည့် လူနာတွေကိုတစ်ဦးချင်း ပြုစုလုပ်ကိုင်ပေးနေရဆဲ။ သူမအနားသို့ အိုဂျီအထူးကုဆရာဝန်ကြီး ဦးမြတ်လင်းကို ရောက်လာခဲ့ပြီး ...

"ဒီနေ့ ဆရာဗိုက်ခွဲမွေးပေးရမယ့် ပေးရှင့်သုံးယောက်ရှိတယ်၊ ခင်ညီလာ ကူညီရမယ်၊ အဲဒီအတွက် သီးသန့်ရမှာပါ၊ ဘယ့်နှယ့်လဲ"

"ရှင် ... ရ ... ရပါတယ်ဆရာ၊ ငွေမရရ ရရ ကျွန်မတို့တာဝန်က အထက်ကနိုင်းသမျှ လုပ်ပေးရမှာပါ၊ ဆရာ ခုလို ခွင့်တောင်းနေစရာကို မလိုပါဘူးရှင် ... "

လူနာတွေကိုစွပြီးပြီမို့ ခင်ညီလာ လူနာခန်းမှထွက်လာခဲ့တော့ ဒေါက်တာမြတ်လင်းကို သူမနောက်မှ ပါလာသည်။

"အဲဒီလောက် မနုံရ၊ မအရဘူးလေ၊ သူတို့ဝန်ထမ်းဆိုပေမယ့် နိုင်းသမျှ နင်းကန်လုပ်ပေးနေစရာမလိုဘူး၊ ဥပမာ အခု





ညလို ခွဲခန်းတွေ ဘာတွေဝင်ပေးရတဲ့အခါ မင်းသပ်သပ်ထပ်ရမယ်၊ နောက် ... ကိုယ့်ဂျူတီချိန်နဲ့လွဲတဲ့အခါ စပါယ်ရှယ်လိုက်လို့ရတယ်၊ မင်းကအရမ်းရိုးတာပဲနော်၊ ဆရာ မင်းအတွက်ရင်လေးသေးတယ်၊ မင်းက ငယ်ငယ်ချောချော လူတွေကလည်း ရှုပ်ရှုပ်"

"ရှင် ... "

ခင်ညီလာ ဒေါက်တာဦးမြတ်လင်းကိုကို အံ့ဩစွာမော့ကြည့်မိသည်။ သူမကိုဆူနေတာလား။ အသားဖြူဖြူ စတိုင်လ်ဖြောင့်ဖြောင့်နှင့် မင်းသားတစ်ယောက်လို ခန့်ညားလှပသည့် ဦးမြတ်လင်းကိုဟာ သားနှစ်ယောက်ဖခင်တစ်ဦးပါ။ အသက်လေးဆယ်ခန့်ရှိမည်ထင်သည်။

သူကလည်း လှပကျော့ရှင်းပြီး တော်တော်ချစ်စရာကောင်းသည့် မိန်းမချောလေး ခင်ညီလာအား မျက်မှောင်ကုတ်ကြည့်နေခဲ့သည်။

"ကဲ ... ည ၈နာရီမှာ ဗိုက်တွေစခွဲမယ်၊ အခုပြန်ပြီး မီအောင်ပြန်လာခဲ့ ... မင်းနေတဲ့အဆောင်က ဘယ်မှာလဲ"

ခင်ညီလာ ပြောပြလိုက်တော့ ဦးမြတ်လင်းကို ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဝေးတယ် ... မင်း ... သွားရေ၊ ပြန်ရေးအဆောင်မပြေဘူး"

"ကျွန်မ မပြန်တော့ဘူးဆရာ၊ အဆောင်ကို ဖုန်းဆက်ပြီး ဆက်လိုက်မယ်၊ ဒီမှာပဲ ရေချိုးပြီး အပြင်ထွက်တစ်ခုခုစားမယ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ နောက် … ဆရာခွဲပြီးတော့လည်း ဒီမှာပဲ အခန်း တစ်ခုခုထဲမှာ ဖြစ်သလိုအိပ်လိုက်မယ်၊ နားနေခန်းတွေရှိသားပဲ''

''ကိစ္စမရှိပါဘူး၊ ခွဲခန်းဝင်ပြီးတော့ ဆရာ မင်းကိုလိုက်ပို့မယ်၊ အဆောင်ကိုဖုန်းဆက်ထားလိုက်ပေ့ါ၊ ၁၂နာရီ တစ်ချက်ဆိုပြီးမှာပေ့ါ''

''နေပါစေဆရာ၊ ရပါတယ် … ကျွန်မ ဒီမှာပဲ ဂျူတီကျတဲ့ဆရာမလေးတွေနဲ့ အတူနေလိုက်ပါမယ်၊ အဲ … သူတို့တွေက ဆရာ့ကို ကျေနပ်ကြပါ့မလားရှင်''

''နိုးပရော်ဘလမ် ‗ ကဲ ‗ ဒါဆိုလည်း ဆရာသွားပြီ''

သူမကိုနှုတ်ဆက်ပြီး ဆရာထွက်သွားတော့ ခင်ညီလာ ဝမ်းသာကျန်ခဲ့သည်။ ခါတိုင်းက အသေးအဖွဲအလုပ်များသာလုပ်ရပြီး ယခုတော့ … ခွဲခန်းထဲထိဝင်ရတော့မည်။ ငွေရေးကြေးရေးကြောင့် ဝမ်းသာတာမဟုတ်ပါ။ ခင်ညီလာ ဝမ်းသာတာက အတွေ့အကြုံနှင့်ပညာရမှာကြောင့် ဖြစ်၏။

သူမဆေးရုံမှာပင် ရေမိုးချိုးပြီး အပိုရှိသေးသည့် နောက်ယူနီဖောင်းတစ်စုံလဲရသည်။ မျက်နှာကတော့ အသင့်ပါလာမြဲဖြစ်သည့် မိတ်ကပ်ရည်ပါးပါးလိမ်း၊ နောက် ပေါင်ဒါရိုက်ပေ့ါ၊ နှုတ်ခမ်းနီက ပန်းနုရောင်။ ပုံမှန်အပြင်အဆင် ဖျော့ဖျော့လေးနှင့်ပင် နားနေခန်းထဲမှာ လမင်းသာနေသည့်နှယ်။

ညဂျူတီကျသည့် ဒေါ်အဲလစ်နှင့်ဝင်းမိုးသူတို့ဝင်လာတော့ ခင်ညီလာ့ကို အံ့ဩတကြီး ကြည့်နေသည်။

''ညီလာ … နင်မပြန်သေးဘူးလား၊ စပါယ်ရှယ်ရထား





တာရှိလို့လား''

''မဟုတ်ဘူးအန်တီ … ဆရာမြတ်က ခွဲခန်းအတွေ့အကြုံရအောင် ခေါ်ထားလို့''

''ဟား ‗ နင်တို့တော့လည်း တယ်မိုက်ပါလား၊ အလုပ်ဝင်တာဖြင့် တစ်လမပြည့်သေးဘူး၊ ခွဲခန်းတွေ ဘာတွေဝင်ရတော့မယ်၊ ဝင်းမိုးသူတို့ကျတော့ ဒီမှာအလုပ်ဝင်တာ ၆လပြည့်ပြီ … ခွဲခန်းမဝင်ရသေးဘူး''

ဒေါ်အဲလစ်၏ စကားက အချင်းချင်းရန်တိုက်ပေးသလိုဖြစ်နေလျှင် ခင်ညီလာ လန့်သွားရ၏။ ဝင်းမိုးသူကိုလည်း အလန့်တကြားကြည့်မိသည်။ ဝင်းမိုးသူ ရုပ်က မထီတထိ။

''ဒါကတော့ အန်တီရယ် ‗ ဝင်းမိုးတို့က သူတို့ဆရာဝန်တွေကို ပါးလျက်နားလျက်မှ မလုပ်တတ်တာ၊ ကိစ္စမရှိပါဘူး၊ ဝင်းမိုးက သူလိုငါးကြော်မြင်ပြီး ကျော့ကွင်းမမြင်တဲ့အစား မဟုတ်ဘူး၊ ဝင်းမိုးက နောက်လထဲဆို နိုင်ငံခြားထွက်တော့မှာ၊ အခုအလုပ်က ပညာယူရုံလုပ်နေတာ''

''ကြည့်လုပ်နော်ဝင်းမိုး … ခုခေတ်က ပညာတတ်တွေလည်း လူကုန်ကူးခံရတာပဲ၊ အမှန်အကန်တွေနဲ့ မတွေ့ဘဲ အကြံအဖန်ကုမ္ပဏီတွေနဲ့ တွေ့သွားဦးမယ်''

သူတို့နှစ်ယောက် အပြင်ပြန်ထွက်ပြီး လုပ်ငန်းခွင်ဝင်နေကြချိန်မှာ ခင်ညီလာ ဆေးခန်းနှင့်လမ်းခြားသည့် စားသောက်ဆိုင်များဘက်သို့ ထွက်ခဲ့သည်။

အင်း ‗ နေရာတိုင်းမှာ မနာလိုမှုတွေရှိတတ်ကြပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခွဲခန်းဝင်တာ ငွေတွေဘယ်လောက်ရလို့လဲ။ သူမဆိုင်တစ်ခုရှေ့သို့ဖြတ်လျှင် အထဲမှာ ရှိနှင့်နေသည့် ဒေါက်တာမြတ်လင်းကိုကလှမ်းပြီး လက်ထောင်ပြသဖြင့် ထိုနေရာသို့ ရောက်သွားရသည်။

သူ့အသွင်ကလည်း ရှင်းသန့်လျက်။ အိမ်ပြန်ပြီး ရေချိုးအဝတ်လဲလာသည့်ပုံ။ သူညွှန်ပြသည့်နေရာမှာ ခင်ညီလာထိုင်ရသည်။

"ဆရာ ... ကိုယ့်အိမ်မှာ ဘာလို့ညစာ မစားတာလဲ"

သူမက အာလာပသလ္လာပ သဘောမျိုးဖြင့်မေးလျှင် သူကစတိုင်လှလှနှင့် မျက်ခုံးပင့်ပြ၏။

"တကယ်မသိလို့ မေးတာလား ဂေ...င်မလေး ..."

"ရှင် ..."

ဘာကို တကယ်မသိရတာလဲ။ ဆရာ့မှာ သားနှင့်မယား၊ နှင့်အိုးနှင့် အိမ်နှင့်မဟုတ်လို့လား။

"ကိုယ့်မိသားစုက နိုင်ငံခြားမှာလေ၊ ကိုယ့်မိန်းမကလည်း အိုဂျီပဲ၊ ဟိုမှာတော်တော်အဆင်ပြေနေတယ်၊ သားတွေလည်း ဟိုမှာပဲ ကျောင်းတက်ကြတယ်"

"ဪ ..."

ခင်ညီလာမှာ နဂိုက စကားနည်းရသည့်အထဲ ကိုယ့်ထက်ဂုဏ်ကြီးသူနှင့်မို့ စကားမပြောတတ်တော့။ သူမှာပေးသည့်ကိုယ့်အတွက် စားသောက်ဖွယ်ရာများကိုသာ ဆိတ်ဆိတ်မြိမ်မြိမ်ငုံ့ကြည့်နေမိသည်။

ဒါတွေ ဘယ်လောက်ဖိုးတောင်လဲ၊ သူ့ဝယ်ကျွေးရင်လည်း





အားနာစရာ။ ငါရှင်းရရင်လည်း လစာပြုတ်လိမ့်မယ်။ သူမဝင်မိသည့်ဆိုင်ဟာ အဆင့်မြင့်စားသောက်ဆိုင်တစ်ခုပါ။

ဒေါက်တာမြတ်လင်းကို ဟက်ခနဲရယ်လိုက်လျှင် သူမအလန့်တကြားကြည့်မိပြန်သည်။ ဆရာ့အသွင်က လောကကြီးကို အရွဲ့တိုက် လှောင်နေသည့်နှယ်။

"ငွေတွေ ဘာလုပ်ဖို့လဲညီရယ်၊ ငွေဆိုတာအတိုင်းအတာတစ်ခုအထိပဲ အသုံးဝင်ပါတယ် ... အရာအားလုံးကိုတော့ ဖန်ဆင်းမပေးနိုင်ပါဘူး၊ သူက ငွေကိုငန်းငန်းတက်ကိုးကွယ်နေတော့ ကိုယ်တို့မိသားစုဘဝလေး ပြိုကွဲသွားရတော့တာပေါ့။ ကလေးတွေလည်း မိမဲ့၊ ဖမဲ့ ဖြစ်သွားရရှာပြီ"

"ရှင် ..."

ခင်ညီလာ အာမေဋိတ်ရသည့်အပြင် လိပ်ပြာလွင့်သွားမှာတောင်စိုးမိသည်။ သူ့စကားအသွားအလာက သူဟာအိမ်ထောင်ကွဲတစ်ယောက်လို့ ဆိုလိုက်တ...လား။

ခင်ညီလာ နေရာမှထပြေးဖို့ပင် စဉ်းစားမိ၏။ တော်ကြာကုန်းကြီးအမှု ရှာပတ်၊ သူ့အမှုက ငါ့ကိုများလာပတ်နေမှာလား။

ငါဟာ သူပြောသလို နုံလွန်း၊ အလွန်းပါတယ် ... ယောကျ်ားတစ်ယောက်ကို အားမနာသင့်ဘူး၊ အားနာရင် ဒုက္ခရောက်လိမ့်မယ်။

"စားလေ ... ညီ၊ ဆရာ့အတွက်တော့ အိမ်ထမင်းအိမ်ဟင်းဆိုတာ မမျှော်မှန်းကောင်းတဲ့အရာတွေပါ၊ ဒီလိုပေါ့လေ၊ ဘာပဲဖြစ်ဖြစ် လူ့ဘဝဆိုတာ ဖြတ်သန်းနေရမှာပါ၊ လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ဆိုတာလည်း လှပတဲ့ လျှို့ဝှက်ချက်တွေရှိနေဦးမှာပါ၊ ကဲ ... ညီ စိတ်ညစ်သွားပြီ၊ ဆောရီးနော် ... စားကြစို့၊ ဂနာရီမှာ ခွဲခန်းဝင်ကြရမှာ၊ အခု ... ဂနာရီခွဲနေပြီ၊ နာရီဝက်နဲ့ပြီး အောင်စားတတ်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ ... ဒါပေမယ့် ... "

သူမအသွင်က နင်တင်တင်။ သူကတော့ ကလေးကို ချစ်စနိုးကြည့်နေသည့် လူကြီးတစ်ယောက်ရဲ့အသွင်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဟိုလေ ... ကျွန်မ ... ကျွန်မမှာ ငွေ၅ထောင်ပဲရှိတော့ တာ"

သူမ၏ရိုးတိုးရှန့်တန့်အပြောကြောင့် ဒေါက်တာက အားပါး တရပြုံးလိုက်သည်။

"ဒီတစ်ခါ ဆရာကျွေးမှာလေ၊ နောက်တစ်ခါကျမှ ညည်း ရှင်းပေါ့ ... "

"အဲလိုဆို အခုလည်းမစားတော့ဘူး"

ကြောက်ကြောက်လန့်လန့်ပုံစံနှင့် ခင်ညီလာ စားပွဲမှထ မည်ပြင်လျှင် ဆရာက သူမ၏လက်ကောက်ဝတ်ကို ဖမ်းဆွဲထား ခဲ့သည်။

"အလကားစတာပါကွာ၊ မင်းဆီက ဆရာဘယ်တော့မှ ကပ်မစားဘူးသိလား၊ ကဲ ... စိတ်ဖြောင့်ဖြောင့်သာစား၊ ဘာမှ ရှက်မနေနဲ့၊ ရှက်နေလို့ ဟင်းတွေကျန်နေရင် နှမြောစရာကြီး နော်"





ဆရာက ဒါတွေလည်းအောက်သက်ကျေပါလားဟု တွေး ရင်း ဒီတစ်ခါတော့ ခင်ညီလာ ဆာဆာနှင့်စားပစ်လိုက်သည်။ သူထည့်ပေးသမျှဟင်းတွေကို မလွှတ်တမ်းအကုန်စားပစ်လိုက် တော့ သူကပြုံးပြုံးကြီးနှင့် သဘောတကျ ကြည့်နေ၏။

အဆောင်မှာဖြစ်သလို စားခဲ့ရတာမို့ သည်နေ့ထမင်းနှင့် ဟင်းများသည် အရသာရှိလှပါဘိ။ သူက ဟုတ်တိ ပတ်တိမစား ဘဲ၊ ကိုယ့်ကိုသာကြည့်နေတော့ ခင်ညီလာ နည်းနည်းရှက်ရ သည်။

"ဆရာလည်းစားလေ ... "

"ညည်းစားတာကြည့်ပြီး ဝမ်းသာလို့ပါ၊ ဘုရားရှင်က လည်းဟောခဲ့တယ်မဟုတ်လား၊ ခွေးငတ်လေးတစ်ကောင်ကို ကုသိုလ်ပြုရင် ဘဝပေါင်းတစ်ထောင်အကျိုးပေးတယ်ဆိုလား"

"အင် ... "

သူက ချစ်စနိုးစနေပေမယ့် ခင်ညီလာ လည်ပင်းနင်ရ သည်။ ဘာပဲဖြစ်ဖြစ် သူကျွေးသည့် ထမင်းတစ်နပ်ကိုတော့ ခင်ညီလာ စားမိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခွဲခန်းမှထွက်တော့ ည ၁၂နာရီရှိပေပြီ။ သည်အချိန်ကျမှ ခင်ညီလာ အဆောင်ပြန်ဖို့စိတ်မကူးတော့။ သူမ၏အကြံအစည်က ဆရာမများနားနေခန်းထဲမှာ ကပ်အိပ်လိုက်ဖို့ပင်။

သို့သော် ‐ ဒေါက်တာမြတ်လင်းကိုက သူမကိုအဆောင်ပြန်ပို့ဖို့ တာဝန်ယူလေ၏။

"ဒီမှာဖြစ်သလိုအိပ်ရမှာ မနိပ်ပါဘူးညီရယ် ... ကိုယ့်အဆောင်ကိုယ်ပြန်ပြီး နွေးနွေးထွေးထွေးအိပ်ပေါ့၊ ဖုန်းဆက်ထားတယ်မဟုတ်လား"

"ကျွန်မ ဆက်ထားတာက ပြန်မလာတော့ဘူးလို့ဆက်ထားတာပါဆရာ၊ ဒီအချိန်ကြီးကျမှ နှိုးရမှာလည်းအားနာပါတယ် ရှိပါစေတော့ရှင်၊ မနက်ကျလည်း ၆နာရီပြန်လာရမှာ၊ ဒီမှာပဲအိပ်လိုက်တော့မယ်"

"ခက်လိုက်တာ"

ဆရာက သူမကိုအံများနှင့်နည်းနည်းကွာသည့်နေရာသို့





ဆွဲခေါ်လာခဲ့ပြီး ခပ်တိုးတိုးပြောသည်မှာ ...

"ဒီမှာနေရတာ လုံခြုံမှုမရှိဘူးလေ၊ ညဂျူတီဆရာမတွေက သူ့အလုပ်သူလုပ်နေတော့ ညည်းကတစ်ယောက်တည်း အဲဒီအခန်းထဲမှာ အိပ်မှာလား"

"တံခါးပိတ်ထားမယ်လေ"

"ဘယ်ရမလဲ … တံခါးကဖွင့်ထားရမှာ၊ ဟိုဆရာမတွေက ဝင်လိုက်ထွက်လိုက်လုပ်မှာ"

"ဆရာဆိုလိုတာက ဒီဆေးခန်းမှာ ညဘက်မလုံခြုံဘူးလို့ဆိုလိုတာလား။ ဒါဆို ကျွန်မအတွက် ညဂျူတီကျရင်ရော"

"အဲဒါကတစ်မျိုးလေ၊ ခုကဂျူတီမကျဘဲမင်းတစ်ယောက်တည်း အခန်းထဲမှာအိပ်ကျန်ခဲ့ရမှာ၊ ကိုယ် ဘယ်လိုမှ စိတ်မချဘူး"

ခင်ညီလာ စိတ်ညစ်ရပါသည်။ ညကြီးမင်းကြီး ဒေါက်တာ့ကားနှင့်အဆောင်သို့ မပြန်ချင်တာလည်းအမှန်။ သူများအမြင်မရှင်းအောင် သူမ မနေချင်ပါ။

သူ ဒီလောက်စိတ်မချစရာရော ဘာရှိသလဲ၊ ကိုယ်ဟာသူ့ရဲ့ဆွေမျိုးသားချင်းလည်းမဟုတ်။

"စိတ်ချပါဆရာ၊ ကျွန်မ အရမ်းအိပ်ချင်နေပြီ၊ ဆရာပဲပြန်တော့နော်"

ပြောပြီး ခင်ညီလာ ဆရာမများနားနေခန်းသို့ အမြန်ဆုံးသွားတော့သည်။ ဒေါက်တာလိုက်ဆွဲနေမှာစိုးလို့ပင်။ ဘာပဲဖြစ်ဖြစ် ဆေးခန်းထဲမှာ လူနာတွေလည်းရှိ ဆရာမ ဆရာဝန်တွေလည်း၊



www.burmeseclassic.com

www.burmeseclassic.com



ရှိတာမို့ ဘာမှဆိုးဆိုးဝါးဝါးဖြစ်သွားစရာ မရှိပါ။

နားနေခန်းထဲမှာ အသင့်တွေ့ရသည့် အိပ်ရာလေးပေါ် ခင်ညီလာ ထိုးအိပ်ပစ်လိုက်သည်။ လဲစရာအဝတ်မပါသည်မို့ ယူနီဖောင်းအတိုင်းပဲ။ ညနေကလျှော်ထားသည့်ဝတ်စုံက မနက် ကျ ခြောက်သွေ့သွားပါလိမ့်မည်။

ခွဲခန်းမှာ ကူရသည့်အတွက် ငွေ ၆ ထောင် အပိုရမှာပေ မယ့်စိတ်ညစ်ရသည်နှင့် မကာမိပါ။ အချင်းချင်းမနာလိုဖြစ်ကြ သည်က တစ်မျိုး။

ဒေါက်တာမြတ်လင်းကိုကရော ဘာဖြစ်လို့ သူမကိုအရေး စိုက်လာတာလဲ။ သူများတွေပြောနေကြသည့် မရိုးသားချင်လို့ လား။

အဘွားဆုံးမဖူးပါသည်။ ယောက်ျားတို့စကားကို မယုံရဘူး တဲ့။ ဆယ်ခွန်းပြောလို့ တစ်ခွန်းမမှန်ဘူးတဲ့။ ခေတ်ကြီးက သစ္စာ တရားပျောက်ကွယ်ပြီး လောဘတွေ၊ မောဟတွေ၊ မာယာတွေ ရောပွမ်းနေကြသည်မို့ လေးနှင့်မြားခေတ်ထက်ပိုပြီး ကြောက်စရာ ကောင်းသည်။

ယခုခေတ်က အနုမြူခေတ်၊ အရိုးအသားပါ ပျောက်သွား အောင် ကြေမွရမည့်ခေတ်။

သစ္စာတွေ၊ မေတ္တာတွေဆိုတာ ဝတ္ထုဇာတ်လမ်းထဲမှာ ရုပ်ရှင်တွေထဲမှာပဲ ရှိမည်။

ယခုလည်း ဒေါက်တာ့ကို ခင်ညီလာ ကြောက်နေမိပါ သည်။ ယောက်ျားတစ်ယောက်က မိန်းမငယ်လေးတစ်ယောက်





ကို သနားကြင်နာတယ်ဆိုတာလည်း သူမ မယုံကြည်မိပါ။

ဘာကြောင့်လဲ။ ဘာ့အတွက်လဲ။ လောကအလယ်မှာ တစ်ယောက်ထဲကျန်တော့သည့် သူမကို ဘယ်လိုသနားနည်းမျိုး နဲ့သနားတာလဲ။

အခန်းတံခါးက ဂျက်ချထားလို့မရပါ။ ဂျူတီကျနေသည့် ဆရာမများ ဝင်ထွက်နေဦးမည်မဟုတ်ပါလား။

သူမ စိတ်ချလက်ချမအိပ်ရဲပေမယ့် မေ့ခနဲအိပ်ပျော်သွား မိစဉ် အနားသို့တစ်ယောက်ယောက် ကပ်လာသည်ထင်မိလို့ လန့်နိုးသွားတော့ သူမအနားမှာ ညစောင့်အလုပ်သမားတစ် ယောက်။

ခင်ညီလာ လူးလဲထလိုက်ရင်း ...

"ဘာလဲ ... ဘာဖြစ်လို့လဲ ... "

သူ့ရုပ်က အားမလိုအားမရနှင့်။ သူမ အနိုးမြန်သွားပေ လို့သာ။

"ဘာမှမဟုတ်ဘူး၊ ဆရာ မတွေ ပစ္စည်းယူခိုင်းလိုက်လို့"

"ဒါဆိုလည်းယူပြီးသွားတော့လေ ... ဘာကြည့်နေတာ လဲ"

ပစ္စည်းတစ်ခုယူပြီး ထွက်သွားပုံက မကျေမချမ်း။ ခင်ညီ လာ ဆက်မအိပ်ရဲတော့ပါ။ တော်ပြီ ... နောက်ဆိုခွဲခန်းအကူ မဝင်တော့ဘူး၊ ငွေရပေမယ့် သွားရေးလာရေးအဆင်မပြေ။ အဆင်မသင့်လျှင် ဒုက္ခကြီးကြီးတောင်ရောက်သွားနိုင်သည့် အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ငုတ်တုတ်မှိုးလင်းရင်းနှင့် ခင်ညီလာ အလုပ်ပြန်ဝင်ရပြန်လေသည်။



"ဒီနေ့ည ခင်ညီလာအားလား ..."

"ရှင် ..."

အလုပ်တွေလုပ်နေခိုက် ဒေါက်တာမြတ်လင်းကို မေးလိုက်လျှင် ခင်ညီလာ လန့်သွား၏။

"ကိုယ့်လူနာအမျိုးသမီးတစ်ယောက် ဒီနေ့ဆေးရုံကဆင်းတယ်၊ အိမ်မှာ စပါယ်ရှယ်နာ့စ် ထပ်ခေါ်ချင်တယ်တဲ့၊ နေ့ဘက်မလိုဘူး၊ ညပဲငှားမှာ၊ ညည်းကလည်း နေ့ဂျူတီပဲရှိတာမဟုတ်လား။ ညစပါယ်ရှယ်လိုက်လို့ရတာပေါ့"

"ဟို ... အဲ ... ကျွန်မ ဟုမ်းလိုက်ရမှာကြောက်၊ ကြောက်ပါတယ်ဆရာ"

"ဘာဖြစ်လို့လဲ ..."

အဖြေရ ကျပ်လိုက်တာ။ အပျိုစင်လေးတစ်ယောက်အတွက် သူများခြံဝိုင်းထဲမှာ ဘာမဆိုဖြစ်သွားနိုင်တာပဲမဟုတ်လား။ သို့ပေမယ့် ခင်ညီလာ ဘာမှပြန်ပြောရတဲ့ စကား၊



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ သူကပင် ပြောလေ၏။

"သူများအိမ်ဆိုပေမယ့် ဒေါ်ထူးမွန်မွန်က သမီးတစ်ယောက်နဲ့မှဆိုးမကြီးပါ ညီရယ် ... ဆရာကရော မင်းကိုပစ်စလက်ခတ် သဘောထားပါ့မလား။ ပြီး _ အဲဒီအိမ်က ဆရာတို့လမ်းထဲမှာပဲလေ၊ ညနေဂျူတီဆင်းရင် ဆရာ့ကားနဲ့လိုက်ခဲ့ရုံပဲ၊ အဲဒီအိမ်ကျမှ ရေချိုး၊ အဝတ်လဲလို့ရတယ်"

"ဟာ ... အားနာစရာကြီးပါဆရာ၊ ကျွန်မ အဆင်ပြေအောင်လုပ်ပါ့မယ်၊ ဆရာ ကျွန်မအတွက် ဝန်တာပိုနေပါ့မယ်"

"မပိုဘူး _ ဆရာစီစဉ်တဲ့အတိုင်းလိုက်နာ၊ အဆောင်ကိုပြန်ဖုန်းဆက်လိုက်ဦး၊ ညစပါယ်ရှယ်ရတယ်လို့"

ခင်ညီလာ ခေါင်းညိတ်ပြရင်း သူမတာဝန်ကျသည့်အခန်းများသို့သွားလိုက်သည်။ သူမရင်ထဲမှာ ဝမ်းမသာ၊ အခြားဆရာမလေးတွေကတော့ စပါယ်ရှယ်ရလျှင် ပျော်ကြပေမယ့် သူမရင်ထဲတစ်မျိုးကြီးဖြစ်နေသည်။

ဒီငွေတွေ နင်းကန်ရှာနေရတာ ဘာလုပ်ဖို့လဲ။ ငါ့မှာအဘွားလည်းမရှိတော့ဘူး။ ကျွေးမွေးပြုစုစရာမိဘ ဘိုးဘွားတွေမရှိဘူး။

ခင်ညီလာဟာ အခြားမိန်းကလေးတွေလို ရွှေ၊ ငွေလက်ဝတ်လက်စားတွေလည်း မမက်မော၊ မခုံမင်ပါ။ ကိုယ်ကဆရာမမို့ ယူနီဖောင်း (၃)စုံနှင့်အိမ်ဝတ် အဝတ်၄–၅စုံရှိပါသည်။ တော်ပြီ။

ဘယ်ပွဲလမ်းမှလည်း သွားချင်စိတ်မရှိ။ ဘာကိုမှလည်း





ခုံမင်စိတ်မရှိ။ အဲဒါစိတ်ကျရောဂါဝင်နေတာလား။ မဟုတ်သေးပါဘူး။ လောကကြီးအပေါ် စိတ်ကုန်ပြီး တရားရနေတာဖြစ်ရမည်။

သူမဟာ လောကဇာတ်ခုံပေါ်က ဇာတ်ရုပ်တစ်ရုပ်ရဲ့စိတ်မျိုးမရှိဘဲ ဇာတ်ခုံရှေ့မှ ပွဲကြည့်ပရိသတ်စိတ်မျိုးဝင်နေပါသည်။

လောကကြီးရဲ့ အချိုးမပြေမှုတွေကို ရပ်ကြည့်ပြီး သူမဘာမှမက်မောတွယ်တာစိတ်မရှိတော့ပါ။ ညကျ ဟုမ်းလိုက်ရမှာသူမစိတ်ထဲ ထင့်နေမိသည်။ ဒေါက်တာပြောသလိုဖြင့် စိတ်မချစရာမရှိပါ။ သို့သော် ခင်ညီလာ့စိတ်ထဲ ဘာတွေစိုးရိမ်နေမိမှန်းမသိ။

သူမအလုပ်တွေလုပ်နေစဉ် နေ့လည် ၁၂နာရီထိုးခါနီးမှာသူမအတွက် အစားအသောက်အိတ်တစ်အိတ် လူကြုံနှင့်ရောက်လာခဲ့လျှင် ခင်ညီလာ အံ့သြရသည်။ ဘယ်သူလဲ ဘယ်သူကပေးလိုက်တာလဲ။

"ဒေါက်တာကြီးပဲနေမှာပေါ့၊ ဒေါက်တာလင်းလေ၊ နင့်ကိုဂရုစိုက်နေတာ အသိသာကြီး ... "

အနားမှာရှိနေသည့် ဆရာမလေး ဝင်းမိုးသူက ခပ်လျှောင်လျှောင်ရုပ်နှင့်ဝင်ပြောလျှင် ခင်ညီလာကလည်း ခပ်ရိုးရိုးမို့ စကားကိုလွှဲမပြောတတ်ခဲ့။ ဒေါ်အဲလစ်ကလည်း ဝင်နှိုက်ကွပ်တာပါပဲ။

"ကြည့်စားနော် ... ယောကျ်ားတွေက ငါးစာရှာတာဘယ်သူမှ အလကားထိုးမကျွေးဘူး"

ထမင်းချိုင့်ပါမလာသည့် ခင်ညီလာမှာ ဘယ်သူပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှန်းမသိသည့် စားသောက်ဖွယ်ရာများကို စားရမှာလိုလို လွှင့်ပဲပစ်လိုက်ရတော့မလိုလို။

တကယ်တော့လည်း သူမကိုဒီလိုဂရုစိုက်မည့်သူဟာ တွေးကြည့်လို့တောင်မရ။ လောလောဆယ် ဒေါက်တာမြတ်လင်းကို တစ်ယောက်ပဲရှိတာမို့။ ခင်ညီလာ အထုပ်ကိုကြည့်လိုက်တော့ ဒန်ပေါက်တစ်ဘူးနှင့်ကိတ်၊ အချိုရည်။ နောက် _ ပန်းသီးတစ်လုံး၊ လိမ္မော်သီးတစ်လုံး။

အစားအသောက်တွေကတော့ အလျှံပယ်။ ဒါ _ ဖေါ်အဲလစ်ပြောသလို ငါးစာချတာလား။ စေတနာသန့်သန့်နှင့်လား။

မည်သို့ပင်ဖြစ်စေ ... သူများတွေ ထမင်းစားချိန်မှာ ခင်ညီလာ ဒန်ပေါက်ဘူးလေးကို မရဲတရဲဖွင့်စားမိပါသည်။ မျက်နှာငယ်ငယ်လေးနှင့်ပေါ့။

သည်စဉ် သူမတို့ဆေးရုံထဲသို့ ဒေါက်တာမြတ်လင်းကို၏ ကားကြီးထိုးဆိုက်လာခဲ့ပြီး သူက ဆရာမလေးတွေစားသောက်နေသည့် ထမင်းစားခန်းထဲသို့ ဝင်ချလာခဲ့သည်။ သူ့ရုပ်က ပြုံးပြုံးရွှင်ရွှင် စတိုင်ကမိလှသဖြင့် ဆရာမတွေအားလုံး ပါးစပ်အဟောင်းသား။

"ဟော့ ... စားနေပြီလား။ ဒီမှာ ဆရာတောင် ညည်းဖို့ ခေါက်ဆွဲကြော်ဝယ်လာသေးတယ်၊ အမယ် ... ဒန်ပေါက်တွေဘာတွေနဲ့ပါလား၊ တယ်ကြီးပွားနေပါလား"

"အင် ..."

သူစကားအရ ဒီဒန်ပေါက်ကို သူဝယ်ပေးတာမဟုတ်ဘူး





ပေါ့၊ ခင်ညီလာ ဆက်စားရမှာတောင် ပါးစပ်မရဲတော့။ ဒါ ဘယ်သူပို့လိုက်တာလဲ၊ ကိုရီးယားကားတွေထဲကလို၊ ဒေါက်တာက သူမအနားမှာ စီးမိုးကဲကြည့်လိုက်ပြီး ခင်ညီလာ့ ဒန်ပေါက်ဘူးထဲမှ ဟင်းတစ်ဖဲ့ကိုဖွန်းယူပြီး ဖဲ့စားလိုက်သေး၏။

ဒုက္ခပါပဲ။ အားလုံး၏မျက်လုံးများက သူမထံမှာ။ ဆရာဘာဖြစ်လို့ ဒီလိုလုပ်ပြရတာလဲ။ ရှူးသလို၊ ပေါသလိုလျှောက်လုပ်နေတာတော့ မဟုတ်တန်ရာ။ ရည်ရွယ်ချက်က ဘာလဲ။

"ကဲ ... ဒီတော့လည်း ဆရာဝယ်လာခဲ့တဲ့ ခေါက်ဆွဲကြော်ကို နောက်မှစားပေါ့၊ ရော့ ... ညစာဖြစ်တာပေါ့၊ ညြော် ညနေ ဖြနာရီမှာ နိုက်စပါယ်ရှယ်နော်၊ မမေ့နဲ့ဦး ... စောင့်နေ"

သူဘာသာပြောချင်တာတွေပြောပြီး ထွက်သွားခဲ့လျှင် အားလုံး၏မျက်လုံးများက ခင်ညီလာ့ထံမှာ။ သူမ ဖျားချင်နေ၏။ လန့်ဖျားပေါ့။ ဘာမှမမေးကြပေမယ့် မေးခွန်းတွေမေးတာထက် ထိုးနေသည့်မျက်လုံးများနှင့်ပါ။

ခင်ညီလာ ... ဒန်ပေါက်ဘူးကိုသာ အမြန်ဆုံးစားပစ်လိုက်ပြီး ထမင်းစားခန်းထဲမှ လျင်မြန်စွာထွက်ခဲ့ရပါသည်။

အသက်ရှူကျပ်လိုက်တာ။ လေထုထဲမှာ အောက်ဆီဂျင်တွေ ပါးလျားကုန်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

အားနာရင် ခါးပါသတဲ့။ သူများနာခေါင်းနဲ့အသက်ရှူရတာ တယ်မွန်းကျပ်တာပဲ။

ဒေါက်တာမြတ်လင်းကို မောင်းသည့်...ားထဲမှာထိုင်ရင်း ခင်ညိုလာစိတ်အိုက်နေမိသည်။ အဆောင်ကိုပြန်မရောက်တာ နှစ်ရက်ရှိပြီပေါ့။ မနေ့မနက်ထဲက ထွက်လာခဲ့တာ ဒီနေ့ညနေအထိ မပြန်ရသေး။

ယူနီဖောင်းနှစ်စုံနှင့်ပင် လျှော်လိုက်၊ ဝတ်လိုက်လုပ်နေရသည်။ ဒေါက်တာကတော့ သူမကိုလှည့်ပင်မကြည့်။ ကားကိုသာ ဂရုတစိုက်မောင်းနေလေ၏။ ခင်ညိုလာ သူ့ကိုမရဲတရဲခေါ်လိုက်သည်။

"ဆရာ ... ဘယ်နှစ်ရက်တောင် လိုက်ရမှာလဲဟင်"

သူက ဒီတော့မှ ခပ်တည်တည်နှင့်ဟောက်လေ၏။

"ဘာဖြစ်လို့လဲ ... မင်းမှာကြောက်စရာ လန့်စရာ ဘယ်အုပ်ထိန်းသူရှိလို့လဲ၊ ဘာလဲ ... ရည်းစားကိုခွင့်တောင်းရဦးမှာလား"





"ဟာ ... မဟုတ် ... မဟုတ်ပါဘူးဆရာ၊ ကျွန်မမှာ ရည်းစားမရှိပါဘူး။ ဟို ... နေ့ကိုမြငွေရောင်မှာလုပ်၊ ညကျ ဟုမ်းလိုက်တော့ အဆောင်မပြန်ရတော့လို့ပါ"

"ဘာဖြစ်လဲ ... နာ့စ်တွေရဲ့ သဘာဝကိုက အဲလိုပဲလေ"

"ဒါပေမယ့် ကျွန်မတို့အဆောင်က အရမ်းစည်းကမ်းကြီးပါတယ်၊ တော်ကြာ ... အဆောင်က ထုတ်ပစ်လိမ့်မယ်"

"ဒါဆိုလည်း နောက်တစ်ဆောင်ငှားနေရုံပေါ့။ ဒါမှမဟုတ် တိုက်ခန်းနဲ့နေလိုက်၊ ကိုယ်မှန်နေရင် ပြီးတာပဲမဟုတ်လား"

ခင်ညိုလာငြိမ်နေရပေမယ့် ရင်ထဲမှာမတင်မကျ ... အဆောင်ကို နေ့ရော ညရောမပြန်ရတော့မည့်အဖြစ်။ နေ့ကို မြငွေရောင်မှာဆင်းပြီး ညကျတော့ ဒေါ်ထူးမွန်မွန်အိမ်မှာ စပါယ်ရှယ်လိုက်။ အင်းလေ ... ရက်ပိုင်းလောက် နေမှာပါ။

နာရီဝက်လောက်မောင်းပြီး တိုက်လုံးချင်းနှင့်ခြံဝင်းတစ်ခုရှေ့တွင် ကားရပ်လိုက်သဖြင့် ခင်ညိုလာငေးနေရာမှ အလန့်တကြား ကြည့်မိ၏။

"ရောက်ပြီလားဆရာ ..."

"ဆင်း ... ဒါ ကိုယ့်အိမ်"

"ရှင် ..."

"ဆင်းလေ ... မင်းဖို့အဝတ်အစားတွေ ဝယ်ထားတယ်၊ ဒီမှာပဲရေချိုး၊ ထမင်းစားပြီးမှ ဒေါ်ထူးမွန်တို့အိမ် လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ညီလာ နာရီကြည့်လိုက်တော့ ညနေ ၅နာရီခွဲပေပြီ။ ခက်လိုက်တာ။ ဆရာ့အိမ်မှာ လူသူလည်းတစ်ယောက်မှမမြင်။ လူမရှိတဲ့အိမ်ထဲ ယောက်ျားတစ်ယောက်နှင့်။ ဒေါက်တာကြီးပေမယ့် သူဟာအတောင်နှစ်ဆယ် မင်းယောက်ျားကြီး တစ်ယောက်။

"နောက်ကျနေတော့မယ်ဆရာ၊ ပြီး ... ဆောင်းဝင်လာပြီမို့ ဒီနေ့ ကျွန်မ ရေမချိုးတော့ဘူး၊ ဟိုအိမ်ပဲလိုက်ပို့ပါတော့ရှင်၊ ဒါလည်း ... ဒီတစ်နေ့ပါ၊ နောက်နေ့တွေကျ ကျွန်မလိုင်းကားနဲ့လာပါ့မယ်"

သူမ တောင်းဆိုပေမယ့် သူက ခင်ညီလာ့ကို တံခါးဖွင့်ပြီး ဆွဲထုတ်ခဲ့သည်။ သူ့ရုပ်က မှုန်ကုပ်ကုပ်နှင့်။

"မင်းကိုငါ ကိုက်မစားဘူး၊ ငါ့ဂုဏ်သိက္ခာကိုမစော်ကားနဲ့၊ လာ ... ပုံမှန်ပဲဖြတ်သန်းလိုက်၊ မင်းကိုငါ ပြစရာလည်းရှိတယ်"

ဘာပဲဖြစ်ဖြစ် သူဟာကိုယ့်ရဲ့အထက်အရာရှိမို့ ခင်ညီလာ ကြောက်ရွံ့ ရွံ့ပါသည်။ သူဆွဲခေါ်သည့်အတိုင်း သူ့တိုက်ထဲသို့ တွန့်ဆုတ်ဆုတ်နှင့် ပါသွားရသည်ပါပဲ။

"ထိုင် ..."

သူက ခင်ညီလာကို ဆိုဖာတစ်လုံးပေါ်ထိုင်စေပြီး ညှို့ခန်းနံရံတစ်နေရာကို လက်ညှိုးထိုးပြ၏။

"ဟိုမှာ ... တွေ့လား၊ မင်းနဲ့ဘယ်လောက်တူလိုက်သလဲ၊ အဲဒါ ... ငါ့ချစ်သူ ငယ်ငယ်တုန်းက ရည်းစားဦးလေး"





သူပြသည့်ဓာတ်ပုံကိုကြည့်လိုက်တော့ သူမနှင့်ဆင်ဆင်တူသည့် မိန်းကလေးတစ်ယောက်ပုံကို မြင်လိုက်ရသည်။ မိန်းကလေးက ဆေးကျောင်းသူပုံစံ။ ဂျူတီကုတ်နှင့် နားကျပ်နှင့်ဆံပင်တိုလေးနှင့် ချစ်စဖွယ်။

"အဲဒါကြောင့် ကိုယ် မင်းကို ဂရုစိုက်တာပါ"

"သူက ဘယ်ရောက်သွားလို့လဲ၊ အိမ်ထောင်ကျသွားလို့လား"

"မဟုတ်ဘူး၊ ကားတိုက်မှုဖြစ်ပြီးဆုံးသွားခဲ့တာ၊ တို့နှစ်ယောက်ဟောက်စ်ဆင်းနေတုန်းကာလမှာ သူ့အတွက် ကိုယ်ရူးမတတ် ခံစားခဲ့ရတယ်၊ မင်းဟာ သူ့ကိုယ်ပွား၊ သူ အသေးစားလေးပါပဲ"

ခင်ညီလာ ငြိမ်နေရပါသည်။ သူကခံစားချက်အပြည့်နှင့်ပြောနေတာမို့ လူမှုရေးအရ ပါဝင်စီးမျောပေးနေရသည်။ စိတ်မကောင်းလည်း ဖြစ်မိပါသည်လေ။

"ဒါကြောင့် ဂရုစိုက်ပေးနေတာ၊ မင်းကိုမြင်တွေ့နေရတာ ကိုယ့်အတွက် အလွမ်းပြေဆေးတစ်ခွက်ပဲ"

"ဟာ ... ဆရာကလည်း၊ ဆရာ့မှာသားနဲ့မယားနဲ့လေ၊ သူတို့ကိုတော့မလွမ်းဘဲ ဘာဖြစ်လို့သေသွားတဲ့လူကို တမ်းတနေရတာလဲ"

ခင်ညီလာ ရင်ထဲယားလာသည်မို့ တစ်ခွန်းဝင်ပြောတော့ ဒေါက်တာမြတ် ... စိတ်ဆိုးပုံရသွား၏။

"မင်းဘာမှမသိဘဲနဲ့ ဝင်မပြောနဲ့ မဝေဖန်နဲ့၊ ငါ့ဇနီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားတွေက အမေကျော်ဒွေးတော်လွမ်းပြီး နိုင်ငံခြားမှာ ပျော်မွေ့နေကြတာ၊ ငါ့ကိုတစ်ယောက်တည်းထားခဲ့ရက်ကြတာ၊ ဘာလွမ်းနေစရာလိုသလဲ၊ သူတို့ကိုလွမ်းရင် နာကြည်းတာနဲ့ အစားထိုးလိုက်မယ်၊ ငါ့ငယ်ရည်းစားလေးပဲ အပြစ်ကင်းတယ်၊ သူ့ကိုလွမ်းဆွတ်တမ်းတခြင်းတွေနဲ့ပဲ ငါရှင်သန်မယ်''

''ဆရာကလည်း ကဗျာဆန်နေလိုက်တာ''

ခင်ညီလာ မကြားတကြားကဲ့ရဲ့တော့ သူ့အသံကြီးက ခပ်ကျယ်ကျယ်။

''ဘာ ... ဘာပြောတယ်''

''ဘာမှမဟုတ်ပါဘူး ... ကဲပါဆရာ၊ ညီတောင်းပန်ပါတယ်၊ ဟိုဘက်အိမ်သွားပါရစေတော့၊ ဆရာ့ဘာသာ အဲဒီမှာ ကြိုက်သလောက်ဆက်လွမ်း ... ဒီနေ့ ဆရာဆေးခန်းမသွားတော့ဘူးလား''

''မသွားဘူး။ ဒီမှာ ခင်ညီလာ ... မင်း ငါ့ကိုမကြောက်ဘူးလား။ ဘာဖြစ်လို့ ငါ့ကိုမခန့်လေးစားတွေ ပြောနေရတာလဲ''

''ရှင် ... ''

ခင်ညီလာ ထိတ်လန့်စွာနှင့် သူ့ကိုမော့ကြည့်လိုက်လျှင် သူက ခင်ညီလာ့ကို ဖျတ်ခနဲ ဆွဲပွေ့ဖက်လိုက်သည်။

''ဟာ ... ဆရာ ... ဆရာ ... ''

''မင်းကိုသိပ်ချစ်တယ်သိလား။ မင်းဟာ မေသူ့ကိုယ်ပွားလေးပဲ၊ ငါပြန်ရလိုက်တဲ့ အချစ်နတ်သမီးလေး''





ကမူးရှူးထိုးနှင့်သူ့နမ်းဖို့ကြိုးစားလျှင် ခင်ညီလာ ဆရာ့ကို ကြောက်လန့်တကြား တွန်းကာထားမိသည်။ အားမနာနိုင်တော့ဘူး။

မကြောက်နိုင်တော့ဘူး။

''ဆရာ ... သတိထားပါဆရာ၊ ဆရာ့မှာ သားတွေ၊ မယားတွေနဲ့ ညီက ဆရာ့သမီးလောက်ရှိတာပါ၊ ညီ့ကိုမဖျက်ဆီးပါနဲ့၊ ညီလက်မခံဘူးနော် ... လက်မခံဘူး''

''ဟာ ... ဘာလဲကွာ၊ ဘာတွေလဲကွာ ... ''

ခင်ညီလာ သူ့ရင်ဘတ်ကြီးကို သန်မာသောလက်တွေဖြင့် တွန်းထုတ်၊ ခေါင်းနှင့်တိုက်ထားသောကြောင့် သူစိတ်ပျက်လက်ပျက်နှင့်လွှတ်ပေးလိုက်ပြီး ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

''မင်းက ဘယ်လိုတွေးလိုက်လို့လဲ၊ မင်းကိုငါက ဘာလုပ်မှာမို့လဲ''

''ဆရာပဲ ဖက်လိုက်၊ နမ်းလိုက်လုပ်တော့မှာလေ''

''အဲဒါဘာဖြစ်လဲ၊ မင်းကိုချစ်လို့ ဖြူဖြူစင်စင်လေးချစ်လို့လေ၊ မင်းကများ ... ''

ခင်ညီလာ ဆတ်ခနဲဖြစ်သွား၏။ မင်းကများ ... တဲ့။ အဓိပ္ပါယ်ကဘာလဲ။ သူက ဧရာမကြီး။ ခင်ညီလာက ပမွှားလေး မို့ သူ့ဘာ သူဘာလုပ်လုပ် တင့်တယ်သည်ဆိုတဲ့သဘောလား။ ဘာလုပ်လုပ် ငြိမ်ခံနေရမည်လို့ ဆိုလိုတာလား။

''ဆောရီးဆရာ ... ဆရာ့ဘာသာ ဘာကြီးပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲချမ်းသာချမ်းသာ ညီ မလိုက်လျောနိုင်ဘူး၊ ညီ
ငွေလည်းမမက်ဘူး၊ ဘာကိုမှမမက်ဘူး၊ ညီ မက်မောတာကိုယ့်
ရဲ့အပျိုစင်ဂုဏ်သိက္ခာနဲ့ ကိုယ့်ရဲ့ကိုယ်ကျင့်တရားပဲ၊ ဆောရီးပါ
ဆရာ ...''

ပြောပြီး ခင်ညီလာ ဆတ်ခနဲ့ညည်ခန်းထဲမှ ထပြေးခဲ့သည်။
သူမနှင့်အတူ လွယ်သည့်အိတ်ကပါပြီးသား။ ခင်ညီလာ လမ်းတို
ထဲမှထွက်ပြီး လမ်းမကြီးပေါ်သို့ရောက်လျှင် မှောင်ရီပျိုးပြီး လမ်း
မီးတွေနီကျင်ကျင်မှာ လိုင်းကားတွေ ခပ်ကျဲကျဲသွားလျက်။

ကိုယ်စီးရမည့်ကားကို သူမမျှော်ငေးနေရင်း နောက်ဘက်
သို့လှည့်တကြည့်ကြည့်နှင့် သွေးလန့်နေရ၏။ အင်းလေ ဆရာ
ဟာ တကယ့်သမားတော်ကြီးပဲ၊ ငါ့ကိုလွယ်လွယ်ရမလားလို့
စမ်းကြည့်တာပါ မရတော့လည်းလွှတ်လိုက်မှာပါ။ သူနိုးဂျပိုးတွေ
လိုတော့ အတင်းလိုက်မရှုပ်လောက်ပါဘူး။

သည်စဉ် သူမအနားသို့ ဆရာ့ကားကြီးထိုးရပ်လာခဲ့လျှင်
ခင်ညီလာ အလန့်တကြားဖြစ်သွား၏။ ကားတံခါးဖွင့်ပြီးဆင်းလာ
ခဲ့သည့် ဆရာ့အသွင်က တည်တည်ငြိမ်ငြိမ်။

''ဆောရီး ... ညီ၊ တို့တွေနားလည်မှုလွဲသွားကြတယ်၊
ဆရာ မင်းကိုခုလိုရုပ်ပျက်၊ ဆင်းပျက်အဖြစ်မျိုးနဲ့ မခွဲခွာချင်ဘူး၊
ဆရာ မင်းကို နစ်နာအောင်လုပ်ဖို့ စိတ်ကူးမရှိပါဘူး၊ ပြန်တက်ပါ
မင်းလူနာအိမ်သွားရဦးမယ်လေ''

''တောင်းပန်ပါတယ်ဆရာ ... ညီ အဲဒီလောက် သွေး
မကောင်းဘူး၊ ကျွန်မ ဆရာ့ကိုဆက်ပြီး ရင်မဆိုင်ရဲတော့ပါဘူး





ရှင်၊ ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မ ... ဆရာ့အနားကထွက်ပြေး
ပါရစေတော့''

ခင်ညီလာ တကယ်ပင် နောင်တရ ကြေကွဲနေသလို
သူကလည်း ယူကြုံးမရသည့်ပုံစံနှင့်။

''မရဘူးညီ ... မင်းကို ငါလက်ဖျားနဲ့တောင်မထိတော့
ပါဘူး၊ ငါ့အနားကပြေးထွက်မသွားပါနဲ့၊ ငါ့ကိုခွဲချန်မထားခဲ့ပါနဲ့၊
ငါ ရူးသွားလိမ့်မယ်''

မှောင်ရီပျိုးပျအလင်းမှာ ကားကလည်းခပ်မြင့်မြင့်မို့ ကား
ဘေးနားမှာ သူမတို့လွတ်လပ်စွာ စကားပြောခွင့်ရနေ၏။ ခင်ညီ
လာ့မျက်ဝန်းများက သူမ စီးရမည့်ကားကို လှမ်းမျှော်ရှာဖွေ
လျက်။ သည်စကားဝိုင်းမှာ သူမ၏စိတ်တွေ နှစ်မြုပ်မထားပုံ။

''ကျွန်မကြောက်တယ်ဆရာ၊ လူတွေကဲ့ရဲ့တာလည်းမခံ
နိုင်ဘူး၊ လောကကြီးကို ညီကြောက်ပါတယ်''

''ညီရယ် ... ဆရာမင်းကိုချစ်တယ်၊ ဆရာ့အိမ်ထောင်
ရေးက ပြိုကွဲပြီးသားပါ၊ စာရွက်ပေါ်မှာ မကွဲကွာထားပေမယ့်
သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်းကိုယ်လျှောက်နေကြတာပါ''

''အဲဒါတွေ ကျွန်မစိတ်မဝင်စားဘူး၊ ဆရာဟာ ကျွန်မနဲ့
ဘာမှမဆိုင်ဘူးလို့ပဲ ခံယူထားပါတယ်''

''အလှတွေ၊ ဂုဏ်ပကာသနတွေကြောင့်လား''

''ဘာမှကိုမစဉ်းစားဘူး၊ ညီ ... ဘဝကိုသန့်သန့်ရှင်းရှင်း
ကြည်ကြည်လင်လင်လေးပဲ စီးဆင်းဖြတ်သန်းချင်တယ်''

''မင်းက အမြင့်ကြောက်နေတဲ့သူပဲ''



www.burmeseclassic.com

www.burmeseclassic.com



ခင်ညီလာ ပြုံးလိုက်ရင်း ရပ်သွားသည့်လိုင်းကားပေါ်သို့ အပြေးတက်လိုက်ခဲ့ပါသည်။ ဖြစ်ချင်တာတွေသာဖြစ်ပါတော့ ဆရာရေ ဘဝကို အရှိုးသားဆုံးပဲ ရင်ဆိုင် ဖြတ်သန်းချင်ပါတယ်။



ဒေါက်တာမြတ်လင်းကို,ကိုရှောင်နိုင်ဖို့အတွက် ခင်ညီလာ မြွေရှောင်ကိုပါ ရှောင်ရပေတော့မည်။ ဘာပဲဖြစ်ဖြစ် သူမရဲ့ ဘဝမှာ အစွန်းအထင်းမရှိ လျှောက်လှမ်းနိုင်ဖို့အတွက် ဒေါက်တာ့ကို ခင်ညီလာ ရှောင်မှဖြစ်ပေမည်။

ဆင်မကြောက် ဖိနပ်ဖြစ်ဆိုသလိုပဲ ဆင်သွားရာလမ်းမှာ ရပ်နေမိလျှင်တော့ သူမဆို မည်သူမျှ သနားနေကြမှာမဟုတ်တော့။

သည်တော့လည်း အဆောင်မှာ အခန်းအောင်းရင်း နောက်ထပ်အလုပ်တစ်ခုခုလျှောက်ဖို့သာ ခင်ညီလာ လုံးပန်းရသည်။

အလုပ်နှင့်ပတ်သက်သည့်သတင်းစာများကို ရှာဖွေဖော်ရသည်။

သူမ၏အခန်းဖော် မြတ်သူဇာပင် ပုဂ္ဂလိက ဆေးခန်းတစ်ခုမှာအလုပ်ဝင်နေပေပြီ။ ကိုယ့်အကြောင်းတွေ သူ့ကိုပြောပြမိ



www.burmeseclassic.com

www.burmeseclassic.com



တော့ မြတ်သူဇာက ကြီးကြီးကျယ်ကျယ် မှတ်ချက်တွေပေး လျက်။

"ယောက်ျားတွေကြောက်ဖို့ကောင်းတယ်နော်၊ နှင့်ကို အပိုင်တွက်ပြီး အပိုင်ကြံတာဟ၊ သူတို့လိုအဆင့်အတန်းက နှင့်ကိုတင့်တင့်တယ်တယ် မယူပါဘူးဟာ၊ အငယ်အနှောင်းပဲဖြစ် သွားရမှာပါ"

"ငါသိပါတယ်၊ ဒါကြောင့် ရှောင်ပစ်လိုက်တာ၊ သူက တော့ သူ့လိုလူစားကို ရှောင်ထွက်သွားလို့ အံ့ဩနေမှာပဲ"

"ဘာအံ့ဩစရာရှိသလဲ၊ မိန်းမကောင်းဆိုတာ သူ့ငွေ မယားငယ်ဖြစ်ပြီး ချမ်းသာရမှာထက် သူဆင်းရဲယူပြီး အဂ္ဂမဟေ သီတောင်ညာစံဒေဝီကြီးပဲ ဖြစ်ချင်တာ။ မကောင်းတဲ့မိန်းမတွေ သာ ကိုယ့်ကိုယ်ကိုယ် စတေးပြီး ငွေနောက်ကောက်ကောက်ပါနေ ကြတာ"

သူမတို့စကားပြောနေကြစဉ် အဆောင်ပိုင်ရှင် အန်တီ ကြီး၏အသံကို ကြားလိုက်ကြရသည်။

"ခင်ညီလာ ... ဒီမှာ ဧည့်သည် ... "

"အန် ... "

သူမကို ဘယ်သူကများလာတွေ့ပါလိမ့်။ သည်လောက ကြီးထဲမှာ အဘွားနှင့်ခင်ညီလာသာရှိရာမှ ...

အဘွားအကြောင်းစဉ်းစားမိတိုင်း သူမရင်ထဲ နင့်ခနဲလေး လံသောခြေလှမ်းများဖြင့် သူမ အဆောင်ဧည့်ခန်းသို့ ရောက် သွားချိန်မှာ တွေ့လိုက်ရသူက ရွာမှအဘအောင်။





"အဘအောင် ... "

သူမအတွက် ရွာထွက်စားသောက်ဖွယ်ရာ ငှက်ပျောနိုင် တွေ၊ ကျွဲကောသီးတွေနှင့် အဘအောင်က သူမကိုအပြစ်တင် လေသည်။

"နေနိုင်လိုက်တာ ခင်ညီလာရယ်၊ အေးပေါ့လေ၊ ငါက နင့်ကိုကိုယ့်မြေးလိုသဘောထားပေမယ့် နင်က ဆွေမျိုးလိုမှ သဘောမထားဘဲ"

"မဟုတ်ပါဘူးအဘရယ် ... ညီ အဘအောင်တို့ကို သတိရပါတယ်၊ ဒါပေမယ့် ရွာပြန်ရောက်ရင် အဘွားကိုသတိရ လွမ်းဆွတ်လွန်းလို့ပါရှင်၊ ကဲ ... အခု အဘ ညီ့ဆီလာတာ ရန်တွေ့ရအောင်လား၊ အကြောင်းထူးများရှိသလားဟင်"

အဘအောင်အနီးမှာထိုင်ရင်း ခင်ညီလာမေးတော့ အဘ အောင် သက်ပြင်းချခဲ့သည်။

"မတွေ့ရတာ ၃နှစ်တောင်ကျော်ပြီလေ၊ သမီးအဆင်ပြေ ရဲ့လားလို့ သိချင်လို့ပါ၊ နောက်ပြီး ... "

"နောက်ပြီး ဘာဖြစ်လဲဟင် ... ပြောပါ အဘရဲ့"

"ငါ့အသိအဘွားကြီးတစ်ယောက် နာတာရှည်ရောဂါဖြစ် နေတာ၊ နှစ်ခေါ်ချင်တယ်တဲ့၊ စပါယ်ရှယ်ကြေးတွေ ဘာတွေ တော့မသိဘူးပေါ့ဟာ၊ တစ်လကိုဘယ်လောက်ဆိုပြီးပေးချင်တယ် အဲဒါ နင်များလုပ်နိုင်မလားလို့ ... "

"သူက ဘယ်မှာလဲ ရွာကလား ... အဘ"

"ရွာကတော့ မဟုတ်ပါဘူး၊ ပဲခူးထဲကပဲ မြို့ပေါ်ကဆို



www.burmeseclassic.com

ပါတော့ဟာ၊ သူတို့က တစ်လကိုတစ်သိန်းလောက်ပေးနိုင်မယ်၊ စရိတ်ငြိမ်းပေါ့၊ ဘယ့်နှယ့်လဲ သမီးလုပ်နိုင်မလား''

''သူတို့အိမ်မှာ လူဘယ်နှစ်ယောက်ရှိလဲအဘ၊ လူများရင် ယောက်ျားတွေရှိရင် ညီ ... မလုပ်နိုင်ဘူး''

''အဘသိပါတယ်၊ မသင့်တော်ရင် အဘကရော ပြောမတဲ့လား။ အဲဒီအဘွားကြီးမှာ သမီးတစ်ယောက်မြေးတစ်ယောက် ရှိတယ်၊ ဒါပေမယ့် မြေးကအိမ်မှာမနေပါဘူး၊ လောလောဆယ် ရှိတာ အဘွားကြီးသားအမိပါပဲ''

''ဒါဆို ညီလုပ်နိုင်ပါတယ်၊ ဘယ်တော့အလုပ်စရမလဲ''

''လုပ်မယ်ဆို ‒ အခုပဲ အဘနဲ့လိုက်ခဲ့လေ၊ အဘလိုက်ပို့ခဲ့မယ်၊ နေဦး ... သူတို့ကို ဖုန်းနဲ့အကြောင်းကြားလိုက်ဦးမယ်''

အဘအောင်မှာ ၅သိန်းတန် စီဒီအမ်အေဖုန်းနှင့်မို့ ချက်ချင်းပင် တစ်ဘက်သို့ ကောက်ပြီး ဖုန်းဆက်နေလေတော့သည်။

''မနီလာလား ... ငါ ကိုအောင်ပါ၊ နင့်အမေအတွက် ငါပြောထားတဲ့နာ့စ်မလေးရမယ်၊ အေး ‒ ငါ ဒီနေ့ပဲ ခေါ်လာခဲ့မယ်၊ ညနေစောင်းလောက်ရောက်မယ်၊ အသင့်ပြင်ဆင်ထားနိုင်အောင် အကြောင်းကြားတာ ... အေး ‒ ဒါပဲ ‒ ဒါပဲ''

ရေငတ်တုန်း ရေတွင်းထဲကျတာပါပဲ။ ခင်ညီလာ ဝမ်းသာမိပါသည်။ သူမမှာလည်း ဒေါက်တာမြတ်ကိုကြောက်လို့ ဆေးရုံတောင်မသွားဘဲ အလုပ်လက်မဲ့ဖြစ်နေချိန်။





ရှိသည့်ပစ္စည်းလေးများကို အမြန်ဆုံးသိမ်းပြီး အဘအောင်နှင့်အတူ ပဲခူးမှာ အလုပ်ဝင်ဖို့သာ ခင်ညီလာ ဆုံးဖြတ်ရပါလေတော့သည်။

ရွှေ[illegible]

www.burmeseclassic.com

ပဲခူးမြို့ပေါ်မှာတော့မဟုတ်။ ဆင်ခြေဖုံးရပ်ကွက်တစ်ခုလို့ ခေါ်ရပေမည်။

ခြံနှင့်ဝင်းနှင့်။ နှစ်ထပ်တိုက်တစ်လုံးက ခန့်ခန့်ထည် ထည်။

"အဲဒီအိမ်ပဲ လောလောဆယ်တော့ အဘွားကြီးသားအမိ နဲ့အလုပ်သမားကောင်မလေးနှစ်ယောက်ပဲရှိတယ်၊ သမီးအဆင် ပြေမှာပါ"

"ဟုတ် ... ရပါတယ်အဘအောင်၊ ညီသဘောကျပါ တယ်၊ အလုပ်မဝင်ခင် ဒီမှာလုပ်လိုက်ဦးမယ်လေ"

"ကောင်းတယ် ... ညည်းတို့အလုပ်တွေကလည်း ချက် ချင်းခန့်မှာ မဟုတ်သေးဘူး၊ အနည်းဆုံး တစ်နှစ်၊ နှစ်နှစ်တော့ စောင့်ရမှာပဲ"

အဘအောင်နှင့်ခင်ညီလာတို့နှစ်ယောက် တိုက်ထဲသို့ဝင် လာခဲ့ကြသည်။ အိမ်ကကြီးသလောက် လူကနည်းတော့ ညှော်ခန်း





ထဲမှာ မည်သူမှမတွေ့ရ။ အဘအောင်အသံပြုလိုက်မှ အတွင်း ဘက်မှ မိန်းမတစ်ယောက်ထွက်လာသည်။ အသက်သုံးဆယ်ခန့် ဖြူဖြူဝဝ အမျိုးသမီးက အလုပ်သမားဖြစ်လိမ့်မည်။

"မမကြီး အပြင်ခဏထွက်သွားပါတယ်ရှင်၊ ဦးလေးတို့ ရောက်လာရင် ညှော်ခံထားပါလို့ မှာခဲ့ပါတယ်"

"အေး ... ရပါတယ်၊ ငါတို့စောင့်နေမှာပေါ့၊ ဒါထက် လူနာသွားကြည့်လို့ရမလား၊ လူနာကို ဘယ်မှာထားသလဲ"

"မေမေကြီးကို အပေါ်ထပ်မှာထားပါတယ်ရှင့်၊ မမကြီး ပြန်လာမှပဲ သွားကြည့်ပါ"

"အေး ... ဒါဆိုလည်း ... ငါတို့ထိုင်စောင့်နေလိုက် မယ်"

သူ့ဘွေးအိမ်မို့ ဝင်ချင်တိုင်း ထွက်ချင်တိုင်းမရ။ ခင်ညီလာ ကတော့ စိတ်မောမောနှင့် ညှော်ခန်းအဆင်အပြင်ကိုသာ လျှောက် ငေးနေမိသည်။

ဆိုဖာအစိမ်းတွေကခန့်နေသလို မှန်ရှိုးကေ့ထဲမှ ပစ္စည်း တွေကလည်းလှပနေ၏။ နိုင်ငံခြားမှလာသည့် ပစ္စည်းတွေလား။ အိမ်ထောင်ပရိဘောဂတွေနှင့် အလှအပပစ္စည်းတွေအားလုံး အဆင့်မြင့်မြင့်။

မိသားစုဝင် ဓာတ်ပုံတွေကို ခင်ညီလာလျှောက်ကြည့်ပြန် သည်။

ဓာတ်ပုံတွေက ခပ်ဟောင်းဟောင်း။ ငယ်ငယ်ကပုံတွေ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရောက်လာကြပြီလား၊ ဦးလေးအောင်၊ နီလာ မေမေ့အတွက် ဆေးနဲ့လိုအပ်တာလေးတွေ သွားဝယ်တာ၊ စောင့်နေရတာ ကြာပြီလား၊ အားနာလိုက်တာရှင် ..."

"ရပါတယ်နီလာ၊ မကြာသေးပါဘူး၊ ဒီမှာလေ ... ငါ တို့ပြောတဲ့ ခင်ညီလာ"

"အချောလေးပဲ ... မေမေ့ကို စိတ်ရှည်နိုင်ပါ့မလား၊ အန်တီက အထည်ဆိုင်ထွက်တော့ မေမေ့အနားမှာ အချိန်ပြည့် မနေနိုင်ဘူးလေ၊ အင်း – မေမေ့ကို အလုပ်သမားနှစ်ယောက် နဲ့ထိုးထားခဲ့သလို ဖြစ်နေလို့ ဦးလေးအောင်ကို အကူအညီတောင်း ရတာ ... ကျေးဇူးအရမ်းတင်ပါတယ်ရှင်"

"မလိုပါဘူးနီလာရယ် – နင်နဲ့ငါတို့ကြားမှာ ဒါတွေပြော နေစရာမလိုပါဘူးဟာ၊ ကဲ ... ဒေါ်ဒေါ့်ဆီသွားကြစို့"

အဘအောင်မှာ အသက်ငါးဆယ်ကျော်အရွယ်၊ သန့်သန့် စွမ်းစွမ်းတောသားကြီးပေါ့။ ဒေါ်နီလာမေကတော့ အသက်လေး ဆယ်ကျော်ဖြစ်နိုင်ပေမယ့် မြို့သူပီပီ နုနုလှလှ။

သူမတို့သုံးယောက်သား လူနာဒေါ်ဖွားမေရှိရာသို့ တက် သွားလိုက်ကြသည်။ အပေါ်ထပ်သို့တက်သည့် လှေကားက ရုပ် ရှင်ထဲကအတိုင်း လက်ရမ်းတွေနှင့်လှလှပပ။

အပေါ်ထပ်အခန်းကျယ်တစ်ခုထဲမှာ အသက်ခုနစ်ဆယ် ခန့်ရှိမည့် လူနာဒေါ်ဖွားမေကို သူမတို့တွေ့ကြရသည်။ ငယ်ငယ် က တော်တော်ချောမည့်ပုံပါပဲ။ အသားဖြူပုံက ကြည်ကြည်လေး နှင့်ခပ်ပါးပါး၊ ရုပ်က ယခုထိ ကြည့်ကောင်းဆဲ။





မျက်လုံး၊ မျက်ခုံး၊ နှာတံတွေကျန်သေးသည်။

"မေမေ – ဒါ မေမေ့ကိုပြုစုမယ့်ဆရာမလေး နာမည်က ခင်ညီလာတဲ့"

"သားရှာပေးတာလား ... ငါ့မြေးက သိပ်လိမ္မာတာပဲ"

ဒေါ်ဖွားမေ ထင်ရာတွေပြောနေလျှင် ဒေါ်နီလာမေက ရယ်ရယ်မောမော ပြန်ဖြေ၏။

"မေမေ့မြေး ရှာပေးတာမဟုတ်ပါဘူးနော်၊ ဒီကဦးလေး အောင် ရှာပေးတာပါ"

"မသိပါဘူးအေ၊ ငါက ငါ့မြေးရှာပေးတာလားလို့ပါ၊ နို့ ဆရာမလေးကရော ဘယ်ကလဲ ... ဒီမှာလာနေမှာလား"

"ဆရာမလေးက ..."

ဒေါ်နီလာမေ အဘအောင်ကိုလှမ်းကြည့်လျှင် အဘအောင် က ဆက်ပြောသည်။

"ဒီပဲရွာနားကပါပဲ၊ ဒီမှာနေမှာပါ၊ ဒေါ်ဒေါ်ကျန်းမာတဲ့ အထိနေပေးမှာ"

ဒေါ်ဖွားမေ၏မျက်နှာရွှင်လန်းသွားပုံက သိသိသာသာ အထီးကျန်ဘဝဖြင့် နေရတော့မည့် နာတာရှည်ဘဝမှာဘိုးတိုး ဖော်လေး၊ အားကိုးဖော်လေးလိုချင်ရှာသည့်ပုံ။

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ ဖါမှညည်း လည်းဆိုင်ပြောင့်ပြောင့်ထွက်လို့ရမယ်၊ မေမေလည်းနေသာထိုင် သာရှိမယ်၊ ကဲ – ကဲ ဆရာမနေဖို့ အခန်းလေးဘာလေးစီစဉ် ပေးလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီလာမေက သူ့မိခင်ကို အကဲခတ်သလိုကြည့်ပြီး

"နီလာက ဆရာမကိုမေမေ့အခန်းထဲမှာပဲ ထားလိုက်မလားလို့"

"ဩော် ... သူ့ခမျာ ငါ့ကို ၂၄နာရီ စောင့်ကြည့်နေရရင် ရေရှည်မှာဘယ်လွယ်မလဲကွယ်၊ သူနားတဲ့အခါ ပြည့်ပြည့်ဝဝ နားရအောင်၊ အခန်းလုပ်ပေးလိုက်ပါ၊ မေမေနဲ့မျက်နှာချင်းဆိုင် အခန်းမှာ နေပါစေ"

ဒေါ်ဖွားမေ၏စကားကြောင့် ခင်ညီလာ သက်ပြင်းတိတ်တခိုးချမိသည်။ ဘာပဲဖြစ်ဖြစ် လူနာခန်းထဲမှာ ၂၄နာရီအတူနေရမယ်ဆို၊ သူမစိတ်ကျဉ်းကျပ်မှာအမှန်။

ဒေါ်နီလာကတော့ သိပ်မကျေနပ်သည့်ပုံ။

"နီလာက မေမေ့အတွက်စိုးရိမ်လို့ ဆရာမငှားထားတာပဲ၊ ဘာပဲဖြစ်ဖြစ် သူမေမေ့အနားမှာ အမြဲရှိမှ မေမေတစ်ခုခုဆို ကူညီနိုင်မှာပေါ့"

"အေးပါ ... ခုလည်း မေမေ့အနားမှာ သူအချိန်ပြည့်နီးပါးရှိနေရမှာပါ၊ ဒါပေမယ့် ... မေမေအိပ်တဲ့ အချိန်ဆိုသူလည်း သူ့အခန်းမှာ နားပါစေပေါ့ မဟုတ်ဘူးလား၊ လူငယ်ဆိုတာ လူကြီးအနားမှာ အချိန်ပြည့်ဘယ်နေနိုင်မလဲ၊ သူ့အတွက်ကိုယ်ပိုင်အချိန်လေးများလည်း ရှိဦးမှပေါ့"

"သဘော ... မေမေ့သဘော၊ မေမေကျေနပ်ရင်ပြီးပါတယ်၊ ကဲ ... ဒါဆိုလည်း ဆရာမအတွက် နီလာအခန်းပြင်ပေးလိုက်မယ်၊ လာ ... ဆရာမ ..."





ခင်ညီလာ ဒေါ်ဖွားမေနှင့်မျက်နှာချင်းဆိုင်အခန်းမှာ နေခွင့်ရခဲ့ပါသည်။



www.burmeseclassic.com

ဒေါ်နီလာမေက မိုးလင်းသည်နှင့်အထည်ဆိုင်ထွက်ရန် ဈေးသွားသဖြင့် ခင်ညီလာနေရတာ အဆင်ပြေပါသည်။ သည်အိမ်မှာ ဇီဇာကြောင်တာ ဒေါ်နီလာမေတစ်ယောက်ထဲ။

လူနာဒေါ်ဖွားမေက သဘောကောင်းပါသည်။ လူတစ်ဖက်သားကိုလည်း စာနာနားလည်တတ်ပါ၏။

လေဖြတ်ထားသည်မို့ ခြေ၊ လက်များ မသန်စွမ်းတော့။ အစစအရာရာ ခင်ညီလာပြုသမျှ နေရသည့်အခြေအနေ။ လူနာက စိတ်သဘောထားကောင်းမွန်ပြီး ဇီဇာလည်းမကြောင်သည့်အခါ ခင်ညီလာ အလုပ်လုပ်ရတာ စိတ်ချမ်းသာ၏။

မိုးလင်းသည်နှင့် ဒေါ်ဖွားမေအတွက် သန့်ရှင်းရေးကိစ္စဆောင်ရွက်ပေးပြီး၊ လူနာနှင့်သင့်တော်သည့် နံနက်စာကို စီစဉ်ကျွေးမွေးရသည်။

နောက် ... ဆေးတိုက်ပြီး ကိုယ်လက်လေ့ကျင့်ခန်းကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း လုပ်ပေး၏။





ခုတင်ပေါ်ထိုင်ပြီး ခြေထောက်လေးတွေ လှုပ်ပေးခြင်းနှင့် လက်ကလေးတွေ လှုပ်ရှားအောင်လှုပ်ပေး၊ လှုပ်ပေးရခြင်းပင်။

နံနက် ၉နာရီခန့်မှာ လူနာကိုအနားပေးပြီး အိပ်စေသည့်အခါ ခင်ညီလာအခန်းသန့်ရှင်းရေးလုပ်၊ အခန်းထဲမှာ ပန်းအိုးထိုးဖို့အတွက် စိတ်ကူးမိသည်။

ဒေါ်ဖွားမေ အိပ်ပျော်သွားပြီမို့ အောက်ထပ်ကိုဆင်းလာကာ ခြံထဲသို့လှမ်းမျှော်ကြည့်လိုက်သည်။ ဘာပန်းပင်မှ မတွေ့ရပါချေ။

ခြံထဲမှာရှိတာ ပန်းမပွင့်သည့်အပင်တွေ။

သူမ ... မီးဖိုဘက်သို့သွားလိုက်သည်။ အလုပ်သမားနှစ်ယောက်အနက် တစ်ယောက်က သူမထက်အသက်ကြီးပြီး တစ်ယောက်ကတော့ သူမထက်ငယ်မည်။

"ဆရာမ ... ဘာလိုချင်လို့ပါလဲရှင်၊ မေမေကြီးအိပ်သွားပြီလား"

အကြီးမကမေးလျှင် ခင်ညီလာ ပြုံးပြလိုက်ပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်၏။

"ကျွန်မနာမည် ခင်ညီလာပါ၊ ဒီကအစ်မနဲ့ညီမက"

"ဪ ... ကျွန်မက ပန်းသီ၊ သူကမိဖြူ။ ဆရာမကမာနမကြီးဘူးနော်"

ခင်ညီလာ မျက်ခုံးပင့်သွားသည်။ ဘာဖြစ်လို့လဲ ...

"လူလူချင်းပဲ မမရယ် ... ညီက ဘာမို့လဲ"

"ဆရာမက သူနာပြုဆရာမလေ၊ နောက် ...လည်း၊

www.burmeseclassic.com



အရမ်းချောတယ်၊ ပညာလည်းတတ်တယ်ဆိုတော့ ဘဝင်မြင့်ချင် မြင့်လို့ရတာပေါ့''

မပန်းသီစကားကြောင့် ခင်ညီလာ အသံထွက်လို့ပင် ရယ်မိသည်။

''လူဆိုတာ တစ်နေ့သေရမယ့်လူတွေကြီးပါပဲရှင်၊ မသေခင်မှာ ဟစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေကြမှ အဓိပ္ပာယ်ရှိမှာပေါ့၊ တရားမရှိတဲ့လူတွေသာ ဘဝင်မြင့်ကြ၊ မာနကြီးကြတာပါ၊ ကဲ _ ကျွန်မ အဘွားအခန်းထဲမှာ ပန်းမွှေးမွှေးတွေ ထိုးချင်လို့၊ ပန်းဘယ်မှာရနိုင်မလဲ၊ မပန်းသီတို့ ဝယ်ပေးနိုင်မလား''

''ခုတော့ ချက်ရ၊ ပြုတ်ရမှာမို့ မအားသေးဘူးဆရာမရဲ့၊ အဲ ... ပန်းခြံရှိရာလမ်းညွှန်လိုက်လို့ ဖြစ်မလား၊ ဒီလမ်းရဲ့ ဟိုဘက်ကလမ်းမှာ ပန်းခြံရှိတယ်၊ အဲ ... ပန်းခြံနားမှာ ဆေးခန်းတစ်ခုလည်းရှိတယ်နော်၊ လမ်းမမှားပါဘူး''

''ရပါပြီ ... ဒါဆို ကျွန်မသွားဝယ်လိုက်မယ်၊ အဘွား အနားမှာ မိဖြူခဏသွားစောင့်ပေးနော်''

မှာခဲ့ပြီး၊ ခင်ညီလာ အမြန်ဆုံးလျှောက်သွားမိသည်။ လူနာခန်းထဲမှာ ပန်းတွေမွှေးနေလျှင် အဘွားစိတ်ချမ်းသာမှာပဲ၊ အတွေးနှင့်လျှောက်သွားနေတုန်း ပန်းခြံမရောက်ခင် ဆေးခန်းကြီးတစ်ခုကိုမြင်လိုက်ရလျှင် သူနာပြုဆရာမပီပီ ခင်ညီလာ ရပ်ကြည့်မိသည်။

''ဒေါက်တာ နေသန့်စင် ... ''





မျက်စိ အထူးကုဆေးခန်း ...

''ဟင် ... ''

သူလား။ ဟိုဆရာဝန်လား။ အဘွားကိုသတ်တဲ့ ... အဲ အဘွားကိုသေစေတဲ့ ဆရာဝန်လား။ နာမည်တူတယ်ဆိုရင် ထားပါတော့။

ယခုကျ ... မျက်စိကုတာ မျက်စိအထူးကုသမားတော်ကြီးဖြစ်နေတာပါ၊ တူနေသည်။

ဒါဆို သူပဲပေါ့။ ဘုရားရေ ... ငါနဲ့ဆုံမှဆုံတတ်လေ။ သူမ ဆေးခန်းထဲကိုလှမ်းမျှော်ကြည့်တော့ လူနာတွေက ကြိတ်ကြိတ်တိုး ...

ခင်ညီလာ နှုတ်ခမ်းလေးကိုမဲ့မိသည်။ ဘာပဲဖြစ်ဖြစ် သူဟာ ရက်စက်တတ်ပါတယ်။ ကမ္ဘာမီးလောင်တဲ့အခါ သားကောင်ကိုချနင်းတတ်သူ။

သူ့နှလုံးသားဟာ အတ္တတွေနှင့်အမည်းရောင်သန်းနေသည်။

ခင်ညီလာရဲ့အဘွားကို သူ့ဆေးခန်းနာမည်ပျက်မှာစိုးလို့ မလိမ့်တပတ်နှင့် အပြင်သို့ထုတ်ခဲ့သူ။ ဒါဟာ နှလုံးသားမဲ့တာ မဟုတ်လို့ ဘာလဲ။

သူမ မျက်ရည်တွေနှင့် အံကြိတ်လက်သီးဆုပ်ပြီး ရင်ထဲမှာရှူးအောင့်နေမိစဉ် ဆေးခန်းထဲမှ ကားအကောင်းစားကြီးအပြင်သို့ မောင်းထွက်လာခဲ့သည်။ ကားကမှန်အနက်တွေနှင့်မို့ အထဲမှာ မည်သူပါသွားလဲဆိုတာ ခင်ညီလာ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူမအနားသို့ ကားဖြတ်သွားစဉ်မှာပင် နှလုံးသားတစ်ခုလုံး မခံမရပ်နိုင်အောင် နာကျင်စူးအောင့်လာပြီး ခင်ညီလာ နေရာမှာပင် လဲကျသွားခဲ့သည်။



ခင်ညီလာ သတိရလာသည့်အခါ သူမသည် သန့်ရှင်းကျယ်ဝန်းသည့် အခန်းတစ်ခုထဲမှာ ရောက်နေခဲ့သည်။ ခင်ညီလာ အလန့်တကြားထထိုင်လိုက်ပြီး လက်မှနာရီကိုကြည့်မိ၏။

ဘုရားရေ – ငါတစ်နာရီလောက်တောင် အိပ်ပျော်သွားပါလား။ မဖြစ်ဘူး ... မဖြစ်ဘူး။ ခုလောက်ဆို အဘွားနိုးနေလောက်ပြီ။

ခင်ညီလာ ခုတင်ပေါ်မှ လိုက်ပြီး အခန်းထဲမှ အပြေးထွက်လိုက်လျှင် လူတစ်ယောက်နှင့်သွားတိုက်မိသည်။ သူမ မော့ကြည့်လိုက်တော့ ...

"ဒေါက်တာ ..."

"ဟုတ်တယ် – မင်းငါ့ဆေးခန်းရှေ့မှာလဲသွားလို့ မဖြစ်မနေကုပေးလိုက်ရတယ်၊ ဘယ်ကဘယ်လိုရောက်လာတာလဲ၊ ဘာလဲ ကိုရီးယားကားတွေထဲကလို ငါ့ကိုလက်စားလိုက်ချေမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင်က ခပ်တည်တည်။ ခင်ညီလာ အဘွားကိုပြေး မြင်ယောင်မိသည်။ ဆရာဝန်ပေါ့ဆလို့ သေသည့်လူနာတွေ ကမ္ဘာပေါ်မှာ ဒုနဲ့ဒေး။ ခင်ညီလာ့ရုပ်ကလည်း မှုန်ကုတ်ကုတ်၊ စူပုပ်ပုပ်။

"ဒေါက်တာ ဒီမြို့ရောက်နေမှန်းသိရင် ကျွန်မ ဒီအလုပ်ကိုလက်မခံပါဘူး၊ ခုတော့ အားလုံး ဘာမှမတတ်နိုင်တော့ဘူး၊ ကျွန်မကုသိုလ်ကိုက ဆိုးပါတယ်"

"ဘာလဲ ... ဘာအလုပ်လဲ"

ခါးထိရှည်သည့် ဆံနွယ်များကို အရင်းမှစုစည်းထားပြီး ချည်ထည်ဝမ်းဆက် ပန်းနုရောင်လေးနှင့်ပင် ခင်ညီလာ့အသွင်က ဝင်းဝင်းပပ။ ဒေါက်တာနေသန့်စင်လည်း မျက်မှောင်ကုတ်ထားမိသည်။ သူတင်းကိုယ်တင်းပေါ့။

တစ်ချို့ကောင်မလေးတွေဟာ လိုက်လျောရင် ငပေါကြီးလို့ထင်တတ်တယ်။

ငါ့ရင်ထဲက စေတနာတွေကို သိထားစမ်းပါ မိန်းကလေးရယ်။ မင်းသူနာပြုသင်တန်းပြီးဆုံးအောင် အဘအောင်မှတစ်ဆင့်ငါ့ကူညီခဲ့တာပါ။

သို့သော် _ သူလည်းနိုင်ငံခြားသို့ နှစ်နှစ်ပညာတော်သင်သွားပြီး ဆေးရုံကြီးသို့ သမားတော်အဖြစ် ပြောင်းလာခဲ့ရသဖြင့် ခင်ညီလာ၏ လောလောဆယ်အနေအထားကိုမသိတော့။

"ဒီမှာ ... ဟုမ်း လိုက်နေတာလေ"

"ဘာ _ မင်းအလုပ်က အောက်တန်းကျလှချည်လား"





သူဟောက်လိုက်လျှင် ခင်ညီလာက မထီလေးစားရုပ်နှင့်။

"ဒါတော့ ကျွန်မက နာ့စ်ပဲ၊ ဒီအလုပ်မျိုးမလုပ်လို့ ဘာလုပ်ရမှာလဲ၊ ကျွန်မအဘွားရှိရင်တော့ တစ်မျိုးပေါ့လေ၊ ခုလိုဆေးကုပေးတာကျေးဇူးမတင်ဘူး၊ ကျွန်မအတွက် ဝဋ်မကုန်သေးဘူးပေါ့ ... အသက်ဆက်ရှင်နေရဦးမှာပေါ့"

ပြောပြီး ... ခင်ညီလာ ချာခနဲလှည့်ထွက်ပြေးသွားလျှင် ဒေါက်တာနေသန့်စင် မျက်မှောင်ကျုံ့ကျန်ခဲ့ရ၏။ ဆေးခန်းထဲမှာ လူနာတွေအများကြီးမို့ ပြန်သွားရပေမယ့် ရင်ထဲမှာပဟေဠိတွေ။

သူ ... သူ့တပည့်နေဝင်းကို တာဝန်ပေးလိုက်သည်။

"နေဝင်း ... စောစောကထွက်သွားတဲ့ ကောင်မလေးနောက်လိုက်ကြည့်စမ်း၊ သူဘယ်မှာနေလဲ ... ငါ့ကိုပြော"

"ဟုတ်ကဲ့ပါ ဆရာ ... စိတ်ချ ... "

နေသန့်စင်၏ဆေးခန်းနောက်မှာ လုံးချင်းတိုက်ကလေးရှိသည်။ သည်အိမ်၊ သည်ခြံကို သူဝယ်ထားခဲ့ခြင်းပါပေ။

ခင်ညီလာကို သူ့တိုက်ကလေးမှာ ကုပေးခဲ့ပြီး သူမထွက်သွားသဖြင့် ဆေးခန်းသို့ပြန်လာခဲ့ရပေမယ့် ဒေါက်တာနေသန့်စင်ရင်ထဲ နာနာကျင်ကျင်။

ငါဟာ စိတ်သဘောထားမြင့်မြတ်တဲ့ သမားတော်ဖြစ်အောင် ကြိုးစားနေသူပါ၊ ငါ့မှာအမဲစက်ဆိုလို့ သူ့အဘွားကို မလိမ့်တပတ်နဲ့ ခိုးထုတ်ခဲ့တာပဲရှိတယ်၊ ဒီအပြစ်တွေကို ငါ ဘယ်လိုဆေးကြောရမလဲ။

တစ်ယောက်ထဲ အထီးကျန်နေတဲ့ဘဝမှာ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့သမားဂုဏ်သိက္ခာ။ ငါ့မိဘတွေလည်း ငါနိုင်ငံခြားသွားနေတုန်း ကားအက်ဆီးဒင့်နဲ့ ဆုံးကုန်ခဲ့ရတယ်။

ငါ့ဘဝရဲ့အဓိပ္ပာယ်ဟာဘာလဲ။ လူနာတွေဟာပဲ ငါ့ဘဝပေါ့။ ငါ့ရဲ့အမဲစက်ကို ဘယ်သူမှမသိကြပေမယ့် ငါ့ကိုယ်ငါ လိပ်ပြာမလုံဘူး။

ဒီကောင်မလေးကိုမြင်လိုက်တိုင်း ငါ့လုပ်ရပ်ကို ငါယူကျုံးမရဖြစ်ရတယ်။ ငါဘယ်လိုချေဖျက်ရမှာလဲ။

ရင်ထဲမှ သောကနောင်တများကိုမေ့လျော့ရင်း ဒေါက်တာနေသန့်စင် လူနာများကို စိတ်ဝင်စားစွာ ကုသပေးနေရပြန်သည်။



နှင်းဆီပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့်ခင်ညီလာ ဆေးခန်းရှေ့မှဖြတ်ပြန်ရသည်။ သူမ ... သူ့ဆေးခန်းကိုယောင်လို့ပင် လှည့်မကြည့်ခဲ့။ အမြန်ဆုံး ခြေလှမ်းများနှင့် ခပ်သွက်သွက်လျှောက်နေစဉ် လမ်းထိပ်လက်ဖက်ရည်ဆိုင်မှ ယောကျ်ားနှစ်ယောက် ... သူမနောက်သို့ ကပ်လိုက်လာခဲ့သည်။

''ပြဿနာပဲ''

ထိုလူတွေကိုမကြောက်ပေမယ့် ခင်ညီလာ စိတ်ရှုပ်သွားသည်။ မိန်းကလေး ... မျက်နှာစိမ်းတစ်ယောက်ထဲမို့ သွေးတိုးစမ်းချင်ရော့ထင်။

''ဒီမှာ ... ဒီမှာ ညီမ နာမည်ဘယ်သူလဲဟင်၊ အစ်ကိုတို့ကိုနှောင့်ယှက်တယ်မထင်နဲ့နော်၊ နတ်ပြည်က နတ်သမီးလေးတစ်ယောက်များ၊ နတ်သက်ကြွေလာသလားလို့ လိုက်မေးတာပါ''

''ဟုတ်တယ် ... ဟုတ်တယ်၊ နတ်သမီးလေးမျက်[illegible]ညို လမ်းမှားနေသလားလို့ အစ်ကိုတို့ကူညီမလို့ပါ၊ ကဲ ... ပြော



www.burmeseclassic.com

www.burmeseclassic.com



ညီမ ဘယ်ပြန်မှာလဲ၊ အစ်ကိုတို့ လိုက်ပို့ပေးမယ်''

ခင်ညီလာ့ရှေ့မှာပိတ်ရပ်ပြီး စကားတွေနှင့်စော်ကားနေလျှင် သူမ ဘာဆက်လုပ်ရမှန်းမသိ။ ထွက်ပြေးရမှာလား၊ အုတ်ခဲကျိုးနှင့်ကောက်ထုရမှာလား။ တစ်သက်လုံးက ရန်မဖြစ်ခဲ့ဘူးလို့ ရင်ထဲမှာ ကတုန်ကယင်။

သို့သော် ... ခင်ညီလာ မကြောက်ယောင်ဆောင်ပြီး အားတင်းထားဆဲ ... သူမတို့အနားသို့ ဆိုင်ကယ်နှင့်လူတစ်ယောက်ရောက်လာခဲ့သည်။

''ညီလေးတို့ ... ဒါ ဆရာ့ညီမဝမ်းကွဲလေးပါ၊ ဆရာ ဆေးခန်းလိုက်လာတာ၊ အခုလည်း ဆရာကလိုက်ပို့ပေးလိုက်ပါဆိုလို့ ... ''

ထိုလူ့စကားကိုကြားလိုက်ရလျှင် ကောင်လေးနှစ်ယောက်အသွင်က ပျာပျာသလဲ။ ခြင်္သေ့အသံကိုကြားလိုက်ရသည့် တောခွေးနှစ်ကောင်နှယ်။

''ဟာ _ ဟုတ်လား ဆောရီးအစ်ကိုရာ _ ဒေါက်တာ့ညီမမှန်းမသိလို့ပါ၊ ဆောရီးနော် ညီမ ... ''

တောင်းပန်ပြီး နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ဘက်သို့ပြန်ပြေးသွားကြလျှင် ခင်ညီလာ _ ထိုလူကို မျက်မှောင်ကျုံ့ကြည့်မိသည်။

''တက် ... လိုက်ပို့ပေးမယ်''

''မလိုပါဘူး ... ရှင့်ဆရာက ဘယ်သူမို့လဲ''

''ဒေါက်တာနေသန့်စင်လေ၊ မင်းကိုပို့ခိုင်းလိုက်တယ်''





''မလိုဘူးလို့ပြောနေတယ်''

''ခေါင်းမမာနဲ့ _ လိုက်ကိုလိုတယ်၊ ဒီမြို့မှာ ဆရာ့ဘုန်းရှိပ်က အရမ်းကြီးတယ်၊ မင်းဘဝလုံခြုံမှုရချင်ရင် ဆရာ့ညီမအဖြစ်နဲ့နေလိုက်''

ခင်ညီလာ ကလန်ကဆန်လုပ်ချင်သေးပေမယ့် ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ၊ ကိုယ့်ဘဝလုံခြုံလွတ်လပ်မှုရအောင် လုပ်ရဦးမည်။

''တောက် ... ''

ရင်ထုမနာမချိတင်ကဲတောက်တစ်ချက်ခေါက်ရင်းဒေါက်တာ့တပည့်၏ ဆိုင်ကယ်ပေါ်သို့တက်လိုက်ရပါသည်။

နာကြည်းပါသည်ဆိုမှ သူ့ညီမအဖြစ်ဟန်ဆောင်ရဦးမည့်အဖြစ်။ တော်တော်ရှုပ်ထွေးပွေလီလှတဲ့ လောကကြီးပါလားနော်။



www.burmeseclassic.com

“ကြာလိုက်တာ ဆရာမရယ် ... မျက်စိမျှားလည်နေပြ
လားလို့၊ ပန်းသီတို့ စိုးရိမ်နေတာ”

အိမ်ထဲသို့ဝင်လျှင်ဝင်ချင်း မပန်းသီက စိုးရိမ်တကြီးပြေ
သလို မိဖြူကလည်း ခေါင်းညိတ်၏။

“ဆရာမက တစ်ခါမှအပြင်မထွက်ဘူးသေးတော့ လမ်
မှားနေပြီလားလို့ မိဖြူတို့လိုက်ရှာတော့မလို့”

ကိုယ့်အပေါ် စိုးရိမ်စိတ်ပူဖော်ရသည့် ဘဝတူချင်းတ
အား ခင်ညီလာ နွမ်းယဲ့စွာပြုံးပြရင်း ...

“အဘွားနိုးပြီလားမိဖြူ ... ငါနည်းနည်းကြာသွားတယ်
လမ်းမှာမူးလဲသွားလို့ ... ”

“ဟင် ... ဟုတ်လား ဆရာမနေမကောင်းဘူးလာ
မေမေကြီးစောင့်ရတာ ညဘက်အိပ်ရေးပျက်သွားတယ်ထင်တယ်
နော်၊ ဒါဆို ဆရာမနားလေ ... မိဖြူစောင့်ပေးမယ်”

“ဆရာမကို ဘယ်သူတွေကူညီလိုက်ကြသလဲ၊ ဒီအိမ်





မှန်းမသိကြဘူးထင်တယ်၊ လာအကြောင်းမကြားကြဘူး၊ စိတ်ပူ
လိုက်တာဆရာမရယ် ... ညနေ မေမေကြီးအတွက် ဆရာဝန်
လာဆေးစစ်ရင် ဆရာမပါ ပြလိုက်နော်”

မပန်းသီနှင့်မိဖြူကိုပြုံးပြရင်း ခင်ညီလာအိမ်ပေါ်ထပ်သို့
တက်လာခဲ့သည်။ အဘွားအတွက် ပန်းအိုးထိုးပေးရဦးမည်။

တစ်ယောက်ထဲ အိပ်ရာပေါ်မှာ နိုးနှင့်နေသည့် ဒေါ်ဖွားမေ
က ခင်ညီလာ့ကိုစောင့်ကြိုနေခဲ့သည်။ ပန်းတွေကိုမြင်လျှင် ဝမ်း
သာသွားပုံက အထင်းသား။

“မွှေးလိုက်တာကွယ် ... နှင်းဆီတွေနော်၊ အရောင်တွေ
ကလည်းစုံနေတာပဲ၊ အဝါ၊ အနီနဲ့အစိမ်းနုလေးရယ်၊ ပန်းရောင်
ရယ်၊ အဘွားက ပန်းသိပ်ကြိုက်တာကွယ့်၊ ခုမှသာ ဘယ်လိုမှ
မတတ်သာလို့ ... ”

ဒေါ်ဖွားမေ ခုတင်အနီးရှိစားပွဲပေါ်မှာ ပန်းအိုးပက်ပက်
နှင့် ပန်းတွေအပုံလိုက်ထိုးပေးလိုက်သည့်အခါ သူမ၏ပန်းအိုးလေး
ကလှလှပပ။ ညှော်ခံပွဲတွေမှာထိုးသည့်အတိုင်း။

လူနာ၏မျက်နှာမှာ ကြည်နူးပီတိတို့နှင့်တဝေဝေ။

“ဆရာမကို ကျေးဇူးတင်လိုက်တာ၊ အဘွား ... ခု
စိတ်ချမ်းသာနေတယ်၊ ကိုယ့်ရောဂါတောင် ကိုယ်မေ့သွားပြီ”

“အဲဒါကောင်းတယ်အဘွား၊ အဘွားသိပါတယ်၊ ငှ
ဆိုတာ ဇာတိ၊ ဇရာ၊ ဗျာဓိဆိုတဲ့ ဘူတာတွေကို လူတိုင်းဖြတ်
ကျော်ရမှာပဲ၊ ကိုယ့်ရောဂါကိုယ်မေ့ထားပြီး စိတ်ချမ်းသာအောင်
နေလိုက်တော့ စိတ်မဆင်းရဲတော့ဘူးပေါ့၊ နောက် ... တရားနာ၊



www.burmeseclassic.com

www.burmeseclassic.com



တရားမှတ်တာတွေရော အဘွားဝါသနာပါသလား''

''ပါရမှာပေ့ါ၊ အဘွားတို့အရွယ်မှာမှ ဒီအလုပ်တွေဝါသနာ မပါရင် ဘယ်လိုလုပ်မလဲကွယ်၊ ကဲ ... ဆယ့်တစ်နာရီကျော် ပြီ၊ အဘွားနေ့လည်စာစားမယ်၊ ဒီအခန်းထဲက ဘဲလ်နှိပ်လိုက်၊ မိဖြူ ... လာပို့လိုက်မယ်''

အဘွားပြောသည့်အတိုင်း ဘဲလ်နှိပ်လိုက်တော့ မိဖြူ ငွေ လင်ဗန်းလေးနှင့်တက်လာသည်။ အဘွားအတွက် ကြက်စွပ်ပြုတ် နှင့်ကြက်သားသုပ်။ နောက် ... ငါးကင်။

''အိပ်ရာထဲမှာ အစာမကြေမှာစိုးလို့ ဆီသိပ်မပါတဲ့ဟင် တွေပဲ ဆရာဝန်က စီစဉ်ခိုင်းတယ်''

''အဘွားကြိုက်လို့ တော်သေးတာပေ့ါ''

အဘွားကို ခင်ညီလာ စိတ်ရှည်စွာ ခွံ့ကျွေး၏။ လူနာတွေ ထဲမတော့ ဒီလူနာလောက် သဘောတရားပြည့်တာ မတွေ့ဘူးခဲ့

''ကြိုက်ရတာပေ့ါကွယ်၊ လူဆိုတာ အခြေအနေနဲ့အချိ အခါအလိုက် စိတ်တွေလည်းပြောင်းလဲရတာပေ့ါကွယ်၊ အဘွာ အခြေအနေက နေဝင်တော့မယ်မဟုတ်လား''

လူနာစိတ်မာတ်ကျမှာတော့ ခင်ညီလာမလိုလား။ သည် တော့ ပျာပျာသလဲ ရှင်းချက်ထုတ်ရသည်။

''ဟာ ... မဟုတ်တာအဘွားကလည်း၊ အဘွားအခြေ အနေကအရမ်းအိုမကနေတာပဲ၊ ပြီး _ ဆရာဝန်တွေ၊ ဆရာ တွေရဲ့ ပြုစုကုသမှုကိုလည်းခံယူနိုင်တယ်၊ ဘယ်ကနေဝင်ရမှာလဲ အဝေးကြီး ... လူမမာစာဆိုပေမယ့် နောက်နေ့ကျ အဘွာ





တည့်မယ့် အစာလည်းကြေလွယ်မယ့် အစားအစာတွေ ညီလုပ် ကျွေးမယ်''

''အေးပါကွယ် ... အေးပါ၊ ဆရာမရယ် ... ဒါထက် ဆရာမကို သမီးလို့ခေါ်ရင်ရမလား၊ တဆိတ်လောက် ... ''

''ရပါတယ်အဘွားရဲ့ ခေါ်ပါ၊ သမီးလည်းပိုပြီးနေရတာ အားရှိတာပေ့ါ''

နှစ်ယောက်သားရယ်မောရင်း တစ်နေ့တာကိုပျော်ရွှင်စွာ ဖြတ်ကျော်နေကြသည်။ နေ့လယ်မှာ အဘွားတစ်ရေးအိပ်တော့ ခင်ညီလာလည်း အဘွားအခန်းထဲမှာပင် ကိုယ်ပါလိုက်အိပ်ရင်း အနားယူရသည်။

ဘဝဆိုတာ သည်လိုပဲ သက်နိုးရှိုက်တတ်ရမည် မဟုတ် ပါလားလေ။



www.burmeseclassic.com

"သည်နေ့ညနေ ဆရာဝန်လာမယ်နော်သမီး၊ ညော်ခံ ကျွေးမွေးဖို့လေး ဘာလေး အဆင်သင့်ပြင်ထား ... "

"ဆရာဝန်ကနေ့တိုင်းလာမှာလား အဘွား ... "

"နေ့တိုင်းတော့မလာဘူး၊ ၃ရက်တစ်ခါလောက်လာကြည့် တယ်၊ အရေးကြီးရင်တော့ လာတာပေါ့ကွယ်၊ သူကအဘွားလက် ပေါ်ကြီးသွားတဲ့ကလေးလေ ... အဘွားကို ဂရုစိုက်ပါတယ်"

"ဩော် ... ကောင်းတာပေါ့၊ ဟုတ်ကဲ့ ပြင်ထားပါ့မယ် အဘွား"

ညနေဘက်မှ လူနာကိုရေပတ်တိုက်ပေးပြီး ခေါင်းဖြီးသနပ် ခါးလိမ်း၊ အဝတ်အစားလည်းလဲပေးထားသည်။ ဒေါ်ဖွားမေမှာ စိတ်တွေရွှင်လန်းနေပုံ။

"သမီးလည်းသွား ... ရေချိုး အဝတ်အစားလဲလေ"

"ရတယ်အဘွား ... တော်ကြာ ဆရာဝန်လာနေရင် ဒုက္ခ"





အဘွားက နာရီကိုလှမ်းကြည့်ပြီး ...

"မလာသေးပါဘူး၊ သူလာရင် ၅နာရီကျော်မှပါ၊ အင်း ဒီနေ့တော့ ပိုတောင်နောက်ကျဦးမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ ... အဘွား"

"ဒီနေ့ သားခွဲစိတ်ခန်းဝင်ရတဲ့နေ့လေ ... သူ့ခမျာ အရမ်းပင်ပန်းရှာမှာ၊ ဒါပေမယ့် အဘွားကိုတော့ ကိုယ်တိုင် လာကြည့်မှာပါလေ"

"အဘွား ... ဒါဆို သမီးရေအမြန်ချိုးလိုက်ဦးမယ်"

"အေးပါ ... ချိုးပါကွယ်၊ သမီးလည်းအဘွားအနားက ခွာရတယ်မရှိလို့ ငြီးငွေ့နေပါဦးမယ်"

"မငြီးငွေ့ပါဘူးအဘွားရယ် ... ဝါသနာပါလို့ နာ့စ်ဝင် လုပ်တာပဲဟာ၊ ပြီး ... အဘွားက ဇီဇာမကြောင်တော့ သမီးမှာ Stress (ဖိအား)မရှိဘူး၊ ကိုယ့်အဘွားကိုယ်ပြုစုပေးနေရသလို သက်သောင့်သက်သာရှိပါတယ်"

"သာဓုပါတော် ... သာဓုပါ၊ ကဲ ... သွား သမီး ရေချိုး"

"ဟုတ် ... "

ခင်ညီလာ ကိုယ့်အခန်းသို့အမြန်ပြန်ခဲ့ပြီး ရေချိုး၏။ ပြီးတော့ ... ချည်ထည်ဝမ်းဆက် အစိမ်းနုရောင်လေးကို ဝတ်ရသည်။ အိမ်နေရင်းမို့ သနပ်ခါးပါးပါးနှင့်ဆံပင်ကတော့ အရင်းမှ စည်းထားရုံ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ကိုယ်လုံးပေါ်မှန်ထဲမှာ သူမအသွင်က ဘာတွေနှင့်ဝင်းပနေမှန်းမသိ။ ကြည်လင်ဝင်းနှစ်သည့်အသားအရေနှင့် အချိုးကျကျ ကိုယ်လုံးလေးပေါ်မှာ အစိမ်းနုနုဝတ်စုံလေးက နုဖတ်လှပနေသည်။

မနက်က ပန်းအိုးထိုးလို့ပိုသည့် နှင်းဆီအဝါလေးကို ပန်လိုက်သည့်အခါ မနို့တရိုနှင့် ချစ်စဖွယ်ရုပ်လေးပေါ်လာလေ၏။

"သမီးရေ ... ဒေါက်တာ လာပြီဟေ့ ... "

အဘွားအခန်းမှအသံကြောင့် ခင်ညီလာ ကိုယ့်အခန်းထဲမှ အပြေးထွက်လာတော့ အခန်းပေါက်ဝမှာ ကျောပေးရပ်နေသည့် ဆရာဝန်နှင့် သွားတိုက်မိသည်။

"ဘုတ် ... အင့် ... "

"ဟာ ... ကန်တော့ ... ကန်တော့ ဆောရီးပါဆရာအင် ... "

ဆရာဝန် သည်ဘက်လှည့်လာတော့ ခင်ညီလာအံ့အားသင့်သွားရ၏။ သူ ... ဒေါက်တာနေသန့်စင် မျက်စိအထူးကုသမားတော်ကြီးက လူနာလာကြည့်သတဲ့လား။ အင်းလေ ... အဘွားပြောတဲ့ သူလက်ပေါ်ကြီးသွားတဲ့ ကလေးမို့နေမှာပေါ့။

"မင်းက ဒီအိမ်မှာကိုး ... "

သူမကို ထိန်းပေးထားသည့်လက်များကို ခုထိလွှတ်မပေးသေး။ သူ့အနားမှဝင်းဝင်းပပ ကောင်မလေးကို နေသန့်စင် သေသေချာချာမျက်မှောင်ကျုံ့ကြည့်မိသည်။ ကောင်မလေးရုပ်က





ရှုပ်ပုပ်ဖြစ်သွား၏။ သူ ... ခင်ညီလာကို တီးတိုးတောင်းပန်မိသည်။

"အဘွားကို မင်းနဲ့ငါရဲ့ပတ်သက်မှုတွေ ပြောမပြလိုက်နဲ့နော်၊ အဘွား ... စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

"ဒေါက်တာ့ကို အထင်သေးသွားမှာစိုးလို့ မဟုတ်လား"

"အထင်သေးမှာ အထင်ကြီးမှာ ပူလို့မဟုတ်ပါဘူး၊ လူဆိုတာ အမှားမကင်းတတ်ကြပါဘူး၊ ငါစိတ်ပူတာက အဘွားစိတ်မကောင်းဖြစ်သွားမှာစိုးတာပါ၊ သူက ငါ့ကိုသိကြားမင်းလောက်မှတ်ထင်ထားတာ"

ခင်ညီလာ မှုန်ကုတ်ကုတ်ရုပ်ကလေးနှင့်ပင် ခေါင်းညိတ်ပြလိုက်ပြီး သူ့လက်ထဲမှ ကိုယ့်လက်မောင်းများကို ရုန်းယူလိုက်သည်။

ပြီးမှ ... အဘွားအခန်းထဲသို့ သူမက အရင်ဝင်လိုက်သည်။ ဆရာဝန်၏ ဆေးအိတ်ကိုတော့မယူမိ။ သူဟာ သူမရဲ့ ရန်သူတော်မို့ပါပဲ။

ဒေါက်တာက သူမနောက်မှဝင်လာခဲ့သည်။ အဘွားက ဝမ်းသာအားရ ကြိုဆိုခဲ့သည်။

"အဘွားက ပြတင်းပေါက်ကမြင်ကတည်းက သားပင်ပန်းနေတာသိတယ်၊ ဒီနေ့ ဘယ်နှစ်ယောက်တောင် ခွဲစိတ်လာခဲ့ရသလဲ၊ မသင်းတို့လင်မယားကို မြင်စေချင်လိုက်တာ"

နေသန့်စင် အဘွားကို မချိပြုံးလေးပြုံးပြရင်း ... သူ့



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ တောင့်တောင့်ကြီးရပ်နေသည့် ခင်ညီလာကို ခုမှ သိသည့်ဟန်ဖြင့် ...

"အဘွားရဲ့နှာ့စ်က တာဝန်ကျေပွန်ရဲ့လား၊ မကျေရင် ပြော ကျွန်တော့်မှာ နှာ့စ်တွေအများကြီးရှိတယ်"

"ကျေပါတယ်သားရယ် _ ကျေပါတယ်၊ သမီးကအရမ်း စိတ်ကောင်းရှိတယ်၊ အဘွားကို သူ့သွေးသားလိုပဲ ပြုစုစောင့် ရှောက်ပါတယ်ကွယ်"

ခင်ညီလာကတော့ နှုတ်ခမ်းကိုတင်းတင်းစေ့ထားမိသည်။ ကြည့်စမ်း ... ငါ့ကိုအလုပ်ပြုတ်အောင် လုပ်နေတယ်။ ဒါ ငါ့ ကိုမမြင်ချင်တဲ့သဘောပေါ့။ သူက ငါ့ကိုဘာမကျေနပ်စရာလို သလဲ။ ငါကသာ သူ့ကိုမကျေနပ်ရမှာ။

သို့ပေမယ့် ... သူ အဘွားကို စမ်းသပ်စစ်ဆေးသည့် အခါ ခင်ညီလာ ကူညီပေးရပါသည်။ တာဝန်အရ။

"အဘွား _ အခြေအနေတွေကောင်းတယ်၊ သွေးလည်း မတိုးတော့ဘူး၊ အဲ ... နှလုံးပဲနည်းနည်းရှိတယ်၊ ဒါလည်း ဒီမှာဆေးတွေပေးထားတယ်လေ၊ နှာ့စ် ... အဘွားကို အချိန် အတိအကျဆေးတိုက်ပါ၊ စိတ်ချမ်းသာအောင်ထားပါ၊ လေ့ကျင့် ခန်း မှန်မှန်လုပ်ပေးပါ၊ နောက် ... ဝိုးချဲနဲ့မနက်တစ်ခေါက် လောက် ခြံထဲမှာလေကောင်းလေသန့်ရှူပေးပါ"

"ဟုတ်ကဲ့ ... "

စိတ်ချမ်းသာအောင်ထားတယ်ဆိုတာ အဘွားရဲ့မိသားစု





ကိစ္စပါ။ သူမကတော့ အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်နေတာပဲ မဟုတ်လား။ ဆရာဝန်စကားကို မကျေနပ်ပေမယ့် ခင်ညီလာ ငြိမ်နေရသည်။

သူပြောသမျှ မှတ်သားထားပြီး သူပြန်လျှင်လိုက်ပို့ရဦး မည်ကို သူမစိတ်ညစ်နေစဉ် သူကတော့ အဘွားနှင့်စကား လက်ဆုံတွေကျနေလေ၏။

"သားလည်း နည်းနည်းပိန်သွားတယ်၊ အလုပ်တွေလျှော့ လုပ်၊ အစိုးရအလုပ်ကတစ်ဖက်၊ ကိုယ်ပိုင်ဆေးခန်းကတစ်ဖက်နဲ့ တစ်နေ့ ... တစ်နေ့ နားချိန်ရှိရဲ့လားကွယ်"

"ဒီလိုပေါ့အဘွားရယ် ... ဒီဘဝကို ယူထားမိမှတော့ ဒီ အလုပ်တွေ လုပ်နေရတော့မှာပဲပေါ့"

"အရေးပေါ်လူနာတွေကလွဲရင် လွှဲသာတဲ့လူမမာကို လွှဲ လိုက်ပေါ့သားရယ်၊ သားမှာပြည့်စုံပြီးသားပါ၊ မိဘအမွေတွေက လည်း မနည်းဘူးလေ ... "

"ကဲ ... အဘွား၊ ဒီနေ့ ... ဘာချက်သလဲ၊ ကျွန်တော် ဒီမှာထမင်းစားသွားမယ်၊ ဆေးခန်းရောက်ရင် လူနာတွေဆက် ကြည့်ရမှာ မအားတော့ဘူး"

"ဩော် ... ဟုတ်ပါရဲ့ ... သားကတစ်ခါမှစားလေ့မရှိ လို့ပါ၊ သမီး _ အဘွားသားကို ထမင်းသွားကျွေးလိုက်ပါကွယ်"

'သေဟဲ့ နန္ဒိယ'လို့သာ အော်လိုက်ချင်ပေမယ့် အဘွားခိုင်း တော့လည်း ခင်ညီလာ မနေသာ။ သူ့ဆေးအိတ်ဆွဲပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့မှ ထွက်လာခဲ့ရသည်။ မီးဖိုဘက်သို့။

ရှိသည့်ထမင်းဟင်းများကို မပန်းသီနှင့်အတူ အမြန်ဆုံး ပြင်ဆင်ပြီး ကျွေးမွေးရသည်။ သူက ...

"မင်း ... ဒီအနားမှာနေ၊ လိုတာလုပ်ပေး ..."

အောင်မယ် ... အင်းလေ လုပ်ပေးရမှာပဲပေါ့။ စိတ်ကို လျှော့ပြီး ခင်ညီလာ သူလိုအပ်သမျှ လုပ်ပေးနေရသည်။ သူ့ပုံ ကြည့်ရတာ ထမင်းဆာနေပုံလည်းမထွက်။ သို့သော် ခင်ညီလာ မတွေးတတ်ပါ။ သူမကို မကျေနပ်ဘူးလား။

သူထမင်းစားပြီးသွားလျှင် အဘွားကို သူ့လက်ထဲမှ ဟန်း ဖုန်းနှင့်ပင်လှမ်းနှုတ်ဆက်ပြီး ထမင်းစားခန်းမှ ထွက်လေ၏။ ခင်ညီလာ နောက်မှအောင့်သက်သက်နှင့်ပင် ဆေးအိတ်ဆွဲကာ သူ့ကားဆီလိုက်ပို့ရသည်။

သူက ကားကိုစက်နှိုးပြီးမှ ပြန်ဆင်းပြန်သည်။ ဘာလဲ ဘာရစ်ဦးမလို့လဲ ... သူကခင်ညီလာ့အနားသို့ကပ်ပြီး ...

"သတိထားနေ ... အဘွားကို ဂရုစိုက် ..."

"ရှင် ..."

"သူ့မြေးက ဆိုးတယ် ... သူပြန်လာရင်မင်းမလွယ်ဘူး"

ပြောပြီး ကားပေါ်ပြန်တက်မောင်းထွက်သွားတော့ ခင်ညီ လာ စိတ်ရှုပ်ထွေးကျန်ခဲ့ရသည်။ တကယ်လား ... သူ့မြေးက လူဆိုးလား။ ဘယ်အရွယ်လဲ။ ဘာလုပ်တာလဲ။ မပန်းသီတို့ကို မေးရမလား။





သို့သော် ... လောလောဆယ် ခင်ညီလာအဘွားအခန်း သို့ ပြန်သွားရပါသည်။ မကြာမီ ... ဈေးမှ ဒေါ်နီလာမေ ပြန်ရောက်လာသံကြားလိုက်ရ၏။ မိခင်ဆီသို့ အမောတကော တက်လာရင်း–

"မေမေရေ ... မေမေ့မြေး လက်ထပ်လိုက်ပြီတဲ့၊ သူ့ သူငယ်ချင်း ဝင်းလွင်ဦး ဖုန်းဆက်တယ်"

"ဟင် ... သူက ဘာဖြစ်လို့ လူကြီးမိဘတွေကို မတိုင် ပင်ဘဲ လုပ်ချင်ရာလျှောက်လုပ်နေရတာလဲ၊ ဒါကြောင့် ... ကျောင်းပြီးကတည်းက အိမ်ပြန်ခေါ်ပါလို့ ငါပြောတာ၊ ကဲ... ခုတော့ ကောင်းသေးရဲ့လား"

သူတို့သားအမိ စိတ်သောကရောက်နေကြသည်ကိုကြည့် ပြီး ခင်ညီလာ အဘွားအတွက်စိုးရိမ်နေမိသည်။ အဘွားမှာ နှလုံးရှိသည်။ ဆရာဝန်က ဂရုစိုက်ခိုင်းထားကာမှ ...

"ဪ ... အမေရယ်၊ ကျွန်မလည်းပြန်ခေါ်တာပါပဲ၊ ဒါပေမယ့် သူက ... ဟိုမှာ ကုမ္ပဏီမှာအလုပ်ဝင်ဦးမယ်ဆိုတော့ ဘာတတ်နိုင်မှာတဲ့လဲ"

"ညည်းကိုက အသုံးမကျတာပါအေ၊ ကိုယ်ကမိဘပဲ၊ ကိုယ့်သားကိုယ်နိုင်မှပေါ့၊ ကဲ ... ဒါဆိုလည်း သူတို့ကိုလာခိုင်း လိုက်တော့၊ ဖုန်းဆက် ... လိုတာလုပ်ပေးလိုက်၊ မိဘတွေ့ရား ကျေပါစေ၊ မိဘကိုမတိုင်ပင်ဘဲ ဘာဖြစ်လို့ ဒီလိုရှောင်လိုက်ရပါ လိမ့်"



www.burmeseclassic.com

www.burmeseclassic.com



အဘွား အိပ်ရာပေါ်ပြန်လှဲရန်ပြင်သည်မှ ခင်ညီလာ ညင်သာစွာလှဲပေးရင်း အလိုက်မသိသည့် ဒေါ်နီလာကို စိတ်တိုနေမိသည်။ ကိုယ့်အမေမှာ နှလုံးရှိတာမသိဘူးလား။ ဘာဖြစ်လို့ စိတ်လှုပ်ရှားစရာသတင်းတွေကို အလောတကြီး သတင်းပေးနေရတာလဲ။

ကိုယ်က ဒေါ်နီလာကိုပြန်ထွက်သွားစေချင်ပေမယ့် ဒေါ်နီလာကတော့ စကားတွေ တတွတ်တွတ်ပြောနေဆဲ။

"ကောင်မလေးက သိပ်မဟန်ဘူးတဲ့၊ မဟန်ရင်လည်း လျော်ကြေးလေးဘာလေးပေးပြီး ကွာခိုင်းလိုက်မယ်၊ တောက် ဒီလုလင်ဟာလေ ယောက်ျားလေးဖြစ်ပြီး ဘာမှအနပ်အပါးမရှိဘူး"

အခန်းထဲမှာပင် သားထံဖုန်းဆက်ဖို့လုပ်နေလျှင် ခင်ညီလာ မနေသာ။ ဒေါ်နီလာ့အနားသို့ကပ်သွားပြီး ဆရာဝန်၏သတိပေးချက်ကို ပြောရတော့သည်။

"အန်တီ ... ဆရာဝန်က အဘွားကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့တဲ့၊ အဘွားမှာ နှလုံးရှိတယ်၊ အဖြစ်အပျက်တွေကို ကြည့်ကျက်ပြီးထိန်းပြောပါ၊ ဖုန်းဆက်တာ အပြင်မှာဆက်ပြီး ပြောသင့်သလောက်ပဲ ပြောပါလား ... အန်တီ"

"အောင်မယ် _ ညည်းကငါ့ကိုဆရာကြီးလုပ်နေပါလား။ ငါတို့မှာပြေးကြည့်မှ ဒီမိသားစု ၃ယောက်ပဲရှိတာ၊ လျှို့ဝှက်နေရဦးမှာလား။ ဒီလောက်ဆေးဖိုးတွေ အကုန်ခံ၊ ဆရာမအတွက်





အကုန်ခံနေတာ ဘာလုပ်ဖို့လဲ၊ အမေ့ကို ဆေးတိုက်ပြီးပြီလား၊ ဒီလောက်လည်း ရောဂါကမစိုးရိမ်ရပါဘူးအေ၊ ကဲ ... သည်း ပြမနေပါနဲ့"

မျက်စောင်းထိုးခဲ့ပေမယ့် အပြင်ထွက်သွားဖော်ရလို့ တော်ပါသေးသည်။ ဒေါ်နီလာဟာ ကိုယ့်မိခင်ကို မစိုးရိမ်ဘူးလားမသိ။ တကယ်မလွယ်သည့် ဒေါ်နီလာပါပေ။



www.burmeseclassic.com

www.burmeseclassic.com

ညဘက်ကျတော့လည်း ဒေါ်နီလာ သူ့မိခင်အခန်းထဲမှာ သူတစ်နေ့လုံးအဆင်မပြေသမျှ ညည်းတွားနေခဲ့သည်။ ခင်ညီလာ စိတ်ပျက်လွန်းရပါဘိ။

"ဈေးရောင်းရတာ အဆင်မပြေပါဘူးအမေရယ်၊ ကြွေးသမားတွေကလည်း မှန်မှန်ပြန်မဆပ်ကြဘူး၊ အခုဆို အရင်းတော်တော်နည်းနေပြီ၊ အမေ့ကိုပြောရမှာ အားနာလို့သာ၊ သားကလည်းငွေလှမ်းတောင်းလိုက်သေးတယ်၊ သမီးတစ်ယောက်ထဲစားစရိတ်တွေကတစ်မျိုး၊ အလုပ်သမားစရိတ်တွေကတစ်မျိုး"

ရောဂါသည်မိခင်ကြီးရှေ့မှာ ချုံ့သံပါအောင် ညည်းပြနေသည့် ဒေါ်နီလာကို ခင်ညီလာ ဘယ်လိုနားလည်ရမှန်းမသိ။

တိုက်နှင့်ကားနှင့် လုပ်ငန်းနှင့်ပေမယ့် အဆင်မပြေဘူးလား။ သူတို့စီးပွားရေးက ဘယ်လိုလဲ။ အိမ်စရိတ်တွေကရောတစ်လ ဘယ်လောက်ကုန်သလဲ။

"ဟိုတစ်လကတင် နင့်အရင်းအနှီးထဲ ဆယ်သိန်းထပ်





ထည့်ပေးရသေးတယ်လေ၊ မေမေ့မှာလည်း ဆေးကုသစရိတ်တွေက အများကြီးကုန်ခဲ့တာ"

"အမလေး ... မေမေရယ်၊ မေမေ့မှာ တိုက်ခန်းရောင်းရငွေတွေ၊ ဘဏ်အပ်ငွေတွေ အများကြီးပါ၊ သမီးမှာသာ လုပ်ငန်းတွေက အဆင်မပြေ၊ သားကမလိမ္မာ၊ အိမ်စရိတ်ကကြီး"

"ကဲ ... ကဲ ... အိမ်စရိတ်အဖြစ် တစ်လသုံးသိန်းထပ်ပေးမယ်၊ သုံးတာစွဲတာလည်း ကြည့်သုံးလေ၊ ဘယ်အရာမဆို စည်းစနစ်မရှိရင် သန်းကြွယ်သူဌေးကြီးလည်း မကြာခင်မွဲသွားမှာပဲ၊ ကဲ ... သွားပါတော့အေ၊ အမေ ခေါင်းတွေနောက်လာလို့ပါ"

"အမေပဲအေးတယ်၊ ငွေထုပ်ကြီးဖင်ခုထိုင်ပြီး တစ်သက်စားမကုန်တဲ့ဘဝနဲ့ ဒီမ်ပဲ ... "

"ဟဲ့ ... ငါတစ်သက်လုံး အလုပ်လုပ်လာတာပါဟဲ့၊ အဲဒီအထည်ဆိုင်ကြောင့်ပဲ အဆင်ပြေလာခဲ့ကြတာ၊ ညည်းလက်ထက်ကျမှ ညည်းအသုံးမကျလို့ ဆိုင်ပြုတ်ရမတတ်ဖြစ်နေတာ၊ နီလာ သွားတော့အေ ... ကျုပ်တစ်နေ့လုံး စိတ်ချမ်းသာနေခဲ့တာ၊ ညည်းပြန်လာမှ စိတ်ဆင်းရဲရတော့တယ်"

"နင်ပါ ... နင်ပါ မအေရယ်လို့ ဘယ်အခါမှ အပူမျှယူမယ် မရှိဘူး၊ ဒါပေါ့လေ၊ ဝမ်းနဲ့မလွယ် သားမမယ်ဆိုသလို ကိုယ့်သမီးအရင်းမဟုတ်တော့ အမေဘယ်ချစ်မလဲ"

"ဟဲ့ ... နီလာ နင်ဘာတွေလျှောက်ပြောနေတာလဲ၊ သွားတော့အေ ... သွားတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီလာ အခန်းထဲမှ ဆောင့်အောင့်ထွက်သွားလေမှ ခင်ညီလာ အံ့အားသင့်သည့်စိတ်နှင့် ဒေါ်ဖွားမေကိုကြည့်မိသည်။ သူတို့ဟာ သားအမိအရင်းတွေမဟုတ်ပါလား။ ဒါကြောင့် ကိုယ့်အမေအတွက် စိုးရိမ်စိတ်တွေနည်းပါးပြီး ရလိုမှုတွေများပြားနေတာဖြစ်မည်။

အဘွားမှာ အခြားအမွေပေးရမည့်သူတွေရှိသေးလို့လား။ ခင်ညီလာ အလိုက်တသိနှင့် ဘာမှမမေးပါ။ ညဆေးက ၉နာရီမှတိုက်ရမည်ဖြစ်ပြီး ယခု ၈နာရီခွဲပဲရှိသေးသည်ကြောင့် အခန်းထဲမှာ တိတ်ဆိတ်စွာ ထိုင်စောင့်နေရသည်။

ခင်ညီလာ အဘွားကို ဖတ်လက်စ ဗုဒ္ဓဝင်စာအုပ်ကို ဆက်ဖတ်ပြဖို့ပြင်လိုက်လျှင် အဘွားကလက်ကာပြလိုက်သည်။

''တံခါးကိုပိတ်လိုက်၊ ဂျက်ထိုးလိုက်သမီးရယ်၊ အဘွားနားချင်တယ်၊ ဆေးတိုက်ပြီးမှ သမီးလည်းပြန်နားနော်''

''ရပါတယ်အဘွား ... ဒီမှာ ညအိပ်စေချင်တဲ့နေ့တွေရှိရင်လည်းပြောနော်၊ သမီး အိပ်ပေးမယ်၊ ဘယ်မှာအိပ်ရ၊ အိပ်ရပါ၊ သမီးအခန်းက ခေတ္တခဏ အသုံးပြုရုံပါ၊ အားမနာပါနဲ့ အဘွားရယ်''

''ကျေးဇူးပါသမီးရယ်၊ ဒီညတော့ အဘွားအနားမှာနေပေး ဟိုဘက်ခုတင်လေးမှာအိပ်''

''ဖြစ်တယ်အဘွား ... စိတ်ဖြောင့်လက်ဖြောင့်သာနားနော်''

အဘွားအခန်းထဲမှာ ခုတင်တစ်လုံးအပိုရှိနေသဖြင့် ခင်ညီ





လာအတွက် အဆင်ပြေပါသည်။ အဘွား အိပ်ရာပေါ်မှာမျက်စိမှိတ်လဲလျောင်းနေစဉ် ... ခင်ညီလာ ငေးကြည့်မိသည်။ သနားစရာ အဘွားအိုပါလား။

ပစ္စည်းဥစ္စာတွေ ကြွယ်ဝချမ်းသာပေမယ့် မွေးစားသမီးက လောဘတွေတငေါ်ငေါ်။ သေလျှင်ရမည့်အမွေတွေကို အစောကြီးလိုချင်နေသလား။ အဘွားမှာ အခြားပေးရမည့်လူတွေ ရှိသေးလို့လား။

သည်စဉ် ... အဘွားအခန်းထဲမှာ တယ်လီဖုန်းမြည်လာသဖြင့် ခင်ညီလာ သွားကိုင်လိုက်ရသည်။

''ဟဲလို ... ''

''မေမေလား ... သားပါ လုလင်၊ မေမေ သားတို့မနက်ဖြန် ပြန်လာကြမယ်၊ ဝါဆိုလည်းပါလာမယ်၊ အခန်းတစ်ခုပြင်ထားပေးနော်၊ အဘွားကိုလည်း အကြောင်းကြားထားဦး။ သားတို့ကို စိန်တစ်ဆင်စာလောက် လက်ဖွဲ့ပါလို့ ... ပြောထားလိုက်နော်၊ အိုကေ ... မေမေ''

သူပြောချင်တာတွေပြောပြီး တစ်ဖက်မှ ဖုန်းချသွားခဲ့ရာ ခင်ညီလာ စိတ်ညစ်သွားရသည်။ ဒီအကြောင်းတွေ ဒေါ်နီလာကို သွားပြောရဦးမှာပေါ့။ ဒေါ်နီလာက အဘွားဆီ ပြဿနာတွေတင်ပြဦးမှာ ... အဘွား စိတ်ရှုပ်သွားမှာတွေ ... ''

''ဘယ်သူဆက်တာလဲ သမီး ... ''

အိပ်ရာပေါ်မှ လှမ်းမေးသည့်အဘွားအသံ။ ခင်ညီလာ ဝေဖော့ဖော့ပြန်ဖြေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားမြေး ပြန်လာမယ်တဲ့၊ အခန်းပြင်ထားဖို့ အဘွား ကိုလက်ဖွဲ့ပစ္စည်းပေးဖို့တွေပြောနေတာ"

သူမ၏စကားကိုကြားလျှင် ဒေါ်ဖွားမေ မျက်စိပြန်မှိတ်သွား ခဲ့သည်။ သက်ပြင်းချပြီး အတန်ကြာမှ ...

"လိုချင်လွန်းတော့မရတဲ့ ... အဘွားတစ်သက်လုံးပေး ကျွေးနေတဲ့ကြားက သူတို့သားအမိဟာ မရောင့်ရဲနိုင်ကြဘူး၊ တကယ်ဆို အဘွားသေရင်ရမယ့်ပစ္စည်းတွေကို သင်းတို့လောဘ တက်နေကြတာ"

ခင်ညီလာ ဘာစကားမှဝင်မပြောဘဲ အဘွားကို ကရုဏာ သက်စွာ ငေးကြည့်နေမိသည်။

"အဘွားက အလှူအတန်းရက်ရောတော့ သူတို့အတွက် မကျန်မှာပူနေကြတယ်နဲ့တူပါတယ် ... ၊ လောဘတွေပါကွယ်၊ အဘွားက အကုန်လှူပစ်မှာတဲ့လား၊ လှူတာလှူ ပေးတာပေး လုပ်နေတော့ သူတို့က မကျေနပ်ကြဘူးလေ၊ အဘွားတို့ဖနီး မောင်နှံ ရှာဖွေခဲ့ကြတဲ့ပစ္စည်းတွေ အများကြီးပါကွယ်၊ မလှူ မတန်းဘဲ သံသရာအတွက် အထုပ်မထုတ်ဘဲ သူတို့ချည်းအကုန် ပေးခဲ့လို့ အကျိုးရှိမလားကွယ်၊ အခုလည်း အဘွားနေကောင်းရင် ဆွမ်းစားကျောင်းတစ်ဆောင် ဆောက်လှူဖို့ ဆရာတော်ကို လျှောက်ပြီးသား၊ သိန်းတစ်ထောင်လောက်ကုန်မှာမို့ ကြားထဲက နီလာ မကျေမနပ်ဖြစ်နေတာလေ"

"ဩော် ... သိန်းတစ်ထောင်လှူလိုက်တော့ သူတို့မကျန် မှာစိုးလို့ဖြစ်ရမယ်နော်"





ခင်ညီလာ တွေးတွေးဆဆဝင်ပြောမိလျှင် ဒေါ်ဖွားမေ ပြုံးပါသည်။

"သူတို့ဖို့အများကြီး ကျန်ပါသေးတယ်ကွယ်၊ အဘွားမှာ ဒီခြံ ဒီတိုက်အပြင် အခြားတိုက်ခန်းတွေ၊ ဘဏ်အပ်ငွေတွေ၊ အတွင်းပစ္စည်းတွေရှိပါသေးတယ်၊ သမီးကိုယုံလို့ပြောပြတာနော်"

ရိုးသားစွာပြောပြနေသည့် အဘွားအတွက် ခင်ညီလာ တကယ်ပဲ စိုးရိမ်လာပါသည်။ ဒေါ်နီလာဟာ မွေးစားသမီးတဲ့၊ သားသာဆို မအေကိုသတ်ပြီး ပစ္စည်းတွေယူလေမလားပင်။

ခင်ညီလာ စိုးရိမ်သလို အဘွားလည်းစိုးရိမ်လေသလား။

"သမီး ... အဘွားညီမဆီ ဖုန်းဆက်စမ်း၊ အဘွားဆီ တစ်လလောက်ဖြစ်ဖြစ်လာနေပါလို့၊ အဲဒီအနားမှာ ဖုန်းနံပါတ် မှတ်ထားတဲ့စာအုပ်ရှိတယ် ... ဒေါ်ဖွားငယ်တဲ့ ရှာပြီးဆက်"

အဘွားပြောသည့်အတိုင်း ခင်ညီလာ ဖုန်းနံပါတ်ရှာနေ စဉ် အခန်းတံခါးခေါက်သံကြောင့် အဘွားကိုလှမ်းကြည့်တော့ ဖွင့်ပေးဖို့ ခေါင်းညိတ်ပြသည်။ ခင်ညီလာ သွားဖွင့်ရ၏။

"အန်တီ"

"ဘာဖြစ်လို့ တံခါးပိတ်ထားကြတာလဲ၊ ဘာတွေမဖွယ် မရာကြံစည်နေကြလို့လဲ၊ အောက်ထပ်က ဖုန်းပျက်နေလို့အပေါ် ထပ်ကို ဖုန်းတက်ဆက်တာ"

ခပ်တင်းတင်းပြောပြီး သူ့သားထံဖုန်းဆက်ဖို့ပြင်နေလျှင် ခင်ညီလာ စောစောကဖုန်းဆက်သည့်အကြောင်း ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောစောက အန်တီ့သားဖုန်းဆက်ပါတယ်၊ မနက်ဖြန် ပြန်လာကြမယ်တဲ့၊ အခန်းပြင်ထားပါတဲ့"

"ဟင် _ ကြည့်စမ်း ... ကြည့်စမ်း အဲဒါ ငါ့ကိုဘာကိစ္စ ချက်ချင်းလာမပြောတာလဲ၊ မအေမှာ သားဖုန်းမဆက်လို့ ရူး မတတ်ခံစားနေရတာ၊ ငါ့ကို ပမာမခန့်လုပ်တာလား"

"မဟုတ်ပါဘူးအန်တီ၊ ဇနာရီထိုးတော့မှာမို့ အဘွားကို ဆေးတိုက်ပြီးမှ အန်တီ့ကိုလာပြောမလို့ပါ"

"ညည်းမလာအားလည်း အောက်ထပ်ကိုဖုန်းဆက်လိုက် ပေါ့၊ ခုတော့ ... ဒါ ငါ့ကိုအရေးမစိုက်တာဘဲ"

"အဲလို ဖုန်းပြောလို့ရတာမေ့နေလို့ပါရှင်၊ ညီ ... ဆင်း ပြောမလို့ပါ"

"အေးပေါ့ ... ညည်းက ဒီအိမ်ရဲ့ အရှင်သခင်ကိုပဲ ဂရု စိုက်တော့မှာပေါ့၊ ငါဟာ ဘာကောင်မမှမဟုတ်မှန်းလည်း သိ သွားပြီကိုး၊ မှန်းစမ်း ... ဒါ ဟင်ကြည့်စမ်း၊ ဒါ ... ညည်း ဒေါ်ဖွားငယ်ဆီဖုန်းဆက်မလို့ လုပ်နေတာမဟုတ်လား၊ မေမေ ဒါဘာအချိုးချိုးနေတာလဲ၊ တစ်သက်လုံးက ချေးသေးပြုစုလာခဲ့တဲ့ သမီးကိုထားပြီး ... အမွေပေးခါနီးကျမှ ညီမကိုခေါ်တယ်ပေါ့ လေ၊ ခေါ်ရဲခေါ်ကြည့် ... နီလာ့အကြောင်းသိသွားမယ်"

ဒေါ်နီလာမေ ... ဒေါသူပုန်တွေထပြီး သောင်းကျန်းနေ လျှင် ခင်ညီလာ ဘာလုပ်ရမှန်းမသိ။ အဘွားခုတင်နားသွားပြီး မျက်နှာငယ်လေးနှင့် ငေးကြည့်နေရသည်။ တော်တော်ဆိုးတဲ့





ိန်းမကြီးပဲ။

အခန်းထဲရှိ ပစ္စည်းများကို ငုန်းဒိုင်းကြဲ လွှင့်ပစ်နေလျှင် င်ညီလာ အရဲစွန့်ပြီး တားဆီးရသည်။

"အန်တီ _ ကိုယ့်မအေကို သွေးတိုး၊ နှလုံးလန့်ပြီးသေ အောင် လုပ်နေတာလား၊ အန်တီ့ဒေါသကို ဒီအခန်းထဲမှာမထွက် ါနဲ့၊ အဘွားအတွက် မကောင်းပါဘူး"

"အောင်မယ် ... နင်ကများ လူပါးဝလို့ ... ကဲဟယ်"

ဒေါ်နီလာ ခင်ညီလာကို ပါးရိုက်ဖို့ပြင်လျှင် သူမရှောင်ပေး ရသည်။ ခက်တော့တာပဲ။ ငါ့နှယ် ... ဘယ်လိုအကုသိုလ်တွေ ဝင်ရပါလိမ့်။

သို့သော် _ ဒေါ်နီလာ အခန်းထဲမှာဆက်မသောင်းကျန်း တော့ဘဲ အခန်းပြင်သို့သာ ဒေါသတကြီး ရေရွတ်ထွက်ခွာသွား တော့သည်။

အခန်းထဲမှာ အဘွားနှင့်သူမ နှစ်ယောက်တည်း။ အားပေး သည့်အနေနှင့် တစ်ယောက်ကိုတစ်ယောက် ဆုပ်ကိုင်မိကြသည်။

"သမီး ... အဘွားကို ပစ်မသွားနဲ့နော်"

"ဟုတ်ကဲ့ပါ ... အဘွား လိုအပ်သရွေ့နေပေးမှာပါ"

"ကျေးဇူးပါပဲကွယ်၊ ကဲ _ နီလာမရှိတုန်း အဘွားညီမ ဆီဖုန်းဆက်ပေးပါ မြန်မြန်လေး ... "

အဘွားဆန္ဒအတိုင်း ခင်ညီလာ ဒေါ်ဖွားငယ်ရှိရာ တောင် ကြီးသို့ ဖုန်းဆက်ရသည်။ ဖုန်းကတော်တော်နှင့်ခေါ်မရသည်



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ အောက်ထပ်မှဖုန်းချသံကြောင့် သူမတို့ဖုန်းကို ခိုးနား ထောင်နေကြောင်း သိလိုက်ရသည်။

ဖုန်းခွက်ကို လက်ဝါးနှင့်အုပ်ပြီး သူမ အဘွားထံအစီရင် ခံရသည်။

"အဘွား ... အောက်ထပ်က ဖုန်းခိုးနားထောင်နေ တယ်"

"ဒါဆိုမဆက်နဲ့တော့ သမီး၊ နောက်နေ့မှ အပြင်ဖုန်းက တစ်ဆင့် ဆက်လိုက်"

"ဟုတ်ကဲ့ပါအဘွား၊ ကဲ ... အဘွားဆေးသောက်ရ အောင်"

ဖုန်းမဆက်တော့ဘဲ ခင်ညီလာ ... အဘွားကို ဆေး တိုက်ရသည်။ နောက် ... လိုအပ်တာလုပ်ကိုင်ပေးပြီး အဘွား အိပ်ဖို့ ပြင်ပေးလိုက်သည်။ သူမကတော့ မအိပ်ချင်သေး။ ဆေးရှိန်ကြောင့် အိပ်ပျော်သွားသည့် အဘွားအနားမှာ နေပေး ရင်း သူမ၏တာဝန်သည် အဘွား၏အသက်အန္တရာယ်ကို စောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း ခင်ညီလာ သဘောပေါက် လာရသည်။

သည်စဉ် - ဖုန်းမြည်လာပြန်သဖြင့် ခင်ညီလာ ကြောက် ရွံ့စွာ သွားကိုင်ရပြန်သည်။ ည ၉နာရီ။

"ဟဲလို ... "

"ခင်ညီလာ ... ကိုယ်ပါ နေသန့်စင်"





"ဘာဖြစ်လို့လဲ ... "

"အဘွားအတွက်စိုးရိမ်လို့ ... ပြီးတော့ မင်းကိုလည်း စိုးရိမ်လို့"

"ကျွန်မကို ဘာဖြစ်လို့ စိုးရိမ်ရတာလဲ"

"နောက်မှပြောမယ်၊ အကူအညီလိုရင်ပြော ... "

"မလိုပါဘူး"

"မင်းတို့ဘယ်တော့အလုပ်ဝင်ရမလဲ၊ ဘယ်တွေလျှောက် ထားလဲ"

"မြန်မာပြည် တနံတလျားပဲ၊ ပဲခူးတော့မပါဘူး"

"ဒီကိုရအောင် ကိုယ်လိုက်ပေးမယ်၊ ဌာနချုပ်မှာ ကိုယ့် ဆရာတွေအများကြီးပဲ"

"တော်ပါပြီ ... ဘဝဆက်တိုင်းပဲ ... "

ဖုန်းထဲမှာမို့ သူ့ကိုမလေးစားလေသလားမသိ။ တကယ်ဆို သူမက ပမွှားလေး။ သူက တကယ့်သမားတော်ကြီး ရာထူးချင်း အဆင့်အတန်းချင်က မိုးနဲ့မြေ။

"ကိုယ်တောင်းပန်ပါတယ်၊ ကျေတဲ့အထိ တောင်းပန် မယ်"

"ဘယ်တော့မှမကျေဘူး၊ ဆရာ့ကိုကျွန်မ ဝေးဝေးရှောင် မယ်"

"ခုတော့မရတော့ဘူးလေ၊ ကိုယ်တို့ပတ်သက်ဆက်နွယ် နေမိကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်းအခိုက်အတန့်ပါ၊ ဒီမှာဟုမ်းလိုက်ပြီးရင် ကျွန်မ ရန်ကုန်ပြန်မှာပေါ့"

"ဒီမှာ ကိုယ့်ဆေးခန်းမှာပဲ အလုပ်ဝင်လိုက်ပါလား ... ၊ ရန်ကုန်မှာနေရတာ ခက်ခဲပါတယ်"

"ဆရာအလုပ်တွေသိပ်အားနေလား၊ ကျွန်မ အိပ်ချင်ပြီ"

"မအားပါဘူး၊ ခုမှ ဆယ်နာရီရှိသေးတယ်၊ ကိုယ်ခုမှ ဆေးခန်းပိတ်တာ၊ ဒီမှာ _ မင်းမှတ်ထား၊ ကြီးပွားချမ်းသာချင်တဲ့လူဟာ အပျင်းမထူရဘူး၊ အအိပ်မကြီးရဘူး၊ အစားမကြီးရဘူး"

"ကျွန်မ မကြီးပွားချင်ပါဘူး၊ ကျွန်မမှာ လုပ်ကိုင်ကျွေးမွေးရမယ့်အဘွားလည်း မရှိတော့ဘူး၊ ကိုယ့်တစ်ယောက်စာကတော့ ကမ္ဘာကြီးထဲမှာ ဘယ်လိုနေနေ နေလို့ရပါတယ်"

"ဒါပေါ့လေ ... မင်းကမိန်းကလေးပဲ၊ သမားတော်တစ်ယောက်လောက် ခေါင်းခေါက်ယူပြီးရင် ထိုင်စား၊ အိပ်စားရုံပဲ"

"ရှင် ... "

တစ်ဖက်မှ ရယ်သံသွဲ့သွဲ့နှင့် ဖုန်းပိတ်သွားလျှင် ခင်ညိုလာ ဒေါပွကျန်ခဲ့သည်။ ဘာသဘောလဲ။ အနိုင်နဲ့ပိုင်းသွားလိုက်တာ။ ကြည့်စမ်း ... အပြင်မှာဆို မျက်မှန်ကြီးနဲ့ ခန့်ခန့်ညားညား။ ခုလိုဖုန်းထဲမှာ မိန်းမလိုမိန်းမရပြောတာ ကောင်းသလား။

သူမ ကိုယ့်စိတ်ကိုယ်လျှော့ပြီး ကိုယ့်အိပ်ရာလေးမှာကိုယ်





အိပ်ရသည်။ တံခါးဂျက်ကိုတော့ မမေ့မလျော့ပိတ်ရသည်။ တော်ကြာ အဘွားကိုတစ်ယောက်ယောက်က အန္တရာယ်ပေးရင်ဒုက္ခ။

တဖြည်းဖြည်း နက်နဲ့ရှုပ်ထွေးလာသည့် ဝက်ပါထဲမှာ ခင်ညိုလာ အဘအောင်ကိုသာလှမ်းပြီး မေတ္တာပို့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့နံနက်မှာ ဒေါ်နီလာ လူနာခန်းထဲသို့ မျက်နှာထားတင်းတင်းနှင့် ရောက်လာခဲ့သည်။

လူနာခန်းဟာ လူနာခန်းနှင့်လုံးဝမတူဘဲ ပန်းရနံ့တွေနှင့် မွှေးပျံ့လင်းချင်း ရှင်းသန့်နေသလို ဒေါ်ဖွားမေသည်လည်း မိုးလင်းသည်နှင့် သန့်ရှင်းလှပနေပါသည်။

အဝတ်အစားလဲပြီးသား၊ သနပ်ခါးလိမ်း၊ ခေါင်းဖြီးပြီး ဝှီးချဲလေးပေါ်တင်ဖို့အသင့်။ နံနက်စာကိုပင် အိပ်ရာထဲမှာမစားတော့ဘဲ ထမင်းစားခန်းမှာ သွားစားဖို့ သူမပြောပြနေမိသည်။ ဒါမှ လူမမာနှင့်မတူတော့ဘဲ လန်းဆန်းအားရှိရအောင်ဖြစ်သည်။

သူမ၏ပြောစကားများကို တစ်စွန်းတစ်စ ကြားလိုက်ရသည့် ဒေါ်နီလာက ...

"ဘယ်ဖြစ်မလဲ ထမင်းစားခန်းထဲမှာစားလို့ ဘယ်ဖြစ်မလဲ၊ မေမေက လျှာတွေ သွားတွေသိပ်အလုပ်မလုပ်သေးတော့ အဖိတ်ဖိတ်အစင်စင်နဲ့ သူများတွေ ရွံရှာကုန်မှာပေါ့"





"ဘယ်သူရှိလို့လဲအန်တီရယ် ... ဒီအခန်းထဲမှာချည်း တခွေခွေဆိုရင်အဘွားအားလျော့တာပေါ့၊ လူကောင်းတစ်ယောက်လို နေထိုင်ပြုမူပေးမှ အဘွားစိတ်ရွှင်လန်းတက်ကြွမှာ"

"ညည်းအပိုတွေမလုပ်ပါနဲ့ ... မေမေက လူမမာပဲ၊ လူမမာလိုနေရမှာပေါ့၊ ဝှီးချဲနဲ့လျှောက်သွားနေရင်း တစ်ခုခုဖြစ်ရင်မခက်ပါလား၊ ပြီး ... ဒီနေ့ပဲ ငါ့သားနဲ့ချွေးမရောက်လာမှာလေ၊ ကလေးတွေ စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့၊ လွတ်လွတ်လပ်လပ်နေကြပါစေ၊ ကဲ ... မေမေ ကျွန်မ ဈေးထွက်လိုက်ဦးမယ်၊ အ-မေ နေသာတယ်မဟုတ်လား။ ညနေမှပြန်လာမယ်၊ သားတို့လည်း ညနေမှရောက်မယ်တဲ့ ..."

ပြောပြီး ဒေါ်နီလာ ထွက်သွားလျှင် ခင်ညီလာလည်း ကိုယ့်အစီအစဉ်အတိုင်း ဆက်လုပ်သည်။

"လာ ... အဘွား ထမင်းစားခန်းထဲမှာ မနက်စာသွားစားကြမယ်၊ ပြီးရင် ... ခြံထဲမှာဆင်းပြီး နေဆာလှုံ၊ လျှောက်ကြည့်မယ်၊ အဘွားမှာ ပန်းခြံတစ်ခုလောက်ရှိရင် ကောင်းမယ်နော်၊ ပန်းလေးတွေက လူကို စိတ်ရွှင်လန်းစေတယ်လေ"

"ဒါများသမီးရယ် ... အဘွားနဲ့သိတဲ့ ပျိုးပင်ဆိုင်တစ်ဆိုင်ရှိတယ် ဖုန်းဆက်ပြီး ပန်းပင်လေးတွေဝယ်လိုက်၊ တစ်ခုတော့ရှိတယ်နော်၊ ရေလောင်းတာ ... မြေဖာကျွေးတာတွေ လုပ်ရလိမ့်မယ်"

"တကယ်လားအဖွား ... နှင်းဆီပန်းရောင်စုံလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွပင်လေးတွေ ...၊ နောက် ... ပန်းပွင့်တဲ့အိုးလေးတွေ နှစ်ဆယ်လောက်ဆို ပန်းခြံလေးဖြစ်ပြီပေါ့၊ ရေလောင်းတာတွေ ဘာတွေ သမီးလုပ်ပါ့မယ်၊ သမီးလုပ်တတ်တယ်''

အဘွားကို အောက်ထပ်ထမင်းစားခန်းသို့ ပို့ပေးပြီး ခင်ညီလာ အဘွားကို ဂရုတစိုက် ကျွေးမွေးပါသည်။ လူမမာလည်း အားရှိအောင် နို့နှင့်ပူတင်း၊ နောက် ... ချောကလက်ကိတ်။

အဘွားက လက်မသန်သည့်မို့ သူမကပင် ကလေးလေး တစ်ယောက်လို စိတ်ရှည်စွာ ခွံ့ပြီးကျွေးမွေးရ၏။ စပါယ်ရှယ်နာ့စ်တစ်ယောက်၏ တာဝန်ဝတ္တရားအပြင် စေတနာတွေ ပိုနေမိတာကတော့ သူမဟာ အဘွားချင်း စာနာမိလို့လည်း ဖြစ်သည်။

''သမီးလည်းစားလိုက်ဦးလေ၊ ပြီးရင် ... သားကိုအဘွား ဆီခဏလာခဲ့ဖို့ ဖုန်းဆက်ပေးပါဦး ...''

ခင်ညီလာ တွန့်သွားရသည်။ သူ့ကို မခေါ်ချင်ပါဘူး။ သို့သော် အမိန့်အရ လုပ်ပေးရဦးမည်သာ။ ကိုယ်လည်း ထမင်း ကြော်နှင့်ကော်ဖီ သောက်ပြီး အဘွားခိုင်းသည့်အတိုင်း သူမ ဖေါက်တာ့ဆီ ဖုန်းဆက်ရသည်။

''ဟဲလို ...''

''ဘာလဲကွာ ... ဘယ်သူလဲ၊ ဒီမှာအိပ်တုန်း ...''

သူ့ဟာန်းဖုန်းမို့ ရင်းနှီးသူတွေပဲ ဆက်ခွင့်ရှိမှာမို့ထင့်။ အသံ





ကြီးက ဂကျီဂကျောင်။ ခင်ညီလာ အကွက်ဝင်တုန်းနှိပ်ကွပ်လိုက်သည်။

''ကြီးပွားချင်တဲ့သူဆိုတာ အအိပ်မကျူးရဘူးလေ၊ အခု မနက် ဂုနာရီခွဲနေပြီ၊ အိပ်ရာမထသေးဘူးလား''

''အာ ... ညက အရေးပေါ်လူနာရှိလို့ ဆေးရုံပြေးရလို့ ကွ ... ရမ်းမပြောနဲ့သိလား၊ ကဲ ... ပြော ကိုယ့်ကိုလွမ်းလို့ ဆက်တာတော့ မဟုတ်ပါဘူးနော်''

ခင်ညီလာ နှုတ်ခမ်းလေးမဲ့လိုက်သည်။ အပြင်မှာရုပ်တည် ကြီးနှင့်ပေမယ့် ဖုန်းထဲမှာတော့။

''အဘွားက အရေးကြီးလို့ ခဏလာခဲ့ပါတဲ့ ... ဒါပဲ''

ဖုန်းကို တိခနဲဖြတ်ချပြီး ခင်ညီလာ သဘောကျနေမိသည်။ မှတ်ပြီလား။ သူ့ကိုများ အရေးလုပ်လို့၊ လောကကြီးထဲမှာ သူကပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးမို့ သူမကိုလည်း နှင်းဆီ ကြိုက်တဲ့ မိန်းကလေးထင်နေသလား။

ဘုန်ကြီးတစ်ခွဲသားနဲ့ လိုတိုးပိုလျော့လုပ်နေတဲ့ ရှင့်ကို အဘွားကိစ္စနဲ့တင် မုန်းပြီးသား။

ဖုန်းဆက်ပြီး ခင်ညီလာ အဘွားနားပြန်ရောက်လာခဲ့ သည်။ ဝိုးချဲကို ခြံထဲသို့တွန်းယူခဲ့ပြီး နေပူစာလှုံနေကြစဉ် ချက်ချင်းပင် ဖေါက်တာကားနှင့်ရောက်လာခဲ့သည်။ တကယ်လည်း နီးနီးလေးပင် မဟုတ်ပါလား။

''မျက်နှာတောင် သစ်ခဲ့သလားပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူမက တီးတိုးရေရွတ်ပေမယ့် သူက ကြားဖြစ်အောင် ကြားပါသည်။

"သစ်ခဲ့တယ် ... ဘာမှသာ မစားခဲ့ရသေးတာ"

"သမီး ... သားဖို့ စားစရာ သောက်စရာသွားယူခဲ့ပါ"

သူတို့ချင်း စကားပြောစရာတွေရှိလို့ သူမကိုလွှတ်လိုက်တာလည်းဖြစ်ပေမည်။ ခင်ညီလာ မီးဖိုဘက်သွားပြီး မပန်းသီတို့ အကူအညီနှင့် စားသောက်စရာတွေ ပြင်ဆင်လာခဲ့သည်။

ကော်ဖီနှင့်မုန့်မျိုးစုံကို ငွေလင်ဗန်းလေးနှင့်ထည့်နေစဉ် စကားတွေ ပြောမိကြသေးသည်။

"အဘွားမြေး ... လင်မယားနှစ်ယောက် ဒီနေ့ရောက်မယ်တဲ့၊ အဘွားမြေးက သဘောကောင်းလား ... မပန်းသီ"

"အမလေး ... အရမ်းဖိဇာကြောင်တဲ့လူ၊ သူ့မိန်းမကတော့ ဘယ်လိုနေမလဲမသိဘူး၊ ဒုက္ခပဲ ... မမကြီးကတစ်မျိုး၊ သူ့သားကတစ်မျိုး မောက်လည်းမောက်မာကြတယ်၊ အိမ်မှာတော့ ဘာတွေဖြစ်လာဦးမယ်မသိဘူး"

"သဘောကောင်းတဲ့ မေမေကြီးကျတော့လည်း အိပ်ရာထဲလဲနေရရှာတယ်"

"အခု - အိပ်ရာထဲက ထွက်နိုင်ပါပြီ၊ ဝှီးချဲနဲ့ခြံထဲတောင် ရောက်နေပြီ"

မပန်းသီက အရေးတကြီးမျက်နှာနှင့် အသံတိုးတိုး ...

"သူတို့က မေမေကြီးကို မြန်မြန်သေစေချင်နေကြတာ၊





ဆရာမရောက်လာမှ လူနာက အခြေအနေတွေတိုးတက်ပြီး ကောင်းသထက်ကောင်းလာတာ"

"ဆရာဝန်တော်တာလည်း ပါ,ပါတယ်၊ သူကအဘွားရဲ့ ငယ်ငယ်ထဲက ကြည့်ခဲ့ရတဲ့လူဆို ... "

"ဟုတ်တယ် - ဟုတ်တယ် ဒီဆရာဝန်ရောက်လာတာလည်းပါတယ်၊ ဆရာဝန်က ကျပ်ကျပ်မတ်မတ်ကြည့်ပေး၊ ကုပေးတော့ မမကြီး အကျပ်ရိုက်နေရတာပေါ့"

"မွေးစားအမေဆိုပေမယ့် ကိုယ့်ကျေးဇူးရှင်ပဲမဟုတ်လား၊ သူကဘာဖြစ်လို့ အဘွားကို မြန်မြန်သေစေချင်နေရတာလဲ မပန်းသီရယ်"

"မေမေကြီးက သူ့အသုံးမကျမှန်းသိလို့ အမွေတွေ ငွေတွေအပ်တာမဟုတ်ဘူးလေ၊ ထိန်းထားတယ်၊ မေမေကြီးက စည်းစနစ်ရှိတယ်၊ သူတို့သားအမိက စည်းစနစ်မရှိ ငွေကိုရေလိုသုံးနေကြတာဆိုတော့၊ အင်း - မေမေကြီးသေမှပဲ သူတို့ထင်သလို သုံးရ ဖြုန်းရမှာ"

"ဩော် ... ဒုက္ခပါပဲနော် ... "

အချိန်ကြာနေပြီမို့ ငွေလင်ဗန်းကိုမကာ ခင်ညီလာ ခြံထဲသို့ပြန်ဆင်းခဲ့တော့ အဘွားနှင့်ဒေါက်တာကို တီးတိုးတိုင်ပင်နေတာ မြင်လိုက်ရသည်။ သူမ အနားသို့ရောက်သွားသည်နှင့် သူတို့စကားဖြတ်လိုက်ကြ၏။

"ကဲ ... စာ၊ ... သား၊ နေ့တိုင်းလာစားပါသား သား၊



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ မင်းမှာ ချက်ပြုတ်ကျွေးမွေးမယ့် အိမ်ရှင်မလည်းရှိတာ မဟုတ်ဘူး''

"ကြုံသလိုလာစားမှာပေါ့အဘွားရဲ့ ကျွန်တော့်အတွက်က ကိစ္စမရှိပါဘူး''

"ဩော် ... သားမိဘတွေသာရှိရင် သားကိုအိမ်ထောင်ချပေးကြမှာပဲနော် ... အင်း ... ''

"အဘွားကိုလည်း ကျွန်တော့်မိဘလို သဘောထားပါတယ်''

ဒေါက်တာနေသန့်စင် အဘွားအား မန့်စားရင်း ချစ်ခင်စွာ ပြောလိုက်လျှင် အဘွားမျက်နှာ ရွှင်လန်းသွား၏။

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဒါဆို အဘွားမှာ တာဝန်ဝတ္တရားတွေရှိတာပေါ့၊ ငါ့သားအတွက် အလိမ္မာအိမ်ပါ ချွေးမလေးရှာပေးရမှာပေါ့''

ခင်ညီလာ ခေါင်းငုံ့ထားပြီး သူတို့နှစ်ယောက်၏စကားများကို မျက်နှာပူနေမိ၏။ ကိုယ်နှင့်ဘာမှမဆိုင်ပေမယ့် မိန်းမပျိုလေးတစ်ယောက်ရှေ့မှာ ဒီစကားတွေဟာ နားရှက်စရာ။ ဒေါက်တာက ခင်ညီလာ့ကို ရုပ်ခန့် စိုက်ကြည့်ပြီး ...

"ရမ်းရှာမပေးပါနဲ့အဘွားရယ် ... အဘွားက ဘုမသိဘမသိနဲ့ ချွေးချယ်ပေးလိုက်လို့လည်း ရန်သူနဲ့တူသော မိန်းမနဲ့တွေ့နေရပါဦးမယ်''

"အစိုးရိမ်ကြီးတတ်ရန်ကော သားရယ် ... အဘွားက





ရှေးလူကြီးဆိုပေမယ့် ခေတ်နဲ့မျက်ခြည်မပြတ်ပါဘူးကွဲ့၊ သားမနှစ်သက်နိုင်မယ့် ပုံတုံးတုံး၊ အရုပ်ဆိုးဆိုးတော့ ဟုတ်မလား၊ ရုပ်ကလေးချောရုံတင်မက စိတ်နှလုံးလည်းဖြူစင်မြင့်မြတ်တဲ့ မိန်းကလေးမျိုးမှ သားဘဝတစ်ခုလုံးအတွက် အဆင်ပြေမှာပေါ့''

အဘွားမည်သူ့ကိုရည်ရွယ်ပြီး ပြောနေမှန်းမသိပေမယ့် ခင် ညီလာ ဒီအနားမှာ မနေရဲတော့ပါ။ သူစားသောက်ပြီးစီးသွား သည့် ပန်းကန်များနှင့် လင်ဗန်းကိုသာ မီးဖိုဘက်ပြန်ပို့ဖို့ အလုပ် မရှိ အလုပ်ရှာထွက်လာခဲ့လိုက်သည်။

ဒါတောင် နောက်မှ ရယ်သံသဲ့သဲ့လိုက်ပါလာတုန်း။

"ပြန်ဦးမယ်အဘွားရေ ... ဆေးခန်းကလူနာတွေ တန်းစီစောင့်နေလောက်ပြီ၊ ကူမယ့်သူမရှိသေးတော့လည်း ဒီလိုပဲပေါ့လေ၊ နောက်မှ ... သူများပြုစုတာကို ဇိမ်နဲ့နှပ်တော့မယ်၊ အဘွားပဲကြည့်ရှာထားလိုက်နော်၊ ရှာရမှာလည်း အဘွားနဲ့လက်လှမ်းမီတယ် မဟုတ်လား''

"မီတယ် ... မီတယ် နီးနီးလေးရယ် ... ''

ခင်ညီလာ သူတို့ရယ်သံများကို ခြေဆောင့်ရင်း မီးဖိုဘက်သို့ရောက်ရှိလာခဲ့သည်။ လူများလှောင်စရာမှတ်လို့၊ သူ့အသက်ကဖြင့် သုံးဆယ်ကျော်ကြီး။ ပြီး ... မိုးပေါ်ကသီကြားမင်းလိုတကယ့်သမားတော်မြင့်မြင့်ကြီးက သူမလို အလုပ်တောင်မပြင်ရသေးသည့် ဆရာမလေးကို ကြောင်ကကြွက်ကို ကစားနေသလိုဟားချင်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... ဝေးသေးတယ်။ အဘွားကိစ္စနဲ့ပတ်သက်ပြီး မကျေပါဘူးနော်။

BURMESE CLASSIC .com

ညနေမှာ မင်းလုလင်နှင့်ဝါဆိုတို့ လင်မယားရောက်ရှိလာကြသည်။ အိမ်မှာကားတစ်စီးပဲရှိပြီး ဒေါ်နီလာယူသွားသည့်ကြောင့် ကြိုမည့်သူမရှိလို့ အငှားကားနှင့်ပြန်လာရသည်ကြောင့် င်းလုလင်၏ရုပ်က အစွမ်းကုန်စူပုပ်လျက်။

ညေ့်ခန်းထဲမှာ ဗိုးချဲနှင့်ထိုင်နေသည့် အဘွားကိုလည်း ရှမစိုက်။ ကျန်သုံးယောက်ကတော့ သည်အိမ်၏အစေအပါးတွေ နည်းနည်းမှ လူမထင်။

သူ၏ဖုန်းအသစ်စက်စက်ရှေ့မှာ သိက္ခာကျတယ်ထင်ပြီး ရောက်ကတည်းက ဝုန်းဒိုင်းကျဲလျက်။

"အိမ်မှာလူတွေရှိရဲ့နဲ့ ဘာလုပ်နေကြတာလဲ၊ ကားနဲ့လာကြိုရအောင် ဖုန်းကြိုဆက်ထားတဲ့ကြားက သွားကြဗျာ၊ ခင်ဗျားတို့ ယ်သူမှအသုံးမကျဘူး။ ဟိုတစ်ယောက်က ဘယ်သူလဲ"

မင်းလုလင်မှာ ခေတ်ပေါ်ဒီဇိုင်းနှင့် အသက်နှင့်မယ် ကျော်အရွယ်ရှိပြီး အသားဖြူဖြူ ပိန်ပိန်ရှည်ရှည်။ စ ကတော့



www.burmeseclassic.com

www.burmeseclassic.com



ခပ်မိမိ။ ရုပ်က ကြည့်ပျော်ရှုပျော်။

သူ့ဇနီးဝါဆိုကလည်း ခေတ်လွန်ဒီဖိုင်းနှင့်။ လူကခပ်ပြည့် ပြည့်မှာ အင်္ကျီကလည်း ရင်ပြတ်ဂါဝန်။ ဂါဝန်ကပေါင်လည် လောက်ရောက်ပြီး စတော်ကင်မဝတ်။ အသားက ဖြူစွတ်စွတ်ပ ပေါ်နေသည့်အသားတွေက ပက်ပက်စက်စက်။ ဖယောင်းရုပ် တစ်ရုပ်လို။ အလုစားကြီးမဟုတ်ပေမယ့် ပြင်တတ်၊ ဆင်တတ်ပြီ ဆေးခြယ်ထားသည့် အရုပ်တစ်ရုပ်လို လှပါသည်။

"ဘာတွေချက်ထားလဲ၊ ဝါဆိုက အစားအသောက်ရှေ တယ်၊ မေမေ့ဆီ ဖုန်းဆက်ရဦးမယ်"

သူပြောချင်တိုင်းပြော၊ ဆူချင်တိုင်းဆူပြီးမှ ညှော်ခန်းထဲမှာ ဝိုးချဲ့နှင့်ငြိမ်သက်စွာထိုင်နေသည့် အဘွားကို ယခုမှမြင်သည့်ဟန် နှင့် နှုတ်ဆက်လိုက်သည်။

"ဩော် ... အဘွားရှိနေတာကိုး၊ ဆောရီးအဘွားရေ သားကအဘွားကို အိပ်ရာထဲမှာပဲရှိနေမယ်မှတ်တာ၊ အဘွ တော်တော်ကောင်းသွားပြီနော်၊ ဝမ်းသာတယ်အဘွား ... ဒီမှ လေ အဘွားရဲ့မြေးချွေးမလေး ... ဝါဆို ... ဒါ မောင့်အဘွားလေ ငယ်ငယ်က ဘယ်လောက်ချောလိုက်မလဲ ... ခုတောင်ချေ တုန်း"

အနှစ်မရှိသည့်စကားတွေနှင့် အဘွားအနားမှာ ခေ အရေးသယ်ပြီး နှစ်ယောက်သား သူတို့အတွက် ပြင်ထားသည့် အခန်းထဲသို့ ရောက်သွားကြသည်။

"သမီးရေ ... အဘွား ကိုယ့်အခန်းကိုယ်ပြန်မယ်"





"ဟုတ်ကဲ့ပါ အဘွား ... "

အဘွားကို အပေါ်ထပ်ရောက်အောင်ပို့ဆောင်ပြီး လေ့ကျင့် ခန်းတွေလုပ်ပေးရသည်။ နောက် ... စာအုပ်တွေ ဖတ်ပြနေစဉ် ညနေ ငါးနာရီခန့်မှာ ဒေါက်တာ ရောက်လာခဲ့ပြန်သည်။

လွန်တာပေါ့။ မနက်ကလာပြီးပြီပဲ။ အင်းလေ ... အဘွား ကို စိုးရိမ်လို့ဖြစ်ရမယ်။

"သမီး ... သားအတွက် စားစရာတစ်ခုခု ... "

"ရတယ်အဘွား ... ကျွန်တော် ဒီနေ့မဆာဘူး၊ အဘွား ရော နေကောင်းတယ်နော်၊ ခုတလော ရွှင်လန်းနေတယ်၊ အိမ် မှာလည်း ဆွေတွေမျိုးတွေများနေပါလား"

"နည်းနည်းတော့ ဆူညံတယ်သားရယ်၊ နီလာတို့သားအမိ က ပတ်ဝန်းကျင်ကို အပူပေးနေတဲ့ နေလုံးကြီးတွေလိုပဲ၊ မနက် က အဘွားဆက်ခိုင်းတာ ဘယ်လိုလဲ"

ဩော် ... မနက်က အဘွား သူ့ကို ဒေါ်ဖွားငယ်ဆီ ဖုန်း ဆက်ခိုင်းတာကိုး။

"သူ့သမီး မီးဖွားဖို့ရှိလို့ မလာနိုင်တာ ခွင့်လွှတ်ပါတဲ့၊ တစ်ပတ် ... နှစ်ပတ်လောက်ကြာရင်တော့ လာမယ်ပြောပါတယ် အဘွား"

"ဒုက္ခပါပဲသားရယ် ... နီလာ့ပုံစံက အဘွားတောင်မပုံ ကြည်နိုင်လောက်အောင် လောဘတွေနဲ့ပူလောင်နေခဲ့တယ်ဟို ဟာတောင်းလိုက် ဒီဟာတောင်းလိုက်နဲ့"

"အကုန်ပုံပေးလိုက်ပါလားအဘွားရဲ့ ... ဒါဆို သူ



www.burmeseclassic.com

www.burmeseclassic.com



တောင်းမနေရတော့ဘူးပေါ့''

ဒေါက်တာနေသန့်စင် ခပ်ပြုံးပြုံးနှင့်နောက်လျှင် အဘွားက လေးနက်သောအတွေးနှင့်။

''သူ့လက်ထဲအကုန်ပုံပေးရင်လည်း မကြာဘူးကုန်မှာ၊ သူ့မှာအရည်အချင်းမရှိဘူးကွယ်၊ ပြီး … အဘွားလည်း မသေသေးဘူးလေ၊ သူ့ဆီလက်ဖြန့်ရမယ့်ဘဝကိုထား၊ အခုကိုယ်ပေးနေတဲ့ ဘဝမှာတောင် အဘွားစိတ်ဆင်းရဲနေရပါတယ်ကွယ်''

အဘွားရင်ထဲမှ ခံစားချက်တွေကြောင့် နေသန့်စင် အဘွားကို ဥပေက္ခာမပြုနိုင်တော့။ အလေးအနက်စဉ်းစားပေးရသည်။ သူ့မိဘများနှင့်အဘွားဟာ မိသားစုလိုနေခဲ့ကြသူတွေမို့ အဘွားနှင့်သူဟာ သွေးသားရင်းချာနှယ်။

''ဒါဆိုလည်းအဘွား … ကျွန်တော့်အိမ်မှာလိုက်နေလေ၊ ကျွန်တော်တစ်လှည့် ပြုစုရမှာပေါ့၊ အဘွားက ကိုယ့်အိမ်ကိုယ့်ယာလည်းခင်တွယ်နေတယ် မဟုတ်လား''

''မခင်တွယ်ပါဘူး၊ သေရင်ထားခဲ့ရမှာပဲလေ၊ နောက်ဆုံးဒီမှာနေမရအောင် စိတ်ဆင်းရဲလွန်တဲ့အခါ သားဆီပြောင်းလာခဲ့ပါ့မယ်''

''ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင်နေစမ်းပါ အဘွားရယ် အဘွားမှာ ရွှေငွေ၊ ဥစ္စာပစ္စည်း ပြည့်စုံသားပဲ''

''အဓိက လိုအပ်တာ အခြေအရံပေါ့သားရယ်၊ ခုကျ သမီးကလည်း အားမကိုးရ၊ မြေးကလည်း အင်းလေ … သွေးမစပ် သားမစပ်တဲ့ မွေးစားသမီးကို … ''





''အဘွားကလည်း ကျွန်တော်နဲ့ခင်ညီလာရှိသားပဲ … အားကိုးစမ်းပါ၊ ဒီထက်ကောင်းတဲ့လူ ဘယ်မှာရှိဦးမလဲ''

''ဟုတ်ပါတယ် … ဟုတ်ပါတယ်၊ ကဲ … သား ညစာစားသွားဦးလေ''

အဘွားကို ဆေးကုသစစ်ဆေးပြီးသည်နှင့် အဘွားက ထမင်းကျွေးဖို့စိစဉ်ရာ …

''ဒီနေ့တော့ မစားတော့ဘူးအဘွား၊ နောက်မှစားမယ်၊ ဟော့ … အောက်ရောက်အောင်လိုက်ပို့ဦးလေ၊ မပြောရင်သိကို မသိတတ်ဘူး''

ခင်ညီလာ့ကို လှမ်းဟောက်ရင်း ဆေးအိတ်ထိုးပေးနေလျှင် သူမ မျက်နှာစူပုပ်ပုပ်လေးနှင့် နောက်မှ အိတ်ကိုင်ပြီးလိုက်ရ၏။ လှေကားအဆင်းအတက်မှာ ခင်ညီလာ ခပ်ရှုန်ရှုန်ဆင်းသက်မိရာ …

''အမေ့ … ''

လှေကားထစ်ပေါ်မှချော်ပြီး … ရှေ့မှသွားနေသည့် သူ့ထံသို့ အော်တိုမက်တစ် ရောက်သွားရ၏။ သူကလည်း လျင်မြန်စွာလှည့်ဖမ်းလိုက်ရာ ခင်ညီလာ သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ရောက်သွားရသည်။

''ဘယ်လိုလဲ တမင်လုပ်တာလား''

ရင်ခွင်ထဲမှာ တင်းကျပ်စွာဖက်ထားပြီး သူမေးလျှင် သူမ အရှက်တွေနှင့် ပူထူနေရ၏။

''ဖယ်ပါ … ဘယ်သူက တမင်လုပ်မလဲ … ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ _ တစ်ချို့က မုန်းသလိုလိုနဲ့ ကြိတ်ချစ်ချင်ချစ်နေမှာ ..."

သူမ မခံမရပ်နိုင်သည်မို့ သူ့ကိုအတင်းတွန်းပြီး အပေါ်သို့ပြန်တက်ပြေးမည်ပြင်လျှင် သူကဆွဲထားခဲ့သည်။

"မရဘူး ... ကားထိလိုက်ပို့ရမယ်၊ ဆရာဝန်သိက္ခာကျလို့ ကိုယ့်အိတ်ကိုယ်မဆွဲနိုင်ပါဘူး"

ခင်ညီလာ နီရဲသောအရှက်မျက်နှာလေးနှင့်ပင် သူ့အိတ်ကိုဆွဲကာ ကားထိလိုက်ပို့ပေးရသည်။

အောက်ထပ်ဧည့်ခန်းထဲတွင် တစ်ယောက်နှင့်တစ်ယောက်ပွေ့ဖက်နမ်းရှုံ့နေသည့် လုလင်တို့နှစ်ယောက်ကိုမြင်ရလျှင် ခင်ညီလာ မျက်နှာမထားတတ်တော့။ အနေအထိုင်ပက်စက်လိုက်တာ။

နေသန့်စင်ကတော့ ခပ်တိုးတိုးရယ်မောရင်း ...

"စောစောကလေ့ကားပေါ်မှာတစ်တွဲ၊ အခုဧည့်ခန်းထဲမှာတစ်တွဲ၊ ဒီအိမ်ဟာ အချစ်စံအိမ်ကြီးပဲ ..."

သူမ _ သူ့အိတ်ကိုထိုးထည့်ပေးရင်း ကားနားမှလျင်မြန်စွာထွက်ခဲ့ရသည်။

သည်စဉ် ဒေါ်နီလာ ဈေးမှကားနှင့်ပြန်လာခဲ့ပြီး သူ့သားနှင့်ချွေးမရှိရာသို့ ပျာယီးပျာယာတက်သွားခဲ့သည်။ မအေကလည်း ခပ်သည်းသည်း၊ သားကလည်း ခပ်ချွဲချွဲ။

"သားလေး _ မောလာလား၊ သားကြိုက်တတ်တဲ့ဟင်းတွေ မေမေစီစဉ်ထားတယ်၊ ဝါဆိုကလည်းအချောလေးပဲ"





ဧည့်ခန်းထဲမှာ သူတို့သုံးယောက် စကားတွေပြောနေပုံကဆူးလှည်းကြီးလို ဟိုင်ငြိသည်ငြိ။

"သား _ အဘွားဆီက စိန့်တပ်ဆင်စာတောင်းနိုင်းတာပြောပြီးပြီလားမေမေ၊ ဝါဆိုက သူ့ဒွေးသမီး မေမေရဲ့၊ သားနောက် ... အမွေပြတ်ခံပြီး လိုက်လာရတာ"

"အမလေး ... တောင်းဖို့နေနေသာသာ သားဖုန်းဆက်တာတောင် မေမေ အချိန်မှီ သိရတာမဟုတ်ဘူး"

"သားဖုန်းဆက်တော့ ဘယ်သူကိုင်တာလဲ"

"သူလေ ... ဟဲ့ ခင်ညီလာ၊ ဒီအနားလာပါဦး၊ သူကမင်းအဘွားရဲ့နှာစ်လေ ... အဘွားကြီးကို အသေအလဲကာပ်ပေါင်းပြီး ဘာတွေကြံစည်မလို့လဲ မသိပါဘူး"

"ဒါဆိုလည်း လွှင့်ထွက်သွားအောင် လုပ်ပေါ့မေမေရဲ့"

လူကိုပမာမခန့် ပြောနေသဖြင့် ခင်ညီလာ ဧည့်ခန်းမှခပ်မြန်မြန်ဖြတ်သွားရသည်။ ဒုက္ခပါပဲ။ ဘယ်လိုလူတွေပါလိမ့်။

အဘွားအနားသို့ရောက်လျှင် အဘွားအတွက် မိဖြူ ညစာပို့ထားသည်ကိုတွေ့ရသည်။

"အဘွား ... အောက်ဆင်းမစားတော့ဘူးလား"

"ဒီမှာပဲကောင်းပါတယ်၊ မနက်ဘက်ပဲ ဆင်းစားမယ်"

အဘွားကို ခင်ညီလာ ညစာခွံ့ကျွေးနေစဉ် သူမတို့အခန်းထဲသို့ ဒေါ်နီလာတို့သားအမိသုံးယောက်ဝင်လာကြ၏။

"မေမေ ... ညစာစားနေပြီလား၊ ဒီမှာ နီလာအမေ့ဖို့လိမ္မော်သီးတွေ ဝယ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ကောင်းတယ် ..."

"ဒီမှာလေ ... မေမေ့ မြေးချွေးမ"

"မြင်ပြီးပါပြီ ..."

အဘွားက ထမင်းစားရင်း ခပ်မှန်မှန်ပြောနေလျှင် ဒေါ်နီလာ မျက်မှောင်ကုတ်သွားသည်။ သူ ... အဘွားကို အပြစ်ရှာ၊ ရန်လုပ်တော့၏။

"မေမေက ဘာအချိုးလဲ ... ဘာလဲ မြေးအတွက် လက်ဖွဲ့ပစ္စည်းပေးရမှာစိုးလို့ ခပ်တန်းတန်းလုပ်နေတာလား၊ နီလာတို့ကတော့ ခပ်ဘွင်းဘွင်းပဲ၊ ပစ္စည်းသခင်ရ၊ လူသခင်ရ သေရင်ကိုယ့်နောက်မပါမယ့် ပစ္စည်းတွေကို ဘာမှမက်မောတွယ်တာမနေဘူး"

"ဒါကြောင့် ... နင့်ကိုငါ ဘယ်လောက်ပေးပေး အဖတ်မတင်တာပေါ့၊ လူဆိုတာ ကိုယ့်ချွေးနဲ့စာမဟုတ်တော့ နမျော ရမှန်းမသိဘူးလေ၊ ဒီလိုပဲ မိဘဆီက လက်ဝါးဖြန့်လိုက်ကြ၊ လက်တောင်မနွေးဘူး၊ သုံးပစ်လိုက်နဲ့"

"ဟင် ... မေမေ ဘာစကားပြောတာလဲ၊ သားနဲ့ချွေးမ ရှေ့မှာ နီလာ့ကိုအရှက်ခွဲလိုက်တာလား၊ အမလေး ... အမလေး အရပ်ကတို့ရေ ... အိမ်ထဲလူစိမ်းရောက်တာနဲ့ လေသံတွေ ပြောင်းသွားလိုက်တာ၊ အရှင်ကြီး အရှင်ကောင်းတို့ ကြည့်မနေကြပါနဲ့"

အော်ဟစ်ငိုယိုပြီး နတ်သိကြားတွေကိုတိုင်တည်နေသည့် ဒေါ်နီလာကြောင့် ဒေါ်ဖွားမေ ထမင်းဆက်မစားနိုင်တော့ချေ။





ခင်ညီလာ ကိုယ့်အမေကို ထမင်းစားပျက်အောင်လာလုပ်နေသည့် ဒေါ်နီလာတို့သားအမိတွေအား စိတ်ထဲမှ အောကြောလန်မိသည်။ ရန်သူနှင့်တူသော သမီးပါလား။

မင်းလုလင်ကလည်း ပုံစံတစ်မျိုးနှင့်ဝင်သည်။ ဝါဆိုက တော့ အပျော့ဆွဲ၊ ဒေါ်ဖွားမေ၏ ခြေဖျားလေးများကို တယုတယ ပုံစံနှင့် ဆုပ်ပေးနေ၏။

"အဘွား ... သားတို့မင်္ဂလာဦးအတွက် အဘွားဟိုတုန်းက ဝတ်ခဲ့တဲ့ စိန်တစ်ဆင်စာ ချီးမြှင့်ပါ ..."

"နင့်အမေတုန်းကလည်း ငါပေးခဲ့တဲ့ လက်ဝတ်လက်စား တွေ မနည်းဘူး၊ နင့်အမေဆီမှာ တောင်းဦး ..."

"ဟာ ... အဘွားကလည်း အမေ့မှာရှိသေးလို့လား၊ သားတက္ကသိုလ်တက်တဲ့စရိတ်တွေနဲ့ ကုန်ပြီလေ"

"ဟဲ့ ... မင်းတက္ကသိုလ်တက်တာ ငါပေးတာပါဟဲ့၊ မင်းအမေက ဘယ်လိုတွေပြောနေလို့လဲ"

ဒေါ်နီလာ၊ ဒေါ်ဖွားမေနှင့်မင်းလုလင်တို့ ပြဿနာတက်နေလျှင် ဝါဆိုနှင့်ခင်ညီလာကတော့ ကြားထဲမှ ပရိသတ်။ ခင်ညီလာကတော့ အဘွားစိတ်ရှုပ်ထွေးပြီး ရောဂါတိုးမှာပဲစိုးရိမ်မိသည်။ စကားများတာကတော့ အကြီးအကျယ်။

"ဘယ်လောက်မလဲ မေမေရဲ့ ... မေမေက တစ်လကို နှစ်သိန်း၊ သုံးသိန်းလောက်ပဲပေးတာ၊ သားကအသုံးကြီးတော့ နီလာကပဲ ကိုယ့်ပစ္စည်းတွေရောင်းချထားခဲ့ရတာ၊ မေမေ့ကို နေရာတကာ ကပ်စေးနဲတယ်၊ ဒီပစ္စည်းတွေက ဘယ်သူ့ဖို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီသမီးနဲ့မြေးအတွက်မဟုတ်လို့ ဘယ်သူတွေကိုများလျှောက်ပေးချင်သေးလို့လဲ၊ မေမေနော် … ကိုယ့်ကိုသူစိမ်းတွေက ပါးလျက်နားလျက်လုပ်တာနဲ့ တစ်သက်လုံးက မွေးလာခဲ့တဲ့ သမီးနဲ့မြေးကို မကောင်းထင်ချင်နေတယ်''

''မထင်ပါဘူးအေ … ကဲပါ သွားကြပါ … ငါထမင်းစားလည်း ပျက်သွားပါပြီ''

''ထမင်းမစားနိုင်လည်း နီလာ … နွားနို့ပူပူလေး လာပို့မယ်၊ ကိတ်လေးတစ်ချပ်၊ နှစ်ချပ်လောက်နဲ့စားလိုက်ပေါ့၊ မနက်ဖြန်ကျ မေမေ့ဖို့ ငါးခူကင်ပေးမယ်''

ဒေါ်နီလာ ပျားရည်နှင့်ဝမ်းချနေစဉ် မင်းလုလင်ကလည်း သူလိုချင်သည်ကို ရအောင်တောင်းနေ၏။

''အဘွားရယ် … ပေးစမ်းပါ၊ ဝါဆိုက သူ့မိဘရဲ့စွန့်ပစ်တာခံပြီး သားနောက်လိုက်ခဲ့တာအဘွားရဲ့၊ အဘွားက သူ့အားမငယ်ရအောင် ပစ္စည်းလေးနဲ့ ချီးမြှင့်မှပေါ့''

''အေးပါးမြေးရယ် … အေးပါ၊ ကဲ … ကဲ ဒီမှာသော့၊ ငါ့မီးခံသေတ္တာဖွင့်ပြီး အထဲကဘူးကို ဒီယူခဲ့''

သားအမိနှစ်ယောက် စကားနာတွေပိုင်းထိုးနေသဖြင့် လူမမာ ဒေါ်ဖွားမေ မခံနိုင်လေတော့ပြီထင့်။ သူ့ခေါင်းအုံးအောက်မှ သော့လေးကို မင်းလုလင်သို့ပေးလိုက်သည်။ အဘွား၏ မီးခံသေတ္တာက သူ့အခန်းထဲမှာပါပင်။

အားလုံး၏ရှေ့မှာပင် မင်းလုလင် မီးခံသေတ္တာကို ဖွင့်လိုက်သည်။ အထဲမှာ ငွေနှင့်ရတနာသေတ္တာငယ်။ ရတနာ





သေတ္တာကို မင်းလုလင် အဘွားထံသို့ယူလာခဲ့၏။

အခန်းထဲရှိ လူများ၏မျက်လုံးများက ခင်ညီလာမှလွဲ၍ ဝင်းဝင်းလက်လက်။ လောဘရောင်တွေ ထွက်နေကြ၏။ ခင်ညီလာ အဘွားအတွက်စိုးရိမ်နေမိသည်။ ဘာဖြစ်လို့များ လောဘသားတွေရှေ့မှာ မီးခံသေတ္တာကို ဖွင့်ရပါလိမ့်။

သေတ္တာလေးက အဘွားရှေ့သို့ရောက်လာခဲ့သည်။ ထိုသေတ္တာကိုဖွင့်သည့် သော့ကအဘွား၏လည်ပင်းမှာ အဘွားက သော့ကိုဖြုတ်စေပြီး သူ့ရှေ့မှာ ဖွင့်စေသည်။

''ဟယ် … ဘုရား … ဘုရား …''

သေတ္တာထဲမှာ ရတနာတွေက ပြိုးပြိုးပြက်ပြက်။ သူ့အကန့်နှင့်သူထည့်ထားလိုက်တာ ဘယ်နှစုံမှန်းပင်မသိ။ အဘွားက ခင်ညီလာကို အမိန့်ပေးလိုက်သည်။

''အဲဒီအထဲက စိန်တစ်ဆင်စာကို မင်းလုလင်ကိုယူပေးလိုက်ပါ၊ ပြီးရင် … သေတ္တာပြန်ပိတ်၊ မီးခံသေတ္တာထဲ ပြန်ထည့်လိုက်''

''ဟုတ်ကဲ့ပါ … အဘွား''

ခင်ညီလာ အဘွားခိုင်းသည့်အတိုင်း စိန်တစ်ဆင်စာကို ယူပေးလိုက်ပြီး သေတ္တာပြန်ပိတ်၊ မီးခံသေတ္တာပြန်ပိတ်နေစဉ် ဒီဘက်မှာ ဒေါ်နီလာတို့သားအမိ အဘွားကို ရန်လုပ်နေကြလေသည်။

''မေမေက ဘာသဘောလဲ … ကိုယ့်သမီးနဲ့မြေးကိုတော့ ရတနာသေတ္တာ လက်ဖျားနဲ့မထိစေဘဲ သူစိမ်းကျမှ ရတနာ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာအပ်နေတယ်၊ ဒီဆရာမကို ယုံကြည်စိတ်ချရပါတော့မလား၊ တော်ကြာ ... ညကျရင် မေမေ့ကိုသတ်ပြီး ရတနာတွေယူထွက်သွားမှ ဒုက္ခရောက်နေဦးမယ်''

''ဟုတ်တယ် ... ဟုတ်တယ်အဘွား၊ သူစိမ်းရှေ့မှာ အဘွားကဖွင့်ပြလိုက်တော့ ဟိုကလောဘတွေတက်နေလောက်ပြီ၊ ဒီတော့ ... အဘွားအတွက် အသက်အန္တရာယ်မရှိရအောင် မီးခံသေတ္တာသော့နဲ့ ရတနာသေတ္တာသော့ကို မေမေ့ပေးထားလိုက်ရင်းကောင်းမယ်''

''ဟုတ်တယ်မေမေ ... နီလာ့ကိုသော့ပေးထား၊ မေမေ့အတွက် အသက်အန္တရာယ် စိုးရိမ်ရပြီ ... ''

ခင်ညီလာမှာ ကြားရသည့်စကားတွေကြောင့် မခံချင်ဖြစ်ရပေမယ့် သူတို့မိသားစုကြားမှာ ဘာမှဝင်မပါချင်ပေ။ အဘွားအတွက် အတတ်နိုင်ဆုံး အကာအကွယ်ပေးဖို့နှင့် အဘွားဆန္ဒကို လိုက်လျောဖို့သာ သူမ ဆုံးဖြတ်ထားသည်။

''ခင်ညီလာကို နင်တို့စိတ်နဲ့မနှိုင်းနဲ့ သူ့မှာလောဘမရှိဘူး''

''ဟားဟား ... ရယ်စရာကောင်းလိုက်တာ၊ လူမှန်ရင်လောဘ၊ ဒေါသ၊ မောဟတွေရှိတာပဲ မေမေရဲ့၊ မေမေ့နှာစ်ကဘာမို့လဲ၊ အာသဝေါကုန်ခမ်းနေတဲ့ ရဟန္တာထေရီမကြီးမို့လား''

သည်လောက်ပြောင်ကျကျ စော်ကားလာတော့ ခင်ညီလာမခံမရပ်နိုင် ဖြစ်ရသည်။

''ရဟန္တမ မဟုတ်ပေမယ့် ကျွန်မမှာ ဝိသမလောဘမရှိ





ဘူး၊ ကိုယ့်ပစ္စည်းမဟုတ်ရင် သူတစ်ပါးပစ္စည်းကို မတော်လောဘမရှိဘူး''

''နားရှိလို့ ကြားရတာပဲအေ ... ကဲမေမေ ... မေမေ့သော့တွေ နီလာ့ကိုပေး နီလာသိမ်းထားပေးမယ်၊ မေမေလိုချင်တော့မှ ပြန်ယူပေါ့''

''နေပါစေ ... ငါ့သော့တွေ ငါ့သားကိုအပ်ထားလိုက်မယ် ညည်းတို့လည်း ဆန္ဒမစောကြပါနဲ့အေ၊ ငါသေရင်ရမှာပါပဲ၊ အသေလေးတော့ စောင့်ကြဦးပေါ့''

''ဒီလိုမပြောပါနဲ့မေမေရယ် ... နီလာက မေမေ့ကိုမသေစေချင်ပါဘူး၊ မေမေ့ပစ္စည်းဥစ္စာတွေ အလဟာသဆုံးရှုံးသွားမှာစိုးလို့ထိန်းသိမ်းချင်တဲ့သဘောနဲ့ တောင်းတာပါ၊ မေမေ့ပစ္စည်းမေမေ့သဘောပါ၊ လှူချင်လှူ၊ ပေးချင်ပေး သွန်လိုသွန် မှောက်လိုမှောက်ပါ''

''ဟုတ်တယ်အဘွား ... သော့တွေ မေမေ့ပေးထား၊ အဘွားဆီမှာထားရင်း အန္တရာယ်များတယ်၊ အဘွားကပုံမှန်မဟုတ်တော့ဘူး၊ ဟိုဆရာဝန်ကိုအပ်ရအောင်လည်း သားတို့မရှိတုန်း လာပြီးဖွင့်ယူရင် မခက်ပါလားအဘွားရဲ့''

''ငါ့သားက ဒီလိုဘယ်တော့မှမလုပ်ဘူး၊ ကဲပါ ... နောက်ဆုံးကျ မင်းတို့ပဲရမှာပါ၊ ကဲ ... ထွက်ကြ၊ ထွက်ကြတော့ ... လောဘ ... လောဘ စိန်တစ်ဆင်စာပေးတော့လည်းမရောင့်ရဲနိုင်၊ အကုန်လိုချင်နေကြတာပဲကို၊''

နောက်ဆုံး မကျေမနပ်နှင့် သူတို့အားလုံး အခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားကြတော့ ခင်ညီလာ အဘွားကို အပြစ်တင်မိသည်
ကရုဏာဒေါသောနှင့်ပါ။

"အဘွားတော့ ခါချဉ်အုံ တုတ်နဲ့ထိုးမိသလိုဖြစ်နေပြီ
သူတို့ဘာဖြစ်လို့ ဒီလောက်လောဘတွေတက်ရတယ် မသိဘူ
နော်၊ အဘွားကရော ဒေါက်တာ့ကို တကယ်သော့တွေအပ်မှ
လား၊ အဘွားမှာ ရွှေနေတွေ၊ ဘာတွေမထားဘူးလား၊ သူတွေ
တွေဆိုတာ ရွှေနေတွေ၊ ဘာတွေ လှူယံ့တွေရှိတယ်ဆို"

"အဘွားသိပါတယ်၊ သူတို့ရဲ့ မင်းသမီးခေါင်းဆောင်းထာ
တဲ့မျက်နှာဖုံးတွေကို ဆွဲချွတ်ပြလိုက်တာပါ၊ အခု သမီးမြင်တဲ့
အတိုင်း လောဘတွေတဖေါ်ဖေါ် မဖုံးနိုင် မဖိနိုင်ထွက်လာရတာ
ပဲလေ"

"ဟာ ... အဘွားမှားတယ်၊ အဘွားသမီးနဲ့မြေး
အဘွားစမ်းသပ်နေစရာမလိုပါဘူး၊ ပေါ်နေပြီးသားပါ ...
အခုကျ ... အဘွားဟာ ကိုယ့်အန္တရာယ်ကိုယ်ဖိတ်ခေါ်သ
ဖြစ်နေပြီ၊ လောဘကြောင့် အဘွားကို သူတို့တစ်ခုခုလုပ်လိုက်မှ
ကျွန်မ အရမ်းစိုးရိမ်မိတယ်"

"ဒီလောက်တော့ ဆိုးမယ်မထင်ပါဘူးကွယ်၊ နီလာ
အဘွား မွေးစကတည်းက ချက်ကြိုးဖြတ်မွေးခဲ့ရတာပါ၊ ဒီလော
တော့ မရက်စက်တန်ရာပါဘူး ..."

ခင်ညီလာတို့အခန်းထဲမှာ စိုးရိမ်နေကြသလို ဒေါ်နီလ
အခန်းထဲမှာလည်း သုံးယောက်သား တီးတိုးတိုင်ပင်နေကြသည်

"မေမေကတော့ လုပ်ချင်တာတွေလုပ်တော့မယ်၊





ကောင်းရင်လည်း ကျောင်းဆောက်လှူပြီးမှာ၊ သူ့စိတ်က ပုံမှန်
မဟုတ်တော့ လှူချင်တိုင်းလှူ၊ ပေးချင်တိုင်းပေးနေမှာ၊ တော်
ကြာ ငါတို့ဖို့ ဘာမှမကျန်ဘဲ နေတော့မယ်"

"ဟုတ်တယ် ... မေမေ၊ အဘွားကြည့်ရတာ သိပ်ပုံမှန်
မဟုတ်ဘူး၊ ဒီလိုပဲလေ ... လေဖြတ်တဲ့လူတွေဟာ အနည်းနဲ့
အများဆိုသလို စိတ်ကယောက်ကယက်ဖြစ်တတ်ကြတာပဲ"

"ဒါဆို ငါဆိုတို့ ဘယ်လိုလုပ်ကြမလဲ၊ ဟို ... သူ့အနား
က ဆရာမ ကြီးစည်ချင်တိုင်း မကြီးစည်ရအောင် ငါဆို အဘွား
အခန်းထဲမှာ သွားအိပ်ပေးရမလား"

"အမလေး ငါဆိုဖြယ် ... ခုမှချစ်စ၊ ခင်စလေး မောင်
ပါဆိုတို့ကို တစ်ညလေးတောင် မခွဲနိုင်ပါဘူး"

"ဒါဆို ... မောင်လည်းလိုက်အိပ်ပေါ့ မောင်ရဲ့၊ အဘွား
အခန်းထဲ ခုတင်တစ်လုံး သွင်းလိုက်ရုံပေါ့"

မင်းလုလင်ရုပ်က မချိုမချဉ်ဖြစ်သွားသည်။

"ဖြစ်မလားကွ၊ အဘွားအခန်းက လူနာခန်းပီပီ တစ်ည
လုံးမီးလင်းနေတာ၊ ကိုယ်တို့ဘယ်လိုလှုပ်ရှားမလဲ"

ဒေါ်နီလာ သားကိုမျက်စောင်းကြီး ထိုးလိုက်သည်။

"ကဲ ... တော်ပြီ ... တော်ပြီ ဒီသားဟာလေ ရှူးသလို
ပါသလိုနဲ့ ... သေသွားတဲ့ သူ့အဖေအတိုင်းပဲ၊ မေမေတို့
တာဝန်က မေမေ့ကိုစောင့်ကြည့်ဖို့ပဲ၊ သူမီးခံသေတ္တာသော့လည်း
ကိုဆရာဝန်ဆီပါလို့မဖြစ်ဘူး၊ ဆရာဝန်ဆိုပေမယ့် သူ့မှာလည်း
လောဘမတက်ဘဲနေမလား၊ မေမေတော့ ခုညပဲ မေမေ့ဆီက



www.burmeseclassic.com

www.burmeseclassic.com



သော့တွေခိုးထားလိုက်ချင်တယ်''

"မေမေ့ဆရာမကို ဘယ်လိုလုပ်မလဲ၊ အဘွားကလည်
အအိပ်အနေနည်းပါဘိ၊ ဒီကြားထဲ သူတို့က အခန်းကိုသော့
အိပ်ကြတာလေ''

"အင်း ... ဘယ်လိုကြံစည်ရပါ့၊ အဲ ... ဟုတ်ပြီ၊ မေမ
ကိုတိုက်မယ့် နွားနို့ကဲ အိပ်ဆေးထည့်ရမယ်''

"အဘွားအိပ်ရုံနဲ့ ဘာလုပ်ရမလဲ မေမေရဲ့၊ ဆရာမ
အိပ်မှကြံစည်လို့ရမှာ''

"ဆရာမစားဖို့ ဒီည မုန့်တစ်ခုခုပို့ရမယ်၊ မုန့်ထဲမှာ
ဆေးခတ်ရမယ်''

"မုန့်ကအိပ်ဆေးပျော်ဖို့ မလွယ်ဘူးမေမေ၊ အရည်တစ်
ပို့မှဖြစ်မှာ ကော်ဖီဖြစ်ဖြစ် ဖျော်ရည်တစ်ခုခုဖြစ်ဖြစ်ပေါ့''

"အေး ... ဟုတ်တယ်၊ ခုည အကောင်အထည်ဖော်
မယ်၊ အခန်းတံခါးမပိတ်ခင် အလုပ်ဖြစ်အောင်လုပ်ရမယ်၊
သွားကြစို့ ... ညစာ စားကြစို့ ...''

သားအမိတွေ ပျော်ရွှင်စွာဖြင့် ညစာစားဖို့ ထမင်းစား
ထဲသို့သွားကြလျှင် ထမင်းစားခန်းထဲမှ ခင်ညီလာ စားပြီး
ထွက်လာသည်နှင့် ကြုံကြသည်။ ဒေါ်နီလာက အကြံသမား
ပြုံးရွှင်စွာဖြင့် ...

"ဟော ... ဆရာမ ထမင်းစားလို့မကောင်းဘူးလ
အနှိုက် တစ်ခုခုပို့ပေးလိုက်မယ်နော်၊ မေမေ့ဖို့ နွားနို့ ဆရ
အတွက် ကော်ဖီလား ... လက်ဖက်ရည်လား''





"တော်ပါပြီရှင် ... ကျွန်မအတွက် လုံလောက်ပါပြီ''

"အို ... ဘယ်ဟုတ်မလဲ၊ ဆရာမမှာ အမေ့အတွက်
ဘက်အိပ်ရေးပျက်၊ နေ့ဘက်အစားပျက်နဲ့ ဂရုစိုက်ရမှာပေါ့''

ခင်ညီလာ ရင်တုန်ပန်းတုန်ဖြစ်ရင်း အပေါ်ထပ်သို့ ပြန်
တက်လာရသည်။ နားထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ။
တို့တော့ တစ်ခုခုစီရင်ခံရတော့မယ်။ သူမ ... အဘွားကို
ပြောပြသင့်သလား။

နောက်ဆုံး ... သူမ၏အားကိုးရာ အဲ ... အဘွား၏အား
ကိုးရာအဖြစ် ဒေါက်တာနေသန့်စင်ကိုသွားပြီး သတိရမိလိုက်
သည်။ သူ ... ဖုန်းဆက်ရင်ကောင်းမှာပဲ။ သူ့ဆီတော့ စပြီး
ဆက်ချင်ပါဘူး။

အဘွားကို ဆေးတိုက်စရာရှိတာတိုက်ပြီး လက်ကလေး
ခြေကလေးများကို ဆုပ်နယ်ပေးနေစဉ် အဘွားက ရှေးဟောင်း
ဟောင်းဖြစ်များကို ပြောပြနေခဲ့သည်။

သည့်စဉ် ... တယ်လီဖုန်းမြည်လာသဖြင့် ခင်ညီလာ
ကိုကြည့်လိုက်သည်။ ည ၉နာရီ။ သူ ... ညတိုင်းဆက်မှာ
လား။

"ဟဲလို ... ''

"ကိုယ်ပါ ... နေသန့်စင်''

"သိပါတယ် ... ဒီကလည်းပြောစရာရှိတယ်''

"ပြောလေ ... ကိုယ်နောက်မှပြောမယ်''

"ညနေက အဘွားရဲ့ သူ့သမီး၊ မြေးနဲ့ရှေးမရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မီးခံသေတ္တာဖွင့်နိုင်းပြီး ရတနာသေတ္တာကိုဖွင့်တယ်၊ မြေးစုံတွဲ စိန်တစ်ဆင်စာ ကျွန်မရဲ့လက်နဲ့ယူပေးခိုင်းတယ်''

''ဒုက္ခပါပဲ ... လောဘသားတွေရှေ့မှာ''

''ဟုတ်တယ် ... ခုကျ သူတို့က ကျွန်မကိုရတနာ နိုးယူထွက်ပြေးမှာစိုးလို့ဆိုပြီး သော့တွေအပ်ဖို့ အတင်းတောင်း နေကြပါတယ်၊ ကျွန်မတို့အတွက် စိုးရိမ်စရာများ ဖြစ်နေမလ မသိဘူး''

''ဟုတ်တယ် ... စိုးရိမ်ရတယ်၊ ကိုယ့်သဘောအရ အဘွားနဲ့မင်းကို ကိုယ့်အိမ်လေးမှာခေါ်ထားလိုက်ချင်တာပဲ''

''ဆရာ့ကိုလည်း ဒေါ်နီလာတို့က မကြည်ဘူး။ အဘွား ဆရာ့ဆီမှာ သော့တွေအပ်ထားမယ်ပြောလို့လေ''

''ဩော် ... အဘွားက ကိုယ့်ကိုတော်တော်ယုံကြည် ကိုးတာပဲနော်၊ ကိုယ်ကလည်း ငယ်ငယ်က အဘွားလက် ကြီးခဲ့ရတာကိုး''

''ဆရာပြောစရာရှိတယ်ဆိုတာလည်း ပြောလေ ...

''ဩော် ... အဘွားညီမဆီက ဖုန်းဆက်တယ်၊ သူ အတွက် သူ့ယောက္ခမတွေလာကြည့်ပေးလို့ သူ ... အဘွား ဒီတစ်ရက် နှစ်ရက်အတွင်းမှာ လာခဲ့မယ်တဲ့၊ ကိုယ့်ဆီအကြော ကြားတယ် ...''

''ဟုတ်လား ... ဒါဆို အဘွားဝမ်းသာသွားမှာပဲ၊ ပြလိုက်ပါ့မယ်''

''ကိုယ်တော့ဝမ်းမသာပါဘူးကွာ၊ ကိုယ်ကအဘွားနဲ့မင်း





အိမ်မှာခေါ်ထားမလို့ စိတ်ကူးနေတာ''

''လူကြားမကောင်းပါဘူးရှင်၊ တော်ကြာ ... ဆရာ့ ရည်းစားနဲ့ဖြေရှင်းလို့မရ ဖြစ်နေပါ့မယ်''

''ကိုယ့်မှာရည်းစားမရှိပါဘူး၊ ဒီအရွယ်ကြီးကျမှ ဘယ် ရည်စားထားနေတော့မလဲ၊ တန်းပြီးလက်ထပ်မှာ၊ သတိသာ ထားနေပေတော့''

''ရှင် ... ''

တစ်ဖက်မှာ ရယ်သံနှင့်ဖုန်းပိတ်သွားတော့ ခင်ညီလာ ကြောင်ကြောင်ဖြစ်ကျန်ခဲ့သည်။ စိတ်ဆိုးရမှာလား။ ဘာ သဘောလဲ။ အဘွားကတော့ ရယ်နေခဲ့သည်။

သည်စဉ် ဒေါ်နီလာနှင့်မိဖြူတို့ အခန်းထဲဝင်လာခဲ့ကြ သည်။ မိဖြူလက်ထဲမှာ ငွေလင်ပန်းလေးနှင့် စားသောက်စရာ များထည့်ယူလာခဲ့သည်။ ဒေါ်နီလာက ပြုံးပြုံးရွှင်ရွှင်။ ညနေက ဒီလူးစီးသည့်မျက်နှာမျိုး မဟုတ်တော့။ အပြောင်းအလဲက မြန် ပါပေ့။

''မေမေ ... ညနေက နီလာ အလိုက်မသိ လျှောက်ပြော နေလို့ မေမေ ထမင်းစားပျက်သွားတယ်၊ အဲဒါ ... နွားနို့ပူပူ လေးနဲ့ ပူတင်းဖုတ်လာတယ်၊ စားလိုက်ဦးနော်''

''အေး ... အေး ဆရာမအတွက်ရော ဘာယူလာလဲ''

''ပါ,ပါတယ် မေမေ ... သူ့အတွက်လည်း ကော်ဖီနဲ့ ကိတ်မုန့်ယူလာခဲ့ပါတယ်''

''ကောင်းတယ် ... ကောင်းတယ်၊ ထားခဲ့ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အေးအေးဆေးဆေးသောက်မယ်''

''ပူတုန်းသောက်လိုက်ပါမေမေ၊ အေးသွားရင် မကောင်း
ဘူးလေ''

ဒေါ်နီလာကိုယ်တိုင်ပင် ဒေါ်ဖွားမေကို တယုတယတိုက်
နေစဉ် မိဖြူကခင်ညီလာကို မျက်ရိပ်ပြပြီး တားဆီးလေလျှ
သူမ သဘောပေါက်ရသည်။ အိပ်ဆေးတွေ ဘာတွေထည့်ထာ
ပြီဖြစ်မည်။

မိဖြူပြန်ဆင်းသွားခိုက် ခင်ညီလာ ကိုယ့်အတွက်ယူလာ
သည့် ကော်ဖီကိုပြတင်းပေါက်မှ ဒေါ်နီလာမမြင်မှအောင် သွန်ပ
လိုက်သည်။ ပြီးမှ သောက်ချင်ယောင်ဆောင်နေ၏။

ဒေါ်နီလာတစ်ယောက် ဒေါ်ဖွားမေကို စောင့်တိုက်ပြီး ခ
ညီလာကိုလှည့်အကဲခတ်ရာ သူမမော့သောက်နေတာကို တွေ့ရ
သဖြင့် ကျေနပ်သွားသည်။

ဒါဆို ... မကြာခင် နှစ်ယောက်လုံးအိပ်ပျော်သွားကြမှ
ပဲ။ ငါ အိပ်ဆေးတွေ မတရားထည့်ထားတာ။ နေဦး ယုတ္တိရှိ
အောင် ငါအောက်ခဏပြန်ဆင်းဦးမှ ... ဒီကောင်မ အိပ်ခန်
တံခါးတောင်ပိတ်နိုင်မှာ မဟုတ်ပါဘူး အိပ်ပျော်သွားမှာ ...

ဒေါ်နီလာ သူမတို့ကိုနှုတ်ဆက်ပြီး အပြင်သို့ပြန်ထွက်သွာ
လျှင် ခင်ညီလာ အိပ်ခန်းတံခါးကို အပြေးပိတ်ကာ၊ သော့ချ
လိုက်သည်။

အဘွားကတော့ ဆေးမိသွားလို့ အိပ်ပျော်သွားမှာပဲ။ ဒါ
ပေမယ့် ငါအိပ်မပျော်လို့ တော်ပါသေးတယ်။ အဘွားကို ငါစော





ရှောက်ရမယ်။ ဒေါ်နီလာကတော့ တို့အိပ်ခန်းတံခါးပိတ်နေလို့
အရမ်းဒေါပွသွားမှာပဲ။

ခင်ညီလာ နိုးနိုးကြားကြားနှင့်ပင် ထိုညကို ကုန်လွန်စေ
ရပါသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

"တောက် ..."

ဒေါ်နီလာတို့သုံးယောက် အိပ်ခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဒေါသထွက်နေကြသည်။

"မေမေ ထည့်တဲ့အိပ်ဆေးက ပမာဏနည်းလို့ဖြစ်မှာပေါ့၊ တံခါးပိတ်ချိန်ရပြီးမှ အိပ်သွားတာဖြစ်ရမယ်"

"တံခါးကိုသော့တုနဲ့ ဖွင့်လို့မရဘူးလား၊ နောက်နေ့ကျ သော့တုလုပ်ထားရအောင် မေမေ ..."

"ဘယ်ရမလဲသားရဲ့၊ အထဲက ဂျက်ပါထိုးထားတာ၊ သော့နဲ့တင်မရဘူး၊ နောက်နေ့ ဂျက်ဖျက်ထားမှပဲ၊ ဒါတောင် သော့ကအတွင်းကခတ်ထားတာ၊ အပြင်သော့မှအပြင်က သော့နဲ့ ဖွင့်ရမှာ"

"ဒါဆို ဒီကိစ္စ လွယ်မယောင်နဲ့ခက်နေတယ်ပေါ့"

"ဟုတ်တယ် ... အင်း တစ်ခုတော့ရှိတယ်၊ မေမေက မိဖြူခေါ်သွားတော့ မိဖြူများ အချက်ပြသလားမသိဘူး၊ နောက်နေ့ဆို ပိပိရိရိလုပ်ရမယ်"





သားအမိသုံးယောက်သား မကျေမနပ်နှင့်ပင် နောက်ကြောင်းပြန်ဆုတ်သွားရသည်။ ရှေ့ရေးအတွက် အစီအစဉ်တွေကတော့ ဆွဲတုန်း။

"အိမ်ထဲကို လူစိမ်းဝင်လို့တော့မဖြစ်ဘူး၊ သားနဲ့ဝါဆိုက တစ်ယောက်မဟုတ် တစ်ယောက် မင်းတို့အဘွားနားမှာနေရမယ်၊ ဒါမှ ... မေမေ တစ်ယောက်ယောက်ကို သော့တွေမပေးနိုင်အောင် တားဆီးရမှာ၊ မေမေကတော့ ဟန်မပျက် ဆိုင်ဆက်ထွက်ရမယ်လေ"

"ရပါတယ်မေမေ ... သမီးတို့ အဘွားအနားမှာ တစ်ယောက်တလဲ စောင့်ပေးနေကြမယ်"

"ဟုတ်ပြီ - ဒါမှမေမေတို့ လက်ဦးမှုရမယ်၊ ခုလိုဝေဒနာဖြစ်နေတဲ့အချိန်မှာ မေမေ့စိတ်ကတစ်မျိုးမို့ ပစ္စည်းတွေ အလေအလွင့်မရှိရအောင် ငါတို့သုံးယောက် လုံ့လဝီရိယရှိရှိနဲ့ စောင့်ကြည့်ရမယ်"

"ဒါထက်မေမေ ... အဘွားရဲ့ညီအစ်ကိုမောင်နှမတွေ ရောက်လာရင်ရော ဘယ်လိုလုပ်ပါ့မလဲ"

"မလာနိုင်ပါဘူး မင်းတို့အဘွားမှာ ညီမတစ်ယောက်ပဲ ကျန်တော့တာ၊ သူကလည်းတောင်ကြီးမှာ မပူနဲ့ ..."

သုံးယောက်သား စိတ်တူကိုယ်တူနှင့် တိုင်ပင်ပြီးကြမှပင် စိတ်ချမ်းသာစွာဖြင့် အသီးသီး အိပ်ရာဝင်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်စာကို မည်သူမျှမနိုးခင် အဘွားနှင့်သူမတို့ ဝိုးခဲ့နှင့်ထမင်းစားခန်းသို့လာပြီး စားကြသည်။ အဘွားက မုန့်ဟင်းခါး။ သူမကတော့ ထမင်းကြော်နှင့်ကော်ဖီ။

မိဖြူ သူမတို့အနီးသို့ အရေးတကြီးကပ်လာပြီး ...

"ဆရာမရေ သတိထား၊ သူတို့သုံးယောက် အကောက်ကြံနေကြပြီ"

"ဘုရားရေ ... အဘွားကို သတ်များပစ်ကြမှာလား"

"သတ်မှာတော့မဟုတ်ဘူး၊ မီးခံသေတ္တာသော့ ခိုးကြဖို့ကြံစည်ကြမယ်ထင်တယ် ..."

သည့်စဉ် ထမင်းစားခန်းထဲသို့ ဒေါ်နီလာတို့သုံးယောက်ဝင်လာခဲ့ကြသည်။ သူတို့၏မျက်လုံးများက မိဖြူအပေါ် မယုံသင်္ကာအကြည့်နှင့်။ မိဖြူ ခေါင်းလေးငုံ့ကာ မီးဖိုဘက်ပြန်သွားသည်။ မပန်းသီ လိုအပ်တာလုပ်ပေးဖို့ အနားသို့ကပ်လာ၏။

ဒေါ်နီလာက ပြုံးပြုံးရွှင်ရွှင်နှင့်။





"မေမေ ... ညက အိပ်ပျော်ရဲ့လား၊ ဆရာမရော"

"အိပ်ပျော်ပါတယ်၊ ညကတစ်ရေးမှ မနိုးဘူး"

"ကိုယ့်အိမ်နဲ့ကိုယ်ပဲ၊ ဘာဖြစ်လို့ တံခါးပိတ်ထားကြတာလဲ၊ နီလာဝင်ချင်တဲ့အချိန် မဝင်ရတော့ဘူး၊ ဩော် ... ဒီလိုပါကိုယ့်အမေ နေကောင်း မကောင်းဝင်ကြည့်ဖို့ ..."

"ကျွန်မ တံခါးဖွင့်ပြီး မအိပ်တတ်လို့ပါ အန်တီ"

စားသောက်ပြီးတော့ သူမနှင့်အဘွားတို့ ခြံထဲသို့ ဝိုးခဲ့တွန်းကာ ဆင်းခဲ့ကြသည်။ နံနက် ဂနာရီလောက်ရှိပြီ။

"သည်နေ့တော့ သားမလာပါလား ..."

"လာနိုင်ပါ့မလားအဘွားရယ် - သူက အရမ်းလူနာများတာလေ - သူ့ဆေးခန်းမှာ လူနာတွေကြိတ်ကြိတ်တိုးနေတဲ့ဥစ္စာပြီးတော့ ... ညနေတိုင်းလည်းလာနေတာပဲ အဘွားရယ်"

"အေးကွယ် ... ခုတလော အဘွားအားငယ်သလိုပဲ၊ သားကို ခဏ ခဏမြင်ချင်နေတယ်၊ ဟော - ပြောရင်းဆိုရင်းလာပါပြီရှင် ..."

တကယ်ပင် ကားလေးနှင့်ဒေါက်တာရောက်လာခဲ့လျှင် အဘွား၏မျက်နှာ မှာ ဝင်းပသွားလေ၏။ ခင်ညီလာကတော့ မျက်နှာလေးခပ်စူစူ။

နေသန့်စင် ကားပေါ်မှဆင်းပြီး အဘွားအတွက် ယူလာသည့် သစ်သီးများကိုပေးလိုက်သည်။ နံနက်ဦးမှာ ဝင်းပြောင်နေသည့် ခင်ညီလာ၏မျက်နှာလှလှလေးကိုလည်း ခပ်စူးစူးကြည့်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ... သူမဝတ်ထားတာ အသည်းကွဲရောင် မြန်မာဝတ်စုံအိအိလေး။

"သမီးရေ ... သားအတွက် ကော်ဖီနဲ့မုန့်တွေ သွားယူခဲ့ပါကွယ်"

"ဟုတ်ကဲ့ပါ အဘွား ..."

ခင်ညီလာ ထမင်းစားခန်းထဲဝင်လာတော့ ဒေါ်နီလာတို့သုံးယောက် တီးတိုးတိုင်ပင်နေရာမှ အရှိန်သတ်လိုက်ကြသည်။

"ဘာကိစ္စလဲ ..."

"ဆရာဝန်လာလို့ အဘွားက ကော်ဖီနဲ့မုန့် ယူခိုင်းလို့ပါအန်တီ ..."

"ဩော် ... ဟုတ်လား။ ကဲ ... သမီးဝါဆို၊ ယူသွားလိုက်ပါကွယ်၊ ဆရာမနဲ့ လိုက်သွားလိုက်ပါ"

ဝါဆိုကိုနောက်မှထည့်လိုက်ပြီး ခင်ညီလာနှင့်အတူအဘွားတို့အခန်းသို့ ရောက်ရှိလာလျှင် အဘွားနှင့်ဆရာ့ကို စကားတွေပြောလျက် တွေ့လိုက်ကြရသည်။

ဝါဆိုမှာ အဘွားများ၊ ဆရာဝန်ကိုသော့တွေပေးလိုက်ပြီလားရယ်လို့ စိုးစိုးရိမ်ရိမ်။

"ကဲ ... သားလည်း ညနေလာနိုင်မှာမဟုတ်ဘူးနော်၊ ခုမနက်ပဲ ... အဘွားကိုစမ်းသပ်ကြည့်ခဲ့ပေ့ါ"

"ဟုတ်ကဲ့ပါအဘွား ... ညကျတော့လည်း အခြေအနေပေးရင် တစ်ခေါက်တော့ လာခဲ့မယ်လေ"

"သားသဘောပါပဲကွယ် ... အဘွားက အားနာလို့ပါ"





"အဘွားနော် ... ကျွန်တော့်ကို ကိုယ့်မြေးသားလို သဘောမထားဘူးလား"

"ဆောရီးကွယ် ... ကဲလာ ... အဘွားအခန်းသွားရအောင်"

ဒေါ်ဖွားမေ၏ ပိုးချဲကို ဆရာဝန်ကိုယ်တိုင်တွန်းပြီး အပေါ်ထပ်သို့သွားကြရာ ဝါဆိုလည်းနောက်မှ ထပ်ချပ်လိုက်သွားခဲ့သည်။ ဒါမှ မျက်ခြည်မပြတ်မှာ။

ဒေါက်တာက အဘွားကို သေချာစွာစမ်းသပ်စစ်ဆေးပြီး စိုးရိမ်တကြီးနှင့် ...

"အဘွား ... နှလုံးခုန်သံ သိပ်မကောင်းဘူး၊ ကျွန်တော့်သဘောအရတော့ စိတ်ဖိစီးမှုမရှိတဲ့နေရာမှာ နေစေချင်တယ်၊ ဒီအိမ်မှာနေရတာ ပူပင်သောကတွေများနေပုံရတယ်"

"ဟုတ်တော့ဟုတ်ပါတယ် ... အဘွားလည်း ကိုယ်မွေးတဲ့မီးက ကိုယ့်ကိုလောင်မြိုက်ခံနေရတယ်"

သည့်စဉ် ဒေါ်နီလာနှင့်မင်းလုလင်တို့ အခန်းထဲသို့ မျက်နှာထားတင်းတင်းနှင့် ဝင်ရောက်လာပြီး ...

"မေမေ ဘာစကားတွေပြောနေတာလဲ၊ သူစိမ်းတွေရှေ့မှာ နီလာ့ကို အပုပ်ချလိုက်တာပေါ့လေ၊ နီလာကဖြင့် ကိုယ့်မအေကို ပူပင်စိုးရိမ်လိုက်ရတာ၊ မေမေက ဒီလိုသဘောထားနေတယ်ပေါ့လေ"

"သူစိမ်းတွေချစ်တယ်ဆိုတာ သားတို့အိမ်နေသူလောက်ပဲရှိတာပါ၊ အဘွားရယ် ... ကဲ ... အဘွားအတွက်အသက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ကြေးဆို ဘယ်သူကပေးမှာလဲ''

ဒေါ်ဖွားမေမှာ ... ဘာဆက်ပြောရမှန်း မသိတော့ချေ။ ဒေါက်တာကပင် အေးဆေးတည်ငြိမ်စွာနှင့် စကားဆက်ရသည်။

''ဒီလိုရှိပါတယ် ဒေါ်နီလာ၊ အဘွားအခြေအနေက နှလုံးအားနည်းနေတယ်၊ လေကလည်းဖြတ်ထား၊ သွေးတိုးကလည်းရှိဆိုတော့ ဆေးရုံတင်ရင်တင်ထား၊ တင်မထားရင် ဆရာဝန်နဲ့နီးနီးမှာနေသင့်ပါတယ်''

''အခုလည်း ဆရာမငှားထားတာပဲလေ၊ သူလည်း နေ့တိုင်း မေမေ့ကို စစ်ဆေးတိုင်းတာနေတာပဲ''

''အဲဒါနဲ့မလုံလောက်နိုင်ဘူး၊ ပြီးတော့ ... အဘွားအတွက် အိမ်မှာနေရတာ စိတ်ဖိစီးမှုများပါတယ်၊ တပူပူတဆူဆူလုပ်လို့မရတဲ့အနေအထားမို့ ... ''

''အိမ်မှာ တပူပူတဆူဆူရယ်လို့ ဘယ်သူကပြောလဲ''

''ကျွန်တော်မြင်နေရတာပဲလေ ... ကျွန်တော်ကတော့ လူနာအတွက်ပဲကြည့်ရမယ်၊ ဒါကြောင့် ... အဘွားဆေးရုံမှာ နားမလား၊ ကျွန်တော့်ဆေးခန်းမှာ နားမလား ... ရွေး၊ ဒီအိမ်မှာတော့ ကျန်းမာရေးမကောင်းနိုင်ဘူး''

ဒေါ်နီလာ မခံမရပ်နိုင်ဖြစ်လွန်းလို့ ဆွေ့ဆွေ့ခုန်နေ၏။ မင်းလုလင်ကတော့ အဖွေးတစ်မျိုး။ အဘွား အိမ်မှာမရှိရင် သူတို့သားအမိတွေ မီးခံသေတ္တာကို ခိုးဖွင့်ပြီး ရတနာသေတ္တာကို ယူလို့ရမည်။

လိုက်သွားတာကောင်းတယ်၊ မေမေဘာလို့တားနေပါလိမ့်





သူ ... ဝင်ပြီး တွန်းအားပေးလိုက်သည်။

''အဘွားသဘောကရော ဘယ်လိုလဲ ... မေမေ ဒေါက်တာပြောတာမှန်သားပဲ၊ ဘာပဲဖြစ်ဖြစ် အိမ်မှာကျ မေမေက တဗျစ်တောက်တောက်နဲ့ ဆူတယ်လေ၊ ဒေါက်တာ့ဆေးခန်းမှာဆို အဘွားနားရတာပေါ့''

သားဖြစ်သူက မျက်နှာရိပ်မျက်နှာကဲပြပြီး ပြောနေလျှင် ဒေါ်နီလာ ကိုယ့်ဒေါသတွေကို ဘရိတ်အုပ်ရသည်။

''ဒါဆိုလည်း မေမေ့သဘောပဲလေ ... နီလာတို့လည်း လာကြည့်မှာပေါ့၊ နေ့တိုင်းတော့ လာချင်မှလာနိုင်မယ်နော်''

နောက်ဆုံး ဒေါ်ဖွားမေတစ်ယောက် ဒေါက်တာနေသန့်စင်၏ ဆေးခန်းသို့ ပြောင်းရွှေ့အနားယူရန် သဘောတူလိုက်ရတော့သည်။

ဒေါ်နီလာတို့သားအမိတွေ အခန်းထဲမှမထွက်တော့ချေ။ ...ွည်းတွေကူသိမ်းသလိုလို၊ ဟိုဟာကူသလိုလို၊ ဒီဟာကူသလိုလိုနှင့်။ သူတို့စိုးရိမ်သည်မှာ မီးခံသေတ္တာထဲက ရတနာသေတ္တာ ပါသွားမှာကိုပင်။

''အိပ်ရာတွေမယူပါနဲ့အဘွား ... အဘွားအဝတ်အစားနဲ့ ...ရာမ အိတ်ပဲယူခဲ့ပါ၊ ကျွန်တော့်အိမ်မှာ အစုံအလင်ရှိပါတယ်''

''ဗီးချဲလည်းယူဦးမယ် ... ''

''ဩော် ... ဒါတော့ ယူချင်ယူပါ၊ ကျွန်တော့်အိမ်မှာလည်း အသုံးပြုရမှာပေါ့''

ခဏချင်းပင် ဒေါ်ဖွားမေနှင့်ခင်ညီလာတို့ ဒေါက်တာအိမ်



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောင်းရွှေ့ခဲ့ရပါတော့သည်။ ခင်ညီလာ ကန့်ကွက်မနေချင်တော့ပါ။ ဒေါ်နီလာတို့သားအမိတွေ၏ လောဘ၊ ဒေါသမီးတွေနှင့်လောင်ဟပ်ခံရတာထက်စာရင် သူ့ဆီမှာ ခိုလှုံရတာမှ တော်ဦးမည်ထင်ပါသည်။

ကျန်တာကတော့ သဗ္ဗေသတ္တာကမ္မသကာပါပဲ။

ဒေါက်တာ့ဆေးခန်းမှာ လူနာဆောင်ရှိပေမယ့် သူမနှင့်အဘွားကတော့ ဒေါက်တာ့အိမ်မှာနေရပါသည်။ ဒါဟာ အဆိုးလား၊ အကောင်းလား။

သူ့အိမ်က တစ်ထပ်တိုက်လှလှလေးဖြစ်သည်မို့ သူမတို့နေရတာ နိုးနိုးကပ်ကပ်။

အိပ်ခန်း သုံးခန်းပဲ ပါရှိသည်မို့ အဘွားကတစ်ခန်း သူကတစ်ခန်းနှင့် ခင်ညီလာကတစ်ခန်းနေရသည်။

အဘွားနှင့်ခင်ညီလာက မျက်နှာချင်းဆိုင်နေရပြီး ဒေါက်တာနှင့်သူမက အခန်းချင်းကပ်ရပ်။ အဘွားကို အကောင်းဆုံးအခန်းပေးထားပြီး သူမအခန်းကတော့ ခပ်ကျဉ်းကျဉ်း။

နောက် ‑ အိမ်ကလေးထဲမှာ ထမင်းစားခန်း၊ ဧည့်ခန်း၊ ကဖတ်ခန်း၊ အလုပ်ခန်းတွေနှင့်မို့ ကျဉ်းသလိုလို။ သို့သော် သူမ အဆောင်မှာနေခဲ့ရတာကို ပြန်သတိရလိုက်ပါသည်။ အဆောင်ထက်တော့ အများကြီးကျယ်ဝန်းတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ဒေါက်တာလည်း အိမ်မှာရှိခဲ့ပါသည်။ သူ့ကိုကြည့်ရတာ အားတယ်ဟူ၍မရှိ။ မိုးလင်းကတည်းက ဆေးခန်းနှင့်ဆေးရုံ၊ ဆေးရုံနှင့်ဆေးခန်း ... ဂျင်ဂျင်လည်နေပါသည်။

သည်ကြားထဲ တစ်ပတ်လျှင် နှစ်ညလောက်ဆေးခန်းမှာ မျက်စိလူနာတွေကို ခွဲစိတ်ရသေးသည်။

ငွေတွေ ဘယ်လောက်ရမည်မသိပေမယ့် လူကြည့်ရတာကတော့ စက်ရုပ်နှင့်တူနေဖတော့သည်။

သူ့အိမ်မှာ တပည့်တစ်ယောက်မဲရှိပြီး ထိုတပည့်က သူ့သွားလေရာ ... သူ့အရိပ်လိုကပ်ပါနေသည်ကြောင့် အိမ်ကိုလည်း အထူးတလည် သန့်ရှင်းဖော်မရပ်။

ထမင်းကို ကြုံသလိုဝယ်စားပြီး အဝတ်အစားလည်းအငှားလျှော်။ တကယ့်ကိုဖြစ်သလိုနေ ကြုံသလိုစားနှင့်။ သူ့ဘဝဟာ သနားစဖွယ်။

အဘွားကိုစွန့်ပစ်သက်ပြီး မုန်းတီးနေမိသည့်ကြားမှပင် သူ့စေတနာနှင့်သူ့လုပ်ရပ်တွေကိုကြည့်ပြီး ခင်ညီလာ သနားသလိုလို။ အမြင်ကပ်သလိုလို။ စိတ်က ၅၀% စီ။

တစ်ခါ ... တစ်ခါကျတော့လည်း လူနာတွေအတွက် လောက်အပင်ပန်းခံနေတဲ့သူ့ကို သနားမိပြီး ...

တစ်ခါတစ်ခါကျတော့လည်း ဒီလောက်လောဘကြီး တာ သေပါစေဟု အမြင်ကပ်မိသည်။

သို့သော် ... ဘာပဲဖြစ်ဖြစ် အလကားမနေတတ်သူပီပီ ခင်ညီလာ အဘွားကိုပြုစုရင်း အားသည့်အချိန်များမှာ သူ့အိမ်ကို





သန့်ရှင်းပေးမိသည်။

နောက် ... သူဝယ်ထားသည့် ဟင်းချက်စရာများကို ကိုယ်တွေအတွက်ချက်ရင်း သူ့အတွက်ပါ ချက်ပြုတ်ပေးဖို့ စိတ်ကူးမိသည်။

မနေ့ကရောက်ပြီး ... သည်ကနေ့မှာတော့ သည်အိမ်မှာ ခင်ညီလာ အချိုးတကျရှိနေပေပြီ။

မနက် ခုနစ်နာရီမှာ အားလုံးအတွက် နံနက်စာအသင့်။ အားလုံးဆိုတာ သူမ၊ အဘွားနှင့်ဒေါက်တာ၊ သူ့တပည့် နေဝင်း ပေါ့။

နေဝင်းမှာ အသက်အစိတ်ခန့်ရှိပြီး မျက်နှာချိုချို သဘောကောင်းသည့်ရုပ်နှင့် ကြည့်ပျော်ရှုပျော် လူငယ်တစ်ယောက်ပါ။ သူက ခင်ညီလာ့ကို အလုပ်တွေကူလုပ်ပြီး ရင်းနှီးအောင်နေသည် မို့ သူနှင့်တော့ အစ်ကိုတစ်ယောက်လို ပြောရဲဆိုရဲ။

"ဆရာရေ ... ကျွန်တော်တို့အိမ်တော့ ခုမှအသက်ဝင်ပြီးလှပလာတော့တယ်၊ ခုမှ ကျွန်တော်တို့ဆရာတပည့်ဘဝ အဓိပ္ပာယ်ရှိလာတော့တယ်"

စိတ်ထဲကထောက်ခံပေမယ့် ... နေသန့်စင် မျက်နှာကြီး တည်တင်းထားမိသည်။ ဒီကောင်မလေး ဘယ်လိုလဲ။ နေဝင်းနဲ့ ရင်းနှီးလွန်းတယ်။ ခုခေတ်မိန်းကလေးတွေ မလွယ်ပါဘူး။

နေဝင်းကလည်း ခုတလော ရှိုးများလွန်းတယ်။ လေလန်း လန်းထနေတာပဲ။ သူ့ကိုယ်သူ လူပျိုပေါက်လေးအောင့်။ ဟင်း နံနက်စာအဖြစ် ခင်ညီလာ စီစဉ်ပေးသည့် ကော်ဖီနှင့်မုန့်မျိုးစုံကို



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး နေသန့်စင် အဘွားကိုနှုတ်ဆက်လိုက်သည်။

"အဘွား ... ကိုယ့်အိမ်မှာနေသလို သက်သောင့်သက်သာနေ၊ ခြံထဲဆင်းချင်းလည်းဆင်း၊ ခြံထဲမှာ ပန်းခြံသေးသေးလေးရှိတယ်၊ ပန်းပင်လေးတွေ ၁၄-၅ပင်နဲ့ ဖွဲ့စည်းထားတာ၊ ဆေးတွေလည်းမှန်မှန်သောက်၊ အိမ်ကိုလည်း နောက်ဆံတင်းမနေနဲ့နော်၊ အားလုံး သခါရတွေချည်းပဲ"

"ဟုတ်ပါတယ်သားရယ် ... အဘွား ဒီမှာစိတ်ချမ်းသာပါတယ်၊ ဟိုမှာဆို အဘွားသမီးနဲ့မြေးက တပူပူတဆူဆူနဲ့ ပူလောင်နေကြတာ"

"ဟုတ်တယ်လေ ... ဒါကြောင့် ကျွန်တော်ခေါ်လာတာပေါ့၊ ခင်ညိုလာ အလုပ်တွေအများကြီး လျှောက်လုပ်မနေနဲ့၊ အဘွားကိုပဲ ဂရုစိုက်၊ မင်းသတိထားရမှာက မင်းဟာ ဒီအိမ်မှာ ညှိသည်နော်၊ ကိုယ့်ကိုယ်ကို အိမ်ရှင်မ မှတ်ပြီးစိတ်ကူးယဉ်မနေနဲ့"

"ဟင် ... ရှင် ... ရှင် ... "

ခင်ညိုလာ ဆွေ့ဆွေ့ခုန်ကျန်ခဲ့စဉ် သူကတော့ တစ်ဘက်လှည့်ပြီး အပြုံးနှင့်ထွက်ခွာသွားတော့သည်။ ခင်ညိုလာမှာဖြင့် မခံနိုင်လွန်းလို့ မျက်ရည်ကျမတတ်။

"အဘွားရယ် ... သူ အရမ်းကိုလူပါးဝတာပဲ"

"ချစ်လို့စတာပါသမီးရယ် ... သမီးပင်ပန်းမှာစိုးလို့ တမင်ပြောသွားတာပါ"

"မဟုတ်ပါဘူး၊ အရမ်းမောက်မာတာပဲ၊ သူ့ကိုဝိုင်းကြိုက်





နေတဲ့အထဲမှာ သမီးလည်းပါတယ်မှတ်နေသလားပဲ"

"သားကသဘောကောင်းပါတယ် သမီးရယ် ... တလွဲမတွေးလိုက်ပါနဲ့၊ ကဲ ... တို့မြေးအဘွား သူ့ပန်းခြံဆိုတာ သွားကြည့်ကြရအောင်နော်"

အဘွားက သူမကိုစိတ်ပြေအောင် ခြံထဲသို့ခေါ်သွားလေရာ ခင်ညိုလာ သူ့ပန်းခြံလေးကိုတွေ့လျှင် စိတ်ချမ်းသာသွားရသည်။ သူက မအားလပ်သူမို့ တယုတယ ပိုးမွေးသလို မွေးရသည့် အပင်မျိုးတွေမစိုက်ဘဲ စပယ်၊ ယုဇန၊ စွယ်တော်ရောင်စုံနှင့် ခွာပြူရုံ၊ ဂေါ်သဇင်ရုံလေးတွေက သစ်သားစင်လေးတွေနှင့် ချစ်စဖွယ်။

သူစိုက်သည့်ပန်းပင်လေးတွေဟာ နေ့တိုင်းပြုစုယုယနေရာမလိုဘဲ တစ်ပတ်တစ်ခါ၊ နှစ်ခါလောက် ရေရွှဲရွှဲလောင်းရုံ၊ မြသြဇာကျွေးရုံနှင့်ရှင်သန်ကြီးထွားနေလိုက်ကြသည်မှာ ချစ်စရာကောင်းလွန်းလှပါသည်။ နှင်းဆီရိုင်းအဖြူ၊ အနီနှင့်ပန်းရောင်ပင်လေးများလည်း ဝေဆာဖူးပွင့်နေပုံမှာ မနိုင်တရို့နှင့်။

သူပဲစိတ်ကူးကောင်းတာလား၊ အရင်ပိုင်ရှင်တွေကပဲ စိတ်ကူးကောင်းတာလားတော့မသိ။ အိမ်ကလေး၏ နောက်ဘက်မှ ကိုပန်းခြံလေးကို ခင်ညိုလာ အလွန်သဘောကျသွားသည်နှင့် ဝ်လှမ်းလှမ်းမှာရှိသည့် ရေပိုက်နှင့်ရေဖွင့်ကာ လျှောက်လောင်းနေတော့သည်။

"ကိုယ့်ကိုယ်ကိုယ် အိမ်ရှင်မမှတ်ပြီး စိတ်ကူးယဉ်မနေနဲ့"

ဆိုသည့် နာစရာ စကားကြီးကိုပင် သူမ မ[illegible]နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်က သူတစ်ပါးအိမ်ရာမှာ နေနိုက်၊ စားနိုက် အတတ်နိုင်ဆုံးဝတ္တရားကျေပွန်ချင်သည့် သဘောပါ။ အလိုက်သိတတ်သည့်သဘောပါ။

အဘွားမှာလည်း ဝိုးခွဲပေါ်မှာ နေစာလှုံရင်း၊ ပန်းပင်လေးတွေကိုကြည့်ရင်း စိတ်ချမ်းမြေ့နေရသည်။ ခင်ညီလာ ပန်းပင်တွေရေဖျန်းနေတုန်း ဒေါက်တာ ခြံနောက်ဘက်သို့ရောက်လာပြီး ပြုံးကြည့်နေမိသည်။ ဒီကောင်မလေးဟာ တော်တော့်ကိုအလုပ်လုပ်ချင်တာပဲ။ မနေစိမ့်ဘူး။ သူ ... ဒီခြံကိုဝယ်လိုက်မှ စိတ်ကူးရပြီး ရှိရင်းစွဲအပင်တွေနှင့် ထပ်ဝယ်ထည့်သည့်အပင်တွေရောနှောကာ ပန်းခြံသေးသေးလေးတည်ဆောက်လိုက်တာ တော်တော်အကျိုးရှိပါသည်။

သူ့စိတ်တွေ မောပန်းပြီး နွမ်းနယ်တဲ့အခါတိုင်း ပန်းခြံလေးထဲမှာ ဆင်ထားသည့် ပိုက်ပုခက်လေးပေါ်မှာ လာရောက်အမောဖြေခဲ့သည်။ နေသန့်စင်ကို လှမ်းမြင်သည့်အဘွားက သူ့အနားသို့ဖိတ်ခေါ်၏။

"သား ... လာလေ ..."

"ဆေးရုံသွားမလို့အဘွား ... နေရင့်လာပြီ၊ အိမ်ထဲပြန်ဝင်ပြီး ညှော်ခန်းမှာ နားချင်နားလေ၊ ခင်ညီလာကတော့ အားလုံးကိုမေ့နေပြီ၊ ကောင်းတယ် ... ခုမှာ မာလီအလကားရတော့တယ်"

ခင်ညီလာကြားအောင် ခပ်ကျယ်ကျယ်ပြောပြီး သူထွက်သွားသည့်အခါ သူမ ရေလောင်းတာ လက်စသတ်လိုက်ပြီး





အဘွားကို အိမ်ထဲသို့ ပြန်ခေါ်လာခဲ့၏။

နောက် ... အဘွားကို ညှော်ခန်းထဲမှာထားခဲ့ပြီး ဖွေးဖွေးလှုပ်အောင်ပွင့်နေသည့် ပန်းကလေးများနှင့် ဘုရားပန်းအိုး၊ အလှပန်းအိုးတွေထိုးဖို့ အဘွားထံ ခူးခွင့်တောင်းလိုက်သည်။ အဘွားကရယ်မောလျက် ...

"သမီးဟာလေ သိပ်ကိုအလုပ်လုပ်ချင်တာပဲ၊ သားကလည်း ရုပ်တည်ကြီးနဲ့ ပြောချလိုက်ပါဘိ"

"သမီးက သူ့အိမ်ကို စိတ်ကူးယဉ်နေတာ မဟုတ်ဘူးအဘွားရဲ့ ... ကိုယ့်ဝါသနာကိုက ပတ်ဝန်းကျင်ကို အလှဆင်ချင်တာလေ"

"ကဲ ... ဒါဆိုလည်း ကြိုက်သလိုခူးပါကွယ်၊ ဖျက်ဆီးပစ်တာမှမဟုတ်တာ၊ ဘုရားပန်းနဲ့ အလှပန်းအိုးထိုးမှာပဲ"

အဘွားထံမှ ခွင့်ပြုချက်ရသည်နှင့် ခင်ညီလာ နှင်းဆီရိုင်းလေးများ၊ စပါယ်ပွင့်များနှင့် ဟစ်အိမ်လုံးကို အလှဆင်ခဲ့သည်။ နောက်မှ သူ့ဘာပြောပြောလေ။



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်စာကို သူမနှင့်အဘွားအတွက် ချက်ရင်း သူတို့ စားချင်လည်းစားဖို့ ပိုပိုသာသာချက်ထားလိုက်သည်။ ကိုယ်ချက် တတ်သလိုပေါ့။ တောချက်လို့ခေါ်ချင်ခေါ်ပါစေ။ ဆီတွေအများ ကြီးနှင့် ဆီဦးထောပတ်ဟင်းတွေ သူမ မစားချင်ပါ။

အဘွားနှင့်သူမအကြိုက် ကြက်သားကိုပြုတ် အသားတွေ နွှင်ပြီး သံပရာရည်တွေ ဘာတွေနှင့်သုပ်သည်။ ကြက်သားသုပ်၊ နောက် ... ကြက်ရိုးဟင်းချို၊ ငါးခူကြော်နှင့် ငံပြာရည်ကြော်။ သခွားသီးနုနုလေးတွေ တို့စရာ။ နောက် ... မြင်းခွာရွက်တို့ဦး မည်။

နေ့လယ် ၁၂နာရီမှာ ထမင်းပွဲပြင်ဆင်နေစဉ် ကားသံ ကြားလိုက်ရပြီး ထမင်းစားခန်းထဲသို့ နေသန့်စင်တို့ ဆရာတပည့် ဝင်လာခဲ့သည်။ အဘွားမှာ ရွှင်လန်းဝမ်းသာကာ ...

"လာ ... သား နေ့တိုင်းပြန်စားနော်၊ စားချင်တာလေး တွေလည်းပြောခဲ့ ..."





နေသန့်စင် ထမင်းပွဲကို သေသေချာချာကိုင်းကြည့်ပြီး လျှောက်မြည်းလိုက်သေးသည်မှာ မခံချင်စရာ။

"ဟင်းရွက်ကြော်တစ်ခွက်လောက် လိုသေးတယ်၊ မနက် က နေဝင်း ဝယ်ပေးတာ ဟင်းရွက်တွေပါတယ် မဟုတ်လား"

"ပါသားပဲ ... အများကြီး ..."

"ဟင်းသီးဟင်းရွက်လည်း စားရမယ်လေ၊ မင်းချက်တာ အသားနဲ့ငါးတွေပဲ၊ ဟင်းသီးဟင်းရွက်လည်း စားမှပေါ့"

ခင်ညီလာ သူ့ကိုအားမနာနိုင်။ မလေးစားနိုင်တော့။ ဒီ လောက် ဇိဇာကြောင်တဲ့လူကြီး။ သူ့ဖို့ချက်ထားတာ ကျနေတာပဲ။

"ဒေါက်တာကစားမယ်လို့မှ မပြောခဲ့ဘဲ၊ ကျွန်မနဲ့အဘွား ပဲစားရမယ်မှတ်ပြီး ကိုယ်စားချင်တာ ချက်တာလေ"

"ဟုတ်ပါတယ် မင်းတို့စားလည်း ဟင်းသီးဟင်းရွက်ထည့် စားဖို့ပြောတာ၊ နောက် ... အသီးအရွက်ကြော်တစ်ခုခု အသုပ် တစ်ခုခုပါ,ပါစေ"

ဟင်း ... စီးပိုးလိုက်တာ။ သို့သော် ... သူ့အရိပ်ကိုခိုပြီး သူ့ထမင်းကိုစားနေရသည်မို့ ခင်ညီလာ သည်းခံလိုက်ရသည်။

သူကတော့ သူ့အိမ်၊ သူ့ယာမို့ အဘွားဘေးမှာဝင်ထိုင် ကာ ထမင်းပန်းကန် ရောက်အလာကိုစောင့်နေ၏။ ခင်ညီလာ ထည့်ပေးရတာပါပဲ။ နေဝင်းကတော့ သူ့ပန်းကန်သူယူ၊ သူ့ထမင်း သူထည့်ကာ စားပွဲထောင့်စွန်းမှာ ထိုင်စားလေ၏။

"ဆရာ ... စားလို့အရမ်းကောင်းတယ်၊ ခါတိုင်းဝယ်စား နေရတဲ့ တရုတ်စာ၊ ကုလားစာတွေထက် အများကြီးသာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရသခြောက်ပါးလုံး မျှထည့်ထားတာပဲ ... ''

''နင့်ဘကြီး ရသခြောက်ပါး၊ နင်ဘာနားလည်လို့လဲ၊ ဂ…
ပြောစမ်း၊ အဲဒီ ရသခြောက်ပါး''

နေဝင်း စကားတွေကလွှန်ကဲချီးမြှောက်လွန်းသည်မို့ နေ…
သန့်စင် နှိပ်ကွပ်လိုက်လျှင် ခင်ညီလာ နှုတ်ခမ်းစူရပြီး နေဝင်း
ကတော့ ခွေးအကြီးလှည်းနင်းခံရသည့်နှယ်။

''ဟို ... အဲ ... ချို၊ ချဉ်၊ စပ် ... ငန် ... ဖန် ... ''

''တော်စမ်းကွာ၊ စားမှာသာစားစမ်း၊ ချက်တဲ့လူဘဝင်မြင့်
အောင် လျှောက်မြှောက်မနေနဲ့''

ခပ်တည်တည် စွတ်ဟောက်ပြီး နေသန့်စင် ထမင်းကို
မစားချင်၊ စားချင်ပုံစံနှင့်စားနေ၏။ သို့သော် ... သူခံတွင်းတွေ့
နေတာအမှန်။

ကြက်ရိုးဟင်းချိုက ခံတွင်းလိုက်သလို၊ ကြက်သားသုပ်
ကလည်း သံပရာနံ့ မွှေးမွှေးနှင့်။ ငါးခူကြော်က ပါးစပ်ထဲမှာ
အရည်ပျော်မတတ် ရွနေပြီ။ ငံပြာရည်ကြော်နှင့် သခွားသီးတို့
စရာကလည်း လိုက်ဖက်ပါဘိ။

ရှေးလူကြီးတွေပြောသည့် မီးဖိုချောင်နိုင်နင်းတယ်ဆိုတာ
ဒါမျိုးဖြစ်မှာပဲ။ အကူတစ်ယောက်မှမရှိဘဲ ချက်ပြုတ်ထားလိုက်
တာများ။

အိမ်မှာလည်း ပန်းအိုးလေးတွေနှင့် အလှဆင်ထားလိုက်
တာ။ ခါတိုင်းက ဖုန်တင်နေသည့်အိမ်မှာ။ ခုတော့ ရှင်းသန့်
လျက်။ လူနာပြုစုရင်း တစ်ဖက်မှပင် ဒီလောက်အလုပ်ကောင်း





တဲ့ကောင်မလေး။

ဘုရားရေ ... ဒါဟာ ငါ့သဘောကျအောင်များ လုပ်ပြ
နေတာလား။ ဖြားယောင်းနေတာလား။ အစားနဲ့မျှား အလှနဲ့
မျှား။

ဘာပဲဖြစ်ဖြစ် သူ ထမင်းနှစ်ပန်းကန်စားပစ်မိ၏။ အိမ်
နေရင်းမို့ ပေါ့ပေါ့ပါးပါးဝတ်ဆင်ထားသည့် ကောင်မလေးအသွင်
ကလည်း အိမ်ရှင်မတစ်ယောက်နှယ်။

စပန့်လုံချည်အိအိလေးနှင့် စပို့ရှပ်ကိုယ်တီလေးက ပန်းနု
ရောင်အမျိုးအနွယ်။ ကိုယ်ခန္ဓာကောက်ကြောင်းလေးက အယ်စ
တုံကြီးမဟုတ်ဘဲ ပြည့်ပြည့်လှလှ။

သူ့ကို ဖြားယောင်းတယ် စွပ်စွဲရအောင်လည်း သူမက
သူ့ကိုမကြည်။ ကြည့်လည်းမကြည့်။ ထမင်းထည့်ပေးခြင်း၊ ဟင်း
ထည့်ပေးခြင်းများ လုံးဝမလုပ်။

နေသန့်စင် မျက်မှောင်ကျုံ့မိသည်။ သူ့ကိုထမင်းစားဖိတ်
သည့် သမီးရှင်တွေဆို ပူးပူးမှုတ်ပြီး ပါးစပ်ထဲခွံ့ကျွေးမတတ်
ဂရုစိုက်ကြသည်။

ထမင်းစားပြီးတော့ အချိုပွဲအဖြစ် ရွှေငှက်ပျောသီးနှင့်
လီမွှော်သီးစိပ်တွေ။

အိမ်ရှင်မဆိုတာ ဒါပဲဖြစ်မည်။ နေဝင်း ဝယ်ချင်သလိုဝယ်
လာသည့် ဟင်းချက်စရာတွေ သစ်သီးတွေဟာ ယခုကျ စားချင်
စဖွယ် ဟင်းလျာတွေ အချိုပွဲတွေ ဖြစ်လာခဲ့သည်။

''မင်းတို့စားချင်တာလည်း နေဝင်းကို ဝယ်ခိုင်း၊ ဘူကရမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဈေးထဲတွေ့သမျှ လျှောက်ဝယ်နေတာ၊ သူဝယ်ဖို့စာရင်းလေး လုပ်ပေးပေါ့''

နေသန့်စင်ပြောလျှင် အဘွားကလည်းဝင်ပြီး တောင်းဆို၏။

''သားမှာ အကုန်အကျတွေများနေပါပြီကွယ်၊ အဘွား ဈေးဝယ်ပါရစေ၊ ငါ့သားမှာ ဆေးဖိုးလည်းမယူ၊ ကျန်းမာရေးလည်းဂရုစိုက်ရ၊ အစားအသောက်ကိစ္စပါ တာဝန်ယူနေရရင်''

''ဟာ ... အဘွားကလည်း ဒါတွေပြောနေစရာလား အဘွားရဲ့ ... တော်ပြီ ... တော်ပြီ အဘွားဟာ ကျွန်တော့်ရဲ့ ဂုဏ်ထူးဆောင် ဧည့်သည်တော်ပါ၊ အဘွားကိုပြန်လည်ပြုစုခွင့် ရတဲ့အတွက် ကျွန်တော်အရမ်းဝမ်းသာနေရတာ၊ ကျွန်တော့် စိတ်ချမ်းသာမှုကို မဖျက်ဆီးပါနဲ့ဗျာ၊ အဘွား အလိုက်သင့်လေး သာနေပါ ... ''

နေသန့်စင် တောင်းဆိုပုံက လှိုက်လှိုက်လှဲလှဲ၊ လောကွတ်တွေ ဟန်ဆောင်တာတွေမပါ။ အဘွားက သူ့ကိုဆုတွေ တစ်သီကြီးပေးနေ၏။

''ငါ့သား ဘုန်းကြီးလို့သက်ရှည်ပါစေ၊ မယားကောင်း၊ ဇနီးအလိမ္မာ သားသမီးအလိမ္မာတွေနဲ့ တွေ့ကြုံပါရစေကွယ်''

''ဟာ ... အဘွား မယားကောင်းနဲ့ဇနီးအလိမ္မာဆိုတော့ နှစ်ယောက်ကြီးတောင်၊ နှစ်ယောက်တော့မယူပါရစေနဲ့ အဘွားရယ်၊ တစ်ယောက်ဆို တော်ပါပြီ''

''ငါ့သားကလည်း တယ်ရိုးသကိုး၊ အဘွားပြောတာ တစ်





ယောက်တည်းပါ၊ ကောင်းပြီး လိမ္မာတဲ့ မယားဝတ္တရားနဲ့ပြည့်စုံတဲ့ ဇနီးရပါစေလို့ ပြောတာ''

နေသန့်စင် အဘွားကိုခပ်တည်တည်နှင့် နောက်နေ၏။

''အဘွား ... ကိုယ့်ထက်ငယ်တာတော့ မလိုချင်ဘူးနော်၊ ကိုယ့်ထက်အသက်ကြီးရင် ကြီးပါစေ''

''ဟဲ့ ... သားရဲ့ ငယ်မှကောင်းမှာပေါ့၊ ယောကျ်ားမောင်ပဉ္စင်း မိန်းမပုခက်တွင်းတဲ့၊ အသက်နှစ်ဆယ် ငယ်လည်းရတာပဲလေ''

''တော်ပါပြီအဘွားရယ်၊ မိန်းမဆိုတာ ငယ်ဂုဏ်မောက်တယ်အဘွားရဲ့၊ ယောကျ်ားထက်ငယ်ရင် ဆိုးနွဲ့ပြီး ချွဲနေတာနဲ့ မဖြစ်ပါဘူးဗျာ၊ ကဲ ... အဘွားစိတ်ချမ်းသာအောင်နေ၊ ကျွန်တော်ဆေးရုံပြန်ပြေးလိုက်ဦးမယ်''

ခင်ညီလာကို တိုက်ရိုက်စကားတစ်ခွန်းမှမပြောဘဲ သူ စောင်းချိတ်သွားလေသလား။ ဒေါသတွေဖြစ်နေရာမှ သူမ ဝမ်းနည်း အားငယ်စိတ်တွေ ဝင်မိပြန်သည်။

ငါ့ဘဝကဆိုးလိုက်တာ၊ အဘွားရဲ့နှာစ်အဖြစ်နေရာကနေ အခုတော့ သူ့ဆီမှာ အမှိုက်ခံတွေ ဖြစ်ရပြန်တယ်။ အလကား မစားချင်လို့ အလုပ်တွေ လျှောက်လုပ်ပြန်တော့လည်း ...

အင်းလေ ... ဘယ်လိုလူကြီးမှန်းလည်း မသိပါဘူး။ သူ့စကားတွေဟာ ဆူးလှည်းကြီးလို ဟိုငြိသည်ငြိနဲ့။

အဘွားကို နှုတ်ဆက်ပြီး အဘွားအိမ်မှနေ၍ ခင်ညီလာအိမ်ထဲမှာအမြင်မတော်တာတွေလျှောက်ရှင်းမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် … သည့်အိမ်မှာ အဝတ်လျှော်စက်လည်းရှိတာမို့ သူမ လုပ်စရာမလိုပေမယ့် ကိုရှိကားရားဖြစ်နေသည့် သည့်အိမ်မှာတော့ ခင်ညီလာ အမြင်မတော်တိုင်း လျှော်လုပ်နေမိသည်။

ရှင် … တစ်မျိုးတော့ မထင်လိုက်နဲ့နော်။



ညစာ ထမင်းဟင်းချက်ပြီးချိန်တွင် ခင်ညီလာ ရေမိုးချိုးရသည်။ ယခု ညစာကတော့ သူပြောသလို ဟင်းရွက်ကြော်နှင့် အသုပ်တစ်ခွက်လည်းပါလေသည်။

သူ့အိမ်မှာ အလှတွေပြင်နေတယ်ထင်မှာစိုးလို့ ခင်ညီလာ သနပ်ခါးတောင်မလိမ်းတော့။ မျက်နှာပေါ်မှာ ဘာဆိုဘာမှမရှိ။ ပင်ကိုယ်မျက်နှာ။

အဝတ်အစားကျတော့လည်း လှပသည့်အရောင်တွေကို မရွေးချယ်ဘဲ မီးခိုးရောင်လုံချည်နှင့် မီးခိုးရောင်စပို့ရှပ်ကိုယ်တိုကို ဝတ်ဆင်လိုက်သည်။ ကဲ … ဒီကြားထဲက ဘာပြောဦးမလဲ။ ဆံပင်ကိုလည်း ကျစ်ဆံမြီးတစ်ချောင်းထဲ ထိုးထားလိုက်သည်။

သူမပုံစံက တရားစခန်းဝင်မည့် ယောဂီလို။ အဘွားဆီသွားပြီး လိုအပ်တာလုပ်ပေးနေခိုက် ဖုန်းလာသဖြင့် ခင်ညီလာ သွားကိုင်ရသည်။ ဖုန်းက ဧည့်ခန်းထဲမှာ။

"ဟဲလို … "



www.burmeseclassic.com

www.burmeseclassic.com



"ခင်ညီလာ ... ဒီညနေ အဲ ... ဒီညစာ ညွှန့်သည် တစ်ယောက်ပါလာမယ်၊ ဟင်းလေးဘာလေး ထပ်ချက်လိုက်ဦး"

အောင်မယ် ... လူကိုများ သူ့အစေအပါးကျလို့။

"ကျွန်မ မချက်နိုင်တော့ဘူး၊ ဒေါက်တာ့ကိုအကြံပေးချင် တာက အဲဒီညွှန့်သည်ကို ဟိုတယ်တစ်ခုခုခေါ်သွားလိုက်ပါလား"

"မင်းအကြောင်းမဟုတ်ပါဘူး၊ ငါကတော့ ညစာစားဖို့ ညွှန့်သည်ခေါ်လာမှာပဲ ... ဒါပဲ ..."

အောင်မယ်မယ် ခေါ်ချင်တဲ့သူခေါ်လာပေါ့။ ဒီကလည်း ရှိတာကျွေးလိုက်ရုံပဲ။ ခင်ညီလာ မကျေမနပ်နှင့်ပင် အဘွား အခန်းထဲထိ နှုတ်ခမ်းစူနေမိ၏။

"ဘာတဲ့လဲသမီး သားကဘာပြောလိုက်လို့လဲ"

"ညွှန့်သည်ကို ညစာကျွေးရမယ်တဲ့၊ အရမ်းလုပ်ပါးဝတာ ပဲ"

"ဟဲ့ ... သမီးရဲ့ ဒီလိုမပြောပါနဲ့ကွယ်၊ သူလည်းမလွဲ သာလို့ခေါ်လာရတာနေမှာပေါ့၊ သမီးက ပြုံးပြုံးရွှင်ရွှင်နဲ့ညွှန့်ခံ မယ်လေ၊ ကဲ ... သွား ... သွား မျက်နှာလေး ဘာလေးပြင် လိုက်ပါဦး ..."

"ဘာဆိုင်လို့လဲအဘွားရဲ့ သူ့ညွှန့်သည်လာတာ သမီး ဘာမှမဆိုင်ဘူး၊ သမီးတို့ကလည်း ညွှန့်သည်ပဲ၊ အဘွားရဲ့ရာ ဉစ္စာ၊ သူ့နှမမှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်ပါကွယ်၊ လူမြင်ကောင်းအောင်တစ်ခု လိမ်းလိုက်ပါဦး၊ မိတ်ကပ်လေးလိမ်းလိုက်၊ ပြီးတော့ အဘွားဆီမှ





ရတနာတစ်စုံယူဝတ်"

"ဟင် ... အဘွား၊ ဘာတွေယူလာတာလဲ. ဒုက္ခပါပဲ၊ ညီ ... ဘာမှမဝတ်ချင်ပါဘူး၊ ညီနဲ့ဘာမှမဆိုင်တဲ့ဟာ"

နောက်ဆုံး အဘွားတိုက်တွန်းလွန်းလို့ လူကြီးကိုလေးစား သည့်အနေနှင့် မျက်နှာမှာ မိတ်ကပ်ပါးပါးလူးရသည်။ ဒါပါပဲ။ ကျန်တာ သဘာဝအတိုင်း သူမဟာ သွေးအားကောင်းသူမို့ နှုတ်ခမ်းလေးက နုနုရဲရဲ၊ မျက်ခုံး မျက်တောင်တို့ကလည်း ခပ် ထင်းထင်း။

နောက် ... ထမင်းစားခန်းမှာ ညစာအတွက် သူမ ပြင် ဆင်နေစဉ် ဒေါက်တာ့အသံကြားလိုက်ရသည်။ ချက်ချင်းပင် ခြေသံကြားလိုက်ရပြီး ထမင်းစားခန်းအဝင်မှ အသံကြားလိုက်ရ သည်။

"အဆင်သင့်ဖြစ်ပြီလား။ ညွှန့်သည်အတွက် အအေးယူခဲ့ ပါဦး၊ နေဝင်းကို ဆေးခန်းမှာထားခဲ့လို့"

လူကိုများ သူ့အိမ်မှ အနိုင်းအစေကျနေတာပဲ။ သို့သော် ခင်ညီလာ ယူသွားရတာပါပင်။

"ဟင် ..."

"ဟာ ..."

တစ်ဘက်မှလည်း ပညာမသုံးပါ။ ထရပ်လိုက်သည်ပါပဲ။

"ဒေါက် ... ဒေါက်တာ ..."

"ညီ ..."

ဒေါက်တာမြတ်လင်းကို အလန့်တကြားနှင့် ခင်ညီလာကို



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်းမေးခဲ့သည်မှာ ...

"ညီ ... ညီ အိမ်ထောင်မကျသေးပါဘူးနော်၊ ဒီ ... ဒီမှာ အလုပ်ဝင်နေတာလား"

"ဩော် ... ဒေါက်တာနဲ့ခင်ညီလာက အသိတွေကိုး၊ ဟုတ်တယ်၊ သူ ... ဒီမှာအလုပ်ဝင်နေတာ"

"ဗျာ ... ခင်ဗျားဆီမှာ ဟုတ်လား ... "

"ကျွန်တော့်ဆီမှာတော့ မဟုတ်ပါဘူး၊ ကျွန်တော့်လူနာဆီမှာ နာ့စ်ဝင်လုပ်နေတာပါ၊ ဒေါက်တာတို့ကရော ... "

"မြွေရောင်မှာ အလုပ်ဝင်ခဲ့တာ၊ တစ်လတောင်မရှိသေးဘူး၊ လစာတောင်မထုတ်ဘဲ ပျောက်သွားခဲ့တယ်၊ ခုမှ မမျှော်လင့်ဘဲ ပြန်တွေ့ရတာ၊ ကဲ ... မင်းဘယ်ပြေးဦးမလဲညီ"

ဒေါက်တာမြတ်လင်းကိုပြောပုံကြီးက သူနှင့်ကိုယ်ဟာ ပတ်သက်ခဲ့ဖူးသလိုလို၊ ခင်ညီလာ မကြိုက်ပါ။ ယူလာခဲ့သည့် အအေးဗန်းကို သူတို့ရှေ့စားပွဲပေါ်တင်ခဲ့ပြီး ဘာမပြော ညာမပြောနှင့် ခင်ညီလာ ချာခနဲလှည့်ကာ အဘွားဧ၏အခန်းသို့လျှောက်သွားတော့သည်။

ကဲ ... ရိုင်းတာတွေ၊ ယဉ်ကျေးတာတွေမလိုချင်ဘူး။ ထင်ချင်သလိုထင်၊ ပြောချင်သလိုပြောကြပေါ့။

ဧည့်ခန်းထဲမှာတော့ ဒေါက်တာနှစ်ယောက်လုံး အံ့အားတသင့်နှင့်အိုးတို့အန်းတန်း။ ဘယ်လိုကောင်မလေးလဲ။ ဒေါက်တာမြတ်လင်းကိုကပင် အရင် ရင်ဖွင့်ခဲ့သည်။

"ကျွန်တော် သူ့ကို ပရိုပို့စ်လုပ်ခဲ့ပါတယ်၊ သူကအထင်





လွဲတယ်လေဗျာ၊ ကျွန်တော့်မှာ အိမ်ထောင်ရှိခဲ့ဖူးတော့"

"နေပါဦး ... ဒေါက်တာ့အိမ်ထောင်က ခုထိမပြိုကွဲသေးဘူးမဟုတ်လား၊ ကိုယ့်ဘက်က မပြတ်သားဘဲနဲ့ မိန်းကလေးတစ်ယောက်ကို ထပ်မစသင့်သေးပါဘူး"

ဒေါက်တာနေသန့်စင် တမင်ပြောပစ်လိုက်သည်။ သူတို့နှစ်ယောက်ဟာ ဆေးကျောင်းသားဘဝမှာကတည်းက တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းခဲ့ပြီးသား။ အတွင်းသိ၊ အစင်းသိ အကြောင်းသိတွေ။

"ကျွန်တော့်ဇနီးနဲ့က ပြတ်စဲသွားပြီဆိုပါတော့၊ ညီ့ကို ကျွန်တော် တကယ်စွဲလမ်းမိတာပါ"

"ဒီကောင်မလေးက ခပ်ရှုပ်ရှုပ်ထင်တယ်"

ပဲခူးတိုင်းဆေးရုံကြီးသို့ တာဝန်အရ ခေတ္တရောက်ရှိလာသည့် ဒေါက်တာမြတ်လင်းကိုကို နေသန့်စင် စိတ်ပျက်နေမိသည်။ သူ့ဇနီးနှင့်မပြတ်မစဲနှင့်။ ခင်ညီလာကရော ဘယ်လိုမိန်းကလေးလဲ။

တစ်ဘက်မှာ သူ့ဇာတ်သူမနိုင်လို့ ဒီဘက်ကို ခြေရာဖျောက်လာခဲ့တာလား။ ဧည့်ခန်းထဲမှာ အိုးနင်းခွက်နင်း။ ရုပ်မပျက်အောင် သူဘယ်လိုဆက်ကရမှာလဲ။ ခင်ညီလာကတော့ ပေါ်လာမှာမဟုတ်တော့ချေ။

"သူက ကျွန်တော့်ရဲ့အဘွားလို ခင်မင်ရတဲ့လူနာရဲ့နှစ်ဆိုတော့ ကျွန်တော်လည်း ဩဇာမညောင်းဘူး၊ ထမင်းဟင်းလည်း သူတို့စားဖို့ချက်ရင်း ကျွန်တော်ပါ ကပ်စားနေရတာ၊



www.burmeseclassic.com

www.burmeseclassic.com



အားနာတယ်ဗျာ၊ ကျွန်တော် ဟိုတယ်မှာလိုက်ပို့စုပါ့မယ်''

''ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး။ ကျွန်တော်ရှိတာနဲ့စားလိုက်မယ်လေ''

နေသန့်စင် စိတ်ညစ်ညူးစွာနှင့်ပင် ထမင်းစားခန်းဘက်သို့ အရင်လာကြည့်လိုက်သည်။ စားပွဲမှာ အဆင်သင့်ပြင်ဆင်ထားတာ တွေ့ရသဖြင့် ဒေါက်တာမြတ်လင်းကိုကိုခေါ်ကာ နှစ်ယောက်အတူ စားလိုက်ကြသည်။

''ဒီထမင်းဟင်းတွေ ညီချက်တာလား''

''ဟုတ်တယ် ... ကျွန်တော့်အိမ်မှာ အလုပ်သမားမရှိဘူး''

''တော်သားပဲ ... စားလို့ကောင်းတယ်၊ ခင်ဗျားတော့ ကံကောင်းတာပဲ''

''သူတို့လည်း ခဏနေမှာပါဗျာ၊ ဒီကောင်မလေးက တစ်မျိုးလေးဗျ၊ ပေါင်းသင်းဆက်ဆံရတာခက်တယ်''

နှစ်ယောက်သားစားသောက်ပြီးကြလျှင် နေသန့်စင် ဆေးခန်းသွားဖို့ ပြင်ရသည်။

''ဆောရီးဗျာ ... ဒေါက်တာ လူနာတွေ များနေပြီ၊ ကျွန်တော် သွားမှဖြစ်တော့မယ်၊ ဒေါက်တာတော့ နေချင်နေလေ''

လောကွတ်ပြောပေမယ့် ဒေါက်တာမြတ်လင်းကိုက ...

''အေးဗျာ ... ခဏတော့ နေဦးမယ်နော်၊ ကျွန်တော် ဒီမြို့မှာ ဘယ်မှသွားစရာ လည်စရာမရှိလို့ပါ''





ဒီလိုဆိုပြန်တော့ နေသန့်စင် နောက်ဆံတင်းရသည်။ ရွှေစင်ညိုကတော့ မထွေးကိုလိုလို့ ဝဲနေပါချေပြီ။ မထွေးကရော ဘယ်လိုလဲ။ ကိုယ်နှင့်လည်းမဆိုင်။ သို့သော် ... ရင်ထဲမှာပူလောင်လာခဲ့တာ ဘာကြောင့်လဲ။ ကိုယ့်ကိုယ်ကိုယ်တော့ ပြန်လည် ဆန်းစစ်ကြည့်ရမည့်ပုံ။

သို့သော် ... ဒေါသကလည်း ၅၀%။ ပူပန်စိုးရိမ်မှုက ၅၀%။ အချစ်ဆိုတာ ဘယ်လိုကြီးလဲ။

နေသန့်စင် ဒေါက်တာမြတ်လင်းကိုကိုထားခဲ့ပြီး ဆေးခန်းသို့သွားလိုက်ရသည်။ အလိုက်ကမ်းဆိုးမသိသည့် လူနာတွေကလည်း ဒီနေ့မှ ပိုများနေ၏။ တစ်နိုင်ငံလုံးရှိ မျက်စိဝေဒနာသည်တွေများ ဒီမှာလာပြုံတိုးနေကြသလားပဲ။

ဖာတ်စင်ပေါ်က အငြိမ့်သမလို အပူရုပ်ကို လူလုပ်ပြီး နေသန့်စင် ကုသစမ်းသပ်နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ညှော့ခန်းထဲမှာ ဒေါက်တာမြတ်လင်းကို ငုတ်တုတ်ကြီးထိုင်ကာ သတင်းစာတွေဖတ်၊ ဂျာနယ်တွေကို သဲကြီးမဲကြီးဖတ်နေတာမြင်ရလျှင် ဒေါ်ဖွားမေ မနေသာ။ ဘာပဲဖြစ်ဖြစ် ကိုယ်တွေက အိမ်ရှင်လိုဖြစ်နေရသည်မို့။

သူ့အနားမှာထိုင်နေသည့် ခင်ညီလာကို ညှော့ခံဖို့ ညွှန်ကြားရသည်။

"သမီး ... ညှော့ခန်းထဲမှာ ညှော့သည်တစ်ယောက်တည်းရယ်"

"အဘွားကလည်း ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ ကိုယ်တွေက အိမ်ရှင်လိုမို့"

"ဘာမှအားနာစရာမရှိဘူးအဘွား၊ ကိုယ်လည်းအိမ်ရှင်မဟုတ်ဘူး၊ နေသာအောင်နေ ... "

"ဒါဆိုလည်း အဘွားတို့ထမင်းသွားစားကြမယ်လေ၊ ဆာပြီ ... "





သူမသဘောက အခန်းထဲမှာအောင်းနေလိုက်ချင်ပေမယ့် အဘွားလည်းဆာ၊ ကိုယ်လည်းဆာပြီမို့ အဘွား၏ပိုးချဲကိုတွန်းကာ ထမင်းစားခန်းသို့သွားဖို့ ညှော့ခန်းမှ ဖြတ်ရသည်။ ခပ်တည်တည်နှင့်ပေါ့။

ဒေါက်တာမြတ်လင်းကို ယဉ်ကျေးစွာ ထရပ်လိုက်ပြီး အဘွား၏ပိုးချဲကိုတွန်းကာ နှုတ်လည်းဆက်လိုက်သည်။

"ဪ ... အဘွားလား၊ လူနာနဲ့မတူဘူးနော်"

"အဘွားက ခြေလက်တွေ မသန်စွမ်းသေးလို့ သမီးရဲ့အကူအညီနဲ့ပဲ ရှင်သန်နေရတယ်၊ ဒေါက်တာလေးရော စားပြီးပြီလား"

"ကျွန်တော် စားပြီးပါပြီ၊ ဒါပေမယ့် အဘွားစားတာလိုက်ကြည့်ဦးမယ်လေ၊ ပြီးရင် ... အဘွားကို မယ်ဒီကယ်ချက်(ခ)လုပ်ပေးဦးမယ်"

ဒေါက်တာနေသန့်စင် အမြဲစမ်းသပ်ပေးနေတာမို့ မလိုအပ်ပေမယ့် အဘွားမှာလူမှုရေးအရ ငြင်းပယ်လို့မရ။ အသီးလိုချင် အပင်ချိုင်ဆိုသလို လောလောဆယ် သမီးကိုလိုချင်သဖြင့် လူနာအဘွားမှတစ်ဆင့် ချဉ်းကပ်တာဖြစ်ရမည်။

ခင်ညီလာကတော့ ဘာမှမပြောတော့ဘဲ အဘွားကိုသာ ထမင်းစားခန်းသို့ ခေါ်လာခဲ့သည်။ နောက် ... ကုလားထိုင်ပေါ်တင်ကာ စားပွဲပေါ်မှာ ထမင်းပွဲထပ်ပြင်လိုက်သည်။ စောစောက ဒေါက်တာတို့စားပြီးသည့် ပန်းကန်များကိုသိမ်းပြီး ဘောင်ဘောင်စားပွဲမှာ ပုံထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကို သူမ အရင်ခွဲကျွေးမည်ပြင်တော့ ဒေါက်တာမြတ်လင်းကိုက တာဝန်လွှဲယူလိုက်သည်။

"ကိုယ့်ကိုပေး၊ ကိုယ်ခွံကျွေးလိုက်မယ်၊ ရှစ်နာရီထိုးပြီ၊ ညီဆာနေမှာပေါ့ ... ညီစားတော့"

ရွှန်းရွှန်းစားစားမျက်လုံးများနှင့် ကြင်နာစွာကြည့်နေပုံက ရင်ဖိုဖို့နေနေသာသာ ခင်ညီလာ စိတ်ဆင်းရဲရသည်။ လူကို ဝါးစားမယ့် အရည်ဖျော်မယ့် မျက်လုံးကြီး။

သူက အတင်းတာဝန်ယူနေသဖြင့် ခင်ညီလာ လုယက်မနေတော့ဘဲ ထမင်းစားလိုက်သည်။ ခေါင်းငုံ့ပြီးဆာဆာနှင့်စားနေမိသည်။

ထမင်းစားခန်းထဲသို့ ဒေါက်တာနေသန့်စင် ဝင်လာခဲ့ပြန်သည်။

နေသန့်စင် ရင်ထဲနင့်ခနဲ။ သုံးယောက်သား စည်းလုံးညီညွတ်နေလိုက်ကြတာ။ မြတ်လင်းကို၏မျက်လုံးကြီးများကလည်း ခင်ညီလာ့ကို ကျွတ်မှန်တော့မည့်နှယ်။

"ဩော် ... သား ဘာကျန်ခဲ့လို့လဲ"

"ဒီနေ့လူနာတွေ အရမ်းများနေလို့ပါအဘွား ‐ ခင်ညီလာ့ကို နည်းနည်းလောက်ကူနိုင်းမလို့၊ ခါတိုင်းလာတဲ့ဆရာမနှစ်ယောက်မှာ တစ်ယောက်က နေမကောင်းလို့မလာနိုင်ဘူးလေ၊ ည ၉ နာရီလောက်ဆို ပြတ်သွားမှာပါ၊ အဘွားတစ်ယောက်တဲ့ ခဏတော့ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်သားရယ် ... အဘွားနေကောင်းနေသားပဲ၊





ကဲ ‐ သမီး ဆရာ့ကိုလိုက်ကူလိုက်ပါကွယ်၊ အဘွားညည်ခန်းထဲမှာ တီဗွီကြည့်ကျန်ခဲ့မယ်"

"ကျွန်တော်လည်းရှိသားပဲအဘွားရယ် ... ကျွန်တော်အဘွားနဲ့ စကားပြောဖော်လုပ်ပေးမယ်"

ခင်ညီလာ မကျေနပ်ပေမယ့် အဘွားနှင့်ဒေါက်တာမြတ်ကိုထားခဲ့ပြီး သူနောက်လိုက်ခဲ့ရသည်။ ဆေးခန်းက အိမ်ရှေ့မှာရှိပြီး သွားသည့်လမ်းမှာ ခရေပင်အုပ်အုပ်လေးများနှင့်။

သူကရှေ့မှသွားနေရင်း ခရေပင်ရိပ်မှာ ဆတ်ခနဲရပ်လိုက်တော့ နောက်မှမီအောင်လိုက်နေသည့် ခင်ညီလာနှင့်တိုက်မိသွားသည်။

"အိုး ... ဘယ်လိုလူလဲ ..."

"တောက် ... မကျေနပ်ဘူးကွာ မိန်းမတွေ မာယာသိပ်များတာပဲ"

သူမ၏ပခုံးနှစ်ဖက်ကို ဒေါသတကြီးကိုင်ဆုပ်ရင်း သူဒေါပွနေတော့ ခင်ညီလာ မျက်မှောင်ကျုံ့ရ၏။ သူကဆက်ပြောသည်။

"အထူးကုသမားတော်ကြီးဆိုတာနဲ့ ပျိုပျိုအိုအို အတင်းဖက်တက်တာပဲ၊ သူ့မှာအိမ်ထောင်ရှိတာ မင်းမသိဘူးလား၊ ဘာလဲ နံပါတ်နှစ်ဖြစ်ချင်လို့လား"

သူဆုပ်ကိုင်ထားသည့် ပုခုံးကလည်းနာ၊ စကားလုံး[illegible]ကလည်းစော်ကားလွန်းလှျင် ခင်ညီလာ မခံမရပ်နိုင်[illegible]ရ၏။

"ရှင် ... လွန်လာပြီနော်၊ ကျွန်မနဲ့သူ ဘာ[illegible]ဆိုင်ဘူး။ ဆိုင်ချင်မှ ဒီထိရောက်လာစရာကိုမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … မင်းက ဘယ်လိုပြောပြော မင်းနဲ့သူဟာ ရင်းရင်းနှီးနှီးကို ပတ်သက်ခဲ့ဖူးရမယ်၊ ပြော … မင်းနဲ့သူ ဘာလဲ"

ဒီလောက်ထိစွတ်စွဲလာတော့ ခင်ညီလာ ဒေါသနှင့်အရှုံးတိုက်ချင်ရသည်။

"အဲဒါ ရှင့်အကြောင်းမဟုတ်ပါဘူး၊ ကျွန်မဘာသာ ဘာဖြစ်ဖြစ် ဖယ် … လွှတ်၊ ရှင်သိပ်ပြီး ဗိုလ်မကျနဲ့သိလား"

ခင်ညီလာ ကဲကဲဆတ်ပြီး မျက်နှာလေးမော့နေ၊ စိမ်းတောက်နေလျှင် မီးရောင်မကျသည့်အထဲမှ ဝင်းပမွှေးပျံ့နေသည့် ကောင်မလေးကို သူဒေါသတကြီး ဆွဲပွေ့ဖျစ်ညှစ်ကာ နမ်းစုပ်ပစ်လိုက်သည်။

"အာ … "

ခရေပင်ရိပ်မှာ အသံလေးများ ခေတ္တပျောက်ဆုံးသွားပြီး နေသန့်စင် တုန်ရီမောဟိုက် မေ့မူးသွားပေမယ့် ခင်ညီလာကတော့ ဒေါသ၊ မာနတို့ဖြင့် တုန်လှုပ်တင်းမာနေခဲ့သည်။

သူ … အကြာကြီးထွေးပက်ထားရာမှ ဖြေလွှတ်မိလျှင် ခင်ညီလာ သူ့ကိုအတင်းဆောင့်တွန်းပြီး အိမ်ဘက်သို့ပြန်ထွက်ပြေးသွားတော့သည်။

"ဒုက္ခပဲ … ငါဘာတွေလုပ်မိလိုက်ပါလိမ့်၊ နားလည်မှုတွေလွဲတော့မှာပဲ၊ ငါတိတ်တခိုးချစ်နေမိတာ သူယုံပါဦးမလား၊ ငါ့ပိုင်နက်ထဲမှာ စော်ကားသလိုဖြစ်သွားပြီလား"

နေသန့်စင် ခေါင်းငိုက်စိုက်နှင့် ခရေရိပ်မှာ တွေတွေကြီး





ရပ်နေစဉ် သူတပည့်နေဝင်း အနားသို့အမောတကောရောက်လာခဲ့သည်။

"ဆရာ … လူနာတွေရှိသေးတယ်လေ … "

"ပိတ်လိုက်တော့ကွာ၊ အသည်းအသန်လူနာတွေမပါ,ပါဘူး၊ မနက်ဖြန်မှပဲ ကြည့်ပေးမယ်၊ ငါ … နေမကောင်းလို့ သေတော့မလို့လို့ပြောလိုက်ကွာ၊ တောက် … ဟိုဆရာဝန်စုတ်ကလည်း မပြန်နိုင်ဘူး … "

နေဝင်း ခေါင်းကုတ်ပြီး ဆေးခန်းပိတ်ဖို့ထွက်သွားစဉ် သူလေးလံသော ခြေလှမ်းများဖြင့် အိမ်ဘက်သို့လျှောက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ အဘွားနှင့်မြတ်လင်းကို တီဗွီကြည့်ရင်းစကားလက်ဆုံကျနေတာ မြင်လိုက်ရသည်။

"ဟင် … သား နေမကောင်းဘူးလား … "

"ဟုတ်တယ်အဘွား … ရုတ်တရက် ခေါင်းကိုက်သွားလို့"

"သမီးရော … "

"သူ … ဆေးခန်းကူပိတ်နေတယ် … "

အဘွားကိုညာပြောလိုက်ရင် … နေသန့်စင် ကိုယ့်အိပ်ခန်းသို့ဝင်သွားပြီး ခြေပစ်လက်ပစ်လှဲလိုက်မိသည်။ ငါမှားသွားတယ် ငါဘယ်လိုလုပ်ရမလဲ။ ဘာဆက်လုပ်ရမလဲ။ ညီ … ငါ အိမ်မှာဘယ်ဆက်နေရဲပါတော့မလဲ။

ရင်ထဲမှာအပူမီးတောက်လောင်ရင်း … သူ ဦးနှောက်ခြောက်တဒင်္ဂရူးမတတ်ဖြစ်နေရစဉ် ဧည့်ခန်းဘက်မှအသံကိုကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား ... ကျွန်တော်ပြန်ပါဦးမယ်ခင်ဗျာ၊ ဒီဆေးရုံမှာ ကျွန်တော်တစ်ပတ်လောက်နေရဦးမယ်၊ အဘွားဆီနေ့တိုင်းလာတွေ့မယ်နော်"

ရွှေစွန်ညို ဘာကိုလိုလို့ဝဲသည်ဆိုတာ ... ငယ်ရာကကြီးလာသူပီပီ အဘွားလည်းသိပါသည်။ ခင်ညီလာကို နေ့သန့်စင်နှင့်တွဲပြီး စိတ်ကူးကြည့်နေမိသူမို့ အဘွားမယုတ်မလွန်ပြောရသည်။

"ဒေါက်တာလေး အားလည်းလာခဲ့ပေါ့ကွယ်၊ ဒီအိမ်မှာ အဘွားတို့လည်း ညည်းသည်လို၊ လူနာလိုမို့ ... ဘာမှညည်းဝတ်မကျေဘူး၊ အားနာတယ်"

"အဘွားအိမ်က ဘယ်မှာလဲ"

"ဟိုဘက်လမ်းမှာပါပဲ၊ အိမ်မှာ သမီးတွေ မြေးတွေကမလိမ္မာတော့ အဘွားနေရတာစိတ်ဖိစီးရတယ်၊ သောကတွေဒေါသတွေဖြစ်ရတယ်၊ ဒါကြောင့် သားက ဒီခေါ်တာလာ"

ဒေါက်တာမြတ်လင်းကို အဘွားကိုအားကိုးရမှာမဟုတ်မှန်းသလိုက်သည်။ သူ ခင်ညီလာ့ကိုအပိုင်စည်းရုံးနိုင်မှာ ဖြစ်မည်ဆိုတာသဘောပေါက်သွား၏။

နေသန့်စင်ကြည့်ရတာ ခင်ညီလာ့အပေါ်မရိုးသားဘူးထင်သည်။ လူပျိုသမားတော်မို့ အာကာဟင်ကာ တိမ်ညွှန့်စားချင်လည်းစားပေမည်။ သို့သော် ခင်ညီလာ့အပေါ်မရိုးသားတာလည်း အသေအချာ။ ကြည့်ပါလား ... စောစောကဖြစ်ရပ်။

ခင်ညီလာ့ကို ခေါ်ထုတ်သွားပြီး ... မကြာခင် တစ်ယောက်တည်း ဆေးခန်းပိတ်ပြီးမျက်စိမျက်နှာပျက်စွာ ပြန်လာခဲ့ပုံ။





"ဒါဆိုလည်း အဘွားရယ် ... ညနေတစ်ခေါက်လောက်တော့ လာခဲ့ပါရစေ၊ အဘွားတို့ညည်းခံစရာမလိုဘူး၊ ကျွန်တော်စားစရာတွေဝယ်ခြမ်းလာပါ့မယ်"

"ဘာမှဝယ်မလာနဲ့ကွယ် အဘွားတို့ပြည့်စုံပါတယ်"

အဘွားကိုနှုတ်ဆက်ပြီး ဒေါက်တာမြတ်လင်းကို ပြန်သွားစဉ် ... နေသန့်စင် ခင်ညီလာ့ကိုရှာဖို့ တိတ်တဆိတ်ခြံထဲသို့ နောက်ဘက်မှဆင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြတ်လင်းကို စိတ်ထဲမှာမသက်သာ။ သူတို့ ချက်ချင်းကြီး ဘာဖြစ်ကြတာလဲ။ ခြံထဲမှာ မီးရောင်နှင့်လရောင်က ခပ်ဝါးဝါး။

သင့်တော် မသင့်တော်တာတွေမစဉ်းစားနိုင်တော့။ မြတ်လင်းကို ခြံထဲမှာ ခင်ညီလာ့ကို ဟိုဟိုသည်သည်လျှောက်ရှာမိသည်။

"ဟော ... "

ခြံခေါင်းရင်းဘက်ရှိ ပန်းရုံလေးဘေးမှာ ထိုင်နေတာကို ခင်ညီလာ။ မြတ်လင်းကို ခင်ညီလာ့အနားသို့ရောက်သွား၏။ သူမငိုနေလေသလား။

"ညီ ... ဘာဖြစ်တာလဲ၊ မျက်နှာတွေပျက်လို့"

"ဘာမှမဖြစ်ပါဘူး၊ ဒေါက်တာမပြန်သေးဘူးလား"

"ပြန်မှာပါ ... မပြန်ခင် ညီ့ကိုစိတ်မချလို့ရှာကြည့်တာ၊ သူ ... ညီ့ကိုဘာလုပ်လိုက်သလဲ"





"ဟာ ... ဘာမှမဖြစ်ပါဘူးဆိုမှ၊ ဒေါက်တာပြန်ပါတော့ သူများနေရာမှာ ... "

မြတ်လင်းကို ခင်ညီလာ့အနားမှာကပ်ထိုင်လိုက်လျှင် သူမ အလန့်တကြားထရပ်မိသည်။ လာပြန်ပြီ ...

"ညီရယ် ... ကိုယ့်မှာ လွတ်လွတ်လပ်လပ်ပါ၊ ညီ့ကို လက်ထပ်ပါရစေ၊ ခုလို ညီရုန်းကန်နေရတာမမြင်ရက်ပါဘူး"

"ကျွန်မ ကိုယ့်အားကိုယ်ကိုးရတာပဲနှစ်သက်တယ် ... ဒေါက်တာပြန်ပါတော့ရှင်"

"ညီ ... ဒီအိမ်မှာကျွန်ခံနေတာ ကိုယ်မကြည့်ချင်ဘူး၊ ညီ သဘောတူရင် မနက်ဖြန်ပဲတရားရုံးမှာလက်ထပ်မယ်"

"ဟာ ... ဒုက္ခပါပဲဒေါက်တာရယ်၊ ရှင်တို့မှာလိုချင်တဲ့သူတွေဝိုင်းနေကြမှာပါ၊ ကျွန်မကိုခွင့်လွှတ်ပါ"

ခင်ညီလာသူ့အနားမှထွက်ပြေးခဲ့ပြီး ခြံနောက်ဘက်ရေကူးကန်ရှိရာသို့ရောက်လျှင် လူတစ်ယောက်နှင့်သွားတိုက်မိသည်။

"ဘုတ် ... အင့်"

"ဘာဖြစ်လာတာလဲ ... "

ဒေါက်တာနေသန့်စင်၏ အသံကမကျေမနပ်နှင့်။ စောစောက မြင်ကွင်းကိုသူလှမ်းကြည့်နေတာပါ။ ခင်ညီလာနှင့် မြတ်လင်းကိုစကားပြောနေကြသည်မဟုတ်ပါလား။ ပူးပူးကပ်ကပ်ရပ်လို့။

"ဘာမှမဖြစ်ဘူး ... ဖယ်ပါ"

သူက ခင်ညီလာ့ကိုဖေးမထိန်းကိုင်ထားသည်မို့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဘယ်လိုမိန်းကလေးလဲ ... တစ်ညထဲမှာ ယောကျ်ား နှစ်ယောက်နဲ့ ပတ်ရှုပ်နေတာမရှက်ဘူးလား"

"ဟင် ... ရှင် ... ရှင် ... စော်ကားလှချည်လား၊ တော်ပြီ ... တော်ပြီ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတတ်တဲ့ ယောကျ်ားတွေကို မုန်းတယ် ... သိပ်မုန်းတယ်"

ခင်ညိုလာ ... နှလုံးသားတစ်ခုလုံး အပြင်ခုန်ထွက်လု လောက်အောင်ပဲ ဒေါသတွေညီးညီးလောင်လာရသဖြင့် သူ့ကို ဆောင့်တွန်းရုန်းဖယ်ပစ်လိုက်သည်။

သို့သော် ... မရ။

"မရဘူး ... မင်းလိုမလောက်လေး မ‿သာက်စားလေး ကမျှား ငါ့ကိုလှည့်စားချင်လို့ရမလား"

သူမကို အတင်းပွေ့ချုပ်ထားသည့်မို့ နှစ်ဦးစလုံးရုန်းရင်း ဆန့်ခတ်ဖြစ်ကာ ကျားနှစ်ကောင်သတ်နေသည့်နှယ် နှစ်ဦးစလုံး မြက်ခင်းပေါ်သို့လဲကျသွားတော့သည်။

"ဖယ် ... ရှင့်ကိုမုန်းတယ် ... မုန်းတယ် ... "

"ငါကတော့ ... မင်းကိုချစ်တယ်၊ အခုသေချာသွားပြီ၊ လက်လည်းလက်ထပ်ရဲပြီ"

"ရှင် ... ရူးနေသလား၊ အဘွားကိစ္စကြောင့် ရှင့်ကို စမုန်းနေတာ၊ အခု ... ပိုဆိုးသွားပြီ"

သူက ဘာစကားမှမပြောတော့ဘဲ ခင်ညိုလာ့ကိုမြက်ခင်း ပေါ်မှ ပွေ့ဖက်ထိန်းချုပ်ထားရင်း ငြိမ်သက်နေ၏။ သူမ ... အတင်းရုန်းဖယ်လို့မရတော့။





သူ့ ရင်ခွင်ထဲမှာဒေါသကြောင့် သွေးတွေတဒိတ်ဒိတ်ခုန် တိုးနေရင်း ခင်ညိုလာမူးနောက်လာရာမှ သတိလစ်သွာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း … "

သူမ သတိရလာသည့်အခါ နွေးထွေးသည့်အိပ်ရာတစ်ခု ပေါ်မှာ ရောက်နေခဲ့သည်။ သူမ လန့်ခုန်ထမိသည်။ ဒါ … ကိုယ့်အိပ်ရာမဟုတ်ပါလား။

"မကြောက်ပါနဲ့ … မင်း ဘာမှမဖြစ်ပါဘူး"

"ဟင် … ရှင် … ကျွန်မကိုဘာဖြစ်လို့ ဒီထဲခေါ်လာရတာလဲ"

ဒါ … ဒေါက်တာ့အခန်းမှန်းသိလိုက်ရသဖြင့် ခင်ညီလာ ကြောက်လန့်မှုတွေ လွှမ်းကဲနေခဲ့သည်။ ငါ့ကိုကြောင်ကြီးက ကြွက်ကို ကစားနည်းမျိုးကစားနေတာ။

"စိတ်မချလို့ပေါ့၊ မင်း … ငါ့အိမ်ကထွက်သွားမှာစိုးရိမ်တယ်၊ နောက် … ဟိုကောင် မြတ်လင်းကိုနဲ့ပါသွားမှာလည်း ဆိုးတယ်"

"အဲဒါ … ရှင်နဲ့ဘာဆိုင်သလဲ … "





"ဆိုင်တာပေါ့ … မင်းက ငါ့ချစ်သူပဲ၊ ငါလက်ထပ်မယ့် ချစ်သူ"

"ဘာပြောတယ် … ရှင်တစ်ယောက်တည်းချစ်တာနဲ့ ချစ်သူဖြစ်ရောလား၊ ရှင့်စကားတွေလည်း လုံးဝမယုံဘူး၊ ကျွန်မ ရန်ကုန်ပြန်ဦးမယ်၊ ဖယ် … အဘွားကိုနှုတ်ဆက်ရဦးမယ်"

ခင်ညီလာ အိပ်ရာပေါ်မှဆင်းလိုက်လျှင် ကုလားထိုင်ပေါ်မှာ စာထိုင်ဖတ်နေဟန်တူသည့်သူကလည်း အခန်းတံခါးကိုသွားပိတ်လိုက်သည်။

"ရှင် … မတရားအနိုင်မကျင့်နဲ့နော်၊ ရှင့်ကို လူယုတ်မာလို့မထင်ပါရစေနဲ့"

"ယုတ်မာတယ်ဆိုတာ ဘာလဲ … ငါက မင်းကိုတကယ်ချစ်တာ၊ ငါ့ကိုထားပြီးသွားမှာလုံးဝလက်မခံနိုင်ဘူး"

"ကျွန်မကရော … ကိုယ့်ကို ဒီလောက်အထင်အမြင်သေးပြီး စော်ကားချင်နေတဲ့အိမ်မှာ ဘယ်လိုဆက်နေရမှာလဲ၊ ကိုယ့်အတွက်လုံခြုံမှုမရှိတဲ့အိမ်မှာ ဘယ်မိန်းမပျိုလေးကနေတော့မှာလဲ"

"မင်း … အထင်မှားနေပြီ၊ ငါဖြစ်နေတာက မင်းကိုသိပ်ချစ်မိလို့ သဝန်တိုပြီးပေါက်ကွဲနေတာ၊ မင်း ငါ့အချစ်ကိုလက်ခံနိုင်ရင် အားလုံးအဆင်ပြေသွားမှာပဲ"

ခင်ညီလာ နှုတ်ခမ်းလှလှလေးမဲ့မိသည်။ သူမ[illegible]မဲ့ တစ်ကောင်ကြွက်မလေးကို ယခုပင်ကြည့်။ ဘယ်မှာ[illegible]ထား လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီရှင် ... ဒေါက်တာ့ကိုတောင်းပန်ပါတယ်၊ ကျွန်မကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပါတော့"

"မင်း ‗ တော်တော်ခေါင်းမာတဲ့မိန်းကလေးပဲ၊ ဘာဖြစ်လို့ အကြောင်းမဲ့ ငါ့ကိုဒီလောက်မုန်းတီးရတာလဲ"

ခင်ညီလာကလည်း သူဘယ်လောက်ပဲပြောပြော ... သူ့ရှေ့မှဖြတ်လျှောက်ကာ အခန်းတံခါးကိုဖွင့်လိုက်သည်။ မပတ်သက်ချင်ပါဘူး။ ဒီလောက်ဆိုးဝါးတဲ့လူတွေနဲ့။

နေသန့်စင် ‗ ထပ်မံပြီးအကြမ်းမဖက်ချင်တော့။ ခေါင်းငိုက်စိုက်နှင့်ကျန်နေခဲ့ရာမှ ‗ အခန်းပြင်သို့ တစ်လှမ်းချင်းထွက်လိုက်ခဲ့သည်။ ခင်ညီလာ့ကိုပြောမရရင် ... အဘွားနဲ့တစ်ဆင့်နဲ့ပြောနိုင်းမှာပေါ့။

သူ ... အဘွားအခန်းသို့ဝင်လိုက်သည်။ ညလယ်ခေါင်ကြီးပေမယ့် အဘွားလည်းအိပ်ပျော်မနေပါ။ ခင်ညီလာကတော့ သူမရဲ့အခန်းထဲမှာ ပစ္စည်းတွေသိမ်းဆည်းနေမည်။

"အဘွား ... "

"သား ... အိပ်မပျော်ဘူးလား၊ ဒီညဦးပိုင်းတစ်ခုလုံး သမီးလည်းအဘွားဆီရောက်မလာဘူး"

နေသန့်စင် ... အဘွားခုတင်ရှေ့ရှိ ကုလားထိုင်တစ်ခုလုံးမှာဝင်ထိုင်ပြီး အကျိုးအကြောင်းတွေရှင်းပြမိသည်။

"အခု ... သူ ဒီကထွက်သွားမလို့ ပြင်ဆင်နေပြီ၊ ကျွန်တော် သူ့ကိုတကယ်ချစ်တာ၊ တကယ်လက်ထပ်မှာပါ၊ အဘွားရယ် ... အဘွား ကူဖျောင်းဖျပေးပါဦးနော်"





"သားကရော သူ့ကို တကယ်လပ်ထပ်မှာမို့လား"

"ဟော ‗ အဘွားကစပြီး ကျွန်တော့်ကိုမယုံသင်္ကာဖြစ်နေပြီ"

"အင်းလေ ‗ သားက တကယ့်နိုင်ငံခြားပြန်သမားတော်၊ သမီးက ... ဆရာမတောင်မဖြစ်သေးတဲ့ ဆရာမသေးသေးလေး"

"သူ့ကို အလုပ်လည်းမဝင်နိုင်းတော့ဘူး၊ ကျွန်တော့်ကိုပဲ ပြုစုစောင့်ရှောက်နိုင်းတော့မယ်၊ ကိုယ်တိုင် ဆရာဝန်ကြီးကြီးဖြစ်နေတာနဲ့ ဂုဏ်ရေတူဆရာဝန်မကြီးကိုပဲ ရွေးချယ်ရမှာလား အဘွားရယ်၊ ယောက်ျားတွေအိမ်ထောင်ပြုတာက ပါရမီဖြည့်ဖက်ရှာတာပါ၊ ကိုယ်ယူလိုက်တဲ့ မိန်းကလေးဟာ စိတ်နှလုံးဖြူစင်ပြီး နူးညံ့သိမ်မွေ့မယ်ဆို ... ချစ်စရာကောင်းနေမယ် ... နောက် အိမ်ထောင်ထိန်းသိမ်းမယ်ဆိုရင် ပြီးပြီပေါ့၊ အိမ်ထောင်ရေးကို စီးပွားရေးလိုတွက်ပြီး မစီစဉ်ဘူး ... နှလုံးသားနဲ့ပဲရွေးချယ်မယ်"

"အေးကွယ် ... ဒါဆိုလည်း အဘွားဝမ်းသာပါတယ်၊ အဘွား သမီးကိုပြောပြလိုက်ပါ့မယ်"

သူတို့တွေ စကားပြောနေကြစဉ် ခင်ညီလာအပေါက်ဝမှာ ငေးငူရပ်နေမိသည်။ သူဘယ်လိုပင်ပြောပြော သူမ သူ့ကို လက်မထပ်နိုင်ပါ။ သူစီစဉ်စိတ်ကူးသလို ကိုယ့်ဘဝကို သူ့ရင်ခွင်ထဲမှာ ချောင်ထိုးပြီး မှအတက်မခံနိုင်။ မိန်းမတစ်ယောက်ရဲ့ဘဝတာရော တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုရှာကျွေးမယ့် ... ယောက်ျားကို တစ်ယောက်က
လက်ထပ်ပြီး ကိုယ့်ဘဝအခန်းကဏ္ဍကိုပြီးဆုံးစေဖို့ သူ့ကိုသ
ပိုမကျေနပ်သေးတယ်။

သို့သော် ... ခင်ညီလာ ဆုံးဖြတ်ရကျပ်နေပါသည်။
စိတ်ကူးယဉ်ပြီး သွားချင်ရာထွက်သွားဖို့ကျတော့လည်း အပျ
အရွယ်လေးမို့ အန္တရာယ်ရှိနိုင်သည်။

အင်း ... အဘွားကို ကိုယ့်အိမ်မှာပြန်နေဖို့အကျပ်ကိုင
မှပဲ။ ဟုတ်တယ် ... ဒါအကောင်းဆုံးပဲ။ ဒီအိမ်မှာနေရင်တော
သူ့ ညွှတ်ကွင်းကလွတ်မှာမဟုတ်ဘူး။ သူမ ... အခန်းဝမှာ
ရပ်ပြီး စဉ်းစားတွေးတောနေစဉ် ... ဒေါက်တာနေသန့်စင် ပြန်
ထွက်လာခဲ့သည်။

"ဟင် ... မင်းဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ဘူး ... ကျွန်မ ... ဒီကထွက်သွားတော့
မလို့"

"မသွားရဘူး၊ မင်းကိုငါမခွဲနိုင်ဘူး"

"ဒီအရွယ်မှာ ဒါတွေမရှိနိုင်ပါဘူး၊ ကလေးစကားတွေ
လာပြောမနေနဲ့၊ ကျွန်မ အဘွားနဲ့သွားပြီးတိုင်ပင်ဦးမယ်"

အဘွားကို သူ့အကူအညီတောင်းထားပြီမို့ နေသန့်စင်
နည်းနည်းတော့စိတ်အေးမိသည်။ အဘွားကို သူအားကိုးရမှာ
ပါ။

ခင်ညီလာ အဘွားအိပ်ရာခုတင်နားသို့ ဖြည်းညင်းစွာ
လျှောက်သွားလျှင် အဘွားကသူ့ကိုကြင်နာစွာဆီးကြိုသည်။





"သမီး ... ဘာတွေဖြစ်လာသလဲ၊ အဘွားကိုပြော"

ခင်ညီလာ မျက်ရည်တွေစီးကျလာပြီး နေသန့်စင်နှင့်
ပြဿနာများကိုပြောပြလိုက်သည်။

"သူက သမီးကိုဒေါက်တာမြတ်လင်းကိုနဲ့စွပ်စွဲပြောဆို
တယ်၊ သမီးကိုအထင်သေး အမြင်သေးစကားတွေ၊ စော်ကား
မော်ကားအပြုအမူတွေနဲ့ဆက်ဆံတယ်၊ သမီးထွက်သွားပါရစေ
တော့ အဘွားရယ်၊ အဘွားက ပိုက်ဆံရှိတယ်၊ နောက်ထပ်
ဆရာမငှားလို့ရပါတယ်"

ဒေါ်ဖွားမေ ... ခင်ညီလာကို ကြင်နာစွာငေးကြည့်ပြီး
သက်ပြင်းချခဲ့သည်။

"အဘွားကိုမခင်တွယ်တော့ဘူးလားသမီးရယ်၊ အဘွား
သူများနဲ့မဆက်ဆံချင်ပါဘူး၊ ပြီးတော့ သမီးအကျိုးအတွက်
အဘွားပြောပါရစေ ... သားက သမီးကို တကယ်မြတ်နိုးလို့
တကယ်လက်ထပ်မှာပဲကွယ်၊ ဘာဖြစ်လို့ ခေါင်းမာနေရတာလဲ
ဒီခေတ်ကြီးထဲမှာ ယောက်ျားကောင်းဆိုတာရှားပါတယ်၊ လင်
ကောင်းသားကောင်းရဖို့ဆိုတာ ခက်ခဲပါဘိကွယ်၊ သားက သမီး
ကို တကယ်ရည်စူးတာပါ၊ သမီးလက်ခံမယ်ဆိုရင် အဘွားက
သမီးရှင်လုပ်ပြီး မြန်းခိုင်းလိုက်မယ်၊ သမီးကိုအဘွားဆင်စီးပြီး
မြင်းရံတာပဲ မြင်ချင်ပါတယ်"

"ဟာ ... အဘွားကလည်း သမီးအသက်နှစ်ဆယ့်
တစ်နှစ်ပဲ ရှိသေးတယ် ... လင်စိတ်သားစိတ်မရှိသေးပါ
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး … သမီးရယ်၊ အဘွားတို့ခေတ်ကတည်းက သမီးကညာအခါမလင့်ဆိုတဲ့ စကားအတိုင်းသင့်တော်မယ့်သူသာ တွေ့ရင် ၁၈ နှစ်လောက်တည်းက ယောကျ်ားပေးစားကြတာပဲ"

"အဲဒါတွေ စိတ်မဝင်စားပါဘူး၊ အဘွားကို သမီးတစ်ခု ပြောချင်တာက အဘွား ဒီအိမ်မှာမနေဘဲ ဟိုအိမ်ကိုပြန်ရင်မဖြစ်ဘူးလား"

"သမီးရယ် … ကိုယ့်အိမ်ပဲ ကိုယ်ပြန်ချင်တာပေါ့၊ ဒါပေမယ့် … အဘွားမှာ ရန်သူတွေနဲ့နေရတာလေ၊ ကိုယ်သေးသေးလေးထဲက မွေးလာခဲ့တဲ့သမီးကလည်း လောဘအိုး၊ မြေးဆိုတာလည်းမပြောနဲ့တော့၊ အဘွားအသက်ရှည်စေချင်ရင် အဲဒီအိမ်ကိုပြန်လို့မဖြစ်ဘူး၊ ဒီမှာနေရတာ ဘယ်လောက်စိတ်ချမ်းသာသလဲကွယ် … သားကလည်း ၂၄ နာရီမှာ အိပ်ချိန်၊ စားချိန်လောက်အိမ်ပြန်လာတာ၊ တို့မြေးအဘွားပဲစိတ်ကြိုက် နားအေးပါးအေးနေရတာ"

အဘွားကို စည်းရုံးမရလျှင် ခင်ညီလာ စိတ်ညစ်သွား၏။ ဒီပြဿနာကို ငါဘယ်လိုဖြေရှင်းရမလဲ၊ အဘွားက သူမကို စိတ်ရှည်စွာနားချနေပြန်သည်။

"အဘွား _ သားကို သမီးမကြိုက်တာမလုပ်ဖို့ မပြောဖို့ ကတိတောင်းထားပါ့မယ်၊ ဒီမှာပဲနေရအောင်နော်၊ အဘွားညီမလည်းမလာနိုင်ဘူး၊ အဘွားမှာ အားကိုးမရှိလို့ပါ၊ ကျန်းမာရေးကောင်းတော့ ပြန်ကြမယ်နော်"





ဒီလောက်ချော့မော့နေတော့လည်း ခင်ညီလာ အီလည်လည်ရုပ်ကလေးနှင့်ပင် ခေါင်းညိတ်ခေါင်းခါ ကိုယ့်အခန်းပြန်လာပြီး အိပ်ရသည်။

ဒီထက်ဆိုးလာရင်တော့ သူမ ဒီအိမ်မှ ထွက်သွားရမည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖွားမေတို့အိမ်တွင်လည်း ညအချိန်မှာ သားအမိနှစ်ယောက် မီးခံသေတ္တာခိုးဖွင့်ဖို့ အမျိုးမျိုးအကြံထုတ်နေရသည်။ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်ဆိုသလို သော့တုလုပ်ပြီးဖွင့်ရအောင်လည်းမလွယ်။

"တောက် ... နေမကောင်းလာခါမှ မေမေ ဘာဖြစ်နေတယ်မသိဘူး၊ ငါ့ကိုလည်းမွေးစားသမီးဆိုပြီး မယုံကြည်ချင်တော့ဘူး"

"သားကိုရော ... မေမေ"

"ပိုဆိုးမှာပေါ့၊ မွေးစားသမီးကမွေးတော့ မွေးစားမြေးပဲ၊ ဒီကြားထဲ မင်းကရောက်ရောက်ချင်း စိန်တစ်ဆင်ဆာ တောင်းလိုက်တော့ ပိုဆိုးသွားတာပေါ့"

"အို ... မေမေကလည်း၊ အဘွားက သူဌေးမကြီးပဲ၊ မေမေမမြင်ဘူးလား၊ အတွင်းပစ္စည်း ရတနာတွေ၊ ဒီလောက်တောင်းတာ နည်းတောင်နည်းသေးတယ်"





သားအမိနှစ်ယောက် ဒေါ်ဖွားမေ၏အခန်းထဲတွင် သော့တုအမျိုးမျိုးဖြင့် မီးခံသေတ္တာသော့ကို ဖွင့်နေကြပေမယ့် ဘယ်လိုမှ ဖွင့်လို့မရချေ။ သည်စဉ် ... မင်းလုလင်၏မိန်းမ ဝါဆို အခန်းတွင်းသို့ဝင်လာခဲ့သည်။

"မေမေနဲ့ကိုကို ... ဘာတွေလုပ်နေကြတာလဲ၊ ဝါဆို့ကိုလည်းပြောလေ၊ ဝါဆို လုပ်တတ်တာဆိုလုပ်ပေးမှာပေါ့"

"မင်း မလုပ်တတ်ပါဘူးကွာ၊ ကိုကိုတို့အဘွားမီးခံသေတ္တာကိုခိုးဖွင့်နေကြတာ"

"ရလား ..."

"မရလို့ စိတ်ညစ်နေတာပေါ့၊ တို့ ခိုးကြောင်ခိုးဝှက်လုပ်နေတာ အပြင်လူတွေသိလို့မဖြစ်ဘူးနော်၊ အိမ်ကအလုပ်သမားတွေသိလို့လည်းမဖြစ်ဘူး"

"ဝါဆိုသိပါတယ် ကိုကိုရယ်၊ ဒီလိုလုပ်လေ ရန်ကုန်မှာ ဝါဆို့ဦးလေးရှိတယ်၊ သူကတော့ သော့ဝိဇ္ဇာ၊ သူ့ကိုခေါ်ပြီးဖွင့်နိုင်းပါလား"

"အပြင်လူ သိလို့မဖြစ်ပါဘူးဆို၊ ဝါဆို့ဦးလေးကလူဆိုးလား၊ သော့ဝိဇ္ဇာဆိုတော့ ..."

"လူဆိုးမဟုတ်ပါဘူး၊ သူကမက်ကင်းနှစ်လေ တီဗီတွေကွန်ပျူတာတွေလည်းပြင်တယ်၊ သူ မလုပ်တတ်တာကိုမရှိဘူး၊ ရေခဲသေတ္တာ၊ မီးခံသေတ္တာ အကုန်လုံးပြင်တတ်တယ်၊ ကိုကိုခေါ်ချင်မှခေါ်ပါ ဝါဆိုအတင်းမတိုက်တွန်းပါဘူး"

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြရင်း ... မျက်လုံးချင်းတိုင်ပင်ကြသည်။ ဝါဆိုဟာ သားရဲ့မိန်းမပဲလေ။ ယုံကြည်ရမှာပါ။ အကျိုးခံစားရတော့လည်း အတူတူခံစားကြရမှာပဲ။

"သား ... ဘယ်လိုသဘောရလဲ"

"ဝါဆိုက သားမိန်းမပဲမေမေရယ်၊ သူ့ဦးလေးဆိုတာလည်း သားဦးလေးပဲပေါ့"

"အေးလေ _ ဒါဆိုလည်း သမီးဦးလေးကိုဖုန်းဆက်လိုက်ပေါ့"

ဘယ်လိုမှဖွင့်မရသည့်အတူတူ ဝါဆို့ဦးလေးအကူအညီနှင့်ဖွင့်ကြဖို့ ဒေါ်နီလာတို့ဆုံးဖြတ်လိုက်ကြသည်။

ပန်းသီးနှင့်မိဖြူတို့မှာလည်း ညတိုင်း ... ညတိုင်း ဒေါ်နီလာတို့ သားအမိတွေ အဘွားအခန်းထဲမှာ ခိုးကြောင်ခိုးဝှက်လှုပ်ရှားနေကြတာကို ဘယ်လိုသတင်းပို့ရပါ့မလဲဟု အကြံအိုက်နေကြသည်။

ဒေါက်တာ့အိမ်မှဖုန်းနံပါတ်ကိုလည်းမသိ။ ယခုဆို သူမတို့နစ်ယောက်မှာ အကျယ်ချုပ်ခံနေရသလို ဘယ်ကိုမှလည်းထွက်ခွင့်မပြုတော့ချေ။ ဖုန်းနံပါတ်သိလျှင်လည်း ဖုန်းဆက်ခွင့်မရှိ။

"ဒုက္ခပါပဲ ... မေမေကြီးတို့ကိုအကြောင်းကြားချင်လိုက်တာ၊ ဟိုလောဘအိုးတွေ မီးခံသေတ္တာကိုမဖွင့်ရသေးလို့သာ ဖွင့်ရတာနဲ့ခိုးကြမှာပဲ"

"မေမေကြီးကတော့ ထားပါတော့၊ ဆရာမက တစ်ခါလောက် လာကြည့်ဖို့ကောင်းပါတယ်"

"သမ္ဗေသတ္တာကမ္မသကာပါပဲအေ ... ငါတို့လည်းဘာမှမတတ်နိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဒေါ်နီလာက ဟန်မပျက်ဈေးထွက်နေပေမယ့် မင်းလုလင်တို့နှစ်ယောက်က အိမ်မှမခွာကြချေ။ ခြံတံခါးကိုလည်း အမြဲသော့ခတ်ထားသဖြင့် မပန်းသီးတို့နှစ်ယောက်မှာ အကျဉ်းကျခံနေရသည့်နှယ်။

ဒေါ်ဖွားမေတို့ ဒေါက်တာ့ဆေးခန်းသို့ထွက်သွားပြီး ၃ ရက်မျှအကြာတွင် သူ့ညီမဒေါ်ဖွားငယ် ခြံရှေ့သို့အငှားကားနှင့်ရောက်လာခဲ့သည်။ မပန်းသီးနှင့်မိဖြူမှာ သွားပြီးတော့ ဖွင့်ပေးပိုင်ခွင့်မရှိ။ သော့ကို မင်းလုလင်ကိုင်လေသည်။

မင်းလုလင်သွားတွေ့ပြီး တံခါးကိုဖွင့်တောင်မဖွင့် မိဖြူကိုအကျိုးအကြောင်းသိရအောင် နိုးနားထောင်နိုင်းသဖြင့် ခြံတံခါးနှင့်မလှမ်းမကမ်းရှိ ခြုံပုတ်လေးအနားမှာရောက်နေရသည်။

"လူလေး တံခါးဖွင့်ပါဟေ့၊ မမရောနေကောင်းပြီလား"

ဒေါ်ဖွားငယ်က မင်းလုလင်ကိုရင်းနှီးစွာနှုတ်ဆက်ပေမယ့် သူ့အသွင်ကမကြည်မလင်။ ရန်လိုသည့်ဟန်နှင့်။

"ခင်ဗျားတို့ အရေးအကြောင်းဆို ပေါ်မလာဘူး၊ ခုမှ ဘာကိစ္စပေါ်လာရတာလဲ၊ ငွေလိုရင်တော့လာပါပြီ"

ဒေါ်ဖွားငယ်မှာမချမ်းသာသဖြင့် မင်းလုလင်နှိမ်ပြောလိုက်၏။ ဒေါ်ဖွားငယ် ဆတ်ခနဲဒေါသဖြစ်သွားရသည်။

"အောင်မယ် ... မွေးစားသမီး မွေးစားမြေးတွေကများ ငါ့အစ်မကိုလည်လိမ်တောင်ယူမယ့်လူတွေ၊ ငါ့အစ်မအိမ်ငါလာတာ တံခါးဖွင့်ပေး ..."

"ခင်ဗျားအစ်မရှိဘူး၊ နေကောင်းလို့ဘုရားဖူးတောင်ထွက်





သွားပြီ၊ သူရယ် ... သူ့နာစ်ရယ်"

"မဖြစ်နိုင်ပါဘူး၊ ငါ့အစ်မ ဒီလောက်မြန်မြန်နေမကောင်းနိုင်ပါဘူး၊ ကဲပါအေ ... တံခါးသာဖွင့်စမ်းပါ"

သည့်ထက်ပိုပြီးနှင်လို့မတော်သဖြင့် မင်းလုလင်တံခါးဖွင့်ပေးလိုက်သည်။ လူကတော့ ဉာဏ်နီဉာဏ်နက်တွေထုတ်လျက်၊ သည်နေ့ညနေ ဝါဆိုဦးလေးလည်းရောက်လာမည်မဟုတ်ပါလား။ အိမ်မှာ လူစိမ်းတွေမရှိမှ။

"မယုံလည်းနေဗျာ၊ လာ ... လာ တက်ကြည့်၊ အဘွားကတော့ သူ့ညီမကိုမျှော်နေလိုက်ရတာ"

"ဟဲ့ ... ငါလည်းလာတာပဲ၊ သမီးဗိုက်ကြီးသည်ကို သူ့ယောက္ခမလက်အပ်ပြီးလာတာပဲ"

ဒေါ်ဖွားငယ်မှာ အသက်ခြောက်ဆယ်လောက်မို့ သန်တုန်း၊ မြန်တုန်း။ ကိုယ့်အထုပ်ကိုဆွဲခါ ဧည့်ခန်းထဲမှာမောကြီးပန်းကြီးထိုင်နေလျှင် မင်းလုလင်အကြံတွေထုတ်နေသည်။

သည်စဉ် ... ဝါဆို ဧည့်ခန်းထဲသို့ဝင်လာခဲ့ရာ ဒေါ်ဖွားငယ်မျက်မှောင်ကျုံ့သွား၏။

"အဲဒါ ... ဘယ်သူလဲ"

"အဲဒါ ... ကျွန်တော့်မိန်းမလေ၊ ဝါဆိုပြောလိုက်ပါဦး၊ အဘွားဘုရားဖူးထွက်သွားတယ်ဆိုတာ မယုံလို့"

"ဟုတ်တယ် ... အဘွားနဲ့သူ့နာစ့်တို့ အညာကိုဘုရားဖူးထွက်သွားတယ်၊ ဆရာဝန်လေးကလည်း စိတ်ပြေလက်ပျောက်ခရီးထွက်သွားပါဆိုတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုပြောလိုက်ရာ ဒေါ်ဖွားငယ် ဖျတ်ခနဲသတိရသွားသည်။

"ဟုတ်တယ် ... ဟုတ်တယ် ... အဲ့ဒီဆရာဝန်လေးကို သွားမေးရမယ်၊ ငါ နင်တို့ပြောတာတွေမယုံဘူး"

မင်းလုလင်နှင့်ဝါဆိုတို့ ဒေါ်ဖွားငယ်ကိုမကျေမနပ်ဖြစ်နေကြရသည်။ သာသနာဖျက်မကြီး။ ဒီနေ့ညအကောင်အထည်ဖော်မလို့ဟာ။ သင်းရှိနေရင် ဘယ်လိုလုပ်ပြီး အလုပ်ဖြစ်တော့မလဲ။

"ကဲ ... မယုံလည်းဆက်ဗျာ ... ဆက်"

"ဟဲ့ ... နင်တို့ပုံစံက ငါ့ကို ခုပဲအိမ်ထဲကဆွဲထုတ်မယ့်ပုံစံတွေပါလား၊ ဒါငါ့အစ်မအိမ်နော်၊ ငါလည်းအမွေတစ်ဝက်ဆိုင်တယ်"

ဒေါ်ဖွားငယ် အမြင်ကတ်ကတ်နှင့် ပြောပစ်လိုက်လျှင် မင်းလုလင် ဆွေ့ဆွေ့ခုန်အောင် ဒေါသတွေထွက်ရ၏။

"ခင်ဗျားကြီး ဘာစကားပြောတာလဲ၊ တစ်သက်လုံးတွေ ဘာမှမကူညီဘဲ ... သေခါနီးကျမှ အမွေတွေလာတောင်းနေ တယ်၊ တောက် ... "

ဒေါ်ဖွားငယ်ကလည်း အာဂသတ္တိပါပေ။ မင်းလုလင်ကို တောင်မဖြုံ။ သင်းကဘာမို့လဲ။ မွေးစားမြေးကများ။

"ဟဲ့ ... စကားပြောတာရိုင်းလှချည်လား၊ ကဲ ... ဘာပြောပြော ငါ့အစ်မကိုငါစောင့်မယ်၊ ရောက်မှတော့ချက်ချင်း မပြန်နိုင်ဘူး၊ တောင်ကြီးကလာရတာ သက်သာတာမဟုတ်ဘူး နင့်အမေရော"





"ဆိုင်ထွက်နေတယ်"

"ဆရာဝန်ရဲ့ဖုန်းနံပါတ် ငါ့ကိုပေးကြဦးလေ ... ငါ့ကို သူပြောတော့ ငါ့အစ်မရောဂါက ချက်ချင်းကောင်းမယ့်ရောဂါ မဟုတ်ပါဘူး၊ လမ်းတောင်မလျှောက်နိုင်ဘူးဆို ... "

ဒေါ်ဖွားငယ် မယုံသင်္ကာတွေဖြစ်နေလျှင် မင်းလုလင် ဒေါသတကြီးနှင့်မီးဖိုဘက်သို့ဝင်သွား၏။ မီးဖိုထဲမှာအလုပ်လုပ်နေသည့် မပန်းသီနှင့်မိဖြူကိုသွားပြီး ဓားကြိမ်းကြိမ်းတော့သည်။

"ငါ ... အဘွားတို့ဘုရားဖူးသွားတယ်လို့ပြောထားတယ်၊ နင်တို့ကြောင့် အမှန်သိသွားလို့ကတော့ နင်တို့နှစ်ယောက်လုံး သတ်ပစ်မယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ... ကျွန်မတို့မပြောပါဘူး"

"အေး ... ဒင်းကိုမြန်မြန်ပြန်အောင်လုပ်ရမယ်၊ နင်တို့လည်း သူ့ကိုဂရုစိုက်မနေနဲ့၊ မသိချင်ယောင်သာဆောင်နေကြ"

"ဟင် ... ကျွန်မတို့က သူ့ကိုထမင်းတောင်မကျွေးရဘူးလား"

"မကျွေးနဲ့ ... သူကရာရာစစ အဘွားအမွေကို သူလည်း တစ်ဝက်ဆိုင်တယ်လေး ဘာလေးနဲ့လူပါးဝတဲ့အဘွားကြီး"

မပန်းသီနှင့်မိဖြူတို့ မျက်စိမျက်နှာပျက်နေကြစဉ် မင်းလုလင် မကျေမနပ်နှင့်ဆက်လက်ကြုံးဝါးနေ၏။

"မေမေ့ကိုမွေးတာ စာချုပ်စာတမ်းမရှိဘူးတဲ့၊ ငါ့တယ် ဆိုင်ကြေးဆိုညီမကလည်းတရားဝင်တာပဲတဲ့၊ တောက် ... ဒင်းမကြီး ဘာမှမဆိုင်ဘဲနဲ့လောဘတွေလာကြက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းလုလင် မီးဖိုခန်းမှ ဒေါသတကြီး ထွက်ခွာသွားလေမှ မိဖြူတို့နှစ်ယောက် သက်ပြင်းချကြရသည်။ ဒီအကြောင်းတွေ မေမေကြီးတို့သိအောင် ဘယ်လိုလုပ်ရပါ့မလဲနော်။



ဒေါ်ဖွားမေကို ခင်ညီလာ နံနက်လင်းသည်နှင့်ကိုယ်လက်သန့်စင်ပေးပြီး ခင်ညီလာ မီးဖိုခန်းထဲဝင်ရသည်။ မနက်စာစီစဉ်ရတာ မပင်ပန်းပေမယ့် ရင်ထဲမှာတအုံ့နွေးနွေးမို့ သူမနေရတာ ဘဝင်မကျ။

ဒေါက်တာဟာ ငါ့ကိုတကယ်ချစ်တာလား။ မိန်းကလေးသဘောမတူဘဲ အတင်းချစ်လို့ရမလား။

ကော်ဖီတစ်အိုးနှင့်ပေါင်မုန့်မီးကင်။ ကြက်ဥကြော်၊ ဝက်အူချောင်းကြော်ပြီးလျှင် ... ခင်ညီလာ နံနက်စာကိုစားပွဲမှာပြင်ဆင်ထားလိုက်သည်။ သည်စဉ် ... ဒေါက်တာက အဘွားဧ၏ဝိုးချဲကိုတွန်းခဲ့ပြီး ထမင်းစားခန်းသို့ဝင်လာခဲ့၏။

ခင်ညီလာ၏နံနက်ဦးအလှကို ရွှန်းရွှန်းစားစားကြည့်ပြီး သူက စားပွဲထိပ်တွင်ဝင်ထိုင်သည်။ သူ့ပုံစံက အိမ်ထောင်ဦးစီးကြီးနှယ်။ ကိုယ်က သူ့အိမ်မှာနေရသည်မို့ သူ့အတွက်ကော်ဖီငှဲ့ပေးနေရလျှင် သူကပြုံးပြုံးကြီး။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကို သူမကျွေးမွေးနေစဉ် ... အဘွားက ကျေနပ်သည့်အသံနှင့်။

"သားနဲ့သမီးကိုကြည့်ရတာ လိုက်ဖက်ညီလိုက်တာ၊ သားကလည်းခန့်ချောကြီး၊ သမီးကတော့ နုနုထွားထွားနဲ့တကယ့်ကိုတော်ဝင်တဲ့အလှမျိုး"

နေသန့်စင် ... အဘွားညွှန်းသဖြင့် ခင်ညီလာကို ထပ်ကြည့်မိသည်။ နှင်းပွင့်လေးတွေလို ဖြူစင်ဝင်းနှစ်သည့်အလှနှင့်မျက်လုံးရွဲရွဲကြည်ကြည်လေးကပင် ... စာဖွဲ့လို့မမီချင်စရာ။ နှာတံလေးလှပုံနှင့် နှုတ်ခမ်းလေးနုထွေးအိစက်နေပုံက စေ့စေ့ကြည့်လျှင် သူ့ရင်ခုန်သံတွေကို တဒိုင်းဒိုင်းမြည်ဟည်းစေတော့ပြီ။

ခင်ညီလာကတော့ သူ့ကိုမော့မကြည့်။ ကိုယ့်ဘာသာလုပ်စရာရှိတာလုပ်နေမိသည်။ ရင်ထဲမှာ အချစ်စိတ်တွေဖြစ်ပေါ်မလာသည့်မို့ ရှက်တာ၊ ကြောက်တာ၊ ရင်ခုန်တာတွေဖြစ်မလာ။ အဘွားကိုကျွေးမွေးပြုစုပြီးမှ သူမလည်းစားသောက်သည်။

"နေ့လည်စာဘာစားချင်လဲသား၊ သမီးကိုပြောခဲ့လေ"

"သူချက်ချင်တာချက်ပါစေ၊ ကျွန်တော်စားပါတယ်"

"တစ်ခုတော့ရှိတယ်နော်၊ သားမိတ်ဆွေတွေကို ထမင်းစားဖိတ်မလာနဲ့"

"ကျွန်တော်မဖိတ်လည်း သူက အတင်းလာမှာလေ၊ အိမ်မှာ ညီမြကလည်းရှိနေတာကိုး"

သူ့စကားကြောင့် ခင်ညီလာ ဆတ်ခနဲလှမ်းကြည့်လျှင်





နေသန့်စင်မပြုံးချင်ယောင်ဆောင်နေလိုက်၏။ ကျေမှမကျေနပ်သေးတာ။ အဘွားက သူတို့နှစ်ယောက်ပြဿနာဖြစ်မှာစိုးသဖြင့် ကြားမှဖြန့်ဖြေနေ၏။

"ကဲ ... ကဲ ... သားလည်းနံနက်စာစားပြီးသွားပေတော့ ဆေးခန်းမှာလူနာတွေများနေလောက်ပြီ"

"ရပါတယ်အဘွားရဲ့၊ မသေမချင်းလုပ်နေရမယ့် အလုပ်တွေပဲ၊ ခုမှ ၇နာရီရှိသေးတယ်၊ ခင်ညီလာ ခုမနက် ငါးဖယ်ငါးဆုပ်နဲ့ကင်ပွန်းရွက်ချဉ်ရည်ဟင်းရနိုင်မလား"

ခင်ညီလာ အီလည်လည်ရုပ်ကလေးနှင့်ခေါင်းညိတ်ပြ၏။

"အိုကေ ... ဒါဆို ကိုယ်သွားပြီ၊ နေ့လည်စာပြန်စားမယ် စောင့်နေ"

အောင်မယ် ... ပိုင်စိုးပိုင်နင်းနဲ့ အဲဒါတွေမကျေနပ်တာ။ သူထွက်သွားလျှင် အဘွားကတော့ချီးမွမ်းခန်းတွေဖွင့်နေလေ၏။

"တော်တော်လူနာတွေအပေါ်စေတနာထားနိုင်တဲ့ကလေးပဲ၊ ဒီလို ဆရာဝန်မျိုးရှားပါတယ်"

"အဘွားကလည်း ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေပါပြီ၊ လင်းတလောက်တော့ ငှက်တိုင်းလှတာပဲ၊ ဆရာဝန်ပဲ လူနာတွေကို ကုသပေးတာဆန်းသလား"

"အမြင်ကြည်လင်စမ်းပါသမီးရယ် ... ဆရာဝန်တိုင်း စေတနာ မကောင်းပါဘူးကွယ်၊ အသပြာဆရာဝန်တွေ အသပြာဆေးခန်းတွေပြည့်လို့"

"ကဲပါ ... အဘွားကို၊ ညီအရှုံးပေးပါတယ်နော်၊ အဘွား



www.burmeseclassic.com

www.burmeseclassic.com



ကို အခန်းထဲပြန်ပို့ပေးမယ်၊ ပြီးရင် သမီးက ထမင်းဟင်းချက်မယ်''

ခင်ညီလာ အဘွားကိုသူ့အခန်းထဲပြန်ပို့ပေး၊ လိုအပ်တာလုပ်ပေး၊ ဆေးတိုက်ပြီးမှ မီးဖိုဘက်သို့ပြန်လာခဲ့သည်။

နာစ့်ဆိုပေမယ့် ဝါသနာနှင့်လိုအပ်ချက်အရ သူမ မီးဖိုချောင်ဝင်နေရ၏။ ခြံနောက်ဘက်မှာ ကင်ပွန်းချဉ်ပင်လေးတွေ့သဖြင့် သူမ ဆင်းခူးလိုက်သည်။ နောက် ရေခဲသေတ္တာထဲမှာရှိသည့် ငါး၊ ဟင်းရွက်များနှင့်ဟင်းချက်ရသည်။

သူပြောသည့်အတိုင်း ငါးဖယ်ငါးဆုပ်နှင့်ကင်ပွန်းချဉ်ရွက်ချဉ်ရည်၊ နောက် ငံပြာရည်ကြော်နှင့်တို့စရာမျိုးစုံ၊ ကြက်သားလည်းကြော်ပေးရ၏။

သူထမင်းစားလျှင် ဟင်း ၃-၄ မျိုးနှင့်စားတတ်တာမြင်နေရလို့ပါပဲ။ ထမင်းဟင်းချက်ပြုတ်ပြီးတော့ ခင်ညီလာရေချိုးသည်။ နောက် ... အစိမ်းနုရောင်တီရှပ်နှင့်ဂျင်းဘောင်းဘီအရှည်ဝတ်သည်။ အထူးတလည်ပြင်ဆင်မှုမပါ။ ကြုံသလိုဆွဲဝတ်လိုက်တာပါပဲ။

နေ့လယ် ၁၂ နာရီလောက်မှာ အဘွားကိုထမင်းကျွေးပြီး သူမ ... ကိုယ်စားနှင့်ဖို့ပြင်ဆင်နေစဉ် ဒေါက်တာပြန်ရောက်လာခဲ့သည်။

''ကြည့်စမ်း ... ကိုယ့်ကိုစောင့်ပါဆိုတာ စားနှင့်မလို့ပေါ့''

''ကျွန်မဆာပြီ ... ''

''ကဲ ... ဆာရင်လည်းထည့်ကွာ ... စားကြမယ်''





သူနှင့်အတူစားရမည့်ပုံ။ ခင်ညီလာ စိတ်ရှုပ်သွား၏။ သူ့ကိုထမင်းထည့်ပေးပြီး သူမ မတ်တတ်ရပ်နေလျှင် ဒေါက်တာ နေသန့်စင် ခင်ညီလာကိုလက်မောင်းမှဆွဲကာ အတင်းထိုင်ခိုင်းသည်။

''မင်းပါတစ်ခါတည်းဝင်စား ... ''

''ကျွန်မ ပြီးမှစားမယ်''

''မရဘူး ... ဘာလဲ ငါခွံ့ကျွေးမှစားမှာလား''

ခင်ညီလာ မကျေမနပ်နှင့်ပင် သူနှင့်အတူ ထမင်းဝင်စားလိုက်ရသည်။ သူကတော့ ထမင်းနှစ်ပန်းကန်ကုန်အောင်စားပစ်လိုက်၏။ သူမ ပန်းကန်ထဲသို့လည်း ဟင်းတွေခပ်ထည့်ပေးသည်။

''စား ... ကိုယ့်ကိုရှက်မနေနဲ့၊ မင်းချက်တာစားလို့အဆင်ပြေတယ်၊ ကိုယ်တော့ အိမ်ကထမင်းဟင်းကိုစွဲမက်မိပြီ၊ ခါတိုင်းလိုအပြင်မှာ မစားချင်တော့ဘူး''

ခင်ညီလာ ဘာမှပြန်မပြောဘဲ ... ထမင်းကိုသာအမြန်ဆုံးစားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကလင် ... လင် ... "

ဖုန်းသံကြောင့် မပန်းသီပြေးကိုင်လိုက်ရာ ဒေါက်တာနေသန့်စင်ထံမှဖြစ်နေလျှင် သူဘာပြောမည်ကို နားမထောင်ဘဲ ကိုယ်ပြောချင်တာကိုအရင် ကျိုးကန်းတောင်းမှောက်ကြည့်ရင်း ပြောချ၏။

"ဒေါက်တာ အဘွားညီမရောက်နေတယ် ... သူတို့က အဘွား ... "

"ခွမ်း ... "

နောက်မှ မင်းလုလင်ရောက်လာပြီး ... နားအုံကိုပင့်ရိုက်ခံလိုက်ရသည်ကြောင့် မပန်းသီ ဖုန်းခွက်လွတ်ကျသွားသလို တစ်ဘက်မှဒေါက်တာကတော့ အခြေအနေတွေကိုရိပ်စားမိသွားသည်။ ဟိုအိမ်မှာဘာတွေဖြစ်နေကြသလဲ ...

အဘွားက သူ့ဒွေးမို့ သူ့သမီးနှင့်သူ့မြေးတွေလောဘတက်ကာ အကြံအစည်၊ ကလီကမာတွေ လုပ်နေကြပြီထင်သည်။





နေသန့်စင် စဉ်းစားလိုက်၏။ အဘွားကိုပြောရမှာလား။ မပြောရဘူးလား။ သူ သက်ပြင်းချပြီး အဘွားကိုသတင်းပေးဖို့ အဘွားအခန်းထဲဝင်လိုက်ရသည်။

အဘွားဘေးမှာခင်ညီလာ။ အဘွားကိုခေါင်းဖြီးနေသည်။

"အဘွား ... အိမ်မှာအဘွားညီမရောက်နေတယ်တဲ့"

"ဟေ ... ဒါတောင် သူတို့က ငါ့ကိုအကြောင်းမကြားကြဘူးလား၊ မိနီလာ ဘာတွေလုပ်နေပါလိမ့်၊ မဖြစ်ဘူး ... မဖြစ်ဘူး ... အဘွားအိမ်ခဏပြန်မှဖြစ်မယ်"

"ဒီကိုခေါ်လိုက်ပါလားအဘွားရယ်၊ အဘွား ဒီမှာနေရတာ အဆင်ပြေတယ်မလား"

"အေးပါသားရယ် ... အဘွားအခြေအနေပြန်ကြည့်ဦးမယ်၊ သြော် ... ဒုက္ခ ... ဒုက္ခ မိနီလာရယ်၊ လောဘတွေကြီးလှချည်လား၊ သြော် ... သား အခုနေများ အဘွားသေသွားရင် အဘွားအာမခံထားတဲ့ ကျောင်းဆောက်မယ့်အလှူ မလှူဖြစ်ဘဲနေဦးမယ်၊ အဘွားမှာ ဘဏ်အပ်ငွေ သိန်းတစ်ထောင်ကျော်ရှိတယ်၊ ကိုယ်စားလှယ်လွှဲစာနဲ့ကိုယ်စားထုတ်ဖို့လုပ်ပေးခဲ့မယ်၊ မိနီလာ လွယ်တာမဟုတ်ဘူး၊ အဘွားသာ ဖျတ်ခနဲသေခဲ့ရင် သူပဲအကုန်စားပစ်မှာ၊ ကိုယ့်အပေါ်စေတနာမမှန်ကြတော့ ကိုယ်ကလည်း ကိုယ့်ချွေးနဲ့စာတွေကို သူတို့အကုန်ပေးဖို့မကြည်ဖြူနိုင်တော့ဘူး"

"ကဲပါ ... အဘွားစိတ်ချမ်းသာသလိုလုပ်ပါ၊ ဒေါ်နီလာကလည်း ဒီလောက်တော့ဆိုးမယ်မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးပြီကောသားရယ်၊ သူ့ရင်ထဲမှာ မေတ္တာတရားမရှိဘူး၊ လောဘအိုးမ၊ လောဘတွေပဲရှိတယ်၊ ဖြစ်နိုင်ရင်မအေတောင် သတ်ယူမယ့်မိန်းမ၊ ခုတည်းက အမွေခွဲထားရမယ်၊ သားအတွက် ဆေးရုံရှေ့က တိုက်ပေးခဲ့မယ်၊ သွား … သွား … အဘွားရှေ့နေ ဆီဖုန်းဆက်စမ်း"

ဒေါ်ဖွားမေ ဖျတ်လက်စွာစီစဉ်နေလျှင် ဒေါက်တာ နေသန့် စင် အလန့်တကြားတားရသည်။

"ဟာ … အဘွား ကျွန်တော့်အိမ်မှာလာနေပြီး ကျွန်တော့် ကိုအမွေပေးမယ်ဆိုတော့ ဒေါ်နီလာတစ်မျိုးထင်မှာပေါ့၊ အဘွား ကိုခြိမ်းခြောက်ပြီးတောင်းတယ်ထင်နေမယ်"

"အဘွား ပေးထိုက်တဲ့လူပေးခဲ့တာပဲ၊ အဘွားရှာထားတဲ့ ပစ္စည်း အဘွားကျေနပ်တဲ့သူပေးခဲ့ရမှ အဘွားစိတ်ချမ်းသာမှာ ပေါ့၊ သူ့အတွက်က လက်ရှိအိမ်နဲ့အထည်ဆိုင်လေ၊ တော်ပြီပေါ့ သားက အဘွားအတွက်လှူဒါန်းလည်းပေး ကြားလား … "

"အဘွားရယ် … "

နေသန့်စင် စိတ်မကောင်းစွာနှင့်အဘွားကိုငေးကြည့်နေရ ဆဲ … ခင်ညီလာ အဘွားခိုင်းသည့်အတိုင်း သူ့ရှေ့နေကိုခေါ် ပေးရသည်။ နေသန့်စင် အဘွားကိုတီးတိုးမေးမိ၏။

"အဘွား … ခင်ညီလာ့ကိုရော ဘာမှမပေးတော့ဘူး လား"

"သူ့ကို … အဘွားရဲ့ဝိုးချဲပေးခဲ့မယ် … "

"ဟာ … အဘွားကလည်း ကြဲကြဲဖန်ဖန်"





"သူ … အသုံးဝင်မှာပါ၊ သမီးကိုဝိုးချဲပေးခဲ့မယ်"

အဘွားစိတ်မှကောင်းသေးရဲ့လားဟု နေသန့်စင်တွေးနေမိ ဆဲ အဘွား၏ရှေ့နေကြီး ဦးမောင်မောင်လွင် ကားနှင့်ရောက်ရှိလာ ခဲ့သည်။

အဘွားနှင့်စကားစမြည်တွေပြောပြီး အဘွား၏ဆန္ဒအတိုင်း ရှေ့နေကြီးက တရားဝင်အောင် စာချုပ်စာတမ်းတွေ ပြုလုပ်ပေး ခဲ့သည်။

ထိုကိစ္စတွေပြီးသွားမှ နေသန့်စင် အဘွားနှင့်ခင်ညီလာကို သူတို့အိမ်သို့ ကားနှင့်ပို့ပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘွားအိမ်ထဲသို့ ကားဝင်လိုက်လျှင် အိမ်ထဲမှအော်သံ ဟစ်သံများကြားလိုက်ရသဖြင့် သူတို့အားလုံးထိတ်လန့်သွားရ၏။ အဘွားမရှိသည်နှင့် အိမ်ကြီးဟာဖရိုဖရဲ။

သူတို့ အဘွားကို အိမ်ထဲသို့ ချီပွေ့ခေါ်သွားကြလျှင် အိမ်ထဲမှ မင်းလုလင်နှင့်ဝါဆိုတို့ လန့်သွားကြသည်။ သူတို့ရုပ်က မနှစ်မြို့သည့်ရုပ်နှင့်။

"ဟင် … အဘွားဘာဖြစ်လို့ပြန်လာတာလဲ၊ ဟိုဆရာဝန်ကတာဝန်မယူတော့လို့လား"

"ငါ့အိမ်ငါပြန်လာတာပဲ၊ သားကတာဝန်ယူပါတယ်၊ ဒါ ဘာဖြစ်နေကြတာလဲ"

အခန်းထောင့်မှာ မပန်းသီကိုကြိုးနှင့်တုပ်ထားပြီး ရိုက်ပုတ်ထားသဖြင့် အညိုအမဲတွေစွဲနေ၏။

"သားရဲ့လက်စွပ်ကို ခိုးလို့ပါအဘွား"

"ဟဲ့ … ခိုးတော့ရော … ဒီလိုလုပ်စရာလား၊ နင်လုပ်





ပုံ ဥပဒေနဲ့မကာင်းဘူးနော် … သွားကြိုးဖြည်ပေးလိုက်စမ်း"

"မဟုတ်ဘူးအဘွား … ဒေါက်တာ့ကိုအဘွားညီမ ရောက်တဲ့အကြောင်းပြောမိလို့ရိုက်တာ"

"ဟင် … နင် နင် ရမ်းကားလှချည်လား၊ မင်းလုလင် သွား … သွား … နင်တို့မျက်နှာငါမကြည့်ချင်ဘူး"

အဘွားမှာစိတ်မကောင်းဖြစ်ရ ဒေါသဖြစ်ရသည်ကြောင့် နားထင်နှစ်ဖက်ကို လက်နှင့်ထောက်ရင်း အော်ဟစ်လိုက်လျှင် မင်းလုလင်ကလည်း ပမာမခန့်။

"ခုမှ … သူစိမ်းတွေအားကိုးပြီး နင်ချချင်လို့ဘယ်ရမလဲ၊ အဘွားအမွေတွေကို ယူကိုယူရဦးမှာ၊ မဆင်းဘူး … ဘယ်တော့မှမဆင်းဘူးမှတ်"

ပြောပြီး … မင်းလုလင်အပေါ်ထပ်သို့ ဝါဆို့လက်ကိုဆွဲကာ တက်သွားလျှင် ဒေါက်တာနေသန့်စင်နှင့် ခင်ညီလာ အဘွားကို ဖေးမထားရသည်။

ဆိုဖာပေါ်မှာလဲလျောင်းစေပြီး နေသန့်စင် အဘွားကို စမ်းသပ်ကုသပေးရသည်။ မပန်းသီက အနားသို့ကပ်လာပြီး အကျိုးအကြောင်းတွေကို ရှင်းပြတိုင်တန်းနေ၏။

"အဘွားမရှိကတည်းက အိမ်မှာအဆင်မပြေတော့ဘူး၊ ဝါဆို့ဦးလေးဆိုတာလည်း ရောက်နေတယ်၊ ရုပ်က လူမိုက်ရုပ်ကြီး နဲ့ ကျွန်မတို့ကို အလုပ်ထွက်ခွင့်ပြုပါတော့အဘွားရယ်၊ သူ့ညီဆို လည်း အဘွားအခန်းထဲမှာ ဘာတွေဝင်ရှာကြတယ်မသိဘူး၊ အဘွားညီမရောက်နေတာလည်း သူတို့က အဘွား ဘုရားမှူး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်ဆိုပြီး အတင်းပြန်လွှတ်ကြလို့ စောစောက ပြန်သွားရရှာပြီ''

အဘွားမှာ စိတ်မကောင်းဖြစ်ရလွန်းလို့ ရှုံ့မဲ့နေလျှင် နေသန့်စင် မပန်းသီကိုလက်ကာပြရသည်။

''တော်ပြီ ... တော်ပြီ ... ဒီစကားတွေရပ်တော့၊ ကဲ အဘွားဒီမှာနေရင် ဒီအိမ်ကလူတွေအချိုးနဲ့ အဘွားသွေးတိုးမှာပဲ၊ ကျွန်တော့်အိမ်ပဲပြန်လိုက်ခဲ့ပါတော့''

မနက် ၉ နာရီခွဲခန့်ရှိပြီမို့ နေသန့်စင်မှာ ဆေးရုံသို့လည်း ပြေးရပါဦးမည်။ အဘွားနှင့်ခင်ညီလာကိုလည်း သူ လုံးဝမထားခဲ့နိုင်၊ စိတ်မချ။

''တစ်ရက်နှစ်ရက်တော့ ဒီမှာနေဦးမယ်သားရယ်၊ သူတို့ လုပ်ချင်တာလုပ်နေကြတာ၊ အဘွားကို ပမာမခန့်လုပ်ကြတာကို မခံနိုင်လွန်းလို့ပါ''

''အဲဒါတွေထက် အဘွားအသက်ရှည်ဖို့၊ ကျန်းမာဖို့က ပိုပြီးအရေးကြီးပါတယ်၊ အဘွား ကျွန်တော့်စကားနားထောင်ပါ ဒီမှာနေရင် အဘွားအသက်တိုမှာပဲ''

''အေးပါသားရယ် ... အဘွားနားလည်ပါတယ်၊ ဒီမှာ တစ်ရက်နှစ်ရက်ပဲနေပါရစေ''

လောလောဆည် ဆေးရုံမှအရေးပေါ်ဖုန်းလှမ်းဆက်နေသဖြင့် နေသန့်စင် ခေါင်းမာနေသည့်အဘွားကို ခေတ္တထားခဲ့ရန် ဆုံးဖြတ်ရ၏။

''ကဲ — အဘွား ညနေမှကျွန်တော်လာခေါ်မယ်၊ ခုတော့





ဆေးရုံပြေးလိုက်ဦးမယ်''

နေသန့်စင် ကားနှင့်ထွက်သွားလျှင် ခင်ညီလာ အဘွားကို ဖြူအကူအညီနှင့်အောက်ထပ်ရှိ အခန်းလွတ်တစ်ခုထဲသို့ ပွေ့ချီယူလိုက်သည်။ မပန်းသီကတော့ အခန်းကိုကြိုရှင်းပေးထား၏။

''ကဲ ... အဘွား အနားယူလိုက်ပါဦး၊ မပန်းသီတို့နဲ့ သွားကူချက်လိုက်ဦးမယ်''

''အေးပါကွယ် ... အေးပါ ... ''

ခင်ညီလာ မီးဖိုဘက်ကိုလိုက်သွားတော့ အဘွားအိပ်ခန်းထဲမှာ အိပ်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်ရှိ ဒေါ်နီလာ့အခန်းထဲမှာ ဝါဆို၊ သူ့ဦးလေးနှင့် မင်းလုလင်တို့ ခေါင်းချင်းရိုက်ကာ တိုင်ပင်နေကြသည်။

"တောက် ... ပန်းတိုင်ရောက်ခါနီးမှ ခြေခေါက်လဲရ တယ်"

"အဘွားက ... လောလောဆည်အောက်ထပ်မှာနေတာ ပဲ၊ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ကြမယ်"

ည ၉ နာရီခန့်သာရှိသေးပေမယ့် အဘွားနှင့်ခင်ညီလ တို့ အခန်းထဲဝင်နေကြပေပြီ။

"တစ်ယောက်က သူတို့အခန်းကိုမြင်ရတဲ့ဧည့်ခန်းထဲက နေ အစွေ့ကြည့်ရင်၊ တီဗီကြည့်ရင်းစောင့်နေ၊ တစ်ခုခုထူးခြ ရင်အပေါ်ထပ်ကိုအချက်ပေး"

"ဘယ်သူစောင့်မလဲ ... မေမေစောင့်မလား"

မင်းလုလင်၏အမေးကို ဒေါ်နီလာကခေါင်းညိတ်ဖြင့်အော်ဖြေ

"ငါကကာယကံရှင်ဟဲ့၊ ပစ္စည်းတွေရရင်ငါသိမှဖြစ်မှာပေါ့





နင်တို့ ၃ယောက်က တစ်ဖွဲ့ထဲဟာ"

ဝါဆိုက ယောက္ခမကြီးကို ပျာပျာသလဲချော့သည်မှာ -

"အထင်မလွဲပါနဲ့ မေမေရယ်၊ ကဲ ဒါဆိုအောက်မှာဝါဆို စောင့်ပေးမယ်၊ မေမေတို့ ၃ယောက်သွားဖွင့်"

"ကောင်းတယ် ... ဝါဆိုကျန်ခဲ့၊ ကိုကိုတို့ ၃ ယောက် သွားကြမယ်"

ဝါဆို့ဦးလေးဦးကျော်သွင်၊ ဒေါ်နီလာနှင့် မင်းလုလင်တို့ သုံးယောက် အပေါ်ထပ်ရှိ ယခင်က အဘွားဒေါ်ဖွားမေနေသည့် အခန်းသို့တက်သွားကြသည်။

ဦးကျော်သွင်က နည်းမျိုးစုံဖြင့် မီးခံသေတ္တာကိုဖွင့်ရာ မပွင့်လျှင် ဒေါ်နီလာအသည်းယားနေရ၏။

"ရှင်ကလည်း အဖြစ်မရှိလိုက်တာ၊ ဒါနဲ့များ သော့ဝိဇ္ဇာ လေးဘာလေးနဲ့၊ အလကားဖွတ်ကျား"

ဒေါ်နီလာမကျေမနပ်ရေရွတ်လျှင် ဦးကျော်သွင် ဒေါ်သ တွေက ချောင်းချောင်းထွက်လေ၏။

"ခင်ဗျား ... ဘာစကားပြောတာလဲ၊ ဒီလောက်အခိုင် အခံ့နဲ့ ခင်ဗျားတို့လို ကလိမ်ကကျစ်တွေကို စိတ်မချလို့ သေသေ ချာချာစီမံထားတဲ့ မီးခံသေတ္တာကို လွယ်လွယ်ဖွင့်လို့ရမလားဗျ၊ ခင်ဗျားစိတ်မရှည်ရင် အပြင်ကစောင့် ... "

"ကိုယ်အသုံးမကျရင် မကျဘူးပြောပါ၊ ရှင် ဘယ်သူ့ကိုမှ ပုတ်ခတ်နေစရာမလိုဘူး"

"ကဲပါဗျာ ... ဦးလေးနဲ့မေမေကလည်း ရှုပ်ပြဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဒီမှာ ဦးကျော်သေသေချာချာ အားစိုက်ပြီးလုပ်နေတာ မေမေ မမြင်ဘူးလား၊ မေမေအခန်းပြန်ပြီး အိပ်စောင့်ချင်စောင့်ပျာ၊ ဖွင့်လို့ရရင်သားလာပြောမယ်''

''ဟဲ့ ... ငါ့မျှား အနံ့အအမှတ်နေသလား၊ မီးခံသေတ္တာ ပွင့်သွားတဲ့အချိန်မှာ အနားငါရှိမှဖြစ်မှာပေါ့၊ ဖွင့်သာဖွင့်၊ ငါထိုင်စောင့်နေမယ်''

''ဒါဆိုလည်း ပြီးရောပျာ ... ကျုပ်အာရုံမျှားအောင် တဆူဆူ ပုပ်မနေနဲ့''

အပေါ်ထပ်တွင် ဒေါ်နီလာတို့အဖွဲ့ အကောက်ကြံနေစဉ် အောက်ထပ်ရှိ ဒေါ်ဖွားမေ၏အခန်းထဲတွင် မပန်းသီ၊ မိဖြူနှင့် ခင်ညီလာတို့သုံးယောက်သား ကြောက်ရွံ့နေကြရသည်။

ဆေးတိုက်ထားလို့ အိပ်ပျော်နေသည့် အဘွားနိုးသွားမှာ စိုးသဖြင့် လေသံတိုးတိုးဖြင့် အခန်းတံခါးပိတ်ကာ စကားပြောနေကြရသည်။ မိဖြူက ...

''ဆရာမ ... အဘွားရဲ့ညီမ ပြန်သွားတာတောင် ဟုတ်ရဲ့လားပဲ''

''ဘာဖြစ်လို့လဲ''

''မနက်က မင်းလုလင် ... ကားနဲ့လိုက်ပို့တယ်ဆိုပေမယ့် အပြန်ကျတော့ ... သူ့ရုပ်က တုန်လှုပ်ချောက်ချားနေသလိုလို၊ ဒေါသတွေထွက်နေသလိုလိုပဲ''

''နင်က ဘယ်လိုထင်လို့လဲ ...''

''အဘွားညီမကလည်း ခပ်ကြမ်းကြမ်းမဟုတ်လား၊ အဓမ္မ





တွေ့သူလည်းဆိုင်တယ် ဘာညာလည်းပြောရော မင်းလုလင်ဆိုတာ ဆွေ့ဆွေ့ခုန်နေတာပဲ''

''လိုက်ပို့တုန်းက ဒေါ်ဖွားငယ်ကားပေါ်တက်သွားတာ မြင်လိုက်ရလား''

''မမြင်လိုက်ရဘူး၊ မိဖြူတို့ကို မီးဖိုထဲမှာ အလုပ်တွေခိုင်းထားတယ်လေ၊ ကားသံကြားလိုက်ရတာပဲရှိတယ်''

''ပြန်ပို့တယ်ဆိုတာ သူပြောတာပဲကြားရတာလေ''

''ဒါဆို ... မနက်ဖြန်ညနေလောက်ကျ တောင်ကြီးကို ဖုန်းဆက်ကြည့်ရအောင်၊ သူ့အိမ်ပြန်ရောက်လား မရောက်လား သိရအောင်''

မပန်းသီကလည်း တွေးတွေးဆဆနှင့်ဝင်ပြောသည်။

''ဝါဆိုဦးလေးဆိုတာကလည်း ထောင်ထွက်ကြီးလားမသိဘူး၊ ရုပ်ကခပ်ကြမ်းကြမ်းကြီး၊ ငါ့ကိုကြည့်တဲ့ပုံများ ကြက်သီးတောင်ထတယ်၊ သူတို့သုံးယောက် ညဘက်ဆို အဘွားအခန်းထဲ ဘာဝင်ကြံစည်နေကြသလဲမသိဘူး''

သုံးယောက်သား ငြိမ်သက်သွားကြပြန်သည်။ သုံးယောက်လုံး ရင်တမမနှင့် အကြောက်တွေလွှမ်းကဲနေမိ၏။

''ဘာတွေဖြစ်လာဦးမယ်မသိဘူးနော်၊ ဒေါ်နီလာကလည်း လောဘကြီးလိုက်တာ၊ နောက်ဆုံးကျ သူပဲရမယ့်ပစ္စည်းတွေကို ကြိုပြီးကြံစည်နေသလားမသိဘူး''

''အာဏာတသတ်လိုပေါ့၊ ဖခင်ကအမွေပေးမှာမစောင့်နိုင်တော့ ဖခင်ကိုသတ်ပြီး ထီးနန်းလုယူတာ''



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောကြပါဟဲ့ ... အဘွားနိုးသွားပါဦးမယ်"

သုံးယောက်သား အားလုံးငြိမ်သက်သွားကြပြီး ညှော်ခန်းဘက်သို့ တံခါးဟကာ ချောင်းကြည့်တော့ ဝါဆိုကလည်း သူမတို့ကို ထိုင်ကြည့်နေတာ မြင်လိုက်ကြရသည်။ မလွယ်ပါလား။

သူမတို့လေးယောက် အကျယ်ချုပ်မိနေကြပေပြီ။ သည်စဉ် အပေါ်ထပ်မှ မင်းလုလင်ပြေးဆင်းလာပြီး ဝါဆိုကိုလက်ဆွဲခေါ်သွားလျှင် ခင်ညီလာတို့သုံးယောက် သိချင်စိတ်ဖြင့် နောက်မှ ခိုးကြောင်ခိုးဝှက်ဖြင့် တက်လိုက်သွားကြသည်။

"ဟာ ... "

အဘွား၏အပေါ်ထပ်အခန်းထဲသို့ အားလုံးဝင်သွားကြပါလား။ ကေန္တ မီးခံသေတ္တာခိုးဖွင့်နေကြတာ ရသွားပြီထင်သည်။

"ဒုက္ခပါပဲ ... "

သုံးယောက်သား သိချင်စိတ်ဖြင့် အခန်းနားသို့တိုးကပ်သွားကြပြန်သည်။ ထို့နောက် ပွင့်နေသော တံခါးမှအထဲသို့ ချောင်းကြည့်လိုက်ကြရာ ...

"ဟယ် ... "

မီးခံသေတ္တာပွင့်နေလျက်ရှိပြီး ... ရတနာများကလည်း သေတ္တာလေးထဲမှာ တဖျပ်ဖျပ်တောက်ပလျက်။

အနားမှ လောဘသားလေးယောက်မှာ လောဘကြောင့် မျက်လုံးများတပြောင်ပြောင် တောက်ပနေကြသည်။ ပထမဦးဆုံး အသက်ဝင်လာသူက ဒေါ်နီလာမေ။

"ပေး … ပေး … ဒါငါ့ပစ္စည်းတွေ ငါ့ဥစ္စာတွေ နင်တို့





မဆိုင်ဘူး"

မင်းလုလင်နှင့်ဝါဆိုမှာ ဆတ်ခနဲ ဒေါသတွေနှင့်တုန်သွားကြပြီး ...

"ဒီလိုလုပ်လို့ဘယ်ရမလဲမေမေ … ဒါအဘွားက မေမေ့ကို ကြည်ကြည်ဖြူဖြူလွှဲပေးတဲ့ အမွေမှမဟုတ်ဘဲ၊ ပြောကြေးဆိုရင် ... ဓားပြတိုက်နေတာ၊ ခိုးယူနေကြတာ"

"ဟုတ်တယ် … ဟုတ်တယ် ဝါဆိုတို့လေးဦး ညီတူညီမျှခွဲဝေယူသင့်တယ်၊ အားလုံးလေးပုံပုံပြီး တစ်ပုံစီယူကြမှတရားမျှတမှာပေါ့"

ဦးကျော်သွင်ကလည်း လောဘကိုမျိုသိပ်ထားသည့်ရုပ်နှင့် ဝင်ပြီး ထောက်ခံ၏။

"လေးပုံသာပုံဗျာ၊ ဒါတောင် ... ခုကိစ္စအောင်မြင်တာ ကျုပ်ရဲ့ပညာစွမ်းကြောင့်နော်၊ ကျုပ်ကိုပိုတောင်ပေးသင့်တယ်"

ဒေါ်နီလာမေ ဆွေ့ဆွေ့ခုန်ချေပြီတည်း။ ရှေးဝိပါတ်၊ သုံးခေါက်တက်ဆိုသလို မိခင်ထံမှ အမွေကိုမတရားလိုချင်ခဲ့သဖြင့် ယခု ... သူမ ဒုက္ခလှလှတွေ့ရပါချေပြီ။

"နင့်ကို သော့ဖွင့်ခပဲ ပေးမှာပေါ့၊ ရတနာတွေပဲ လေးပုံပုံပြီးပေးနေရဦးမလား၊ နင့်လို သူခိုး၊ ဂျပိုးကိုများ ငါကရတနာတွေပုံပေးနေရဦးမှာလား"

"ဟင် … ရှင် ကျွန်မဦးလေးကို ဘယ်လိုပြောလိုက်တာလဲ၊ ကိုကို ... ကိုကို့မေမေကိုကြည့်ပြော၊ ဦးလေးလုပ်ပေးလို့လည်း ဒီရတနာတွေရသေးတယ်၊ သူ့အလိုဆို အဘွားကြီးသေမှ



www.burmeseclassic.com

ရမှာ၊ ဒါတောင် ရချင်မှရမှာ၊ ဟိုကစိတ်ပြောင်းပြီး သူများပေး ချင်ပေးနေဦးမှာ''

အခန်းထဲတွင် လောဘမုန်တိုင်းတိုက်ခတ်ပြီး အဝေ မတည့်ဖြစ်ကြ၊ ဒေါသတွေနှင့်တိုက်ကြ ခိုက်ကြတော့မည့်ဟန် ဖြစ်လာကြလျှင် ခင်ညီလာတို့သုံးယောက် ဆက်မကြည့်ဝံ့ကြ တော့ဘဲ အောက်ထပ် ဒေါ်ဖွားမေရှိရာအခန်းသို့ ချွတ်နင်းပြီး ပြန်ပြေးလာခဲ့ကြသည်။

ဘာလုပ်ရမလဲ။ ရဲတိုင်ရမလား။ ရဲတိုင်ရအောင်လည်း အတွင်းလူ ဒေါ်နီလာနှင့်မင်းလုလင်တို့ ဦးဆောင်ပြီး မီးခံသေတ္တာ ခိုးဖွင့်နေကြတာမို့ ခင်ညီလာတို့ ဘာလုပ်ရမှန်း မသိတော့ချေ။

ဒါ ... မိသားစုအရေးအခင်းလား။ ဓားပြတိုက်နေကြတာ လား။

''ဒေါက်တာ့ဆီ ဖုန်းဆက်ပါလား ဆရာမ ... ''

မိဖြူအကြံပေးသဖြင့် သူ့ဆီဖုန်းဆက်ရန် ဖုန်းနားသို့ကပ် သွားလျှင် အပေါ်ထပ်မှ မင်းလုလင်မျက်နှာထားတင်းတင်းနှင့် လျှင်မြန်စွာ ရောက်လာခဲ့သည်။

''ဒါ ... ဘာလုပ်ကြမလို့လဲ၊ သွား ... သုံးယောက်လုံး ဟိုအခန်းထဲဝင်၊ ပြီးမှ နင်တို့ကိုစီရင်မယ်၊ ငါမသက်ာလို့ဆင်း ကြည့်တာ၊ နင်တို့ ငါတို့ကိုချောင်းကြည့်ကြတယ် မဟုတ်လား''

''မဟုတ် ... မဟုတ်ပါဘူးရှင် ... ''

''မညာနဲ့ ... ငါရိပ်ခနဲမြင်လိုက်လို့ ဆင်းလာတာ၊ သွား ဝင်ကြ ... ''





အောက်ထပ်ရှိ စတိုခန်းလိုမျိုး အခန်းထဲသို့ သူမတို့သုံး ယောက်ကိုဝင်ခိုင်းပြီး အပြင်မှ မင်းလုလင် တံခါးပိတ် သော့ ခတ်မည်ပြင်လျှင် ခင်ညီလာ ရှစ်ခိုးဦးချ တောင်းပန်ရသည်။

''ကျွန်မတို့ ဘာမှမလုပ်ပါဘူး၊ မလုပ်ရဲပါဘူး၊ အဘွား အခန်းထဲမှာနေရပါစေရှင်၊ တော်ကြာ ... အဘွားတစ်ခုခုဖြစ်မှာ စိုးလို့ပါ''

''မပိုနဲ့၊ အဘွားဘာမှမဖြစ်ဘူး၊ နင်တို့သုံးယောက် ဒီည ဒီမှာအိပ်ရမယ်''

''ညဘက် အဘွားအပေ့ါအပါးသွားချင်ရင် ကျွန်မရှိမှဖြစ် မှာပါ၊ တော်ကြာ အိပ်ရာထဲမှာပါနေမယ်၊ နောက်ပြီး သူ့အနား မှာ ကျွန်မ မရှိရင် အဘွားစိုးရိမ်ကြောက်လန့်နေလိမ့်မယ်''

''ဟာ ... တယ်စကားများတဲ့မိန်းမပဲ၊ ကဲ ... သွား နင် ကတော့ အဘွားအခန်းထဲဝင်၊ ဟိုနှစ်ယောက်ကို ဒီထဲမှာ သော့ ခတ်ထားမယ်''

မိဖြူနှင့်မပန်းသီ၊ ခင်ညီလာတို့ ငိုယိုတောင်းပန်ပေမယ့် မင်းလုလင်ရုပ်က ခက်ထန်ပြီး လူစိတ်ပျောက်နေလေ၏။

သူစီစဉ်သည့်အတိုင်း ခင်ညီလာက အဘွားအခန်း၊ သူတို့ နှစ်ယောက်ကတစ်ခန်း၊ တံခါးပိတ်ထားခံခဲ့ရသည်။

အပေါ်ထပ်မှာ ဘာတွေဖြစ်ကုန်ကြပြီလဲဆိုတာ မိုးလင်းမှ သိရပေတော့မည်။

www.burmeseclassic.com

မိုးလင်းသည်အထိ အရာအားလုံးသည် ငြိမ်ငြိမ်သက်သက် အဘွားကလည်း ဒီနေ့မှအိပ်လိုက်တာ အပေါ့အပါးပင်မသွား။ ခင်ညီလာ အဘွားအနားရှိ ဒရင်းဘတ်ပေါ်တွင် နိုးနိုးကြားကြား ရှိနေပြီး အဘွားအသံပြုသည်နှင့် နိုးသွားရန်အသင့်။

မိုးလင်းသည်အထိ အဘွားအိပ်ပျော်နေသည့်အခါ ခင်ညီလာ အဘွားကိုနှိုးဖို့ အနားသို့ကပ်ပြီး လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"ဟာ ..."

ကမ္ဘာမြေကြီး အိုးထိန်းစက်သို့ ချာချာလည်သည်ဟူသည့် စကားထက် သူမတစ်ကိုယ်လုံး သွက်သွက်လည်သွားသည်ဟု ခံစားလိုက်ရသည်။

အဘွားတစ်ကိုယ်လုံး အေးစက်တောင့်တင်းလျက်။ ဘယ်တုန်းကလဲ။ ဘယ်အချိန်ထဲက အဘွားသေဆုံးခဲ့တာလဲ။ ခင်ညီလာ တဒင်္ဂရှုံးသွပ်သွားရင်း အတွေးတွေ့က ဂယောင်ချောက်ချား။





ဒါ ... ညဦးကတည်းက သေဆုံးတာ၊ ဒါမှမဟုတ် ညလယ်လောက်ကတည်းက သေဆုံးခဲ့တာဖြစ်မည်။

အိမ်မှာ ပြဿနာတွေအကြီးအကျယ်တက်နေရသည့်ကြားထဲ နောက်ထပ်ပြဿနာကြီးက သူမအပေါ်သို့ကျရောက်လာတော့မည်။ ဒေါက်တာ့ဆီ ဖုန်းဆက် အကူအညီတောင်းဖို့တောင်မှ မလွယ်သည့်အခြေအနေ။ သူမ အခန်းတံခါးကို တဒုန်းဒုန်း ထုကာ အော်ဟစ်ငိုယိုနေမိတော့သည်။

"အပြင်မှာဘယ်သူတွေရှိကြသလဲ၊ တံခါးဖွင့်ကြပါဦး။ ဒီမှာ အဘွားရယ် အသက်မရှိတော့ဘူး"

"တံခါးဖွင့်ကြပါဦး ... လုပ်ကြပါဦး ..."

သူမအသံကြောင့် ဖြုန်းခနဲ တံခါးလာဖွင့်သူက ဒေါ်နီလာမေ။ သူ့ရုပ်က သူရူးလိုကြောင်စီစီ။ ပုံကြည့်ရတာ မအေသေလို့ စိတ်မကောင်းဖြစ်နေပုံ မဟုတ်။ သူလောဘတက် ဆန္ဒစောမိလို့ မသက်ဆိုင်သူတွေကိုပါ ရတနာတွေ ခွဲဝေပေးလိုက်ရသဖြင့် ယူကျုံးမရ၊ အပူလုံးကြွနေသည့်ပုံ၊

စကားတစ်ခွန်းမျှမပြောဘဲ မအေ့ခုတင်ရှိရာသို့ တန်းတန်းမတ်မတ် မျက်နှာမာထန်ထန်ကြီးနှင့်ကပ်သွားပုံက အလောင်းကောင်ကြီး ဖုတ်ဝင်နေသည့်နှယ်။

ပြီးမှ မအေကို တစ်ချက်တောင်ကိုင်မကြည့်၊ ထိမကြည့်ဘဲ ခင်ညီလာဘက်သို့ ချာခနဲလှည့်ပြီး အော်ဟစ်ပေါက်ကွဲ[illegible]လိုက်ပုံက ကြောက်ခမန်းလိလိ။ သူ့ဒေါသတွေ၏ထွက်ပေါက်ကို ခင်ညီလာ့အပေါ် ပုံချလိုက်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … နင် … နင် ငါ့အမေကိုသတ်တာ၊ နင်ငါ့အမေကိုသတ်ပြီး သူ့ကိုယ်ပေါ်က ရတနာတွေကိုယူမလို့ ယူနေတာ မဟုတ်လား"

"ဟာ … ကျွန်မ ဘယ်မှာယူလို့လဲ၊ သူ့ကိုယ်ပေါ်မှာ သူ့လက်ဝတ်လက်စားတွေ ရှိသားပဲ"

အဘွားမှာ သူဌေးမကြီးပီပီ အိမ်နေရင်း လူမမာဖြစ်ရင်းတောင် နားမှာစိန်နားကပ်ပြူးပြူးကြီးနှင့်။ နောက် … စိန်လက်စွပ်ပြူးပြူးနှင့်။ ထိုနှစ်ခုကိုကပင် ဘယ်လောက်တန်လေမည် မသိ။

ဒေါ်နီလာ ရူးနေသလားပင်မသိတော့။ ခင်ညီလာရှေ့မှာပင် မိခင်၏စိန်နားကပ်နှင့် စိန်လက်စွပ်ကို ချွတ်ယူလိုက်ပြီး တဟင်းဟင်း ရယ်မောကာ …

"နင် ဘာတတ်နိုင်သေးလဲ၊ နင့်ကိုငါကြည့်မရတာကြာပြီ၊ နင့်ကြောင့် … ငါ့မှာ ရတနာတွေဆုံးရှုံးရတယ်၊ အဲဒီတော့ နင်ဟာ မေမေ့စိန်နားကပ်နဲ့ စိန်လက်စွပ်ကိုလိုချင်လို့ မေမေ့ကို သတ်လိုက်တယ်လို့ ငါစွတ်စွဲလိုက်မယ် … ကဲ … "

ပြောပြီးသည်နှင့် အခန်းပြင်သို့ထွက်ကာ ဒေါ်နီလာမေ သူ့အိမ်သားများကို အော်ဟစ်ခေါ်လိုက်သည်။

"လာကြပါဦး … ဒီမှာ ဆရာမရယ်၊ မေမေ့ကိုသတ်လိုက်ပြီ၊ ပစ္စည်းတွေလည်း သူ့လက်ထဲမှာတွေ့တယ်"

သူ့အော်သံကြောင့် သူ့အိမ်သားများပြေးဆင်းလာကြကာ အဘွားအခန်းထဲသို့ အပြေးဝင်လာကြလျှင် ခင်ညီလာ နေရာ





မှာပင် ဒူးညွှတ်ကွေးကျသွား၏။

ဘုရား … ဘုရား … ငါတော့ ဒီသူဌေးမိသားစုရဲ့ မတရားထောင်ချောက်မှာ အမိခံရတော့မှာပဲ၊ ငါ့ကိုဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား။

ဒေါက်တာ … ဒေါက်တာ ကျွန်မကိုကယ်ပါဦး။

ဒေါက်တာနေသန့်စင်၏ မျက်နှာချောချောခန့်ခန့်ကို ခင်ညီလာ အရင်ဆုံးပြေးမြင်မိပြီး မျက်ရည်များလည်း ဖြိုးဖြိုးဖြိုင်ဖြိုင် ကျလာရသည်။ မင်းလုလင်နှင့်ဝါဆိုမှာလည်း အဘွားကိုတကယ် ချစ်မြတ် နိုးသည့်ပန်များဖြင့် အော်ဟစ်ငိုယိုကာ သူမကို ဝိုင်းဝန်း စွတ်စွဲကြတော့သည်။

"အဘွားကို ဘယ်အချိန်ထဲက သတ်ထားတာလဲ၊ ခုမှ ဘာမသိချင်ယောင်ဆောင်နေတာလဲ"

"ရဲစခန်းကို ဖုန်းဆက်မယ်မေမေ၊ အဘွားကို ညဦးကတည်းက သတ်ထားတာ၊ အဘွားတစ်ခုခု အကူအညီလိုတာကို မပေးဘဲကြည့်နေတာ၊ ဖြစ်ကတည်းက အကူအညီပေးနိုင်ရင် ဆေးရုံတင်နိုင်ရင် ဒီလိုသေရမှာမဟုတ်ဘူး၊ သူ့ကြောင့် သူ့ အကြင်နာတရားမှု ပို့ ဖြစ်ရတာ"

မင်းလုလင် ရဲစခန်းသို့ဖုန်းဆက်ပြီး တိုင်တန်းနေသည်ကို ကြားရလျှင် ခင်ညီလာ့အသိစိတ်တွေ ချောက်ချားတုန်လှုပ်သွားပြီး သူမ … ပျော့ခွေသတိလစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်ညီလာ သတိပြန်ရလာတော့ အဘွားအခန်းထဲမှာ ရဲ အရာရှိတွေ ရောက်ရှိနေကြပေပြီ။

သူတို့၏တိုင်တန်းချက်ကြောင့် အမှုက လူသေမှုမဟုတ်တော့ဘဲ လူသတ်မှုဖြစ်သွားရသည်။ သူမသတိလစ်နေတုန်း ရဲအရာရှိများရောက်ရှိလာကြပြီး စိန်နားကပ်နှင့် စိန်လက်စွပ်လည်း သူမ၏အနွေးအင်္ကျီအိတ်ထဲမှ ရှာဖွေတွေ့ရှိရသတဲ့။

လူလူချင်း ယုတ်မာရက်စက်မှုများကို မျက်ရည်အသွယ်သွယ်နှင့် ခင်ညီလာ ပြုံးကြောင်ထိတ်လန့်စွာ ကြားနာနေရသည်။

"ကျွန်မ နိုးလာပြီး အမေ့အခန်းထဲဝင်ကြည့်တော့ အမေ့ကို အိပ်နေတယ်ထင်တာ၊ နောက် _ သူ ဟိုလိုလို သည်လိုလိုနဲ့ လစ်တွက်မယ်ပြင်တော့မှ အမေ့ကိုကြည့်လိုက်တော့ မေမေအေးခဲတောင့်တင်းနေတာ တွေ့လိုက်ရတယ်၊ နောက် မေမေ့အတွက်ယူကျုံးမရဖြစ်ပြီး အိမ်သားတွေ အော်ခေါ်ရတာပဲ"

ဒေါ်နီလာမေ ... ငိုရင်းရှိုက်ရင်း မင်းသမီးရှုံးအောင်





သရုပ်ဆောင်နေလျှင် မင်းလုလင်နှင့်ဝါဆိုကလည်း မျက်ရည်စမ်းစမ်းနှင့် ဝင်ပြီးအားဖြည့်ကြသည်။

"အဘွားရဲ့ အဖြစ်ဆိုးလိုက်တာ၊ အဘွားက သူ့ကို သိပ်ချစ် သိပ်အားကိုးတာ၊ ခုတော့ လူယုံသတ်လို့သေရပြီ"

ခင်ညီလာမှာ ရူးသွပ်သူနှယ်။ ကိုယ့်အကြောင်း မဟုတ်တန်းတရား ပြောနေသူများကို အံ့သြစွာဖြင့် ဟိုဘက်ကြည့်လိုက် သည်ဘက်ကြည့်လိုက်။ သူမမှာ မျက်ရည်လည်းမကျနိုင်တော့။

သူမရင်ထဲမှာ ပဟေဠိများစွာ။

ဘာဖြစ်ကြတာလဲ၊ အဘွားမဆုံးရင်တောင် မြန်မြန်သေပါစေလို့ ဆုတောင်းနေကြသူတွေက ဘာဖြစ်လို့ ငါ့အပေါ်အပြစ်တွေပုံချနေရတာလဲ။

ငါ့အပြစ်က အဘွားသေတာ ချက်ချင်းမသိတဲ့အပြစ်ပဲရှိတာပါ။ ဟင်း ...

ခင်ညီလာ ဖျတ်ခနဲမြင်ယောင်မိတာ ကိုယ့်အဘွားကိုပါ။ ကြည့်စမ်း ... ရောဂါကြောင့် ဆရာဝန်ရဲ့ ခုတင်ပေါ်မှာ ချက်ချင်းသေသွားရှာတဲ့ အဘွားအတွက် ဒေါက်တာ့ကို ငါ အငြိုးတကြီးထားနေမိလိုက်တာ။

ဒါ ... ငါ့ကို ကံကြမ္မာက တန်ပြန်ဒဏ်ခတ်လိုက်တာပဲ။ ဆရာမဖြစ်ပြီး လူနာသေတာ ချက်ချင်းမသိခဲ့ဘူး။ ငါ တာဝန်ပေါ့တယ်။ ဝဋ်လည်တာ ငါ့ဝဋ်လည်တာ။

သူမ မျက်ရည်များကျလာရာမှာ ရဲအရာရှိထံ လှုပ်တောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲအရာရှိကြီးရယ် ကျွန်မ ဒေါက်တာနေသန့်စင်ဆီ ဖုန်းလေးဆက်ပါရစေ၊ အခုဖြစ်ရတာ ကျွန်မ မတရားအစွပ်စွဲခံရတာပါ၊ ကျွန်မက ဘာဖြစ်လို့ အဘွားကိုသတ်ရမှာလဲ"

"ဟဲ့ ... နင်ပဲ ငါ့မအေရဲ့လက်စွပ်နဲ့နားကပ်ကို လိုချင်လို့သတ်တာလေ၊ ဒီနှစ်ခုနဲ့တင် သိန်းတစ်ရာကျော်တန်တာ နင်သိလား ... "

ဒေါ်နီလာ အော်ဟစ်ရန်တွေ့နေပုံက တရားလက်လွတ်။ ဒီမိန်းမကြီး ဥစ္စာရူး ... ရူးနေပြီထင်သည်။ ဝါဆို ဦးလေးကိုလည်း မတွေ့ရ။ ကေနွှ ... ဟိုကသေတ္တာဖွင့်ပေးခအဖြစ်ရတနာတွေကို ဝေစုခွဲသွားပုံရသည်။

သည်တော့ သူ့လောဘ၏ထွက်ပေါက်အဖြစ် ခင်ညီလာ့အပေါ် အားရပါးရ စွပ်စွဲအော်ဟစ်နေတာဖြစ်မည်။

မည်သို့ပင်ဖြစ်စေ ရဲအရာရှိက ဒေါက်တာနေသန့်စင်ထံအကြောင်းကြားပေးခဲ့သဖြင့် ချက်ချင်းပင် ဒေါက်တာရောက်ရှိလာခဲ့သည်။

ရဲအရာရှိများက စစ်ချက်ယူကြတော့ ဒေါ်နီလာ၊ မင်းလုလင်နှင့်ဝါဆိုတို့က စစ်ချက်တွေပေးကြသည်။

ခင်ညီလာကတော့ မျက်ရည်လည်ရွဲနှင့်ကြည့်နေရုံ။ သူမအလှည့်သို့ မရောက်သေးသဖြင့် ခင်ညီလာ စစ်ချက်မပေးရသေးပါ။ ဒေါက်တာက သူမအတွက် ချက်ချင်းပင် ရှေ့နေစီစဉ်နေ၏။ ခင်ညီလာ ... ဒေါက်တာ့အပေါ် အမြင်မှန်တွေနှင့်အားကိုးမိပါပြီ။





နွမ်းဖျော့သောမျက်နှာလေးနှင့် သူမဒေါက်တာ့ကို တောင်း
...နေမိသည်။

"ဆရာ ... ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ... ဆရာ့
...ပေါ် အမြဲအထင်လွဲမိတယ်၊ ခုတော့ ... ကျွန်မကိုယ်ချင်းစာ
...သွားပြီ၊ လူနာဆိုတာ ရုတ်တရက် မထင်မှတ်ဘဲ သေဆုံးတတ်
...တာပဲနော် ... "

နေသန့်စင် ညှိုးချုံးကြေကွဲနေသည့် ခင်ညီလာ့အနားမှာ
...ထိုင်ပြီး သူမ၏လက်ကလေးကိုဆုပ်ကာ အားပေးမိပါသည်။

"ဘာမှအားမငယ်နဲ့နော်၊ သူတို့တွေ ဘယ်လိုပဲစွပ်စွဲစွပ်
...ရဲ ... မင်းကို ဆရာယုံကြည်တယ်၊ ဒီကိစ္စဟာ အလွဲကြီးပါ၊
ကိုယ် ... ကိုယ့်မိတ်ဆွေ၊ အကောင်းဆုံးရှေ့နေကြီးကို ငှားထား
...တယ်"

"ဆရာရယ် ... ယုံစမ်းပါ၊ ကျွန်မက အဘွားကို ဘာဖြစ်
...လို့သတ်ရမှာတဲ့လဲ၊ ကိုယ့်အပေါ် တကယ်ကောင်းတဲ့အဘွားကို
...သေစေချင်ပါ့မလား၊ ကျွန်မမှာ အပြစ်ရှိတယ်ဆိုရင် အဲဒီအပြစ်
...က အဘွားသေတာ ချက်ချင်းမသိခဲ့တာပါပဲ၊ မိုးလင်းမှ ကျွန်မ
...သိခဲ့ရတယ်"

"ကိုယ်မနေ့ညနေက ဖုန်းဆက်ပါသေးတယ်၊ အဘွားက
...ပြန်မလိုက်ချင်ဘူးတဲ့၊ တကယ်က ... အဘွား ဒီအိမ်ပြန်လာပြီး
...စိတ်ဆင်းရဲစရာတွေကို ကြားခဲ့၊ ကြုံခဲ့ရလို့ အိပ်နေရင်း နှလုံးခုန်
...ရပ်သွားခဲ့ရတာပါ၊ ဘာမှ စိတ်မပူနဲ့တော့နော်"

တစ်ဘက်မှာလည်း ဒေါ်နီလာတို့မိသားစုသုံး...ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက်နှင့် လီဆယ်စွပ်စွဲနေသမျှ ရဲအရာရှိမှာ မှတ်သားရေးယူနေရသည်။ သို့သော် _ ရဲအရာရှိမှာ ဒေါက်တာ နေသန့်စင်ကို ခင်မင်လေးစားသူဖြစ်သည့်ပြင် အမှုသွားအမှုလာ ကိုလည်း ရိပ်စားမိဟန်ရှိပါ၏။

နောက် ... ခင်ညီလာ့အလှည့်သို့ ရောက်လာသည်။ မိဖြူနှင့်ပန်းသီကိုတော့ လုံးဝ မမြင်ရပါချေ။ ပုံစံကြည့်ရတာ ငွေပေးပြီး နှင်ထုတ်လိုက်ကြပုံပေါ်လေ၏။

ခင်ညီလာ မျက်ရည်များကိုသုတ်ပြီး အားတင်းကာ တည် ကြည်စွာပြောလေသည်။

"ရဲအရာရှိကြီးရယ် ... ကျွန်မအပေါ်မှ သူတို့ကမဟုတ် တာတွေစွပ်စွဲပြီး ရက်ရက်စက်စက် စွဲချက်တွေတင်နေတော့ ကျွန်မကလည်း အမှန်အတိုင်း ဖွင့်ပြောရမှာပဲ"

ခင်ညီလာစကားစလိုက်လျှင် ဒေါ်နီလာမေ မျက်လုံးပြူး ကြီးနှင့်အော်လိုက်သည်။

"နင် မဟုတ်တာတွေလျှောက်မပြောနဲ့၊ ရဲအရာရှိကြီးရဲ့ အဲဒီကောင်မ ရူးနေတာပါ၊ သူပြောတာတွေ မယုံပါနဲ့"

ရဲအရာရှိက ဒေါ်နီလာမေ ဆတ်ဆတ်တုန်နေပုံကိုကြည့် ပြီး ပြုံးလိုက်သည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

"ကဲ ... သူတို့ရှေ့မှာစစ်ရင်တော့ အဖြေမှန်ထွက်လာမှာ မဟုတ်ဘူး။ မခင်ညီလာကို ရဲစခန်းခေါ်သွားရမယ်"

"ကောင်းတယ် ... ကောင်းတယ်၊ သူ့ကိုတစ်ခါတည်း ဖမ်းချုပ်ပြီး ထောင်၁၀နှစ်လောက်သာချလိုက်ပါ ရဲအရာရှိကြီး"





ဒေါ်နီလာ့စကားကြောင့် သူ့အဖြစ်က မှုမမှန်ကြောင်း ရဲ အရာရှိများသိရသည်။ ဒေါက်တာနေသန့်စင်ကလည်း ခင်ညီလာ အချုပ်မခံရရေးအတွက် ဆေးရုံမှာ လူနာအဖြစ် အတက်ပြုပြီး ဆေးရုံမှာစစ်မေးဖို့အတွက် ပြင်ဆင်ပေး၏။

နောက် _ သူခေါ်ထားသည့် ရှေ့နေလည်းရောက်ရှိလာ ပြီမို့ တိုင်ပင်ညှိနှိုင်းကာ ခင်ညီလာကို ဆေးရုံတင်လိုက်ကြလေ သည်။



www.burmeseclassic.com

ခင်ညီလာ ဆေးရုံအထူးခန်းမှာ ရဲမေအစောင့်နှင့်နေရ
သည်။ နောက် ... ရဲအရာရှိ၏စစ်ချက်ကို မျက်ရည်များနှင့်သူမ
အမှန်အတိုင်း ပြောပြခဲ့၏။

"ရဲအရာရှိကြီးရယ် ... သူတို့ဟာ ဓာတ်ရှုပ်ကြီးပါ၊ အဲဒီ
ညဦးပိုင်းက ကျွန်မတို့သုံးယောက် ... "

"ဘယ်သူတွေလဲ ... "

"ကျွန်မရယ်၊ သူတို့အိမ်ကအလုပ်သမားနှစ်ယောက်ဖြစ်
တဲ့ မပန်းသီနဲ့ မိဖြူရယ်ပါ"

"သူတို့ ဘယ်ရောက်သွားကြလဲ"

"အဲဒါမရှိးသားတာပဲလေ၊ အဲဒီညဦးပိုင်းက မင်းလုလင်
ကိုယ်တိုင် သူတို့နှစ်ယောက်ကို အခန်းတစ်ခုထဲမှာ ချုပ်နှောင်
ထားခဲ့ပြီး မနက်ကျ ငွေပေးပြီးနှင်ထုတ်လိုက်တာနေမှာပေါ့"

"ကဲပါ ... ဆက်ပြောပါ ... "

"ကျွန်မတို့သုံးယောက် အပေါ်ထပ်အဘွားနေခဲ့တဲ့အခန်း





က အသံတွေကြားလို့ တက်ချောင်းကြည့်ကြတယ်၊ အဲဒီမှာ
သူတို့လေးယောက် မီးခံသေတ္တာကို ခိုးဖွင့်နေကြရင်း စကားများ
နေကြတယ်"

"ဘယ်သူတွေလဲ ... လေးယောက်ဆိုတာ"

"ဒေါ်နီလာ၊ သူ့သား၊ ချွေးမနဲ့ ဝါဆိုဦးလေးဆိုတဲ့ ဦးကျော်
သွင်ရယ်ပါ၊ သူက ရန်ကုန်မှာ သော့ဝိဇ္ဇာလို့ပြောပါတယ်"

"ဟုတ်ပြီ ... ဆက်ပြော ... "

"နောက် ... သော့ဖွင့်လို့ရသွားပြီး အထဲက ရတနာတွေ
ကို ကျွန်မတို့မြင်လိုက်ရတယ်၊ ရတနာတွေကြည့်ပြီး ကျွန်မတို့
ကြောက်နေကြတုန်း သူတို့လေးယောက်လည်း လောဘတွေတက်
ပြီး စကားတွေများကြ၊ ရန်တွေဖြစ်ကြတုန်း ... ကျွန်မတို့တွေ
အောက်ထပ်ပြန်ပြေးခဲ့ကြတယ်"

"နောက် ... ဒေါက်တာ့ဆီ ဖုန်းဆက်ပြီး အကျိုး
အကြောင်းပြောပြမလို့ပြင်တုန်း မင်းလုလင်ရောက်လာပြီး မိဖြူနဲ့
မပန်းသီကို တစ်ခန်း၊ ကျွန်မကတော့ တောင်းပန်လွန်းလို့ အဘွား
အခန်းထဲမှာ နေခွင့်ရတယ်၊ ကျွန်မတို့ကို အပြင်က သော့ခတ်
ပိတ်ပြီး လှောင်ထားခဲ့ကြတာပါ"

"ကျွန်မ ညက အဘွားခုတင်နားဒရင်းဘက်မှာ အိပ်တာ
ပါ၊ နိုးနိုးကြားကြားကိုအိပ်တာပါရှင်၊ အဘွားတစ်ခုခုကြောင့်အသံ
ပြုရင် နိုးအောင်နိုးနိုးကြားကြားအိပ်တာပါ၊ ဒါပေမယ့် ...
အဘွားက တစ်ညလုံးမနိုးတော့ ကျွန်မလည်း အိပ်ပျော်သွားတယ်"

"တော်တော်အားကိုးရတဲ့ဆရာမ၊ တစ်ခါလည်း ဘယ်



www.burmeseclassic.com
www.burmeseclassic.com

အချိန်သေတယ်ဆိုတာတောင် မသိတော့ဘူး"

"ဟုတ်ပါတယ်ရှင် ကျွန်မမှာ အပြစ်ရှိတယ်ဆိုရင် အဲဒီ ပေါ့ဆတဲ့အပြစ်ပဲရှိပါတယ်၊ ကျွန်တာက သူတို့ရဲ့အိမ်တွင်းရေး တွေ လောဘဒေါသတွေထဲ ကျွန်မကိုဆွဲထည့်ကြတာပါရှင်"

မျက်ရည်တွေနှင့် သူမဝန်ခံရင်း အနားမှ ဒေါက်တာ နေသန်းစင်ရှိရာသို့ မျက်နှာညှိုးညှိုးလေးနှင့် ကြည့်မိသည်။

ကျွန်မ ငရဲကြီးနေတာပါဆရာရယ်။ ကိုယ့်အဘွားကို စေတနာနဲ့ ကုပေးတဲ့ဆရာ့ကို ရင်ထဲမှာအမြဲကျိန်ဆဲနေမိခဲ့တယ်။ နောက် ‗ မျက်နှာလွှဲခဲပစ်မလုပ်ဘဲ အဘွားနဲ့ ကျွန်မကိုရွာအထိ လိုက်ပို့တာတောင် ကျေးဇူးတင်ရမှန်းမသိဘဲ အမြဲစုံလုံးကန်းနေ ခဲ့မိလို့ အခုလို ဒုက္ခတွေ ပင်လယ်ဝေနေရတာပါ။

အစက ဒေါက်တာနေသန့်စင် စေတနာနှင့်ဆေးရုံတင်ပေး ထားခဲ့သည့် ခင်ညီလာမှာ ယခုကျမှ တကယ့်ကိုစိတ်ထောင်းလို့ ကိုယ်ကျေကာ ဝေဒနာသည်လေးဖြစ်နေရပေတော့သည်။



နောက် ‗ အာမခံနှင့်ထုတ်ယူထားပြီး ဒေါက်တာနေသန့် င်၏ဆေးခန်းမှာပင် ခင်ညီလာ အလုပ်ဝင်နေရသည်။ အမှုက တော့ ရှုပ်ရှုပ်ထွေးထွေး။

ယခုအခါ သက်သေတွေခိုင်လုံအောင် ရဲအရာရှိများက းကျော်သွင်၊ မိဖြူနှင့်မပန်းသီတို့ကို ပြန်ရှာနေကြသည်။

ဒေါ်နီလာ၊ မင်းလုလင်နှင့် ဝါဆိုတို့၏ စစ်ချက်များက ည်း တစ်ယောက်နှင့်တစ်ယောက် တူညီမှုမရှိဘဲ ကပေါက်တိ ပေါက်ချာ ဖြစ်နေသဖြင့် သည့်အမှုဟာ လီဆယ်မှုဖြစ်ကြောင်း ပေါ်လုလု။ ခင်ညီလာဘက်မှ ဒေါက်တာနေသန့်စင်က ဦးဆောင် ပြီး ရှေ့နေကောင်းကောင်းနှင့် ကူညီပေးသည်။

သည့်ကြားထဲ အမြတ်ထွက်သည်ကတော့ ဒေါက်တာမြတ် ပင်းကို နောက်ဆုတ်သွားခြင်းပါပေ။ လူသတ်မှု၊ လုယက်မှုတို့ နှင့်စွပ်စွဲခံရသည့် တရားခံမလေးအား စိတ်ပျက်သွားပေရှေးသောင်။ တ်တောင်မဆက်ဘဲ ပြည်တော်ပြန်သွားခဲ့ပေပြီ။

www.burmeseclassic.com



ယခုကျ ... ဘာပဲဖြစ်ဖြစ် ကိုယ်ကောင်းလျှင် ခေါင်း ဘယ်မရှောင်ဟူသော စိတ်ဓာတ်ဖြင့် ခင်ညီလာ ပဲခူးမှာပင် ဆက်နေရတော့သည်။ အမှုကလည်း မပြီးသေးပြီမို့ ဒေါက်တာ့ဆေးခန်းမှာပင် မျက်နှာညှိုးညှိုးလေးနှင့် ကူညီနေရသည်။

သည်နေ့ပဲ အာမခံရ၊ သည်နေ့ပဲ ဒေါက်တာက သူ့ဆေးခန်းမှာ ဝင်နိုင်းတာ ခင်ညီလာ စိတ်ပြေလက်ပျောက်နှင့်အမှုအကြောင်းမတွေးမိစေရန် ဖြစ်ပေမည်။

တကယ်လည်း အမှုအကြောင်း ... သူမ မတွေးအားတော့။ လူနာများအတွက် စာအုပ်ရေးရင်း၊ ဆေးပေးရင်း၊ ငွေယူရင်းနှင့်ပင် နေ့လယ် ၁၂နာရီသို့ ရောက်သွားခဲ့သည်။

သူမက ဆရာ့အနီးစားပွဲမှာ အလုပ်လုပ်နေရသည်မို့ ဆရာသူမကို မကြာခဏ လှမ်းကြည့်တတ်တာကို သိနေရသည်။

"ခင်ညီလာ ... ဆရာ ဆေးရုံသွားဦးမယ်၊ ဆေးခန်းကိုညနေမှဆက်ဖွင့်မယ်၊ မင်း ... ဒီဆေးခန်းထောင့်က ထမင်းဆိုင်မှာ စားချင်တာမှာလိုက်၊ ဒီပိုက်ဘုတ်မှာ ဖုန်းနံပါတ်တွေရှိတယ်"

"ဟုတ်ကဲ့ပါဆရာ ... စိတ်ဖြောင့်ဖြောင့်သွားပါ"

"အေး ... ဆေးခန်းကို ပိတ်ထားမလား"

"ရပါတယ် ... တချို့လူနာတွေက ဒီမှာထိုင်ပြီးစောင့်ချင်စောင့်မှာ၊ ဖွင့်ထားလိုက်ပါဆရာ"

နေသန့်စင် စိတ်မချစွာနှင့်ပင် ဆေးရုံသို့ကားမောင်းကာထွက်သွားရသည်။



ညနေ ... နေသန့်စင်ပြန်လာတော့ ခင်ညီလာ့ကို နေ့လယ်က သူမြင်ရသည့်နေရာမှာပင် ခပ်ငိုင်ငိုင်လေး တွေ့လိုက်ရသည်။ သူမ ... ဒီနေရာမှ လှုပ်တောင်လှုပ်ရဲ့လားမသိ။

နေသန့်စင် လူနာတွေကို ဆက်လက်စမ်းသပ်ကုသရပြန်သည်။ ခင်ညီလာလည်း စက်ရုပ်လေးလို စာအုပ်ရေး၊ ဆေးပေး၊ ငွေယူနှင့်အလုပ်လုပ်နေပြန်သည်။

အချိန်တွေပင် ကုန်လို့ကုန်မှန်းမသိ။ ညရှစ်နာရီခန့်ကျလူနာကုန်သွားသဖြင့် သူတို့နားရသည်။

"ကဲ ... ထမင်းဆိုင်သွားကြမယ်"

"ကျွန်မ အပြင်မထွက်ချင်ဘူးဆရာ၊ ဘာမှလည်း မစားချင်ဘူး"

သူမအသွင်က ပျော့ဖတ်ဖတ်လေးဖြစ်နေလျှင် နေသန့်စင်ရင်ထဲနှင့်အောင်ပင် သနားရသည်။

"ဘာဖြစ်လို့ စိတ်ဓာတ်ကျနေတာလဲ ခင်ညီလာ၊ ဒီအမှု



www.burmeseclassic.com

www.burmeseclassic.com



က ကွင်းလုံးကျွတ်လွတ်မယ့်အမှုပါ၊ သက်သေခံတွေစုံတာနဲ့ သူတို့ရဲ့ ကလိမ်ကကျစ်အမှုကြီးပေါ်သွားပြီး ပြီးသွားမှာလေ၊ ကဲ ထ ... ထမင်းစားသွားရအောင်၊ မင်းကိုသနားလို့ ဘာမှမချက်နိုင်းတော့တာ''

''ဟင့်အင်း ... ဆရာ''

''တော်ပြီကွာ ... မနက်ကရော ဘာစားလဲ ... ''

ခင်ညီလာငြိမ်နေလျှင် နေသန့်စင် သူမကိုပစ်ထားလို့မရကြောင်း သိလိုက်ရသည်။ မနက်ကလည်း ဘာမှစားပုံမရ။

''ကဲ ... ဒါဆို ဆရာလည်းသွားမစားတော့ဘူး၊ လှမ်းမှာလိုက်မယ်၊ နေဝင်းရေ ... မင်းတော့ကြိုက်တာသွားစား''

''ဟုတ်ကဲ့ပါဆရာ ... ပြီးရင် ကျွန်တော် အိမ်ခဏပြန်ဦးမယ်ဆရာ၊ အမေ သိပ်နေမကောင်းလို့''

''ဟော ... အဲဒါဆိုလည်း ငါ့ဆီခေါ်ခဲ့ရောပေါ့ကွာ၊ ဘာဖြစ်တာတဲ့လဲ၊ နေဦး ... ငါဆေးပေးလိုက်မယ်''

''အအေးပတ်တာဖြစ်မယ်ဆရာ၊ ဆောင်းဝင်ပြီဆိုတော့လေ''

''အေး ... မနက် ပြန်လာမှာ မဟုတ်လား''

''ဟုတ်ကဲ့ ... ပြန်လာမှာပါဆရာ''

ဒေါက်တာ ဆေးပေးလိုက်ပြီး လမ်းထိပ်ထမင်းဆိုင်သို့ ထမင်းဟင်းများမှာလိုက်သည်။ ပြီး ... နေရာမှာပင် ငိုင်ငိုင်လေးထိုင်နေသည့် ခင်ညီလာကို ခေါ်လိုက်သည်။

''လာလေ ... အိမ်သွားကြမယ်''





ခင်ညီလာ မျက်ရည်တွေစီးကျလာပြီး ရှိုက်ငိုမိတာ ဘာကြောင့်မသိ။

''ကျွန်မ ဒီစမ်းသပ်ခန်းထဲမှာပဲ အိပ်ပါ့မယ်ဆရာ၊ ဆရာတစ်ယောက်ထဲရှိတဲ့ အိမ်မှာလိုက်မနေတော့ပါဘူး''

နေသန့်စင် မျက်မှောင်ကျုံ့သွားသည်။ ဘာဖြစ်လို့လဲ။

''ဆရာ့ကိုမယုံကြည်လို့လား၊ မင်းနေလက်စအခန်းမှာပဲနေလေ ... ''

''မလိုက်တော့ဘူးဆရာ၊ ပတ်ဝန်းကျင်က တစ်မျိုးထင်လိမ့်မယ်၊ ဆရာသိက္ခာကျမှာပေါ့''

''ဘာလဲ ... မင်းက ငါ့အတွက် စိုးရိမ်နေတာလား၊ ဒါဆို ကိစ္စမရှိဘူး၊ ငါ့ကို မြို့ကတစ်မျိုးထင်လို့ လင်ကောင်းသားကောင်းမရလည်း နေပါစေ၊ လာ ... မင်းအဆင်ပြေဖို့က အရေးကြီးတယ်''

ခပ်တည်တည်နှင့်သူ ခင်ညီလာကို ဆွဲထူလိုက်လျှင် တစ်နေ့လုံး ထမင်းမစားရလို့ရော၊ စိတ်ထောင်းလို့ကိုယ်ကျေနေသည့် ကောင်မလေးက ပျော့ခွေလျက်ပါလာသည်။

သူ့ချစ်သည်းလေးလေ ...

''ဘာတွေမှ တွေးမနေပါနဲ့ကွာ၊ ဆရာ မင်းကိုချစ်တာပဲ၊ အမှုပြီးရင် ... ယူမယ်''

''ဟင့်အင်း ... ဆရာ ကျွန်မက ဂုဏ်ရေမတူတဲ့ကြားထဲ ... ခုဆို တရားခံတောင်ဖြစ်နေရသေးတယ်၊ ဆရာ့ကို လူတွေကဲ့ရဲ့ကြမှာပေါ့''

www.burmeseclassic.com



"ရှိပါစေတော့ကွာ၊ ဆရာက ချစ်နေမိတာပဲ၊ လောကကြီးထဲ ကိုယ်စိတ်ချမ်းသာဖို့လည်း လိုတယ်လေ၊ ကဲ ... လာ ကိုယ့်ကိုမကြောက်ပါနဲ့၊ အရင်လိုပဲ နေစမ်းပါ"

ခင်ညီလာ့ပခုံးလေးကိုဖက်ကာ ဆေးခန်းမှအိမ်သို့ ကူးသွားတော့ ဆောင်းညပေမယ့် လခြမ်းလေးက သာနေခဲ့သည်။



သူမ ရေချိုး အဝတ်အစားလဲပြီး သနပ်ခါးရေကျဲပွတ်လိမ်းပြီးစတွင် ဆရာက သူမကိုလှမ်းခေါ်လိုက်သည်။

"ညီရေ ... ထမင်းစားရအောင်ဟေ့ ... "

"ဟုတ်ကဲ့ပါ ဆရာ ... "

ဆရာနှင့်နှစ်ယောက်တဲဆိုသည့်အသိကြောင့် ခင်ညီလာရင်မှာတဒိုင်းဒိုင်းခုန်နေမိပါသည်။ ပြီး ... သူက လူကြမ်းကြီးမဟုတ်ပါလား။ ချစ်စကားမပြောဘဲနှင့်တောင် နမ်းဖူး၊ မွေးဖူးတဲ့လူ။

သူငယ်ချင်းတွေကပြောတယ်၊ နိုင်ငံခြားပြန်တွေ၊ အထူးသဖြင့် အသက်အရွယ်ကြီးရင့်တဲ့လူကြီးတွေဟာ အတွေ့အကြုံရှိပြီးသား လက်ရဲဇက်ရဲတွေချည်းပဲတဲ့။

ခင်ညီလာ အတွေးနှင့်ပင် ခြေလှမ်းတွေတုန့်သွားပြီး ရှေ့ခရီးကို ဘယ်လိုဆက်ရမှန်းမသိတော့။

ရွာပြန်ရအောင်လည်း သူမမှာ အမှုရင်ဆိုင်[illegible]ကရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပဲခူးမှာနေဖို့ကျတော့လည်း သူမမှာ အသိအကျွမ်းမရှိ၊ ပိုက်ဆံမရှိ။

"လာလေ ... ကိုယ်တော့ဆာပြီ ... "

သူက ထမင်းစား စားပွဲမှလှမ်းခေါ်နေခြင်းပင်။ ထမင်းဆိုင်မှ ပို့သွားသည့်ချိုင့်တို့ကို အဆင်သင့်ဖြုတ်ချ ပြင်ဆင်ထားပုံရ၏။ ဆရာ့ပုံစံကလည်း အိမ်နေရင်းမို့ ချည်ချောပုဆိုးနှင့်၊ စပို့ရှပ်လက်တိုနှင့် ရှင်းသန့်နုပျိုနေလေ၏။

သူက သူ့အနားမှာထိုင်စေပြီး ကိုယ်တိုင်ပင် ထမင်းထည့်ပေးခဲ့သည်။ သူ့ပုံစံက တယုတယနှင့်ဂရုတစိုက်နိုင်လွန်းသဖြင့် ခင်ညီလာ အရမ်းရှက်နေမိရသည်။

"စားနော် ... ဒီဆိုင်က ဟင်းချက်ကောင်းပါတယ်၊ မင်းလက်ရာတော့မမီဘူးပေါ့ကွာ"

သူမ ထမင်းပန်းကန်ပေါ်သို့ ဟင်းတွေထည့်ပေးပြီး သူလည်း အားပါးတရစားသဖြင့် ခင်ညီလာ သူ့လိုလိုက်စားရသည်။

"စားကွ ... ဘဝဆိုတာ တော်ရုံတန်ရုံနဲ့ အရှုံးမပေးရဘူး။ မှန်ကန်နေတဲ့ ကိုယ့်လမ်းကြောင်းမှာ သူများက နှောင့်ယှက်လို့ ခြေထိုးလို့မှောက်လဲသွားရင် ပြန်ထရမှာပဲ ... ကိုယ့်လမ်း ကိုယ်ဖြောင့်အောင် ဆက်လျှောက်ရမှာပဲ၊ လောကဓံကိုခံနိုင်စမ်းပါညီရယ် ... ကိုယ်တစ်ယောက်လုံးရှိတာပဲ"

ခင်ညီလာ ဘာမှပြန်မပြော။ သူ့ကိုလည်းမော့မကြည့်ရဲဘဲ ထမင်းကိုသာ တာဝန်တစ်ရပ်လို ကြိုးစား စားနေမိသည်။

ရင်ထဲမှာ ပြည့်နေတာ ဘာတွေလဲ။





အချစ်တွေလား ...

ဒါဆို ယောကျ်ားတွေမှာရော အချစ်မရှိဘူးလား။

သူ့မှာစားလိုက်တာ တစ်ပန်းကန်ပြီးတစ်ပန်းကန်။

သူကတော့ ခင်ညီလာ့ပန်းကန်ထဲသို့ ကောင်းနိုးရာရာတွေထည့်ပေးသလို၊ ကိုယ်တိုင်လည်းစားသည်။ စကားတွေကလည်း ရေပက်မဝင်။

ထမင်းစားပြီးသွားကြတော့ ခင်ညီလာ သိမ်းဆည်းနေသည်ကိုတားမြစ်ပြီး ဧည့်ခန်းသို့ခေါ်သွားပြန်သည်။

"ထားလိုက် ... မနက် နေဝင်းလာမှ ဆေးလိမ့်မယ်၊ ၉နာရီခွဲနေပြီ၊ အခွေတစ်ခုလောက်ကြည့်ပြီး အိပ်ကြမယ်"

"ရှင် ... "

"ဟော ... အလိုလိုသွေးလန့်နေရပြန်ပြီ၊ ကိုယ့်အခန်းမှာ ကိုယ်အိပ်ကြမှာကိုပြောတာပါခင်ဗျ ... "

ခင်ညီလာ အတွေးခေါင်မိသည့်ကြောင့် မျက်နှာလေး အရှက်ဖြင့်ရဲနေပြီး ... သူ့နောက်သို့လိုက်သွားရသည်။ သူ့လက်ထဲမှာ လက်ဖက်သုပ်ပန်းကန်နှင့်။ ထမင်းဆိုင်မှ သုပ်ပေးလိုက်တာဖြစ်မည်။

"လာ ... ရေနွေးကြမ်းသောက်၊ လက်ဖက်သုပ်စားရင်း။ အခွေကြည့်ရတာ ဘယ်လောက်အရသာရှိသလဲလို့ ခံစားကြည့်စမ်း၊ တစ်နေ့လုံး ... ၂၄နာရီမှာ နာရီ ၂၀လောက်အလုပ်တွေလုပ်နေရတာကွ၊ ၂နာရီလောက်တော့ ဖိမ်ယူသင့်တာပေါ့"

ဧည့်ခန်းရှိ ဆိုဖာပေါ်မှာထိုင်ပြီး သူကအခွေထည့်ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက အမေရိကန်ကား။ အချစ်နှင့်အပစ်အဆင်တွေ၊ ယောကျ်ားတွေ ကြည့်တတ်သည့်ကားမျိုး။

ခင်ညီလာ ဘယ်မှာထိုင်ပြီး ဘယ်လိုကြည့်ရမှန်းမသိတော့။ ယခုထိ မတ်တတ်ရပ်နေတုန်း။

"ဟော့ ... လာထိုင်လေ"

နေသန့်စင် သူထိုင်နေသည့် ဆိုဖာရှည်သို့ခေါ်လျှင် ခင်ညီလာ အလန့်တကြားငြင်းကာ ကိုယ့်အခန်းကိုယ်ပြေးဖို့ ပြင်သည်။

"ဟာ ... ကျွန်မ မကြည့်ရဲဘူး၊ မကြည့်တတ်ပါဘူး ဆရာ၊ ကျွန်မအိပ်တော့မယ်"

သူက တဟားဟားရယ်ရင်း ... ခင်ညီလာ့ကို လက်ပြနှုတ်ဆက်လိုက်၏။

"ကောင်းတယ် ... သွားအိပ်တော့၊ ကိုယ်တော့ ၁နာရီလောက် ဖိမ်ယူလိုက်ဦးမယ်"

ခင်ညီလာ ကိုယ့်အခန်းထဲရောက်တော့ တံခါးပိတ်ကာ အိပ်ရာပေါ် အရုပ်ကြိုးပြတ်လှဲချမိသည်။

ဆရာနဲ့နှစ်ယောက်တည်းနေရတာ ရေရှည်ဖြစ်မယ်မထင်ဘူး။ ဆူးနဲ့ဖက်လိုပဲ တော်ကြာ ... ငါဒုက္ခရောက်လိမ့်မယ်၊ သူများတွေကလည်း ငါ့ကို ဆရာ့ကိုလိုချင်လို့ အတင်းအိမ်ပေါ်တက်နေတယ်လို့ပြောမှာပဲ။ အို ... ငါတို့ကို ညားနေတယ်လို့ ထင်ကြမှာ ... ။

အတွေးနှင့်သူမ တအိအိရှိုက်ငိုပြီး ကိုယ့်ဘဝကိုယ်ဝမ်း





နည်းနာကျင်နေမိစဉ် အခန်းတံခါးခေါက်သံကြားလိုက်ရသဖြင့် သူမ ခေါင်းကြီးသွားရ၏။

မနောက်ပါနဲ့ ဆရာရယ် ...

ဆရာက မှော်ဆရာကြီးပါ။

ကျွန်မက ... တစ္ဆေမှင်စာလေးမို့ ...

ခင်ညီလာ ကြောက်ရွံ့နေမိဆဲ သူမ၏ပြတင်းမှ လူရိပ်ဖျတ်ခနဲတွေ့လိုက်ရလျှင် သူမ လန့်အော်မိသည်။

"ညီ ... ညီ ... တံခါးဖွင့်စမ်း ... "

ခင်ညီလာ တုန်တုန်ယင်ယင်နှင့် တံခါးဖွင့်ပေးလိုက်ရာ ညဝတ်အင်္ကျီအဝါနှင့်ဆရာ အထဲသို့ဝင်လာခဲ့သည်။

"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲဟင် ... "

"လူ ... လူတွေ့လို့ပါဆရာ ... "

"ဟာကွာ မဟုတ်တာ၊ ဆရာ့အိမ်မှာ ဘာရှိတာမှတ်လို့ ဆရာက သူဌေးမှမဟုတ်ဘဲ၊ ဘယ်သူခိုးက ကပ်မလဲ"

"ကျွန်မ အသေအချာမြင်လိုက်ရတာပါ ဆရာရယ်"

"လူတော့မဖြစ်နိုင်ဘူး၊ ဖြစ်ချင်းဖြစ် မင်းရဲ့အဘွား၊ နှစ်ယောက်ပဲဖြစ်ရမယ်၊ သူ့မြေးမလေးကို စိတ်မချလို့ လာကြည့်တာဖြစ်ရမယ်နော်၊ ကဲ ... အိပ် ... အိပ်၊ ဘာမှမကြောက်နဲ့"

ခင်ညီလာကို နှစ်သိမ့်ပြီး နေသန့်စင်အခန်းထဲမှ ထွက်မည်ပြင်စဉ် တစ်အိမ်လုံးမီးများပျက်သွားပြီး မှောင်အတိကျသွား၏။

"ဆရာ ... "

ခင်ညီလာ လန့်အော်ပြီးမှ ကိုယ့်ပါးစပ်လေးကိုယ်ပိတ်ကာ



www.burmeseclassic.com

ခုတင်နားမှာရပ်ပြီး ငြိမ်သက်နေရာ ...

"ညီ ... "

တုန်လှုပ်သောအသံတိုးတိုးနှင့် နေသန့်စင် သူမအနားသို့ စမ်းတဝါးဝါးနှင့် ရောက်လာခဲ့သည်။

"မခွဲနိုင်တော့ဘူးအချစ်ရယ် ... မင်းကို ကိုကိုလက်ထပ်မှာပါ ... "

မစွန်းရင်းကလည်းရှိသမို့ ကန်စွန်းခင်းကလည်းငြိသလား။

ထိုညက ဆရာ့အချစ်ပင်လယ်ပြင်ကြီးမှာ ခင်ညီလာ စုန်းစုန်းနစ်ခဲ့ရပါသည်။



နံနက်လင်းတော့ ခင်ညီလာ နိုးသွားခဲ့ပေမယ့် ဆရာ့ င်ခွင်ထဲမှာ လှုပ်ပင်မလှုပ်သာ။ သူက တင်းတင်းပွေ့ဖက်ထား ိုက်တာ။

ကိုယ့်ဘဝက မရေမရာဘဝ၊ လှိုင်းထန်သည့်မြစ်ပြင်မှာ လှကလေးနှင့်လျှောက်သွားနေရသလိုမျိုးမို့ ခင်ညီလာ အားငယ် ်းနည်းမိရသည်။

ဆရာနှင့်သူမအဖြစ်က လက်ထပ်ရသေးတာလည်း ဟုတ်။ ဆရာ့တိတ်တခိုး သတို့သမီးဘဝမို့ ခင်ညီလာ ကိုယ့် ဝကိုယ် နာကြည်းခွေးမြည့်မိရသည်။

ခိုးရာလိုက်တဲ့အဖြစ်မျိုးလည်းမဟုတ်။ ခိုးရာလိုက်တဲ့အဖြစ် ဂုဏ်ရှိဦးမည်ထင်ပါသည်။ ယခုတော့ သူမက ရေမျောကမ်း ်င် ... ဆရာ့အိမ်ပေါ်တက်နေရသည့်အဖြစ်။

ကျွန်မကို တကယ်ရောချစ်ရဲ့လား ဆရာရယ် ...

နိုင်ငံခြားပြန်ဆရာဝန်ကြီးမို့ နိုင်ငံခြားမှာလို လွယ်လွယ် ်ပစ်လိုက်တာလား ...

www.burmeseclassic.com



ကိုယ့်ဘ၀က သူပြုသမျှနုရတော့မည့်အဖြစ်။

"အင်း ... ဒီနေ့ ဆေးခန်းပိတ်မယ်၊ ဆေးရုံကတော့ ပိတ်ပြီးသား၊ ဒီနေ့ စနေလေ၊ အိုကေ ... ဆက်အိပ်မယ်"

ဆရာနိုးလာပြီး ခင်ညီလာ့ကိုပွေ့ဖက်ထားရင်း ဇယားတွေ ဆွဲနေလျှင် သူမငြိမ်သက်နေရသည်။ အရှက်များကြောင့် သူ့ကို မော့မကြည့်ဝံ့တော့ဘဲ မျက်လုံးလေးများမှိတ်ထားရာ ဆရာက သူမကိုစေ့စေ့ကြည့်နေရင်း ပြုံးနေလေ၏။

"နော် ... ချစ်၊ ဒီနေ့ ဆေးခန်းပိတ်မယ်၊ စားချင်တာ တွေချက်စားမယ်၊ အဲ ... ဘယ်ကိုဟန်နီးမွန်းထွက်ရင်ကောင်း မလဲ၊ နေ၀င်းမလာသေးဘူးလားမသိဘူး၊ ဆေးခန်းပိတ်သည့်လို ဆိုင်းဘုတ်ချိတ်နိုင်းမလို့"

"ဆရာကလည်း ... ကလေးလေးကျလို့"

"ကလေးမဟုတ်လို့ ခက်နေတာပေါ့၊ မခွဲချင်တော့ဘူးကွာ ညီအနားမှာပဲ တစ်နေ့လုံးနေလိုက်မယ်"

သူ ... ကဲ ... သည်းနေပေမယ့် ခင်ညီလာ သူ့ရင်ခွင်ထဲ မှ တိုးထွက်လိုက်သည်။

"ရေချိုးဦးမယ်ဆရာ ... တစ်ကိုယ်လုံး နံ့စွေမှုးနေလို့"

ခင်ညီလာကအမှန်အတိုင်းပြောပေမယ့် နေသန့်စင်အသွင် က ပြုံးပြုံးကြီး ...

"ဆောရီးအချစ်ရယ် ... ဆောရီးနော် ... ဒါဆိုလည်း ညီ အိပ်နေလေ၊ ကိုယ်ဆေးခန်းဖွင့်ရမလား၊ စိတ်တော့မပြော





ဘူးကွာ၊ ချစ်စခင်စမို့ မိန်းမ မျက်နှာပဲ အမြဲကြည့်နေချင်လို့ပါ"

"အာ ... ဆရာ တော်တော်ဆိုးနေပါလား"

တဟားဟားနှင့် အူမြူးနေသည့် သူ့ကိုထားခဲ့ပြီး ခင်ညီ လာ အရှက်မျက်နှာလေးနီနီနှင့် ရေချိုးခန်း၀င်ခဲ့သည်။

တစ်ကိုယ်လုံး ရေပန်းအောက်၀င်ပြီး ရေချိုးပစ်လိုက်တော့ နံ့စွေနေတာတွေ ပျောက်သွားသလို ခေါင်းလျှော်၊ ရေချိုးနေမိ၍ ရေချိုးခန်းတံခါး တဒုန်းဒုန်း ထုသံကြားရ၏။

"ညီ ... အရမ်းကြာနေပြီ၊ အအေးပတ်နေဦးမယ်၊ ထွက်တော့ ..."

"ပြီးပြီဆရာ ... ပြီးပြီ"

ခင်ညီလာ မျက်နှာသုတ်စောင်ပတ်ကာ ထွက်လာတော့ သူက မျက်နှာသုတ်စောင်တစ်ထည်နှင့် ခေါင်းရေသုတ်ပေးခဲ့ သည်။ သူမ ... ကြည်နူးရပါ၏။

"ရတယ် ... ဆရာ သွားချိုးလေ ..."

"ကိုကိုက ဆံပင်အတိုဆိုတော့ ဒရိုင်ယာ၀ယ်မထားမိ ဘူး၊ ပြီးမှ၀ယ်ပေးမယ် ... ညနေဈေး၀ယ်ထွက်ရအောင်နော်၊ ဒီနေ့တော့ တစ်နေ့လုံးအခန်းအောင်းမယ်"

"ကိုကို ..."

ခင်ညီလာ အလန့်တကြားဖြစ်နေတော့ သူကလည်း ခပ် နောက်နောက်။

"ဘာလဲကွာ၊ ထမင်းဟင်းချက်စားကြမှာ၊ အနားမှာကို ဘာတွေတွေးပြီး သွေးလန့်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမ၏ဆံပင်ရေစိုတွေကို သုတ်ပေးလိုက်၊ ပခုံးသာ ဝင်းဝင်း၊ လည်တိုင်ကျော့ကျော့လေးများကို မွှေးလိုက်နှင့် ကစာ စရာအသစ်အဆန်းရသလို ပျော်ရွှင်နေရာ ခင်ညီလာ သက်ပြင် ချရသည်။

"နေဦးဆရာ ... ညီ အဝတ်လဲဦးမယ်၊ ဆရာ အပြ ထွက်နော် ဒါမှမဟုတ် ကိုယ့်အခန်းကိုယ်ပြန် ရေချိုး ..."

"မခွဲချင်ဘူးကွာ၊ မိန်းမကို ကူဦးမယ်လေ"

"မပိုပါနဲ့ ဆရာရယ်၊ ယောကျ်ားတစ်ယောက်က မိန်း တစ်ယောက်ကို သာမန်ပဲချစ်ပါ၊ တအားကြီးမချစ်ပါနဲ့"

"ဘာဖြစ်လို့လဲ ... ညီက ဘာတွေသိနေလို့လဲ"

"ညီ့အမေနဲ့အဖေတုန်းကလည်း အဖေက အမေ့ကိုသိ ချစ်တာတဲ့၊ အရမ်းယုယတာများ ဘေးလူတွေအမြင်ကတ်ယူ တယ်၊ ဒါပေမယ့် ... ညီ့ကိုလည်းရရော အဖေ့အချစ်တွေ ပြောင်းလဲသွားပြီး ..."

"တော်ပါကလေးရယ် ... ကိုယ့်အချစ်တွေက အဲလို ပြောင်းလဲမယ့်အချစ်မျိုး မဟုတ်ပါဘူး၊ ရင်ထဲမှာထုနဲ့ထည် ဘယ်တော့မှမပြောင်းလဲမယ့် အချစ်တွေပါ ... ဆောရီးအချ ရယ်၊ ကိုယ်က အရမ်းအလုပ်များတယ်၊ ဒီချစ်စ ... ခင်စလေ မှာပဲ မင်းကို အမှတ်တရအချစ်တွေပေးနိုင်မှာပါ၊ နောက်ကျတော့ ကိုယ်က အလုပ်တွေအများကြီး၊ လူနာတွေအများကြီးနဲ့ လုံးချ လည်နေမှာ၊ အဲဒီကျ ညီက ... ကိုကို့ကို ပြုစုယုယပေ ကိုကိုတို့မွေးလာမယ့် သားလေး၊ သမီးလေးတွေကို ပြုစုယုယပေ





ညီ့ကိုအလုပ်မဝင်နိုင်းတော့ဘူးနော်"

"ကိုကိုက ညီ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်တယ်ပေါ့နော်"

ခင်ညီလာ့နောက်မှကပ်ထိုင်ပြီး ဆံပင်တွေ ရေသုတ်ပေး နေသည့် နေသန့်စင်မှာ သူမ၏မသိနိုးနဲ့ ပူပူပင်ပင်အသံလေး ကြောင့် နလုံးသားတစ်ခုလုံး နာကျင်ကြေမွသွားပြီး ...

"ဟောဗျာ ... ဘယ်လိုမေးလိုက်တာလဲ အချစ်ရယ်၊ ကျားကိုက်ပါတယ်ဆိုမှ၊ ဒီလောက်သေလုမျောပါးချစ်နေရတဲ့သူ ကို ခုထိ မယုံသေးဘူးလားဗျာ"

ရင်ခွင်ထဲမှ သက်လျာကို ဆွဲပွေ့ပြီး အချစ်တွေသက်သေ ပြနေတော့ ခင်ညီလာ ဒီတစ်ခါ စောဒကမတက်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"တောက် ... "

ဒေါ်နီလာမေမှာ အသည်းဆိုင်ပင် မထွက်နိုင်တော့။ လောဘနှင့်ယှဉ်သည့် နောင်တတွေကြောင့် လှုက်ရှုးလှုလှု။

"ငါ လောဘကြီးလို့ ဟိုအကောင်ကြီးကို လေးပုံတစ်ပုံ ခွဲပေးလိုက်ရတာ၊ ဟိုအကောင်နဲ့အကောင်မကလည်း ဝေစုဝင်ယူလိုက်သေးတယ်၊ ငါ့အသုံးမကျလို့ နည်းနည်းလေးရတာ"

တစ်နေ့ တစ်နေ့ ... တပူပူစိစိရေရွတ်ပြီး ဒေါသတွေ တချောင်းချောင်းထွက်နေသည်က သူရူးတစ်ယောက်ပမာ။

မင်းလုလင်နှင့်ဝါဆိုတို့ကတော့ သူတို့ရသည့် ရတနာဝေစုများကိုကြည့်ပြီး ပျော်ပျော်ရွှင်ရွှင်စားလိုက်၊ သွားလိုက်၊ လည်လိုက် ပတ်လိုက်နှင့် မအေအ ခြေအနေကိုမကြည့် မသိ။

ဒေါ်ဖွားမေ ... ရက်လည်သည့်နေ့မှာတော့ သူတို့ထံသို့ ခရီးလွှန်နေသည့် အဘအောင်ရောက်ရှိလာပြီး အခြေအနေတွေကို မကြားဝံ့မနာသာ ဖြစ်နေရရှာသည်။





အိမ်သို့ရောက်လာသည့် အဘအောင်ကို ဒေါ်နီလာပြောဆိုနေလိုက်တာ ရစရာပင်မရှိ။

"ဦးအောင်ခေါ်လာတဲ့ နှာစ်က ခုတော့မေမေ့ကို သတ်ပြီး ပစ္စည်းတွေ အပိုင်စီးတယ်လေ"

"ဟယ် ... မဟုတ်နိုင်တာ၊ နင်တို့ တစ်ခုခုလွဲချော်နေပါပြီ၊ ငါ့တူမက အဲဒီလိုမဟုတ်နိုင်ပါဘူး"

"ဟုတ်လို့ပဲ အခု ... သူ့ကိုအမှုဖွင့်ထားလိုက်ပြီလေ၊ ရုပ်ကလေးသနားကမားနဲ့ အတော်ကောက်ကျစ်စဉ်းလဲတဲ့မိန်းမ"

"မဟုတ်ပါဘူး နီလာရယ်၊ နင်တို့ ... ငါ့မျက်နှာများထောက်ကြပါဦး၊ ဘာပစ္စည်းတွေယူလို့လဲ၊ နင်တို့သူဌေးတွေဆိုတာ ပစ္စည်းကိုလွယ်လွယ်မထားတတ်ကြပါဘူးဟာ၊ ဟိုဒင်း မီးခံသေတ္တာနဲ့ထားကြတာ မဟုတ်လား"

"အို ... အမေ့မှာဝတ်ထားတဲ့ စိန်နားကပ်နဲ့ စိန်လက်စွပ်ကို ချွတ်ယူတာလေ၊ အဲဒီလို ယူချင်လို့သတ်တာပေါ့၊ အမေ့ကို မျက်နှာခေါင်းအုံးနဲ့ အုပ်ပြီးသတ်တာ"

"အဲဒီလို မဟုတ်တန်းတရားတွေ မစွပ်စွဲပါနဲ့ဟယ်၊ ငါ့တူလေး အညွန့်ကျိုးပါ့မယ်၊ သတ်တာနင်မြင်လို့လား မြင်ရင် ဖမ်းထားပါလား"

"တော်ပြီ ... တော်ပြီ ... ရှင်နဲ့စကားနိုင်လုပြောမနေဘူး၊ အမှုကမှန်လို့ပဲ အခု ရှင့်ဟာမ ... အချုပ်ထဲမှာလေ၊ ထောင်ကျလား၊ ကြိုးပေးခံရမလားဘဲ၊ ကျုပ်တော့ သူ့ကိုနုပ်နုပ်စင်းပြီး သတ်ပစ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရသင့်ရထိုက်သည့် ရတနာတွေကို မတရားခွဲဝေ လိုက်ရသဖြင့် လောဘဆိပ်သင့်နေသည့် ဒေါ်နီလာ၏ လောဘ မိုးမွှန်နေသည့်ရုပ်က ကြောင်စီစီ။ ကြမ်းတမ်းရိုင်းစိုင်းနေပြီး သူမ ၏ ဒေါသထွက်ပေါက်အဖြစ် ခင်ညီလာအပေါ် ပုံချနေ၏။

"ကဲ ... ဒါဆို ငါ ... ငါ့တူမဆီကိုသွားတော့မယ် နင်တို့ရှုပ်စွဲတာလည်း ငါမယုံဘူး၊ နင်တို့ကြောင့် ဒုက္ခတွေ့နေရ ငါ့တူမကိုငါကူညီရမယ်"

"ကြွ ... ကြွ ... နောက် ဘယ်တော့မှ ကျုပ်ဆီမလာ ရှင့်မျက်နှာလည်း မမြင်ချင်ဘူး၊ ကျုပ်မျက်နှာလည်း ကျုပ်မမြ ချင်ဘူး"

"ဟော ..."

စကားတွေ ကပေါက်တိကပေါက်ချာဖြစ်ကုန်ပြီး ဒေါသ တွေနှင့် ထန်တင်းနေသည့် ဒေါ်နီလာ့ပုံစံကို အဘအောင်သံသယ ဝင်သွား၏။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာဖြစ်ကြတာလဲ။

အဘအောင် ပဲခူးရဲစခန်းကိုသွားပြီး စုံစမ်းတော့ အခြေ အနေအရပ်ရပ်ကိုသိခဲ့ရသည်။ သူ ... ရဲအရာရှိကြီးကို အကြ ပေးခဲ့၏။

"ကျွန်တော် ... ဒေါ်နီလာ့ဆီဝင်ခဲ့ပြီးပြီ၊ ခင်ညီလာပြော တဲ့အတိုင်း မှီးခံသေတ္တာကိုနိုးဖွင့်ပြီး ဝေစုခွဲယူကြရတော့ စိတ် နိုက်လို့ထင်တယ်၊ သူပြောတဲ့စကားတွေက မှုမမှန်တော့ဘူး"

"ဟုတ်တယ် ... အခု ကျွန်တော်တို့လည်း သူတို့ဖျော ထားတဲ့ သက်သေသုံးယောက်ကိုတွေ့ရင် အဖြစ်မှန်ပေါ်မှာပါ





ခင်ညီလာ အခြေအနေကောင်းပါတယ်"

"အေးဗျာ ... ကဲ ... ကျွန်တော်လည်း ကျွန်တော့်တူမ လေးကိုသွားပြီး အားပေးပါရစေ"

စခန်းမှူးကြီးကိုနှုတ်ဆက်ပြီး အဘအောင် ဒေါက်တာ နေသန့်စင်၏ဆေးခန်းသို့ ရောက်ရှိလာခဲ့သည်။

ဆေးခန်းထဲမှာ နေသန့်စင်နှင့် ခင်ညီလာကို လူနာများ ကြားတွင် တွေ့လိုက်ရ၏။

"ဟော ... အဘအောင် ..."

"အဘအောင် ... ဒီမှာနေဦးနော်၊ ညီ ... အိမ်သွားပို့ လိုက်ပါဦး၊ ထမင်းစားဖို့လည်း စီစဉ်လိုက်နော်၊ ကိုယ်ပါပြန်စား မယ်"

"ဆရာတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ရတယ် ... ရတယ် ... ကိစ္စမရှိဘူး၊ အဘအောင်ကို သာ ဧည့်ဝတ်ကျေအောင် ဧည့်ခံထားလိုက်ပါ"

နှစ်ယောက်သား နွေးထွေးစွာကြိုဆိုပြီး အဘအောင်ကို ခင်ညီလာ ဆရာ့အိမ်သို့ခေါ်ခဲ့သည်။ အဘအောင် ဧည့်ခန်းထဲမှာ ခြေပစ်၊ လက်ပစ်ထိုင်လေ၏။

"ကြားရတာ စိတ်မချမ်းသာလိုက်တာ ခင်ညီလာရယ် ကြုံမှကြုံရတတ်ပလေ"

"အဘအောင်လည်း ကြားခဲ့မှာပေါ့၊ သူတို့မိသားစုရဲ့ လောဘ၊ ဒေါသတွေကြားမှာ ကျွန်မ ညပ်သွားရတာ၊ ဆရာက အစစအရာရာ အဆင်ပြေအောင် ကူညီပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ... ဆရာ့အပေါ် နင်မပစ်မှားနဲ့နော်၊ ခုမှ ငါဖွင့်ပြောရဦးမယ်၊ နင်သင်တန်းတက်တုန်းကလည်း ... တက်လောက်အောင်သူပဲ နောက်ထပ်လိုတာ ထပ်ပေးခဲ့တာ"

"ဪ ... "

ခင်ညီလာ မျက်ရည်ဝဲအောင် ခံစားလိုက်ရသည်။

"ခု ... ဘယ်လိုနေလဲ၊ ဘယ်မှာနေလဲ၊ ဆရာ့ဆေးခန်းမှာ အလုပ်ဝင်နေသလား"

အဘအောင်၏ မေးခွန်းကို ခင်ညီလာ ဘယ်လိုဖြေရမှန်းမသိ။ မျက်နှာပူနေ၊ ရှက်နေမိစဉ် ... နေသန့်စင် ရောက်ရှိလာခဲ့၏။ သူက အဘအောင်၏အနားတွင် ရိုကျိုးစွာထိုင်သည်။ ပြီးမှ ...

"နားနဲ့မနာ၊ ဖဝါးနဲ့နာပါ အဘရယ် ... ညီ့ကို ကျွန်တော် စုံမက်မြတ်နိုးပါတယ်၊ အမှုကလည်း မပြီးသေးတော့ လက်မထပ်ရသေးပါဘူး၊ လောလောဆယ် ကျွန်တော် အိမ်မှာပဲခေါ်ပြီး စောင့်ရှောက်ထားပါတယ်"

"ဪ ... "

အဘအောင် စိတ်မကောင်းဖြစ်သွားပြီး စဉ်းစားတွေးတောနေစဉ် ခင်ညီလာ ထမင်းစားခန်းဘက်သို့ ပြေးလေသည်။ ထမင်းပွဲတွေပြင်နေခိုက် ဧည့်ခန်းဘက်မှ စကားသံများ သူ့မထံလွင့်ပျံ့လာခဲ့သည်။

"ဆရာ ... ခင်ညီလာကို အမှုပြီးပြီးမပြီးပြီး အမြန်ဆုံးပဲ လက်ထပ်လိုက်ပါ၊ သူ့ခမျာ မိမရှိဖမရှိနဲ့ ချို့တဲ့ရတဲ့ကြားထဲ





တန်ဖိုးမမဲ့စေချင်ဘူးဆရာရယ်၊ ဖြစ်နိုင်ရင်ကျုပ်ရှိတုန်းပဲလက်ထပ်လိုက်ကြပါ"

"ဟာ ... ကောင်းပါတယ်အဘရယ်၊ ကျွန်တော်လည်း တိုက်တွန်းမယ့်သူရှာနေတာ . . . အားတဲ့နေ့ကျ မြို့မိ မြို့ဖ ၁၀ယောက်လောက်နဲ့ လက်မှတ်ထိုး လက်ထပ်ပါ့မယ်၊ ဧည့်ခံပွဲကတော့ နောက်မှလုပ်ကြတာပေါ့"

"အေးပါဗျာ ... ဒီလိုကြားရမှပဲ ကျုပ်လည်းစိတ်အေးရတော့တယ်"

သည်စဉ် ခင်ညီလာ ထမင်းစားခန်းထဲမှ သူတို့နှစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"အဘအောင်နဲ့ဆရာ ... ထမင်းစားရအောင်"

နှစ်ယောက်သား ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ထမင်းစားပွဲသို့ရောက်လာကြပြီး အတူထမင်းစားကြသည်။ ထမင်းစားရင်း အမှုအတွက် ဆွေးနွေးကြသေးသည်။

နေ့လယ်မှာ ဆရာတစ်ယောက်တည်း ဆေးရုံသို့ထွက်သွားပြီး အဘအောင်နှင့်ခင်ညီလာ အိမ်မှာကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ညစာစားပြီးတော့ အဘအောင်နှင့်ဆရာတို့ ညှော်ခန်းထဲမှာ လက်ဖက်သုပ်စားရင်း စကားစမြည်ပြောနေကြစဉ် ခင်ညီလာ ကိုယ့်အခန်းထဲသို့ ဝင်ခဲ့သည်။ ပြီး — အခန်းတံခါးကို ဂျက်ထိုး ပိတ်လိုက်၏။

အဘအောင်ရှိနေသည်မို့ မဖွယ်မရာတွေ ထပ်မဖြစ်ချင်။ အဘအောင်ပြောသလို အမြန်ဆုံးလက်ထပ်ပြီးမှဖြစ်မည်။ ကိုယ်ကမိန်းကလေးမို့ ခင်ညီလာ အမြဲရင်လေးနေမိသည်။

သူတို့က ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ နိုင်ငံခြားပြန်ကြီးတွေမို့ လစ်ဗီးတူဂဲသားတွေ ဘာတွေနှင့်ရင်းနှီးနေနိုင်၏။

ကိုယ့်အခန်းလေးထဲမှာ အတွေးပေါင်းများစွာနှင့် လူးလှိမ့်နေရင်းမှ ခင်ညီလာ မနက်ကကိစ္စကို သွားသတိရမိသည်။

မနက်က ဆေးခန်းမှာတွေ့ရသည့် အမျိုးသမီးကြီး သား အမိနှစ်ဦး။ မအေရောသမီးပါ စိန်ရွှေတွေ သီးနေအောင်ဝတ်ဆင်ထားကြပြီး မျက်ရိုးကိုက်လို့ ဘာညာနှင့် ရောဂါမရှိရောဂါရှာပြု





လာကြခြင်း ဖြစ်သည်။ မအေက လူနာရှင်။ သမီးကလူနာ။

သမီးဖြစ်သူမှာ အသက်သုံးဆယ်ခန့်ရှိပြီး ပြင်ဆင်ထားပုံက မင်္ဂလာဆောင်သွားသည့်နှယ်။ သမီးကိုမျက်စိပြရင်း စကားတွေပြောနေလိုက်ပုံကရေပက်မဝင်။

"ဒေါက်တာ့သတင်းကတော့ တကယ်မွှေးတယ်၊ သမားတော်ကြီးပေမယ့် မာနမကြီးတဲ့အကြောင်း၊ လူနာတွေပေါ်မှာ စေတနာကောင်းတဲ့အကြောင်း၊ ကျွန်မက အမိန့်ရအပေါင်ဆိုင်ဖွင့်ထားတော့ နယ်စုံနဲ့ဆက်ဆံနေရတယ်လေ၊ အဟောင်းဟောင်း ဆရာ့သတင်းနောက်တစ်မျိုးက မိန်းကလေးတွေကို စိတ်မဝင်စားတဲ့ လူပျိုကြီးဖြစ်လို့ပဲ"

"သတိတော့ထားဆရာရေ့ . . . ဘယ်သူပဲဖြစ်ဖြစ် သဘာဝကို လွန်ဆန်လို့မရပါဘူး၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်မှာပဲ၊ ဆရာ့မှာ မိဘတွေမရှိတော့ ဒီနေရာ ကွက်လပ်ဖြစ်နေရတာပေါ့၊ ခုခေတ်မိန်းကလေးတွေက လွယ်တာမဟုတ်ဘူး၊ ရဲတင်းကြတယ် တစ်ချို့ဆို ကိုယ့်ရုပ်ကလေးမှအားမနာ အိမ်ပေါ်အတင်းတက်နေကြတာ ကြည့်လုပ်ဆရာရေ့ ... အားနာရင်း အားနာရင်းနဲ့ နွံထဲနစ်သွားတတ်တယ် အဟင်းဟင်း ... "

သူ့စကားကြောင့် အနားမှာ ဆေးပေးနေရသည့် ခင်ညီလာ လက်တွေတုန်ယင်သွားခဲ့၏။ ဆရာကတော့ ပြုံးနေခဲ့ရုံသာ၊ ဘာမှစကားပြန်မပြောချေ။

"သွားဦးမယ်ဆရာ၊ တနင်္ဂနွေနေ့ကျမှ ဆရာ့ကို အိမ်မှာ ထမင်းစားဖိတ်မယ်၊ သမီးကိုအခေါ်လွှတ်လိုက်ပါ့မယ်၊ ဆေးရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဝေးပါဘူးဆရာ၊ ပွင့် ... အမိန့်ရအပေါင်ဆိုင်ဆိုတာ ဆရာ သတိထားမိမှာပေါ့၊ အဲဒါ သမီးလေး ရတီပွင့်အတွက် ရည်စူးပြီး ဖွင့်ထားတာပါ၊ လုပ်ငန်းကကြီးတော့ ငွေဆိုတာ မနည်းလည်ပတ်နေရတယ် ဆရာရေ့''

သားအမိနှစ်ယောက် ကျော့ကျော့ကော့ကော့နှင့်ထွက်သွားကြတော့ ခင်ညီလာ ... ရှက်ရွံ့တုန်လှုပ်စွာ ကျန်ခဲ့ရသည်။

ကိုယ့်ရုပ်လေးမှ အားမနာ အိမ်ပေါ်အတင်းတက်နေကြတာတဲ့၊ ခင်ညီလာ ဆရာ့အိမ်ပေါ်ရောက်နေတာသိလို့ ပြောသွားခြင်းဖြစ်မည်။

သူမ ... ရင်ထဲနာကျင်ခံစားနေရပေမယ့် ဆရာကတော့ အမှတ်တမဲ့နှင့်ပင်။ ထိုနေ့ကို လူနာတွေနှင့် ထုံးစံအတိုင်း ကျော်ဖြတ်ခဲ့သည်။

အေးလေ ... သူကတော့ ယောကျ်ားပဲ။ ငါ့လို ဘယ်ခံစားနေရမလဲ။ ဆရာ ... ငါ့ကိုတကယ်ချစ်တာရော ဟုတ်ရဲ့လား။ သူ့ဆန္ဒအတွက် အသုံးချနေတာလား။။

မျက်ရည်များနှင့် ခင်ညီလာ ကြေကွဲနေမိဆဲ အခန်းတံခါးခေါက်သံ တိုးဖွဖွကို သူမကြားလိုက်ရသည်။ သူမဖွင့်မပေးချင်တော့ပါ။ သန်းခေါင်ထက် ညဥ့်မနက်ဘူးဆိုပေမယ့် ပြဿနာတစ်ခုကို သူမ အဆုံးသတ်ချင်ပါပြီ။

ရှိပါစေတော့ ဆရာ။ နေ့ရွှေ့ ညရွှေ့ အကြောင်းအမျိုးမျိုးပြပြီးရက်ရွှေ့နေတာ ညီ့ကိုလက်မထပ်ချင်လို့ပေါ့၊ ညီ သိပါပြီနားလည်ပါပြီ။





အမှုမပြီးလည်း အခြားမှာပဲ လာရောက်ရင်ဆိုင်တော့မည်။ မနက်ကျရင် သူမရွာသို့ပြန်ပါတော့မည်။ ဟုတ်တယ် ... ငါ ဆရာ့ကို ဒုက္ခမပေးချင်တော့ပါဘူး။

မျက်ရည်များနှင့် ဆုံးဖြတ်ချက်ချရင်း သူမငြိမ်သက်နေမိသည်။ နာရီဝက်လောက်ကြာမှ ရေသောက်ရန် သူမတံခါးဖွင့်လိုက်တော့ တံခါးကိုမှီပြီး ရပ်နေသည့်ဆရာ့ကို တွေ့လိုက်ရသည်။

"အို ... "

"ဘာတွေဖြစ်နေတာလဲကွာ၊ ဘာတွေတွေးနေပြန်တာလဲ"

"ကျွန်မ ရေသောက်ချင်လို့ပါ ... "

သူမ ... သူ့လက်တွင်းမှရုန်းထွက်ခဲ့ပြီး မီးဖိုဘက် ရေခဲသေတ္တာဆီသို့ လျှောက်ခဲ့သည်။ သူမရေသောက်နေတုန်း သူလည်း ရောက်လာခဲ့ပြန်သည်။

ခင်ညီလာ ဆရာ့ကိုမကြည့်ဘဲ ခေါင်းငုံ့ကာ ကိုယ့်အခန်းဘက် ပြန်မည်ပြင်တော့ ဆရာ သူမကိုဆွဲပွေ့ကာ တင်းတင်းကျပ်ကျပ်ဖက်ထားခဲ့၏။

"ဘာတွေ အတွေးချော်နေပြန်တာလဲကွာ၊ ဆရာ မင်းကိုခိုးလာတာလို့သဘောထားလေ ... "

"ဟင့်အင်း ... ကျွန်မက ဂုဏ်မရှိ၊ သရေမရှိ ဆရာ့အိမ်ပေါ် အတင်းတက်နေမိတဲ့ တန်ဖိုးမဲ့ မိန်းမတစ်ယောက်ပါ"

"ဟာကွာ ... ဘာဖြစ်ရပြန်တာလဲ"



www.burmeseclassic.com

"မနက်က ပွင့်အပေါင်ဆိုင်ဆို အရမ်းချမ်းသာပါတယ်၊ ရတီပွင့်ကလည်း တစ်ဦးတည်းသောသမီး ... "

"အဲဒါဘာဖြစ်လဲ၊ ညီ ... ပေါက်ကရတွေလျှောက်မပြောနဲ့၊ ကိုယ်တို့နှစ်ယောက်က ညားနေကြပြီလေ၊ ကိုယ်ကလည်း ဆင်းရဲမွဲတေနေတဲ့သူမဟုတ်ဘူး၊ ငွေကိုငန်းငန်းတက်နေတဲ့ကောင်မဟုတ်ဘူး၊ တော်ကွာ ... မင်းအူတို့၊ အူပုပ်နေတာနဲ့ ကိုယ့်ကိုဟိုပြော၊ ဒီပြောမပြောနဲ့၊ သွားမယ် ... အိပ်ကြစို့"

သူက ... ခင်ညီလာ့ကို ပခုံးဖက်ကာ သူမ၏အိပ်ခန်းဘက်သို့သွားမည်ပြင်တော့ ခင်ညီလာ ... ရှိုက်ကြီးတငင် ငိုမိ၏။

"ဟာကွာ ... အဘအောင်နိုးသွားတော့မှာပဲ၊ တိတ်တိတ်ပါ ... ဘာတွေ မကျေနပ်နေတာလဲကွာ မိန်းမလေးတစ်ယောက်ရပါတယ်၊ တယ်စိတ်ညစ်ဖို့ကောင်းတာပဲ"

"တော်ပြီဆရာ ... ကျွန်မကို လက်မထပ်ရသေးဘဲနဲ့ နှုတ်ထဲဆွဲမနှစ်ပါနဲ့တော့၊ ဆရာ ကျွန်မကို လက်ထပ်မှာလည်း မဟုတ်ဘဲနဲ့"

ခင်ညီလာ ဝမ်းနည်းပက်လက်ငိုရှိုက်နေသည့်အကြောင်းကို နေသန့်စင် သိလိုက်ရပေပြီ။ သူ ... သက်ပြင်းချရင်း သူမ၏ကိုယ်လေးကို ကြင်နာစွာထွေးပွေ့ထားပါ၏။

"ကောင်မလေးတစ်ယောက် အစိုးရိမ်ကြီးနေတာကိုး၊ ကောင်းပြီလေ ... ဒါဆိုလည်း မနက်ဖြန်ပဲ လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြမယ်၊ ကျေနပ်ပြီလား၊ ညှော်ခံပွဲကတော့ အမှု





ပြီးမှ ... အဲ ... အမှုမပြီးလည်း ရှေ့လကျမှ သေသေချာချာလုပ်ပါ့မယ်၊ အဓိက,က အမိလေးကိုချစ်ဖို့ ပါမစ်ရဖို့မဟုတ်လား"

"ဟုတ်တယ် ... အဲဒီကျမှချစ်တော့ အခုလာမချစ်နဲ့"

ခင်ညီလာ ကလေးလေးလို မျက်ရည်သုတ်ရင်း သူမ၏အခန်းထဲသို့ပြေးဝင်လျှင် နေသန့်စင်လည်းမီအောင်လိုက်ရသည်။ သမားတော်ကြီးလည်း ရှက်မနေနိုင်တော့ပါ။

အချစ်သည် လူကိုနုပျိုရှူးသွပ်စေသည်မို့။

တံခါးပိတ်တော့မည့်မချော၏အခန်းထဲသို့ အတင်းတိုးဝင်ပြီး သူကပဲ တံခါးကိုဂျက်ချပိတ်လိုက်သည်။

မကျေမနပ်ရုပ်ကလေးတစ်ဝက်၊ ဝမ်းနည်းအားငယ်ပုံလေးတစ်ဝက်နှင့် ကောင်မလေးကို နေသန့်စင် အိပ်ရာပေါ်သို့ပွေ့ချီတင်လိုက်ရင်း သူပါဝင်ပြီး လဲလျောင်းလိုက်သည်။

ကောင်မလေးကို ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်ပြီး သူမ၏ခေါင်းလေးပေါ် သူ့မေးစေ့တင်ကာ ကတိတွေအထပ်ထပ်ပေးရင်း ချော့ရသည်။

"အချစ်ရယ် ... အလွဲတွေမတွေးပါနဲ့ကွာ၊ ကိုယ်သိသွားတဲ့ ကိုယ့်ဘဝရဲ့အနှစ်သာရထဲမှာ အချစ်က ရာနှုန်းပြည့်ပါဝင်ပါတယ်၊ ပြည်သူတွေကို အကျိုးပြုတဲ့သမားတော်ကြီးလည်း အချစ်ကို သေသေချာချာသိသွားခဲ့ပါပြီ၊ မင်းနဲ့တစ်ညလေး တစ်နေ့လေး တစ်နာရီလေးတောင် ခွဲမနေရပါစေနဲ့"

သူမ၏မျက်နှာလေးကို ယုယစွာ နမ်းရှိုက်ရင်း မျက်ရည်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



များသုတ်ပေးနေတော့ ခင်ညီလာ _ ဘာတွေဝမ်းနည်းလာမှန်း မသိ။

သို့သော် ... သူမ ကြာကြာဝမ်းနည်းနေလို့မရတော့ပါ။ တဖြည်းဖြည်း အရှိန်အဟုန်ပြင်းလာသည့် ကိုကိုရဲ့အချစ်မုန်တိုင်းထဲ မျောလွင့်မသွားစေဘို့ ကြိုးစားရုန်းကန်နေရလို့ပါပင်။



ရှေ့နေကြီး ဦးမောင်မောင်လွင်က ဆင့်ခေါ်လိုက်သဖြင့် ဒေါ်နီလာ၊ မင်းလုလင်နှင့်ဝါဆိုတို့ သူ့ရုံးခန်းသို့ ရောက်ရှိလာကြသလို၊ ဒေါက်တာနေသန့်စင်နှင့် ခင်ညီလာတို့လည်း ရောက်ရှိလာကြသည်။

ရှေ့နေကြီး၏ရုံးခန်းထဲမှာ လူစုံနေကြပေမယ့် ဦးမောင်မောင်လွင်က ရုံးခန်းအဝသို့လည်တဆန့်ဆန့်။ ဒေါက်တာနေသန့်စင် မနေနိုင်။ မေးမြန်းမိသည်။

"ဦး ... ခင်ဗျား၊ ဘယ်သူ့ကိုထပ်ခေါ်ထားတာရှိလို့လဲ"

"ဒေါ်ဖွားငယ်လေ၊ ဒေါ်ဖွားမေက သူ့ရဲ့ညီမကိုလည်း အမွေပေးခဲ့သေးတယ်"

"ဟင် ... "

လောဘကြီးလွန်းသည့် ဒေါ်နီလာမေမှာ ပူပူနွေးနွေးလက်ထပ်ပြီးကာစ ဒေါက်တာနေသန့်စင်တို့လင်မယားကိုမြင်ကတည်းက မျက်စိမျက်နှာပျက်နေသည့်ကြားထဲ ယခုတစ်ဖန် ဒေါ်ဖွားငယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အမွေးပေးခဲ့သည်ဆိုတော့ ဟန်မဆောင်နိုင်တော့ချေ။

ရတနာတွေ လေးပုံ၊ ပုံပြီးပေးလိုက်ရကတည်းက ယူကျုံးမရ၊ အပူလုံးကြွပြီး မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်တတွေတွေဖြစ်ခဲ့ရပြီး ရုပ်လုံးပင်မပေါ်တော့သည့် ဒေါ်နီလာမေမှာ ဝတ်ပုံစားပုံကအစ မသေမသပ် ဖရိုဖရဲနှင့်။

"ဘာ ... သူက မဆိုင်တဲ့သူတွေပါ လျှောက်ပြီးအမွေပေးခဲ့တယ်ဟုတ်လား၊ ဒီဒေါ်ဖွားငယ်က ညီမဆိုပေမယ့် ဘယ်တုန်းက သူ့ကိုပြုစုခဲ့လို့လဲ၊ တစ်သက်လုံးအဝေးမှာ သူ့လင်၊ သူ့သမီး၊ သူ့မြေးပဲအရေးစိုက်တဲ့ မိန်းမကြီးကိုများ အမွေပေးစရာလိုလို့လား၊ ဟင် ... ဒီက တစ်သက်လုံး သူ့ထားရာနေ၊ စေရာသွား၊ နိုင်းတာလုပ်ခဲ့ရတဲ့ သမီးကိုတော့ အကုန်မပေးခဲ့ဘဲနဲ့"

ဒေါ်နီလာ ... ရုံးခန်းထဲမှာ ဝုန်းဒိုင်းကြဲနေတော့ မင်းလုလင်နှင့်ဝါဆို ကိုယ့်အမေကို ချော့မော့ဖျောင်းဖျရသည်။

"အမေရယ် _ ရွှေနေကြီးပြောတာလည်း နားထောင်ပါဦး၊ အဘွားမှာ ပစ္စည်းတွေအများကြီးရှိတာပဲ၊ သူ့စိမ်းတွေကိုနည်းနည်းပဲပေးမှာပါ စိတ်လျှော့နော် ... အမေ စိတ်လျှော့"

"မလျှော့ဘူးဟေ့ ... မလျှော့ဘူး၊ နင်တို့ကရော ဘာခုမှ လိမ္မာချင်ယောင်ဆောင်နေကြသလဲ၊ မီးခံသေတ္တာဖွင့်တုန်းက ဝိုင်းပြီး ငါ့ကိုဓားပြတိုက်သလို တိုက်လိုက်ကြတာ၊ ဟိုသော့စိဖ္ဖာဆိုတဲ့ သူခိုးဓားပြကိုတောင်ပေးလိုက်ရသေးတယ်၊ အဲဒီကောင်ဘယ်မှာလဲ _ ခုပြန်ရှာပေး၊ ခုပဲ _ ငါ့ပစ္စည်းတွေ ပြန်တောင်းပေး ... အီးဟီး ... "





ဒေါ်နီလာမေမှာ လုံးဝရူးသွပ်မသွားပေမယ့် စိတ်တွေ ကတောက်ကတက်ဖြစ်ကုန်ပြီမို့ ငိုလိုက် ရယ်လိုက်။ မပြောသင့်သည့်စကားတွေကို ထုတ်ဖော်ပြောဆိုနေပြီး အမှုအတွက် သူတို့လီဆယ်တာတွေပင် ပေါ်နေပေပြီ။

မင်းလုလင်နှင့်ဝါဆိုမှာ ဒေါ်နီလာကိုသာ အတင်းချော့မော့ဖျောင်းဖျရင်း ဇောချွေးတွေပြန်နေကြတော့၏။

သည်စဉ် ဒေါ်ဖွားငယ်ရောက်မလာဘဲ ဒေါ်ဖွားငယ်၏သမက် ကိုထွန်းသူ အငှားကားနှင့်အချိန်မီ ရောက်ရှိလာခဲ့သည်။

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော့်မိန်းမက မီးဖွားပြီးတာမကြာသေးတော့ စိစဉ်နေရလို့ပါ၊ ကျွန်တော့်ယောက္ခမလည်း သူ့အစ်မဆီ လူနာစောင့်ရအောင်ဆိုပြီး လွန်ခဲ့တဲ့နှစ်ပတ်လောက်ကတည်းက ဆင်းသွားခဲ့တာပါ၊ အဲဒါ ရွှေနေကြီးတို့က ဒေါ်ဖွားငယ်လာခဲ့ပါဆိုတော့ ကျွန်တော်တို့ မျက်စိလည်သွားကြပါတယ်၊ အမေ ... ဒီမှာ မဟုတ်ဘူးလား ..."

"ဟင် ... ဒေါ်ဖွားငယ် ပြန်လာတယ်မဟုတ်ဘူးလား"

အားလုံးပင် အံ့အားသင့်နေကြပေသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတော့ မင်းလုလင်၏မျက်နှာက ပျက်ယွင်းနေသလိုလို။

အခြေအနေတွေက ထူးခြားနေသည်မို့ ရွှေနေကြီး၊ နေရာမှ ခဏထကာ ဟိုလိုလို သည်လိုလိုနှင့်ခြံထဲဆင်းပြီး ဧည့်ခန်းသို့ ဖုန်းဆက်ခေါ်လိုက်ရ၏။

ပြီးမှ ရုံးခန်းထဲသို့ ပြန်ဝင်ကာ စကားတွေအချိန်ဆွဲပြော



www.burmeseclassic.com

www.burmeseclassic.com



နေရလေသည်။ မကြာခင် ‗ ရဲအရာရှိများရောက်လာကြတော့မှ ဒေါ်ဖွားမေ စီစဥ်ခဲ့သည့် အမွေကိစ္စစာရွက်စာတမ်းများကို ထုတ်ပေးကာ အသိပေးလိုက်သည်။

"ဒေါ်ဖွားမေရဲ့ အစီအစဥ်အရ ဆေးရုံရှေ့က နှစ်ထပ်တိုက်ကြီးကို သူ့ကျေးဇူးရှင်ဒေါက်တာနေသန့်စင်ကို ပေးခဲ့ပါတယ်"

"ဘာ ... "

ဒေါ်နီလာမှာ ချုပ်ထိန်းနိုင်သည့် စွမ်းအားတွေမရှိတော့ပါချေ။ လောဘတွေကြောင့် မျက်လုံးများပြူးကျယ်ပြီး ဒေါသတွေ တရိပ်ရိပ်တက်ကာ မျက်နှာတစ်ခုလုံး မြင်မကောင်းအောင်ပင် နီရဲပုပ်စပ်လျက် ရှိတော့၏။

မင်းလုလင်မှာလည်း သည်တစ်ခါ မအေကိုဖျောင်းဖျမနေနိုင်တော့ချေ။ ဒေါ်ဖွားမေမှာ ရှိသမျှ အမွေပစ္စည်းအားလုံး သူတို့သားအမိပဲရမည်ဟု သပိတ်ဝင်၊ အိတ်ဝင်တွက်ထားလေသမျှ ပျက်ကောပြုန်းတီးရသည့်အခါ သူလည်းအံတကြိတ်ကြိတ်။ လက်သီးတဆုပ်ဆုပ်။

ရှေ့နေကြီးက ရဲအရာရှိကြီးကို တစ်ချက်လှမ်းကြည့်ပြီး နောက်စာချုပ်တစ်ခုကို ထပ်အသိပေး ဖတ်ပြပြန်၏။

"နောက်ဘဏ်အပ်ငွေ သိန်းတစ်ထောင့်နှစ်ရာ့ငါးဆယ်ကိုလည်း သူကိုးကွယ်တဲ့ ဆရာတော့်ကျောင်းမှာ ကျောင်းဆောင်တစ်ဆောင်ဆောက်ဖို့ လှူပစ်ခဲ့ပါတယ်"

"တောက် ... ဒီမိန်းမကြီး အခါတစ်ရာလောက် ထပ်သေဖို့ကောင်းတဲ့ မိန်းမကြီး ... အီး ... ဟီး ... "





ဒေါ်နီလာမေ နေရာမှခုန်ထပြီး သူ့ခေါင်းကိုသူထုကာ အော်ဟစ်ငိုယိုလျှင် အားလုံးပင် ဆွံ့ထားကြရသည်။

"ဆက်ပြောဖို့ဖြစ်ပါ့ဦးမလား ရှေ့နေကြီး၊ အခြေအနေတွေဆိုးလာပြီ"

ဒေါက်တာနေသန့်စင် တားပေမယ့် ရှေ့နေကြီးက သူ့အလုပ်ကိုပြီးစီးအောင် ဆက်လုပ်သည်သာ။

"သူ့ညီမ ဒေါ်ဖွားငယ်ကို ဆီစက်ရှယ်ယာတွေပေးခဲ့ပြီး ဒေါ်နီလာမေကိုတော့ လက်ရှိနေတဲ့ တိုက်နဲ့အထည်ဆိုင်ပေးခဲ့ပါတယ်၊ ခင်ညီလာကိုတော့ သူ့ရဲ့ဗီရိုချဲပေးခဲ့ပြီး ... ဗီရိုချဲထဲက အံဝှက်မှာရှိတဲ့ စိန်တွေကို အမွေပေးခဲ့ပါတယ်"

"ဟာ ... ဟင် ... တောက် ... "

ဒေါ်နီလာနှင့်မင်းလုလင်တို့ ဆတ်ခနဲထရပ်ကာ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး အော်ဟစ်ကာ ဝုန်းဒိုင်းကျဲတော့သည်။

ဒေါ်နီလာကတော့ သွက်သွက်ခါအောင် ရူးသွပ်သွားချေပြီတည်း။ မင်းလုလင်ကို လက်ညှိုးကြီးထိုးကာ ...

"နှင် ... နေသန့်စင်ကိုသတ်၊ ငါက ခင်ညီလာကိုသတ်မယ်၊ သူတို့ပစ္စည်းတွေကို ငါတို့ပြန်ယူကြမယ်၊ ဒေါ်ဖွားငယ်ကတော့ ငါတို့သတ်လို့သေပြီးပြီ၊ သူ့ကိုပေးမယ့် ဆီစက်ကို ငါတို့သားအမိဝေယူလိုက်ကြရုံပဲ၊ အမေ ... အို ... အမေရဲ့ ကျေးဇူးရှင်မကြီးရဲ့ ကိုယ့်ပစ္စည်းတွေကို သမီးတော့ အလုံ့နှံမပေးခဲ့ဘဲ မဆိုင်တဲ့သူတွေ ပါးစပ်ဖျားမှာပျားရည်သုတ်ပြီး ချိုပြတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေကို ပေးရသလားအမေရဲ့၊ သတ်မယ်၊ အမေ့ကိုလည်း သင်္ချိုင်းမှာပြန်ဖော်ပြီး သတ်မယ်၊ အီး ... ဟီး ... အမေ့ကို သွားပြီး ရန်တွေ့မယ်''

အော်ဟစ်ခုန်ပေါက်ရင်း ဒေါ်နီလာ လမ်းပေါ်ပြေးထွက်သွားတော့ အားလုံးကြက်သေ သေကျန်ခဲ့သည်။ လောဘများ တယ်ကြောက်စရာကောင်းလှပါလားလေ။

ရဲအရာရှိများက မင်းလုလင်ကို လက်ထိပ်ခတ်လိုက်ကြပါသည်။

''ဒေါ်ဖွားငယ်ကို သတ်မှုအတွက် မင်းလုလင်ကိုပါ ဖမ်းပါတယ်၊ အမှုကိုလည်း လီဆယ်မှုအဖြစ်ပြောင်းပြီး ရင်ဆိုင်ရပါမယ်၊ ကျွန်တော်တို့ ... သူတို့ခြိမ်းခြောက်လွှတ်ပြီး ငွေပေးထားတဲ့ မပန်းသီနဲ့ မိဖြူကိုလည်း ပြန်တွေ့ပါပြီ၊ ဦးကျော်သွင်ကိုတော့ ရှာဖွေဆဲပါပဲ၊ သည်တစ်ခါ အမှုရင်ဆိုင်တဲ့နေ့ကျရင် မခင်ညီလာ ကွင်းလုံးကျွတ်မှာပါ၊ ဒေါက်တာစိတ်ချမ်းသာပါတော့နော်''

''အေးဗျာ ... ဒါမှပဲ ကျွန်တော့်မင်္ဂလာညည့်ခံပွဲလည်း အမြန်ဆုံး စီစဉ်နိုင်တော့မယ်''

ရှေ့နေကြီး၏ ရုံးခန်းမှာပင် မင်းလုလင်ကိုဖမ်းဆီးခေါ်ဆောင်သွားကြတော့ ဝါဆိုမှာ ပဋ္ဌာမြေလူးရပြန်သည်။ ဒါလည်း ဝဋ်လည်တာပါပဲ။ ခင်ညီလာတုန်းက မဟုတ်သည့်အမှုကို အဟုတ်လုပ်ပြီး အကွက်ဆင် ချောက်တွန်းခဲ့ကြလို့ ချက်ချင်းပင် ကံကြမ္မာကြီးက အပြစ်ပေးလေပြီ။ သူတို့အလှည့်က ပိုပြီး တရားကျဖို့ကောင်းပါသည်။





မိခင်ဖြစ်သူ ဒေါ်နီလာက သွက်သွက်လည်အောင် ဥမ္မာ ရူးမကြီးဖြစ်သွားပြီး သားဖြစ်သူ မင်းလုလင်က လူသတ်တရားခံ။

နေသန့်စင် သူတတ်နိုင်သမျှ ကူညီဖို့ အားပေးလိုက်ပြီး မူပူနွေးနွေးချစ်ဇနီးလေးကိုခေါ်ကာ ကားနှင့်အိမ်သို့ပြန်ခဲ့သည်။

အဘွားဒေါ်ဖွားမေ၏ ကျောင်းရေစက်ချက အပြန်မှာတော့ နေသန့်စင်နှင့်ခင်ညီလာ လောကအပေါ်တရားတွေနှင့် ရှုမြင်လာ ခဲ့ရသည်။

ယခုအခါ ခင်ညီလာ့အပေါ် စွပ်စွဲထားသည့်အမှုလည်း တရားသေလွှတ်လိုက်လို့ ပြီးဆုံးခဲ့ပေပြီ။ ဒေါ်နီလာမေကတော့ ပဲခူးမြို့လမ်းတွေမှာ အော်ဟစ်ခုန်ပေါက်ကာ လျှောက်သွားနေလျက်။

သားဖြစ်သူ မင်းလုလင်ကတော့ လူသတ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ၁၀နှစ်ကျသွားခဲ့ပြီး ... ဝါဆိုကလည်း လက်ရှိနေသည့် ခြံနှင့်တိုက်ကြီးကို ရသမျှဈေးနှင့်ရောင်းချ အထည်ဆိုင်ကိုလည်းရောင်းချပြီး ရန်ကုန်သို့ပြန်လစ်သွားခဲ့ပေပြီ။

ဒေါ်နီလာမိသားစုဆိုတာ မကြာခင် ပဲခူးမြို့၏ပုံပြင်တွေထဲမှာ တစ်ခုဖြစ်သွားပေမည်။ လောဘကြီးလွန်းခြင်း၏ သရုပ်ပြပုံပြင်တစ်ပုဒ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနေသန့်စင်နှင့် ခင်ညီလာတို့ကားကို ဖြည်းညင်းစွာ မောင်းနှင်လာကြစဉ် သူတို့မျက်စိရှေ့မှာ ကော်ပုတီးတွေ၊ ကော်လက်ကောက်တွေ ပြွတ်သိပ်နေအောင်ဝတ်လျက် မျက်နှာထားတင်းတင်းနှင့်နေပူထဲမှာ လျှောက်သွားနေသည့် ဒေါ်နီလာကို လှမ်းမြင်လိုက်ကြရသည်။

ဩော် ... တရားရစရာပါလား။

ခင်ညီလာ ... ဒေါ်နီလာကို သနားကြင်နာစွာ ကြည့်မိပါသည်။ နုနုဖတ်ဖတ် သူဌေးမကြီးလည်း ရှုံးသွပ်သွားတော့ သာမန်လူတစ်ယောက်လို လမ်းပေါ်မှာ လျှောက်သွားနေရပါလား။

"ကိုကို ... သူ့ကို စိတ်ရောဂါကုဆေးရုံ ပို့ပေးပါလားကွယ်၊ သူ့မှာတော့ ကမကထပြုမယ့်သူမရှိတော့ဘူး၊ သားကလည်း ထောင်ထဲမှာ၊ ချွေးမကလည်းပြေးပြီ၊ ကိုကိုနဲ့ညီပဲ သူ့ကို တာဝန်ယူပြီး ပို့ပေးကြရအောင်နော် ... "

"အင်း ... ကိုကိုလည်း စဉ်းစားထားပါတယ်၊ ဒါပေမဲ့ သူက ဥစ္စာရှုံးဆိုတော့ သတိပြန်ရလည်း သူ့ပစ္စည်းတွေကို ပြန်သတိရပြီး ပြန်ရူးသွားမှာပဲ၊ အခုကမှ ဘာမှမသိတော့ စိတ်တွေငြိမ်းချမ်းရဦးမယ်"

"ဘာပဲဖြစ်ဖြစ် ကိုကိုရယ် ... နေပူကျဲကျဲကြီးထဲမှာ သနားပါတယ်၊ ပြီးတော့ ... ဒေါ်နီလာက အရွယ်ရှိသေးတော့ ယောကျ်ားတွေရဲ့အန္တရာယ်လည်းကင်းမှာမဟုတ်ဘူး"

"အင်းပါကွာ ... ကိုကို စီစဉ်ပေးပါ့မယ်၊ နောက်ဆုံးကျ





စိတ်ထားမကောင်းတဲ့သူ လောဘ၊ ဒေါသတွေ မထိန်းနိုင်တဲ့သူတွေဟာ ဒုက္ခရောက်ကြတာချည်းပါပဲ"

ဒေါက်တာနေသန့်စင်နှင့်ခင်ညီလာတို့နှစ်ယောက် အသိတရားတွေနှင့် ကားကိုဖြည်းညင်းစွာ မောင်းလာခဲ့ကြစဉ် သူမတို့ကိုလှမ်းမြင်လိုက်ဟန်ရှိသည့် ဒေါ်နီလာက ကားကိုခဲနှင့်လှမ်းပေါက်ရင်း အော်ဟစ်ဆဲဆိုလေတော့သည်။

"ဟေ့ ... သူခိုးတွေ ဓားပြတွေ၊ ပေး ... ငါ့ပစ္စည်းတွေပြန်ပေး၊ ငါ့စိန်ထုပ်ပြန်ပေး၊ ငါ့တိုက်ကြီးပြန်ပေး၊ ငါ့ကားပြန်ပေးပေး ... ပေး ... ငါ့ဥစ္စာတွေပြန်ပေး"

ကားရပ်ပြီးတင်ရင်ကောင်းမလားဟု တွေးတောခဲ့မိပေမယ့် သူမတို့ကို မသိစိတ်တစ်ဝက်၊ သိစိတ်တစ်ဝက်နှင့်သိနေသေးပြီး ရန်လိုနေသည့် ဒေါ်နီလာအား သူတို့ကျောခိုင်းခဲ့ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို ..."

"အင် ... ဘာလဲကွာ ..."

"ဆေးရုံရှေ့နှစ်ထပ်တိုက်ကြီးကို အဘွားကပေးခဲ့တယ်ဆို ပေမယ့် ... ညီတို့ရထိုက်ရဲ့လားဟင်၊ ဒေါ်နီလာ့ကိုမြင်ရတိုင်း ရင်ထဲမှာတစ်မျိုးကြီးပဲ ..."

အိပ်ရာဝင်ချိန်က ညတစ်နာရီထိုးနေပြီမို့ အိပ်ချင်မူးတူးဖြစ် နေသည့် နေသန့်စင်မှာ တစ်ရေးနိုးပြီး ကြည်ကြည်လင်လင်ဖြစ် နေသည့် ဖနီးသည် စကားအိုးလေးအား အပြစ်မမြင်ရက်ဘဲ ချစ်စနိုးနှင့်ဆွဲပွေ့ထားမိ၏။

"အမယ် ‗ အမယ် သူရတဲ့စိန်ထုပ်ကြီးတော့ ရင်ထဲမှာ တစ်မျိုးမဖြစ်ဘဲ ကိုကိုရတဲ့တိုက်ကြီးကျမှ ရင်ထဲတစ်မျိုးဖြစ်နေ ရသလား။ တော်တော်တရားကျဖို့ကောင်းတဲ့ခွေးမလေးပဲ"

"မဟုတ်ပါဘူးကိုကိုရယ် ... ကိုကိုနဲ့ညီက လင်မယား ပဲဟာ၊ တစ်ယောက်ပစ္စည်း တစ်ယောက်ပိုင်တာမဟုတ်ဘူးလား"





နေသန့်စင် သူကလေး၏အပြောကြောင့် မချိုမချဉ်ဖြစ်သွား ပြီး နဖူးလေးကို ငုံ့မွှေးလိုက်မိသည်။

"ဟုတ်တာပေါ့၊ တစ်ယောက်ပစ္စည်းတစ်ယောက်ပိုင်တာ အသေအချာပေါ့"

"ကိုကိုနော် ... ညီက အကောင်းပြောနေတာ"

"ဟုတ်ပါတယ် ... ကိုကိုကလည်း အကောင်းပြောနေ တာပါ၊ ညီ့စိန်ထုပ်လည်း ကိုကိုပိုင်တယ်၊ ကိုကို့မှာရှိတဲ့နှစ်လုံး စလုံးလည်း ညီပိုင်တယ်"

"ကိုကို ..."

"ဟုတ်တယ်လေ ‗ ဆေးရုံရှေ့ကတိုက်ကြီးကတစ်လုံး၊ အခုကိုကိုနေတဲ့ ဒီတိုက်က တစ်လုံး၊ ပေါင်းနှစ်လုံးပေါ့"

"သွားပါ ... ညီက တွေးမိတာ၊ တရားကျတာတွေ ပြောမလို့ကို၊ အဲဒီကိုကို့ကို အပြင်မှာ ရုပ်တည်ကြီးနဲ့ သမားတော် ကြီးလုပ်နေပြီး အိမ်ကျတော့ ကလေးဆိုးကြီးလိုလို၊ လူရှင်တော် ကြီးအရိုင်းလိုလို၊ ငှက်ပျော်ကြော်လိုလို ..."

"ဒါတော့ကွာ၊ လူဆိုတာ အချစ်နဲ့တွေ့ရင် ရွှင်လန်းနုပျို သွားတာပဲ၊ အပြင်မှာ သမားတော်ကြီးပေမယ့် အိမ်ကျတော့ ဒေါ်ခင်ညီလာ မွေးမယ့်သားတွေနဲ့အပြိုင် ကလေးလုပ်မယ်၊ ချိုချို အဲလေ ... ချိုလိမ်လုမယ်"

"အာ ‗ ကိုကို ‗ တော်တော်ဆိုးနေ ‗ တော်ပြီ အိပ် မယ် ... အိပ်မယ် ..."

"အိပ်သင့်တာကြာပြီ၊ ကိုယ်ဝန်ဆောင်ဆိုတာ တစ်နေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီလောက်အိပ်သင့်တာဗျ ... ကဲ ... အိပ် ... ”

ခင်ညီလာ နှုတ်ခမ်းလေးစူရင်း သူ့ကို ကျောခိုင်းလိုက်တော့ နေသန့်စင် သူမ၏ခါးလေးနှင့် စူထွက်စဖိုက်ကလေးပေါ်လက်တင်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်ဖို့ ကြိုးစားလိုက်သည်။

အိပ်မက်ထဲမှာတော့ သူ့သစ်ပင်ကြီးမှ အသီးတွေ၊ အပွင့်တွေ ဖွေးဖွေးလှုပ်အောင်ဝေဆာမွေးပုံ့နေလိမ့်မည်ဟု နေသန့်စင် ထင်မိပါသည်။

ကြယ်စင်မှူးဝေ


၂၃-၁-၂၀၁၁

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# ကြယ်စင်မှူးဝေ

အလင်းသစ်ပင်

www.burmeseclassic.com